

၀၃

၆၁၀၂

ဦးသာချို ရေးသော

# ဗုဒ္ဓ၏ ရုပ်နာမ်သဘာဝ

PHILOSOPHY OF BUDDHA

by U Tha Cho

တအုပ် ၃ ကျပ်

ပုံနှိပ်ထုတ်ဝေသူ ဒေါ်ရွှေအိမ်
မှတ်ပုံတင်အမှတ် (၀၀၃၈၊ ၀၀၃၁)
တိုင်းလင်းစာပုံနှိပ်တိုက် နှင့် စာပေတိုက်၊
အမှတ် ၅၊ ၁၅၅လမ်း၊ တာမွေ၊ ရန်ကုန်။

## မာတိကာ


၁ ဗုဒ္ဓ၏ ရုပ်ပိုင်းပါဒ ... ... ၉

၂ နာမ်နှင့် နာမ်သဘာဝ ... ... ၄

၃ သိပ္ပံပညာနှင့် ဘုရားဟော ... ၄၇

၄ နိဗ္ဗာန်နှင့် နိဗ္ဗာန်၏သဘာဝ ၆၁

၅ ဗုဒ္ဓ၏ ဝါတုဗေဒ ... ... ၇၉

၆ ဗုဒ္ဓ၏ အမှန်တရား ... ... ၉၂

၇ ဗုဒ္ဓ ဘိဓမ္မာနှင့် အရက်ပြဿနာ ၁၀၅

၈ နာမ်နှင့် ရုပ် ၏ ပဋိကမဝဒန ... ၁၅၇

၉ ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ ဝေါဟာရများ ၂၃၇

# စာရေးဆရာ အောင်မိုး၏ အမှာ

စာပေဗေဒလောက အတွင်းသို့ ဝင်ရောက်ခဲ့သော ၁၉၄၇ ခုနှစ် ပတ်ဝန်းကျင်ကာလက ဦးသာချိုနှင့် ခင်မင်ရင်းနှီးမိခဲ့ဘည်။ ခင်မင်ရင်းနှီးလာခဲ့ကား အေးအေးဆေးဆေးနေတတ်သော သူ့စရိုက်ကြောင့် အခြားကလောင်အမည်တမျိုးဖြင့် ဆောင်းပါးပေါင်းမြောက်မြားစွာ ရေးသားသူ စာရေးဆရာတယောက်ဖြစ်ကြောင်းကို သာ သိရှိခဲ့သည်။ သူ၏ ကိုယ်ရေးကိုယ်တာကိစ္စများကို အတွင်းနှိုက်၍ သိခွင့်မရခဲ့ပေ။ ထို့ကြောင့် ဤမျှကြာညောင်းသော ကာလအတွင်း၌ သူနှင့်ပတ်သက်၍ အံ့အားသင့်ခဲ့ရသော ကိစ္စရပ်နှစ်ခုကို တွေ့ကြုံခဲ့ရပေသည်။

ပထမကိစ္စရပ်မှာ လွန်ခဲ့သော ၁၀ နှစ်ကျော်ကာလ ဒီမိုကရေစီဂျာနယ် အယ်ဒီတာအဖြစ် ကျွန်တော်အမှုထမ်းရွက်နေစဉ်က ဖြစ်ခဲ့၏။ သူသည် ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ အတော်ပင် နှံ့စပ်ကျွမ်းကျင်တတ်မြောက်သူဖြစ်၏။ သို့သော် သူ၏နှံ့စပ်ကျွမ်းကျင်သိမြင်မှုကို ကျွန်တော်သည် လုံးဝမသိရှိခဲ့။ ထိုသို့ မသိရှိခြင်းမှာ အေးအေး ဆေးဆေးနှင့် သိုသိုသိပ်သိပ်နေ ကတတ်သော သူ့စရိုက်ကြောင့်လည်း ဖြစ်ပေမည်။ တနေ့တွင် စကားစမြည် ပြောဆိုကြရာမှ ဗုဒ္ဓဘာသာနှင့်ပတ်သက်သော သူ၏တတ်ကျွမ်းမှုကို ဘွားကနဲ သွား၍တွေ့ရပေသည်။ ကျွန်တော်တွင် အနည်းငယ်အံ့အားသင့် သွားခဲ့ရသည်။ သည့်နောက် ဒီမိုကရေစီဂျာနယ်၌ အပတ်စဉ် ဗုဒ္ဓဘာသာဆိုင်ရာ ဆောင်းပါးများရေးပါဟု ဖိတ်ခေါ်မိခဲ့၏။ သို့ဖြင့် သူ၏ ဦးသာချို ကလောင်နံမည်ဖြင့် ရေးသားသော "အဘိဓမ္မာစကားပြော ကြရအောင်" ဟူသည့် ဆောင်းပါးများ ဒီမိုကရေစီဂျာနယ်၌ လစဉ်ပါရှိခဲ့လေသည်။

ဒုတိယကိစ္စရပ်မှာလည်း ဒီမိုကရေစီဂျာနယ်၌ အယ်ဒီတာအဖြစ် အမှုထမ်းရွက်နေစဉ်ကပင် ဖြစ်၏။ ဂျာနယ်မှာ ဒီမိုကရေစီ ပညာပျံ့ပွါးရေး အသင်းက ပညာရေ သက်သက်သဘောဖြင့် ထုတ်ဝေသော စာစောင်ဖြစ်၍ 'ပေါ်ပျူလာ' မဂ္ဂဇင်းကြီးများနှင့် နှိုင်းယှဉ်ချင်မှ နှိုင်းသာအောင် လူဖတ်နည်းခဲ့သည်။ ထုတ်ဝေသော စောင်ရေမှာလည်း အသင်းသားများကို ဝေငှရုံသာ ဖြစ်၍ အပြင်သို့ ရောက်သော ရောင်းချရသည်။ သို့ပါလျက် စာဖတ်ပရိသတ်၏ တုန့်ပြန်မှုကို ရရှိခဲ့ရာတွင် ဦးသာချို၏ အတိမွေ ဆောင်းပါးများမှာ ယင်းဆုံးက ပါဝင်နေလေရာ ကျွန်တော့မှာ ဒုတိယဖေါ်ကြောင်း အံ့အားသင့်ရပြန်၏။ နယ်ကိုယ်စားလှယ်များ၏ ပေးစာများ၊ စာဖတ်ပရိသတ်၏ ဝေဖန်ချက်များအရ လှူ ဆောင်းပါးများမှာ ဖတ်မှတ်လေ လောက်ပြီး ကရိတဲသော သိမ်းဆည်းထားကြ သည့် စာမူများဖြစ်နေကြောင်း တွေ့ရတော့သည်။

ကဲ့သို့ စာဖတ်ပရိသတ်အများစုက ခံကြခြင်းမှာ ကျွန်တော့်ကိုနိုင်ငံသည်။ ဗုဒ္ဓဘာသာကို လူများစုက သက်ဝင်ယုံကြည်သော နိုင်ငံဖြစ်ခြင်းကြောင့်သာ ဖြစ်ရမည်ဟု ကျွန်တော့ဘာသာ မှတ်ချက်ချမိ၏။ သို့သော် နောက်ဝယ်ရှာရသည်ကား ဦးသာချို၏ ဘာသာရေးဟူသည့် အလွန်လေးနက်သော အကြောင်းအရာကို စကားပြေဖြင့် ရေးရာ၌ စာဖတ်သူအတွက် ကာလသောင်သက်သာနှင့် အလွန်ရှင်းလင်းယှဉ်ကျစွာ ဖတ်၍ သွားခဲ့အောင် ရေးသားနိုင်စွမ်း ရှိနေခြင်းပေတည်း။

ယခုလည်း ဦးသာချို၏ ဗုဒ္ဓဘာသာဆိုင်ရာ ဆောင်းပါးများကို စာအုပ်အဖြစ်စုပေါင်းရိုက်နှိပ်ထုတ်ဝေရာ၌ ကျွန်တော့အစ္စီ စာဖတ်သူအား မှာစရာတခုသာ ရှိပေသည်။ ထိုမှာစရာ

ကား သူ၏ဆောင်းပါးများကို ဖတ်ရှုရာ၌ မည်မျှခက်ခဲနက်နဲသော အကြောင်းအရာပင် ဖြစ်ပါစေ၊ သက်သောင့်သက်သာနှင့် ရှင်းလင်းလွယ်ကူစွာ ဖတ်၍ နားလည် သဘောပေါက်သွားနိုင်မည်ဖြစ်ကြောင်းပေတည်း။

အောင်စိုး(စာရေးဆရာ)

၅-၇-၆၅

# ထုတ်ဝေသူ၏ အမှာ

ဤစာအုပ်ရေးသူ ဆရာဦးသာချိုသည် လွန်ခဲ့သော ၁၀နှစ်ကျော်ခန့်မှစ၍ ဒီမိုကရေစီဂျာနယ်၊ လူထုဂျာနယ်၊ မြဝတီမဂ္ဂဇင်း၊ သွေးသောက်၊ကာနယ်ဇင်းစသည်များတွင် ဆောင်းပါးတိုနှင့် အခန်းဆက်ဆောင်းပါးရှည်များ ရေးသား၍ ဗုဒ္ဓအဘိဓမ္မာပညာရပ်ကို မဂ္ဂဇင်းဂျာနယ်ပရိသတ်သို့ မိတ်ဆက်ပေးခဲ့ပေသည်။ ယနေ့ ဗုဒ္ဓအဘိဓမ္မာပညာရပ်ကို လေ့လာသူ များပြားနေခြင်း အကြောင်းရင်းများအနက် ဆရာဦးသာချို၏ မိတ်ဆက်ပေးမှုသည်လည်း ပါဝင်ကောင်းပါဝင်လိမ့်မည်ဟု ယူဆမိပါသည်။

မဂ္ဂဇင်းဂျာနယ်များတွင် ဆရာဦးသာချို ရေးသားသော ဗုဒ္ဓအဘိဓမ္မာဆောင်းပါးများကို ဖတ်ရှုသူများသည် ထိုစဉ်အခါကပင် စိတ်ဝင်စားခဲ့သည်။ ထိုသို့ လူအများစိတ်ဝင်စားရခြင်းမှာ ခက်ခဲနက်နဲသော အဘိဓမ္မာပညာရပ် ဖြစ်စေကာမူ ဆရာဦးသာချိုသည် လွယ်ကူသော စကားခွန်းများ၊ လွယ်ကူသော ဝါကျများ၊ ခေတ်မှီဥပမာဥပမေယျများဖြင့် သာမန်လူများနားလည်အောင် ရှင်းထင်းနိုင်သောကြောင့်ရင်း၊ အဘိဓမ္မာဆိုင်ရာ တိုးတက် သစ်လွင်သော အမြင်များ ရှိသောကြောင့်ရင်း ဖြစ်ပေမည်။ ပါဠိစာပေနှင့် ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ သဘောတရားများ၌ ပိုင်နိုင်ခြင်း၊ တက္ကသိုလ်မှ ဘွဲ့ရသူတယောက်ဖြစ်ခြင်း၊ စာပေပညာ၌ ကျွမ်းကျင်သော ဝတ္ထုမြဲဇာတ်စသည် ရေးသားသူ စာရေးဆရာတယောက်ဖြစ်ခြင်းစသည်တို့သည်လည်း သူ၏ စာပေများကို လူအများ စိတ်ဝင်စားလောက်အောင် ရေးသားနိုင်မှု၌ သူ့အဖို့ အခြေခံများဖြစ်သည်ဟု ထင်ပါသည်။

အဘိဓမ္မာပညာရပ်ကို လေ့လာရာတွင် ရှေးဦးစွာသဘောတရားအခြေခံကို အတော်အသင့် နားလည်ထားဘို့ လိုပါ

သည်။ ထိုအခြေခံကို သဘောပေါက်နားလည်ရန် ဤစာအုပ်တွင် ဖော်ပြထားပါသည်။ ထို့ပြင် တိုးတက်သစ်လွင်သော အမြင်များနှင့် အဘိဓမ္မာ၏ နက်နဲသောသဘောတရားများကို ဤစာအုပ်၌ ပေါင်းစပ်ထည့်သွင်းထားပါသည်။

ဆရာဦးသာချိုသည် ဤစာအုပ်တွင် ရုပ်နာမ်တို့၏ အမျိုးအမည်နှင့် ၎င်းတို့၏သဘာဝ၊ သိပ္ပံပညာနှင့် သိပ္ပံပညာရှင်များက ဘုရားဟောကို ထောက်ခံနေပုံ၊ ဗုဒ္ဓအဘိဓမ္မာနှင့် မာ့က်စ်ဝါဒစသော ဖီလော်ဆိုဖီများ နှိုင်းယှဉ်ခြင်း၊ ရှိရှိသမျှကို ဗုဒ္ဓ၏ဓါတုဗေဒဖြင့် ခွဲခြမ်းပုံ၊ ဗုဒ္ဓ၏ အမှန်တရား၊ အရက်သောက်ခြင်းသည် ဗုဒ္ဓအဘိဓမ္မာ၏ သဘောတရားရေးအရ အပြစ်ရှိ မရှိ၊ ရုပ်နှင့်နာမ်တွင် မည်သည်က အဓိက ပဓာနဖြစ်ပုံ၊ ရုပ်နာမ်အချင်းချင်း မည်သို့ ဆက်ဆံပုံ စသည်တို့ကို ရှင်းလင်းစွာဖော်ပြထားသည်။

အဘိဓမ္မာပညာရပ်ကို အလွတ်ကျက်မှတ်၍ သင်ယူပြီးမှ သဘောပေါက်နိုင်သည်ဟု ယူဆထားကြသော်လည်း ဤစာအုပ်၌မူ ပေါ်လွင်သော အနက်အဓိပ္ပါယ်များဖြင့် ရေးသားထားသဖြင့် ဖတ်ရုံနှင့်ပင် သဘောပေါက် နားလည်နိုင်ပါသည်။ ဤစာအုပ်သည် ဗုဒ္ဓအဘိဓမ္မာကို လေ့လာသူများသာမက ပဋ္ဌာန်မြန်မာပြန်ဖြေဆိုသော သံဃာတော်များအတွက်လည်း အဘိဓမ္မာဘာသာရပ်များအတွက် အထောက်အပံ့ ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။ ဤစာအုပ်ကို ဖတ်ရှုရာ၌ အစီအစဉ်အတိုင်း ဖတ်လိုလျှင်လည်း ဖတ်၊ သို့မဟုတ် စာရှုသူများ ကြိုက်နှစ်သက်ရာ အခန်းများကို ရွေးချယ်၍ ဖတ်လိုလျှင်လည်း ဖတ်ရှုနိုင်ပါသည်။ မည်သို့ပင် ဖတ်စေ ဆရာဦးသာချို၏ အရေးအသားသည် စာရှုသူအား စိတ်ဝင်စားမှု ဖြစ်စေလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ထုတ်ဝေသူ

# ဗုဒ္ဓ၏ ရုပ်ပိုင်းဝါဒ

ဗုဒ္ဓ၏ရုပ်ပိုင်းဝါဒကို တင်ပြလိုပေသည်။ ဗုဒ္ဓ၏ ရုပ်ပိုင်းဝါဒမှာ ဗုဒ္ဓ ဟောကြားတော်မူခဲ့သော သုတ်၊ အဘိဓမ္မာ၊ ဝိနည်းဟူသော ပိဋကတ်သုံးပုံတွင် အဘိဓမ္မာ ပိဋကတ်၌ အပါအဝင်ဖြစ်ပေသည်။ အဘိဓမ္မာပိဋကတ်တွင် ကျမ်းခုနစ်ကျမ်းရှိသည်။ ၎င်းတို့မှာ- ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓါတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌါန်းတို့ပင် ဖြစ်ကြသည်။ ထိုအဘိဓမ္မာ ခုနစ်ကျမ်းတွင် ဟောကြားခဲ့သော သဘောတရားများကို အကျဉ်းချုံး၍ ရေတွက်လိုက်က၊ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူ၍ လေးမျိုးရှိသည်။ စိတ်၊ စေတသိက်နှင့်နိဗ္ဗာန်ကို နာမ်ဟူ၍ခေါ်သည်။ ထို့ကြောင့် ထိုလေးမျိုးကို တဖန်ရုပ်နှင့်နာမ်ဟု နှစ်မျိုးခွဲခြားနိုင်ပေသည်။ ထိုသဘောတရားများကို ပရမတ္ထဟုခေါ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုသဘောတရားများသည် မိမိသဘောနှင့် မိမိ

သဘောတရားတမျိုးစီဖြစ်၍၊ ဖေါက်ပြန်မှုမရှိ မှန်ကန်၍ မွန်မြတ်သော သဘောတရားများ ဖြစ်ခြင်းကြောင့်တည်း။

ရုပ်ဝါဒကို ဆက်လက်၍ ရေးသေးမီ၊ ဗုဒ္ဓအဘိဓမ္မာ၏ သဘောတရားအမြွက်မျှကို ရေးသားလိုပေသည်။ လောကတွင် စကြာဝဠာ အနန္တရှိသည်။ စကြာဝဠာတခုတွင် သုံးဆဲ့တဘုံစီ ရှိသည်။ ထိုသုံးဆဲ့တဘုံတွင် နေထိုင်ကြသော သတ္တဝါတွေ အနန္တရှိသည်။ ထိုစကြာဝဠာတွေ အနန္တနှင့် တောတောင် ရေမြေအရာဝတ္ထု သတ္တဝါတွေကို ခေါ်ခဲ့ကြည့်လိုက်က ရုပ်နှင့်နာမ် နှစ်မျိုးသာရှိသည်။ တနည်းအားဖြင့်ဆိုသော် စိတ်၊ စေတသိက်၊ ရုပ်များသာဖြစ်သည်။ ရုပ်နာမ်တွေ အစုအပေါင်းကိုပင် သတ္တဝါတွေ၊ တောတောင်ရေမြေတွေစသည်ဖြင့် ခေါ်ဝေါ်ကြသည်။ သတ္တဝါများသည် သေခြင်းစုတိ၊ မွေးဖွါးခြင်း ပဋိသန္ဓေအားဖြင့် တဘဝမှတဘဝ၊ တဘုံမှတဘုံသို့ ပြုလုပ်အပ်သော ကောင်းမှုကုသိုလ်ကံ မကောင်းမှု အကုသိုလ်ကံများ အလျောက် ပြောင်းလဲ နေထိုင်ကြသည်။ ထိုသို့ ပြောင်းလဲ နေထိုင်ကြရာဝယ် စိတ်အစဉ်သည် ပြတ်မှုမရှိဘဲ တဆက်တည်း ဖြစ်သည်။ သို့သော် ရုပ်အစဉ်မှာမူ ပြတ်၍၊ တဘဝ တမျိုးစီ ဖြစ်သည်။ ထိုသို့ တဘဝမှတဘဝ၊ တဘုံမှ တဘုံသို့ ပြောင်းလဲနေထိုင်ကြရာ အချို့ပုဂ္ဂိုလ်များမှာ ဖယောင်းတိုင်မီးသည် တုံးသွားသကဲ့သို့ နောက်ထပ်ဘဝအသစ်မဖြစ်ကြဘဲ ရှိကြသည်။ ထိုသို့နောက်ထပ် ဘဝအသစ် မဖြစ်ခြင်းကို နိဗ္ဗာန်ရောက်သည်ဟုဆိုသည်။ စိတ် စေတသိက် ရုပ်တို့ နောက်ထပ် မဖြစ်ပေါ်ဘဲ ချုပ်ငြိမ်းခြင်းကိုပင် နိဗ္ဗာန်

ဟုခေါ်သည်။ ဘဝမျှမရှိ ဘဝမျှမဖြစ်ခြင်းသည် နိဗ္ဗာန်ပင် ဖြစ်သည်။ နိဗ္ဗာန်ရောက်ရန်မှာ မကောင်းမှုအကုသိုလ်ကံ အလုံးစုံကို ပယ်ရမည် ဖြစ်ပေသည်။

နိဗ္ဗာန်မရောက်မီ ရုပ်နာမ်တရားတို့သည် ဥပါဒ်၊ ဌီ၊ ဘင် တည်းဟူသော ဖြစ်၊ တည်၊ ချုပ်ဟူသော သဘောတရားသုံးခုဖြင့် အစဉ်မပြတ်ဖြစ်ပေါ်နေ၏။ ထိုသို့ ဖြစ်ပေါ်ရာတွင် စိတ်သည် ရုပ်ထက် ၁၇-ဆ မြန်၏။ မျက်စိတမှိတ်လျှပ်တပြက်တွင် စိတ်အကြိမ်ပေါင်း ကုဋေတသိန်းဖြစ်၍၊ စိတ်၁၇-ကြိမ်ဖြစ်တိုင်း ရုပ်တကြိမ်စီဖြစ်သည်။ သတ္တဝါနှင့်အရာဝတ္ထုတိုင်း၏ စိတ်နှင့်ရုပ်သည် အစဉ်မပြတ် ဖြစ်ပေါ် ပြောင်းလဲနေ၏။ သို့သော်လည်း တစိတ်ထဲကဲ့သို့ရင်း၊ တရုပ်ထဲကဲ့သို့ရင်း ထင်မှတ်နေရ၏။ ရုပ်ပြောင်းလဲမှုကို ပကတိမျက်စိဖြင့် မမြင်နိုင်၊ ပညာမျက်စိဖြင့်သာမြင်နိုင်၏။ အဘယ်ကြောင့်ဆိုသော် အလွန်မြန် လွန်းသောကြောင့် ပေတည်း။ တစက္ကန့်တွင် တဆဲ့ခြောက်ကား ပြောင်းလဲနေသော ရုပ်ရှင်အရုပ်ကားများကို ပိတ်ကားပေါ်တွင် မှိတ်တုတ်မှိတ်တုတ်မြင်မနေဘဲ တရုပ်ထဲကပင် တဆက်တည်း စကားပြောနေသည်၊ လမ်းလျှောက်နေသည်ဟု ထင်မှတ်ရသကဲ့သို့ပင်တည်း။ စိတ်ဖေါက်ပြန်ပြောင်းလဲနေပုံကိုပျော်ရွှင်သောစိတ်မှဝမ်းနည်းသောစိတ်သို့ ပြောင်းလဲနေသော အဖြစ်ဖြင့်ရင်း၊ နံနက်ကစိတ်နှင့် ညနေကစိတ်မတူသောအဖြစ်စသည်တို့ဖြင့်ရင်း သိအပ်ပေသည်။ ရုပ်ဖေါက်ပြန်ပြောင်းလဲနေပုံကို ပျော်ရွှင်သောအခါရုပ်နှင့် ဝမ်းနည်းသောအခါရုပ် မတူ၊ မနေ့ကရုပ်နှင့်ယနေ့ရုပ် မတူ၊ ငယ်စဉ်က



၂၇၂၆၁

ရုပ်နှင့် ကြီးသောအခါ ရုပ်မတူခြင်း စသည်တို့ဖြင့် သိအပ်၏။ ထိုသို့ ရုပ်ပြောင်းလဲနေသောကြောင့်သာ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ဖြစ်ရသည် မဟုတ်ပါလော။ ဤကား ဗုဒ္ဓအဘိဓမ္မာ၏ သဘာဝတ္ထု အမြွက်ပေတည်း။

## ရုပ်နှင့် ရုပ်သဘာဝ

ဗုဒ္ဓ၏ရုပ်ပိုင်းဝေါဒတွင် ရုပ်တရားများကို အမျိုးအမည် အားဖြင့် အကျဉ်းချုံး၍ စိစစ်ဝေဖန်လိုက်က၊ တဆဲ့ရှစ်မျိုး ရှိကြောင်း တွေ့ရှိရပေသည်။ ထိုရုပ် တဆဲ့ရှစ်မျိုးကို အစဉ် အတိုင်းရေတွက်ပြပါမူ -

၁။ ပထဝီဓါတ်-မာကျောခြင်း၊နူးညံ့ခြင်း၊အဖတ်သဘော။

၂။ အာပေါဓါတ်- ဖွဲ့စည်းခြင်း၊ အလုံးအခဲဖြစ်စေခြင်း၊ ယိုစီးခြင်း၊ အရည်သဘော။

၃။ တေဇောဓါတ်- ပူခြင်း၊ အေးခြင်း၊ ထက်မျက်သော အရှိန်သဘော။

၄။ ဝါယောဓါတ်-လှုပ်ရှားတွန်းကန်ခြင်း၊ သန်စွမ်းသော အဟုန်သဘော။

၅။ စက္ခုပသာဒ- အဆင်းအာရုံတင်စွဲနိုင်သော မျက်စိ၏ အကြည်ဓါတ်သဘော။

၆။ သောတပသာဒ- အသံအာရုံ ထင်စွဲနိုင်သော နား၏ အကြည်ဓါတ်သဘော။

၇။ ဃာနပသာဒ- အနံ့အာရုံထင်စွဲနိုင်သော နှာခေါင်း၏ အကြည်ဓါတ်သဘော။

၈။ ဇိဝှါပသာဒ- အရသာအာရုံ ထင်စွဲနိုင်သော လျှာ၏ အကြည်ဓါတ်သဘော။

၉။ ကာယပသာဒ- အတွေ့အာရုံ ထင်စွဲနိုင်သော ကိုယ်၏ အကြည်ဓါတ်သဘော။

၁၀။ ရူပါရုံ- အဖြူအနီအတိုအရှည်စသော အဆင်း။

၁၁။ သဒ္ဒါရုံ- အသံ။

၁၂။ ဂန္ဓာရုံ- အနံ့။

၁၃။ ရသာရုံ- အချိုအချဉ်စသောအရသာ။

၁၄။ ဣတ္ထိဘာဝ- ယောကျ်ား၏ အသွင်သဏ္ဌာန်နှင့်မတူသော မိန်းမ၏ အသွင်သဏ္ဌာန်။

၁၅။ ပုမ္ဘာဝ မိန်းမ၏ အသွင် သဏ္ဌာန် နှင့် မတူသော ယောကျ်ား၏အသွင်သဏ္ဌာန်။

၁၆။ ဟဒယဝတ္ထု- စိတ်၏တည်ရာနှလုံးဗူး။

၁၇။ ဩဇာ- အားခွန်ကိုဖြစ်တတ်သော အဆီအနှစ်ဩဇာ အာဟာရ။

၁၈။ ဇီဝိတ- ရုပ်တို့ကို မပျက်မစီး အသက်ရှည် စေခြင်း သဘော။

၁၉။ ပရိစ္ဆေဒ- အကြား အခေါင်း ဟာလာဟင်းလင်း အာကာသ ကောင်းကင်သဘော။

၂၀။ ကာယဝိညတ်- အလိုဆန္ဒကို သိဘို့ရန်ကိုယ်၏လှုပ်ရှားမှု အမူအရာ။

၂၁။ ဝစီဝိညတ်- အလိုဆန္ဒကို သိဘို့ရန် ပြောဆိုသော စကားသံ၏ အမူအရာ။

၂၂။ လဟုတာ- ရုပ်၏သွက်လက်ပေါ့ပါးခြင်း အမူအရာ။
၂၃။ မုဒုတာ- မကြမ်းတမ်းဘဲ နူးညံ့ခြင်း အမူအရာ။
၂၄။ ကမ္မညတာ- လှုပ်ရှား သွားလာခြင်း စသော အမှုခပ်သိမ်း၌ ကောင်းမှု ခန့်မှု အမူအရာ။
၂၅။ ဥပစယ- ရုပ်တို့၏ဖြစ်ပေါ်ခြင်း။
၂၆။ သန္တတိ- ရုပ်တို့၏ ဖြစ်စဉ်။
၂၇။ ဇရတာ- ရုပ်တို့၏ရင့်ရော်ဆွေးမြေ့ခြင်း။
၂၈။ အနိစ္စတာ- ရုပ်တို့၏ချုပ်ပျက်ခြင်း။

ဤကား ဗုဒ္ဓဟောကြားခဲ့သော ရုပ် ၂၈- ပါးပင်တည်း၊ ထိုရုပ်များအနက်၊ ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်၊ ရုပ်လေးမျိုးမှာ ထင်ရှားသော ရုပ်များဖြစ်၍ ဘူတရုပ်ဟုရင်း၊ မဟာဘူတ (မဟာဘုတ်) ဟူ၍ရင်း ခေါ်ဆိုသည်။ ထိုမဟာဘုတ်လေးမျိုးမှာ အခြေခံရုပ်တရားများဖြစ်သည်။ ၎င်းရုပ်လေးမျိုးမပါဘဲ အခြားရုပ်များမဖြစ်နိုင်။ အခြားရုပ်များသည် ထိုမဟာဘုတ်ကို အစွဲပြု၍ ဖြစ်ပေါ်ရ၏။ သို့ကြောင့် ထိုမဟာဘုတ်လေးပါးမှ ကြွင်းကျန်သော နှစ်ဆယ့်လေးပါးသောရုပ်ကို မဟာဘုတ်ကို အကြောင်းပြု၍ ဖြစ်သဖြင့်ဥပါဒါယရုပ်များဟု ခေါ်သည်။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊တို့ကို တိုက်ရိုက်မြန်မာပြန်ကမြေ၊ရေ၊မီး၊လေဟု အဓိပ္ပါယ်ရသည်။ သို့သော်လည်း ဗုဒ္ဓ၏သဘာဝတ္တရုပ်များတွင် မြေ၊ ရေ၊ မီး၊ လေတို့ကို တိုက်ရိုက်မယူရ။ မြေကဲ့သို့ မာကျောခြင်းသဘော၊ ရေကဲ့သို့ ဖွဲ့စည်းယိုစီးခြင်းသဘော၊ မီးကဲ့သို့ပူလောင် ရင့်ကျက်ခြင်းသဘော၊

လေကဲ့သို့ တွန်းကန်ခြင်းသဘောများကိုသာ သဘာဝတ္တ ရုပ်များအဖြစ် ကောက်ယူရသည်။ ထိုရုပ်လေးပါး၏ သဘာဝတ္တကို ထင်ရှားအောင် ဥပမာဖြင့်ဆိုပါအံ့။ မြေဖြူခဲတခု ဆိုပါတော့- ထိုမြေဖြူခဲကို ကိုင်ကြည့်လိုက်သောအခါ မာကျောခြင်း၊ ပျော့နူးခြင်း အဖတ်သဘောသည် ပထဝီဓါတ်ပင် ဖြစ်သည်။ အတုံးအခဲဖြစ်အောင် စေးကပ်နေခြင်း အရည်သဘောသည် အာပေါဓါတ်ပင် ဖြစ်သည်။ အာပေါဓါတ်၏ သဘောမှာ အနည်းငယ် အသိရခက်သဖြင့် ထပ်မံရှင်းလင်းပါဦးအံ့။ သတ္တဝါနှင့်အရာဝတ္ထုတိုင်းသည် ပရမာနုမြူဟူသော အမှုန်ကလေးများဖြင့်သာ ပြီးသည်။ မြေဖြူခဲကို ထုထောင်းလိုက်က အမှုန့်များဖြစ်သွားပေလိမ့်မည်။ ထိုထက်များစွာထုထောင်းက၊ တမှုန့်စီသီးခြားရှိနေက မျက်စိဖြင့်ပင် မမြင်ကောင်းသော ပရမာနုမြူများ ဖြစ်သွားပေလိမ့်မည်။ ထိုအမှုန့်များကို ရေအနည်းငယ်ဖြင့် စုပေါင်း၍ဆုတ်နယ်လိုက်က အတုံးအခဲ ဖြစ်သွားပေလိမ့်မည်။ ထိုမြေဖြူခဲကဲ့သို့ပင် သတ္တဝါတိုင်း အရာဝတ္ထုတိုင်း သည်လည်း ပရမာနုမြူကို ပေါင်းစည်းသော အစိုင်အခဲများသာဖြစ်သည်၊ ထိုအမှုန့်ကလေးများကို အစိုင်အခဲဖြစ်အောင် ပေါင်းစည်းနိုင်ခြင်းသည် အာပေါဓါတ်၏ သတ္တိပင် ဖြစ်သည်။ ပေါင်းစည်း စေခြင်း သဘာဝကလေးကိုပင် အာပေါဓါတ်ဟုခေါ်သည်။ ထို့ပြင် တေဇောဓါတ်ဆိုသည်မှာ ထိုမြေဖြူခဲကို ကိုင်စမ်းသပ်ကြည့်က အပူတွေ့ရခြင်း၊ အအေးတွေ့ရခြင်း သည်ပင်လျှင် တေဇောဓါတ်ဖြစ်သည်။ ဝါယောဓါတ် ဆိုသည်မှာ ထိုပရမာနုမြူများ တည်ရှိနိုင်အောင် တခုနှင့်တခု တွန်းကန်ခြင်းပင် ဖြစ်ပေသည်။

ဤကား မဟာဘုတ်လေးပါး၏ သဘာဝတ္တ ရှင်းလင်းချက် ပင်တည်း။

အရာဝတ္ထုတိုင်းကို ထိုဓါတ်လေးပါးဖြင့် ဓါတ်ခွဲကြည့်နိုင်၏။ မာလွန်းက ပထဝီဓါတ်အင်အားကောင်းသည်။ ပျော့နုက ပထဝီဓါတ်အင်အားနည်းသည်။ စည်းကပ်လွန်းက အာပေါဓါတ်အင်အားကောင်းသည်၊ ကြွတ်ဆတ်က အာပေါဓါတ် အင်အားနည်းသည် စသည်ဖြင့် ခွဲစိတ်ကြည့်ရှုရသည်။

ထိုရုပ်နှစ်ဆယ့်ရှစ်ပါးကို ဆက်လက်၍ တဖန်နာမည်ပေးပါဦးအံ့။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဤရုပ်ငါးပါးတို့ကို အာရုံထင်ရာ အကြည်ဓါတ်သဘောများ ဖြစ်သဖြင့် ပသာဒရုပ်များဟု ခေါ်သည်။

ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗတို့ကို အာရုံရုပ်များဖြစ်၍ ဂေါစရရုပ်ဟု ခေါ်သည်။ ဖောဋ္ဌဗ္ဗာရုံဟုသည်မှာ- ပထဝီ၊ တေဇော၊ ဝါယော ရုပ်သုံးပါးအပေါင်းကိုဆိုသည် (အာပေါ မပါ)။

ဣတ္ထိဘာဝ၊ ပုမ္ဘာဝ နှစ်ခုကို ဘာဝရုပ်ဟုခေါ်သည်။

ကာယဝိညတ်၊ ဝစီဝိညတ် နှစ်ခုကို ဝိညတ်ရုပ်ဟု ခေါ်သည်။

လဟုတာ၊ မုဒုတာ၊ ကမ္မညတာနှင့် ဝိညတ်နှစ်ခုတို့ကို ဝိကာရရုပ်ဟု ခေါ်သည်။

ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာတို့ကို လက္ခဏာရုပ်ဟုခေါ်သည်။

အစဉ်အတိုင်း ဆိုခဲ့သော ရုပ် ၂၈ ပါးအနက် အမှတ်(၁)မှ (၁၈)အထိ ရုပ်တို့ကို ဖြစ် တည် ချုပ်ဟူသော ခဏသုံးပါး ပြည့်စုံစွာ ဖြစ်ပေါ်ပြီးစီးသော ရုပ်တို့ဖြစ်၍ နိပ္ဖန္နရုပ်ဟူရင်း၊ သဘောတရားကိုယ်ရှိသောရုပ်တို့ဖြစ်၍ သဘာဝရုပ်ဟူ၍ရင်း၊ ဖြစ်ခြင်း ရင့်ဆွေးခြင်း ပျက်စီးခြင်း ဤလက္ခဏာသုံးပါးရှိခြင်း ကြောင့် သလက္ခဏရုပ်ဟူ၍ရင်း၊ ဖောက်ပြန်သော သဘော ရှိခြင်းကြောင့် ရူပရုပ်ဟူ၍ရင်း၊ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာ ရေး တင်ရှုသုံးသပ်အပ်ခြင်းကြောင့် သမ္မသနရုပ်ဟူ၍ရင်းခေါ် ဆိုသည်။ ကြွင်းကျန်သောရုပ် ၁၀ ပါးကို ဆိုအပ်ပြီးသည်မှ ပြောင်းပြန်လှန်သောအားဖြင့် အနိပ္ဖန္နရုပ်ဟူ၍ရင်း၊ အသဘာ ဝရုပ်ဟူ၍ရင်း၊ အလက္ခဏရုပ်ဟူ၍ရင်း၊ အရူပရုပ်ဟူ၍ရင်း၊ အသမ္မသနရုပ်ဟူ၍ရင်း ခေါ်သည်။

ဤကား- ရုပ်၏အခေါ်အဝေါ်နှင့် သဘာဝတ္ထအမြွက်မျှ သာတည်း။

## ရုပ်ကိုဖြစ်စေသော အကြောင်းတရား

ဗုဒ္ဓ၏ ရုပ်ပိုင်းဝါဒတွင် ပါဝင်သော ရုပ်များသည် မည် ကဲ့သို့သော ရုပ်များဖြစ်ကြောင်း၊ ရုပ် ၂၈ မျိုးကို သဘော သဘာဝတ္ထအားဖြင့် ဖော်ပြခဲ့ပေပြီ။ ထိုရုပ်များကိုဖြစ်စေ တတ်သော အကြောင်းတရားကို ဖော်ပြပါဦးမည်။

ထိုရုပ်များကို ဖြစ်စေတတ်သော အကြောင်းတရားများ မှာကား ကံ၊စိတ်၊ဥတု၊အာဟာရ ဟူသော အကြောင်းတရား လေးမျိုးပင်ဖြစ်ပေသည်။ ထိုအကြောင်းတရားလေးမျိုးတွင်

ကံဟူသည် အဘယ်နည်း၊ စိတ်ဟူသည်အဘယ်နည်း၊ ဥတုဟူသည် အဘယ်နည်း၊ အာဟာရဟူသည် အဘယ်နည်း။ ကံ၊ စိတ်၊ ဥတု၊ အာဟာရများကြောင့် ရုပ်တို့သည် အဘယ်ကဲ့သို့ ဖြစ်စေနိုင်သည်၊ မည်သည့်ရုပ်များသည် ကံကြောင့်ဖြစ်စေနိုင်သည်၊ မည်သည့်ရုပ်များသည် စိတ်ကြောင့်ဖြစ်စေနိုင်သည်၊ မည်သည့်ရုပ်များသည် ဥတုကြောင့် ဖြစ်စေနိုင်သည်၊ မည်သည့်ရုပ်များသည် အာဟာရကြောင့် ဖြစ်စေနိုင်သည်။ ဤသို့ စသည်ဖြင့်ဝေဘန်ရန်လိုပေသေးသည်။

ကျွန်ုပ်တို့သည် ကံဟူသောစကားခွန်းကို နေ့စဉ်နှင့်အမျှ သုံးစွဲနေကြသည်။ ကံကောင်းလို့ထီပေါက်သည်။ ကံကောင်းလို့စာမေးပွဲအောင်သည်။ ကံကောင်းလို့အလုပ်ရသည်။ ကံမကောင်းလို့ဆင်းရဲဒုက္ခရောက်သည်။ ကံမကောင်းလို့ငွေရနည်းသည်။ ကံမကောင်းလို့ ကြေကွဲစဖွယ် တွေ့ကြုံရသည်။ ကံမကောင်းလို့ သူခိုးခိုးခံရသည် စသည်ဖြင့် နေ့စဉ်နှင့်အမျှ ကံနှင့်ပတ်သက်၍ သုံးစွဲနေကြသည်။ သို့သော်လည်း ကံဟူသော စကားခွန်းသည် ဘာအဓိပ္ပါယ်ရှိသည်၊ ကံဆိုတာ ဘာဘဲဆိုသည်ကိုမူ ဝေဘန်စီစစ်သူများ နည်းပါးကြလေသည်။

ကံဟူသည် ကမ္မဟူသော ပါဠိစကားခွန်းမှ ဆင်းသက်လာသောစကားခွန်းဖြစ်ပေသည်။ ကမ္မကိုမြန်မာလိုတိုက်ရိုက်ပြန်ဆိုက အလုပ်ပင်ဖြစ်သည်။ ထို့ကြောင့်ကံဆိုသည်မှာ အလုပ်ပင်ဖြစ်သည်။ 'မင်း ဘာအလုပ် လုပ်သလဲ' ဟူသော အမေးကို ကုလားလိုမေးက 'တုံ ကျာ ကံ ကတ္တားဟဲ' ဟူ၍ မေးရပေလိမ့်မည်။ ထို့ကြောင့်ကံဆိုသည်မှာ ကုလားလိုလည်း

အလုပ်ပင် ဖြစ်သည်။ သို့သော်လည်း မြန်မာတို့ကမူ ရှေးရှေးဘဝကပြုလုပ်ခဲ့သော အလုပ်ကိုသာ ကံဟု ယူဆကြ၍ ကုလားတို့ကမူ ယခု လုပ်နေသောအလုပ်ကိုသာလျှင် ကံဟုယူဆကြသည်။ သို့သော်လည်း ဗုဒ္ဓအဘိဓမ္မာအရမူ အလုပ်ဟူသမျှသည် ကံပင်ဖြစ်သည်။

ကံဆိုသည် ဗုဒ္ဓအဘိဓမ္မာအရ အဘယ်တရားကိုယ်ကို ကောက်ယူရမည်နည်း၊ ကံဟူသည် ပြုလုပ်ဆောင်ခြင်းဟူသော စေတနာစေတသိက်ပင် ဖြစ်သည်။

သူတပါးအား သတ်လိုဖြတ်လိုမှု ခိုးလိုတိုက်လိုမှု မနာလိုဝန်တိုမှု စသည်တို့ကို ပြုလုပ်ခြင်း စိတ်၏စေတနာ၊ သူတပါးအား ပေးကမ်းစွန့်ကြဲလိုမှု ချီးမြှောက်ထောက်ပံ့လိုမှု ချမ်းသာစေလိုမှု စသည်တို့ကို ပြုလုပ်ခြင်း စေတနာသည်ပင်လျှင် ကံဖြစ်ပေသည်။

အဆိုးပြုလုပ်လိုမှု အကုသိုလ်စိတ်၏ စေတနာ၊ အကောင်းပြုလုပ်လိုမှု ကုသိုလ်စိတ်၏ စေတနာသည်ပင်လျှင် ကံဖြစ်ပေသည်။ စေတနာသည်ပင်လျှင် ကံဖြစ်သည်။ ကံသည်အမျိုးအမည်အားဖြင့် အမျိုးမျိုးကွဲပြားလေသည်။

ကံသည် ကိစ္စအစွမ်းအားဖြင့် ၄ မျိုးရှိသည်၊ ထို ၄ မျိုးမှာ-

၁။ ဇနကကံ- ပဋိသန္ဓေအကျိုးကိုဖြစ်စေတတ်သောကံ။

၂။ ဥပထမ္ဘကကံ- ဇနကကံအကျိုးပေးရာမှာ အပေါ်သဟဲအထောက်အပံ့ဖြစ်စေတတ်သောကံ။

၃။ ဥပပီဠကကံ- ဇနကကံနှင့် ဥပထမ္ဘကကံ အကျိုးပေးသော ရုပ်နာမ်များကို နှိပ်စက်တတ်သောကံ။

၄။ ဥပဃာတကကံ- ဇနကကံနှင့် ဥပထမ္ဘကကံ အကျိုးပေးထားသော ရုပ်နာမ်တွေကို ပျက်စီးကင်းပြတ်အောင် ဖြတ်တက်သတ်တတ်သောကံ။

ထို့ပြင် ကံသည် အကျိုးပေးသော အလှည့်အကြိမ်အားဖြင့်လည်း ၄ မျိုးရှိသည်။ ထို ၄ မျိုးမှာ—

၁။ ဂရုကံ- တခြားတပါးကံများက ပယ်ရှားရန်မတတ်နိုင်ကောင်းသော အားကြီးလေးလံသောကံ။

၂။ အာသန္နကံ- သေခါနီးအခါမှာ အမှတ်ရအပ်သော သို့မဟုတ် ပြုအပ်သောကံ။

၃။ အာစိဏ္ဏကံ- ရှည်မြင့်စွာ အစွဲအမြဲ လေ့ကျင့်အားထုတ်သောကံ။

၄။ ကဋတ္တာကံ- ရှေးရှေးဘဝကပြုခဲ့သောကံ၊ ယခုဘဝမှာ ပြုပြီးကာမျှ အမှတ်မရသောကံ။

ထိုကံ ၄-မျိုး အလှည့်အကြိမ်အားဖြင့် အကျိုးပေးပုံမှာ ဂရုကံရှိလျှင် ဂရုကံက ရှေးဦးစွာ အကျိုးပေးသည်။ ဂရုကံမရှိလျှင် အာသန္နကံ၊ အာစိဏ္ဏကံနှစ်ပါးအနက် အားကောင်းသောကံက ရှေးဦးစွာ အကျိုးပေးသည်။ ထိုကံများမရှိလျှင် ကဋတ္တာကံက အကျိုးပေးသည်။

ထို့ပြင် ကံသည် အကျိုးပေးရာ ကာလအားဖြင့်လည်း ၄ မျိုးရှိပြန်သည်။ ထို၄-မျိုးမှာ—

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ- ယခုမျက်မှောက်ဘဝမှာ အကျိုးပေးသောကံ။

၂။ ဥပပဇ္ဇဝေဒနီယကံ- ဒုတိယဘဝမှာ အကျိုးပေးသောကံ။

၃။ အပရာပရိယဝေဒနီယကံ- တတိယဘဝကစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အခွင့်ရရာဘဝမှာ အကျိုးပေးသောကံ။

၄။ အဟောသိကံ- အထက်ပါ ကံ၃မျိုးတို့ မိမိတို့အချိန်ကာလတွင် အကျိုးပေးခွင့်မရလျှင် ကံသာဖြစ်ပြီး အကျိုးမပေးသောကံ။

ထို့ပြင် ကံသည်အကျိုးပေးရာဋ္ဌာနအားဖြင့် ၄ မျိုးရှိပြန်သည်။ ထို ၄ မျိုးမှာ—

၁။ အကုသိုလ်ကံ။

၂။ ကာမာဝစရကုသိုလ်ကံ။

၃။ ရူပါဝစရကုသိုလ်ကံ။

၄။ အရူပါဝစရကုသိုလ်ကံ။

ထိုကံ ၄ မျိုးအနက် အကုသိုလ်ကံသည် အပါယ်ဘုံတွင် ပဋိသန္ဓေအကျိုးကိုပေးနိုင်သည်။ ပဝတ္တိအခါ ကာမဘုံမှာရော ရူပဘုံမှာရော မကောင်းကျိုးကိုပေးနိုင်သည်။ ကာမာ


၆၇၀၂
စာကြည့်တိုက်

ဝစရကုသိုလ်ကံသည် ကာမသုဂတိခနစ်ဘုံမှာ ပဋိသန္ဓေအကျိုးကို ပေးနိုင်သည်။ ပဝတ္တိအခါမှာ ကာမဘုံမှာရော၊ ရူပဘုံမှာရောကောင်းကျိုးကိုပေးနိုင်သည်။ ရူပါဝစရကုသိုလ်ကံသည် ရူပဘုံမှာ ပဋိသန္ဓေအကျိုးကို ပေးနိုင်သည်။ အရူပကုသိုလ်ကံသည် အရူပဘုံမှာ ပဋိသန္ဓေအကျိုးကို ပေးနိုင်သည်။

ရုပ်တရားကိုဖြစ်စေတတ်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရ ၄ မျိုးအနက် ကံအကြောင်းကို စကားစပ်လျဉ်း၍ အမြွက်မျှ ဖော်ပြခဲ့ပေပြီ။ ကံကိုအမျိုးအမည်အားဖြင့် မည်မျှပင် ခွဲခြား ခေါ်ဝေါ်သော်လည်း သဘောတရား တရားကိုယ် အရ၊ အရကောက်လိုက်သော် မကောင်းမှုအကုသိုလ်စိတ်၊ ကောင်းမှုကုသိုလ်စိတ်များနှင့် ယှဉ်သော စေ့ဆော်ခြင်းစေတနာ စေတသိက်တခုပင် ဖြစ်သည်။

ကံအကြောင်းအမြွက်မျှ ဖော်ပြခဲ့ပြီးနောက် ရုပ်ကိုဖြစ်စေတတ်သောအကြောင်းတရား ၄ မျိုးအနက် စိတ်အကြောင်းကို အမြွက်မျှဖော်ပြလိုပါသေးသည်။

စိတ်ဟူသည် အဘယ်နည်း။ စိတ်ဟူသည် သိတတ် ကြံတတ် အာရုံကိုယူတတ်သော သဘောပင်ဖြစ်ပေသည်။

ရှင်းပါဦးအံ့။ အဆင်းရူပါရုံနှင့် မျက်စိအကြည် စက္ခုပသာဒ တွေ့ဆုံသောအခါ ရူပါရုံကိုဘမ်းယူနိုင်ခြင်း သဘောသည် စိတ်ပင်ဖြစ်၏။ အသံသဒ္ဒါရုံနှင့် နားအကြည် သောတပသာဒ တွေ့ဆုံသောအခါ ထိုသဒ္ဒါရုံကို ဘမ်းယူနိုင်ခြင်း

သဘောသည် စိတ်ပင်ဖြစ်၏။ အနံ့ ဂန္ဓာရုံနှင့် နှာခေါင်းအကြည် ဃာနပသာဒ တွေ့ဆုံသောအခါ ထိုဂန္ဓာရုံကို ဘမ်းယူနိုင်သော သဘောသည် စိတ်ပင်ဖြစ်သည်။ အရသာ ရသာရုံနှင့် လျှာအကြည် ဇိဝှါပသာဒ တွေ့ဆုံသောအခါ ရသာရုံကို ဘမ်းယူနိုင်ခြင်း သဘောသည် စိတ်ပင် ဖြစ်၏။ အတွေ့ ဖေါဋ္ဌဗ္ဗာရုံနှင့်ကိုယ်အကြည် ကာယပသာဒ တွေ့ဆုံသောအခါ ဖေါဋ္ဌဗ္ဗာရုံကို ဘမ်းယူနိုင်ခြင်း သဘောသည် စိတ်ပင်ဖြစ်၏။ သဘောတရားဓမ္မာရုံအား မနောဒွါရအားဖြင့် ဘမ်းယူခြင်း သဘောသည် စိတ်ပင်ဖြစ်၏။ ထို့ကြောင့် စိတ်ဆိုသည်မှာ အာရုံကို ယူတတ်သိတတ်ကြံစည်တတ်သော သဘောတရားပင် ဖြစ်သည်။

စိတ်သည် သဘောတရားအားဖြင့် အာရုံကိုယူခြင်း သဘောတရားတခုသာရှိသည်။ စိတ်သည် ပင်ကိုယ်အားဖြင့် ဖြူစင်သည်။ သို့သော်လည်း စိတ်ဖြစ်က ဖြစ်၊ စိတ်ချုပ်ပျက်က ချုပ်ပျက်တတ်သော စိတ်နှင့်မကွေမကွင်း အမြဲယှဉ်ကပ်လျက်ရှိသော သဘောတရားများ ရှိ၏။ ၎င်းတို့မှာ စေတသိက်များပင် ဖြစ်သည်။ စိတ်သည်ကောင်းသော စေတသိက်များနှင့် ယှဉ်တွဲမိသောအခါ ကောင်းသောစိတ်ဖြစ်၍၊ ယုတ်မာသော စိတ်နှင့်ယှဉ်တွဲမိသောအခါ ယုတ်မာသောစိတ်ဖြစ်၍ လာတတ်လေသည်။ စိတ်သည် ဖြူစင်သော အထည်အဝတ်နှင့်တူ၍ စေတသိက်မှာ ဆိုးရည်နှင့်တူလေသည်။ အနီဆိုးရည်နှင့် ဆိုးက အထည်ဖြူသည် အထည်နီဖြစ်လာနိုင်သည်။ အဝါဆိုးရည်ဖြင့် ဆိုးက အထည်ဖြူသည် အထည်ဝါဖြစ်လာနိုင်

သည်။ အပြာဆိုးရည်ဖြင့်ဆိုးက အထည်ဖြူသည် အထည်ပြာဖြစ်လာနိုင်သည်။

စိတ်သည် သဘောတရားအားဖြင့် အာရုံကိုယူခြင်း သဘောတရား တခုတည်းသာရှိသော်လည်း အခြေအနေအခြင်းအရာအမျိုးမျိုးကြောင့် စိတ်အမျိုးမျိုးဖြစ်လာနိုင်လေသည်။ စိတ်သည် အကျဉ်းအားဖြင့် ၈၉ မျိုးရှိ၍ အကျယ်အားဖြင့် ၁၂၁ မျိုးရှိလေသည်။

လိုချင်တပ်မက်မောခြင်း လောဘစေတသိက်နှင့် ယှဉ်တွဲခိုက် လောဘစိတ်ဟူ၍ရင်း၊ ကြမ်းကြုတ်ခက်ထန်ခြင်း ဒေါသစေတသိတ်နှင့်ယှဉ်တွဲခိုက် ဒေါသစိတ်ဟူ၍ရင်း၊ မိုက်မဲတွေဝေခြင်း မောဟစိတ်နှင့် ယှဉ်တွဲခိုက် မောဟစေတသိက်ဟူ၍ရင်း၊ မျက်စိအကြည်ဓါတ် စက္ခုပသာဒတွင် မှီတင်းနေထိုင်ခိုက် စက္ခုဝိညာဏ်စိတ်ဟူ၍ရင်း၊ နားအကြည်ဓါတ် သောတ ပသာဒတွင် မှီတင်းနေထိုင်ခိုက် သောတဝိညာဏ်စိတ်ဟူ၍ရင်း၊ ဤသို့စသည်ဖြင့်ရင်း၊ ရယ်ရွှင်ခြင်း သောမနဿဝေဒနာနှင့်ယှဉ်တွဲခိုက် သောမနဿစိတ်ဟူ၍ရင်း၊ လစ်လျူပြုခြင်း ဥပေက္ခာဝေဒနာနှင့်ယှဉ်တွဲခိုက် ဥပေက္ခာစိတ်ဟူ၍ရင်း၊ ပထမစျာန်အင်္ဂါနှင့်ယှဉ်တွဲခိုက် ပထမစျာန်စိတ်ဟူ၍ရင်း၊ ဒုတိယစျာန်အင်္ဂါနှင့်ယှဉ်တွဲခိုက် ဒုတိယစျာန်စိတ်ဟူ၍ရင်း၊ သောတာပတ္တိမဂ္ဂင်များနှင့်ယှဉ်တွဲခိုက် သောတာပတ္တိမဂ်စိတ်ဟူ၍ရင်း၊ သကဒါဂါမိမဂ္ဂင်များနှင့် ယှဉ်တွဲခိုက် သကဒါဂါမဂ်စိတ် ဟူ၍ရင်း ဤသို့စသည်ဖြင့် အာရုံကိုယူခြင်း တခုတည်းသာရှိသော စိတ်သည် နာမည်အမျိုးမျိုးဖြင့် များပြားလာလေ

သည်။ ထို့ကြောင့်ပင် စိတ်တခုယုတ် ကိုးဆယ် အကျယ် ဓာရာ့နှစ်ဆဲ့တပါးဟု ဆိုကြလေသည်။

စိတ်နှင့် စေတသိတ်သည် နာမည်အသီးသီးနှင့် သဘော တရား အသီးသီးရှိကြသော်လည်း ခွဲခွါ၍ ရကောင်းသော သဘောတရားများကား မဟုတ်ပေ။ စိတ်ဖြစ်တိုင်း သက်ဆိုင် ရာစေတသိက်များ ပါစမြဲပင်တည်း။ စေတသိက်မှာ စိတ်၏ အမည်ထူး၊ စိတ်၏သဘောတရားထူး၊ စိတ်၏အရှိန်ဘာဝ ါပင် ဖြစ်ပေသည်။

ဤကား ရုပ်ကို ဖြစ်စေတတ်သော ကံ၊ စိတ်၊ ဥတု၊ အာ ဟာရ အကြောင်းတရားလေးပါးအနက် စိတ်၏အကြောင်း အမြွက်မျှပင်တည်း။

ကံနှင့် စိတ်သည် ရုပ်ကို ဖြစ်စေသည်ဟု ဆိုသော်လည်း ကံဟူသမျှနှင့် စိတ်ဟူသမျှသည် ရုပ်ကိုဖြစ်စေသည်မဟုတ်၊ ရုပ် ကိုမဖြစ်စေနိုင်သောကံ၊ ရုပ်ကိုမဖြစ်နိုင်သော စိတ်များလည်း ရှိသေးလေသည်။

ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတရားလေးပါးအ နက် ဥတုဟူသည် အဘယ်နည်း။ ဥတုဟူသည် ယခင်ပြဆိုခဲ့ သော ရုပ်နှစ်ဆဲ့ရှစ်မျိုးတွင် ပါဝင်သောအချမ်းအပူဟူသော တေဇောဓါတ်ပင် ဖြစ်သည်။ ရုပ်ကိုဖြစ်စေတတ်သော ဥတု ဟူသည်, သာမာန်အားဖြင့် ရုပ်အပေါင်းအစည်း ဟူသမျှတွင်

ပါဝင်သော အချမ်းအပူဟူသောတေဇောဓါတ်ပင်ဖြစ်သည်။ သို့သော် ခွဲစိတ် ဝေဘန်၍ပြရမည်ဆိုပါက ကမ္ဘာပြု မိုးရေကို ဖြစ်စေတတ်သောအရင်းခံဥတုသည် မှောင်ရုပ်မီး အပေါင်းအစည်း၌ရှိသော အပူအအေးဟူသော တေဇောဓါတ်ပင် ဖြစ်သည်။ အစဦး ပထမပေါက်သော သစ်ပင်ကို ဖြစ်စေတတ်သော အရင်းခံဥတုသည် မြေကြီးနှံ့ခဲ၌ပါရှိသော အပူအအေးဟူသော တေဇောဓါတ်ပင် ဖြစ်သည်။ ရေမှပေါက်သော သစ်ပင်ကိုဖြစ်စေတတ်သော အရင်းခံဥတုသည် ရေအပေါင်း အစည်း၌ရှိသော အပူအအေးဟူသော ဥတုပင်ဖြစ်သည်။ အစေ့မျိုး အဆက်မျိုးစသည်ဖြင့် နောက်နောက်မှ ပေါက်သော သစ်ပင်ကို ဖြစ်စေတတ်သော အရင်းခံဥတုသည် ထိုမျိုးစေ့၌ ပါသော အချမ်းအပူဟူသော ဥတုပင်ဖြစ်သည်။ ကောင်းကင်၌ ဖြစ်ပေါ်သော သက်ရှိသက်မဲ့ ရုပ်တို့ကို ဖြစ်စေတတ်သော အရင်းခံဥတုသည် မိမိတို့ဖြစ်ရာအရပ်၌ရှိသော မှောင်ရုပ်မီးအပေါင်းအစည်း၌ ပါရှိသော အချမ်းအပူဟူသော တေဇောဓါတ်ပင်ဖြစ်သည်။ သံသေဒဇ ရုပ်တို့ကို ဖြစ်စေတတ်သော အရင်းခံဥတုသည် မိမိတို့ဖြစ်ရာ ပန်းဝတ်ဆံစသည်၌ ရှိသော အချမ်းအပူဟူသော တေဇောဓါတ်ပင် ဖြစ်သည်။ အမိဝမ်း၌ ပဋိသန္ဓေနေခြင်း ရုပ်ကိုဖြစ်စေတတ်သော အရင်းခံဥတုသည် သားအိမ်အတွင်း၌ တည်ရှိသော မိဘနှစ်ပါးတို့၏ ဥတုရည်အပေါင်းအစည်း၌ ပါရှိသော အပူဟူသော ဥဇာတေဇောဓါတ်ပင် ဖြစ်သည်။ မည်သည့်ရုပ်ကိုမဆို ဖြစ်စေတတ်သော ဥတုဟူသည် စင်စစ်သော်ကား အချမ်းအပူဟူသော တေဇောဓါတ်ပင်တည်း။

ရုပ်ကို ဖြစ်ဘတ်သော အကြောင်းတရားလေးပါး အနက် အာဟာရဟူသည် အဘယ်နည်း၊ အာဟာရဟူသည် ရုပ်အ ပေါင်းအစည်းဟူသမျှ၌ ပါရှိသော အဖတ်သဘော ပထဝီ ဓါတ်၊ အရည်သဘော အာပေါဓါတ် နှစ်ပါးတို့၏ အဆီ ဩဇာပင် ဖြစ်သည်။ စားသောက်မျိုသွင်းအပ်သော ဩဇာ အာဟာရသည် ပါစကာဝမ်းမီး ပေါင်းနွေးပြီးမှ သာလျှင် ရုပ်ကိုဖြစ်စေသည်။ ပါစကဓါတ်မီး မပေါင်းနွေးရလျှင် ရုပ် ကိုမဖြစ်စေနိုင်။ ထိုကြောင့် ရုပ်ကို ဖြစ်စေတတ်သော အာ ဟာရဟူသည် စားသောက်စရာများတွင် ပါရှိသော အဆီ အနှစ်ဩဇာဓါတ်ပင် ဖြစ်သည်။

ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတရား လေးပါး အနက် ကံဟူသည် စေ့ဆော်ခြင်း စေတနာ၊ စိတ်ဟူသည် အာရုံကို ယူခြင်းသဘော၊ ဥတုဟူသည် အချမ်းအပူဟူသော တေဇောဓါတ်၊ အာဟာရဟူသည် စားသောက်ဘွယ်တွင် ပါရှိသော အဆီအနှစ်ဩဇာ ဖြစ်ကြောင်းများကို အဆက် တွင် အမြွက်မျှဖေါ်ပြခဲ့ပေပြီ။ အကြောင်းတရားလေးပါး ကြောင့် ရုပ်တို့သည် ဖြစ်ကြသည်ဟုဆိုရာ မည်သည့်အကြောင်း ကြောင့် မည်သည့်ရုပ်များ ဖြစ်ကြသည်ကို ဆက်လက်၍ ဖေါ်ပြပါဦးမည်။

ပြဆိုခဲ့ပြီးသော ရုပ် ၂၈ မျိုး အနက်-

၁။ စက္ခုပသာဒ- မျက်စိအကြည်။

၂။ သောတပသာဒ- နားအကြည်။

၃။ ဃာနပသာဒ- နှာခေါင်းအကြည်။
၄။ ဇိဝှါပသာဒ- လျှာအကြည်။
၅။ ကာယပသာဒ- ကိုယ်အကြည်။
၆။ ဣတ္ထိဘာဝ- မိန်းမအဖြစ်။
၇။ ပုမ္ဘာဝ- ယောကျ်ားအဖြစ်။
၈။ ဇီဝိတ- ရုပ်တို့၏အသက်။
၉။ ဟဒယ- နှလုံးဗုံး။

ရုပ်ရုပ် ၉ မျိုးသည် ကံကြောင့်သာ ဖြစ်ကြသည်။

၁။ ကာယဝိညတ်- ကိုယ်ဖြင့် အဓိပ္ပါယ်ကို သိစေခြင်း။
၂။ ဝစီဝိညတ်- နှုတ်ဖြင့် အဓိပ္ပါတ်ကို သိစေခြင်း။

ရုပ်ရုပ် ၂ မျိုးသည် စိတ်ကြောင့်သာ ဖြစ်သည်။

၁။ သဒ္ဒ- အသံ။

ရုပ်ရုပ် ၁ မျိုးသည် စိတ်ကြောင့်ရှင်း၊ ဥတုကြောင့်ရင်း ဖြစ်သည်။ မိုးချုန်းသံစသည်သည် ဥတုကြောင့်ဖြစ်၍ စကား ပြောသံစသည်သည် စိတ်ကြောင့်ဖြစ်သည်။

၁။ လဟုတာ- ပေါ့ပါးခြင်း။
၂။ မုဒုတာ- နူးညံ့ခြင်း။
၃။ ကမ္မညတာ- အမှု၌ခန့်ခြင်း။

ရုပ်ရုပ် ၃ မျိုးသည် ဥတုကြောင့်ရင်း၊ စိတ်ကြောင့်ရင်း အာဟာရကြောင့်ရင်း ဖြစ်သည်။

၁။ ပထဝီဓါတ်- မာခြင်း၊ ပျော့ခြင်း အဖတ်သဘော။

၂။ အာပေါဓါတ်- ဖွဲ့စည်းခြင်း၊ ယိုစီးခြင်း၊ အရည်သဘော။

၃။ တေဇောဓါတ်- ရင့်ကျက်ဆွေးမြေ့စေခြင်း၊ အချမ်းအပူသဘော။

၄။ ဝါယောဓါတ်- တွန်းကန်လှုပ်ရှားခြင်းသဘော။

၅။ ရူပါရုံ- အဆင်း။

၆။ ဂန္ဓာရုံ- အနံ့။

၇။ ရသာရုံ- အရသာ။

၈။ အာဟာရ- ဩဇာ။

၉။ အာကာသဓါတ်- အပေါက် အခေါင်း ဟာလာဟင်းလင်း သဘော။

ရုပ် ၉ မျိုးတို့သည်ကံကြောင့်ရုပ်၊ စိတ်ကြောင့်ရုပ်၊ ဥတုကြောင့်ရုပ်၊ အာဟာရကြောင့်ရုပ် ဖြစ်သည်။

၁။ ဥပစယ- ရုပ်တို့၏ဖြစ်ဆဲ။

၂။ သန္တတိ- ရုပ်တို့၏ဖြစ်စဉ်။

၃။ ဇရတာ- ရုပ်တို့၏ရင့်ရော်ခြင်း။

၄။ အနိစ္စတာ- ရုပ်တို့၏မမြဲခြင်း။

ရုပ် ၄ မျိုးကိုမူကား အကြောင်းတရား လေးပါးကြောင့်ဖြစ်သည်ဟု မဆိုသာချေ။

ဤကား ရုပ်နှစ်ဆဲ့ရှစ်ပါးတို့သည် မည်သည့် အကြောင်းကြောင့် မည်သည့်ရုပ်များဖြစ်သည်ကို ဖေါ်ပြချက်ပင်တည်း။

အကြောင်းတရားလေးပါးကြောင့် ဖြစ်သော ရုပ်တို့သည် မည်သည့်အချိန်အခါမှ စတင်၍ ဖြစ်ကြောင်း ဆက်လက်၍ ဖေါ်ပြလိုပေသေးသည်။

ကံကြောင့် ဖြစ်သော ရုပ်များသည် ပဋိသန္ဓေစိတ်မှစ၍ ဆက်လက်၍ ဖြစ်ပေါ်သည်။ စိတ်ကြောင့်ဖြစ်သော ရုပ်များသည် ကံကြောင့်ဖြစ်သော ရုပ်ဖြစ်ပြီးနောက် မရှေးမနှောင်း ဆက်လက်၍ဖြစ်ပေါ်သည်။ ဥတုကြောင့်ဖြစ်သော ရုပ်များသည် ပဋိသန္ဓေစိတ်တည်ဆဲ အချိန်မှ ဆက်လက်၍ ဖြစ်ပေါ်သည်။ အာဟာရကြောင့် ဖြစ်သောရုပ်များသည် စားမျို၍ ပါစကဝမ်းမီးနှင့် ပေါင်းစွန်းပြီး ဩဇာရည် ပြန့်နှံ့သော အခါမှစ၍ ဖြစ်ပေါ်သည်။

ဤကား အကြောင်းတရားလေးပါးကြောင့် ရုပ်များ စတင်ဖြစ်ပေါ်ပုံတည်း။

## ရုပ်၏ကလာပ်စည်းများ

ရုပ်တခုနှင့်တခု မည်ကဲ့သို့ ပေါင်းစည်း၍ ဖြစ်ပုံကို ဖေါ်ပြလိုပါသည်။

ပြဆိုခဲ့ပြီးသော ဗုဒ္ဓ၏ ရုပ်ပိုင်းဝါဒအရ ၂၈ ပါးသော ရုပ်တို့သည် တခုစီတခုစီ မိမိဘာသာ ဖြစ်ပေါ်သည်ကား

မဟုတ်ပေ။ ရုပ်တခု ဖြစ်ပေါ်မှုအတွက် မိမိနှင့်အတူတကွ ဖြစ်သင့်ဖြစ်ထိုက်သော ရုပ်များသည် တပါးတည်း ဖြစ်ပေါ်ရလေသည်။ တပါတည်းဖြစ်ပေါ်ရုံမက တပါတည်းလည်း ချုပ်ပျောက်ကြရလေသည်။ ဥပမာအားဖြင့် မျက်စိအကြည်ဓါတ်ခေါ်သော စက္ခုပသာဒရုပ်ဖြစ်ပေါ်သည် ဆိုကြပါစို့။ ထိုမျက်စိအကြည်သည် သူ့သဘာဝတခုတည်း ဖြစ်ပေါ်သည်ကား မဟုတ်။ သူ့သဘာဝတခုတည်းလည်း ဖြစ်ပေါ်၍ မရနိုင်ချေ။ သူ၏ဖြစ်ပေါ်မှုအတွက် သူနှင့်အတူတကွ ဖြစ်မှုချုပ်မှုရုပ်များလည်း ပါဝင်ရလေသည်။

ထိုမျက်စိအကြည် စက္ခုပသာဒနှင့် အတူတကွ ဖြစ်ပေါ်ဘက်ဖြစ်သော ရုပ်များမှာ ရုပ်၏တည်တန့်နေမှု ရုပ်ပုံ၏ အသက်ခေါ်သော ဇီဝိတရုပ်၊ အဆင်းခေါ်သော ရူပါရုံ၊ အနံ့ခေါ်သော ဂန္ဓာရုံ၊ အရသာခေါ်သော ရသာရုံ၊ ဩဇာခေါ်သော အာဟာရ၊ အဖတ်သဘော ပထဝီ၊ အရည်သဘော အာပေါ၊ အငွေ့သဘော တေဇော၊ တွန်းကန်ခြင်းသဘော ဝါယောဟူသော ရုပ်များပင်ဖြစ်သည်။ မျက်စိအကြည်ဓါတ်ပါ အားလုံးပေါင်း ရုပ်ဆယ်ခုပင် ဖြစ်ပေသည်။ ထိုသို့ စက္ခုအကြည်ဓါတ် ဖြစ်ပေါ်မှုအတွက် ရုပ်ဆယ်ခုပေါင်းစည်းမှ ဖြစ်ပေါ်နိုင်လေသည်။ ဤသည်ကိုပင် စက္ခုပါသော ရုပ်ဆယ်ခုပေါင်း၊ သို့မဟုတ် စက္ခုဒသက ကလာပ်ဟု ခေါ်လေသည်။ ရုပ်များပေါင်းစည်း၍ အတူတကွဖြစ် အတူတကွ ချုပ်ကြသည်ကို ရုပ်ကလာပ်ဟုခေါ်သည်။ ကလာပ်ကလာပ်မှာ အပေါင်းအစည်းအစုပြယ်ရသော ပါဠိစကားပင်ဖြစ်သည်။

ထိုသို့ ရုပ်ကလာပ်များသည် ပေါင်းစည်း၍ ဖြစ်ကြသည် ဆိုရာ၌ ရုပ်တခုနှင့်ရုပ်တခုသည် ဘေးချင်းကပ်၍ ဝဲယာအား ဖြင့် ပေါင်းစည်းခြင်းမျိုး၊ ရှေ့နောက်အားဖြင့် ပေါင်းစည်း ခြင်းမျိုး၊အထက်အောက်အားဖြင့် ပေါင်းစည်းခြင်းမျိုး၊ အ တွင်းအပြင်အားဖြင့် ပေါင်းစည်းခြင်းမျိုး မဟုတ်ပေ။ ရုပ် တလာပ်တစည်းတွင် ရုပ်ပေါင်း ရှစ်ခု- ကိုးခု- ဆယ်ခု- ဆဲ့တခု စသည်ဖြင့် ပါဝင်တတ်လေသည်။ ထိုသို့ ကလာပ်တစည်းတွင် ပါဝင်သောရုပ်များလည်း ဝဲယာ-ရှေ့နောက်-ထက်အောက်- တွင်းပြင် မရှိဘဲ တသားတည်း တလုံးတဝတည်း ခွဲခြား၍ မရအောင် ပေါင်းစည်းကြလေသည်။

ရုပ်ကလာပ် တစည်းတွင် ပါဝင်သော ရုပ်များသည် (၁) တပြိုင်နက် ဖြစ်ခြင်း၊ (၂) တပြိုင်နက် ချုပ်ခြင်း၊ (၃)မှီရာတခုတည်းဖြစ်ခြင်း၊ (၄) ရုပ်တခုနှင့်တခု တွင်းပြင်- ထက်အောက်- ရှေ့နောက်- ဝဲယာ ရွေးချယ်၍မရအောင် ပေါင်းရောခြင်း၊ ဤအင်္ဂါ ၄ ပါးညီညွတ်စွာ ဖြစ်ကြသည်။ ဤအင်္ဂါလေးပါး ညီညွတ်စွာ ဖြစ်သော ရုပ်စုရုပ်ခဲကိုပင် ရုပ် ကလာပ်ဟု ခေါ်သည်။

ထိုကလာပ်စည်း ရုပ်များသည်လည်း ယခင် ပြဆိုခဲ့သော ရုပ် ၂၈ ပါးအပါအဝင်ပင်ဖြစ်ရာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းတရားလေးပါးကြောင့်ပင်ဖြစ်လေသည်။ သို့ဖြစ်လေရာ ရုပ်ကလာပ်များကို ပြဆိုရာတွင် ကံကြောင့်ဖြစ် သော ရုပ်ကလာပ်များ၊ စိတ်ကြောင့်ဖြစ်သောရုပ်ကလာပ် များ စသည်ဖြင့် အစဉ်အတိုင်း ရေတွက်ကြပါဦးစို့။

ကလာပ်ခေါ်သော ရုပ်စုရုပ်ခဲများသည် ကံကြောင့်ဖြစ်သော ရုပ်ကလာပ် ကိုးစည်း၊ စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ် ခြောက်စည်း၊ ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ် လေးစည်း၊ အာဟာရကြောင့် ဖြစ်သော ရုပ်ကလာပ်နှစ်စည်း အားဖြင့် အားလုံးပေါင်း နှစ်ဆယ့်တစည်း ရှိလေသည်။

ရှေးဦးစွာ ကံကြောင့်ဖြစ်သော ရုပ်ကလာပ် ကိုးစည်းကို ရေတွက်ပါဦးစို့၊ ဗုဒ္ဓသည် ပါဠိဘာသာဖြင့် ဟောကြားခဲ့ရာ ရုပ်များ၏ အမည်ကိုလည်း ဗုဒ္ဓအဘိဓမ္မာတွင် ပါသည့်အတိုင်း ပါဠိစကားခွန်းများဖြင့် မလွဲမကင်းသာ ခေါ်ဝေါ် သုံးစွဲရပါသည်။ ပါဠိလိုခေါ်ဝေါ်မှသာ တိုတိုကျဉ်းကျဉ်း နှင့် အဓိပ္ပါယ်ပြည့်စုံမှုလည်း ရှိပါသည်။ အောက်တွင် ရုပ်များ ရေတွက်ရာ၌ ပါဠိဘာသာဖြင့် ခေါ်ဝေါ်ရေတွက်မှု အတွက် မရှင်းလင်းက ယခင်ဖော်ပြချက်များကို ပြန်လည် ဖတ်ရှုစေလိုသည်။

ကံကြောင့်ဖြစ်သော ရုပ်ကလာပ်ကိုးစည်းမှာ အောက်ပါ အတိုင်းဖြစ်သည်။

၁။ စက္ခု၊ ဇီဝိတ၊ ရူပ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဤရုပ်ဆယ်ခုအပေါင်းသည် စက္ခုပါဝင်သော ရုပ်ဆယ်ခုအပေါင်း စက္ခုဒသက ကလာပ် တစည်း ဖြစ်၏။

၂။ သောတ၊ ဇီဝိတ၊ ရူပ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဤရုပ်ဆယ်ခုအပေါင်းသည်

သောတပါသော ရုပ်ဆယ်ခု အပေါင်း သောတဒသက ကလာပ်တစည်း ဖြစ်၏။

၃။ ဃာန၊ ဇီဝိတ၊ ရူပ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဤရုပ်ဆယ်ခု အပေါင်းသည် ဃာနပါသော ရုပ်ဆယ်ခုအပေါင်း ဃာဒသက ကလာပ် တစည်း ဖြစ်၏။

၄။ ဇိဝှါ၊ ဇီဝိတ၊ ရူပ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဤရုပ်ဆယ်ခုအပေါင်းသည် ဇိဝှါပါသော ရုပ်ဆယ်ခုအပေါင်း ဇိဝှါဒသက ကလာပ် တစည်း ဖြစ်၏။

၅။ ကာယ၊ ဇီဝိတ၊ ရူပ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဤရုပ်ဆယ်ခုအပေါင်းသည် ကာယပါသော ရုပ်ဆယ်ခုအပေါင်း ကာယဒသက ကလာပ် တစည်း ဖြစ်၏။

၆။ ဣတ္ထိဘာဝ၊ ဇီဝိတ၊ ရူပ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဤရုပ်ဆယ်ခုအပေါင်းသည် ဣတ္ထိဘာဝပါသော ရုပ်ဆယ်ခုအပေါင်း ဣတ္ထိဘာဝ ဒသက ကလာပ်တစည်း ဖြစ်၏။

၇။ ပုမ္ဘာဝ၊ ဇီဝိတ၊ ရူပ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဤရုပ်ဆယ်ခုအပေါင်းသည်

ပုမ္ဘာဝ ပါသော ရုပ်ဆယ်ခု အပေါင်း ပုမ္ဘာဝဒသက ကလာပ်တစည်း ဖြစ်၏။

၈။ ဟဒယဝတ္ထု၊ ဇီဝိတ၊ ရူပ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဤရုပ်ဆယ်ခုအပေါင်းသည် ဟဒယဝတ္ထုပါသော ရုပ်ဆယ်ခု အပေါင်း ဝတ္ထုဒသက ကလာပ်တစည်း ဖြစ်၏။

၉။ ဇီဝိတ၊ ရူပ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဤရုပ်ကိုးခု အပေါင်းသည် ဇီဝိတ ပါသော ရုပ်ကိုးခုအပေါင်း ဇီဝိတနဝက ကလာပ်တစည်း ဖြစ်၏။

ဤကား ကံကြောင့်ဖြစ်သော ရုပ်ကလာပ်ကိုးစည်းဖြစ်သည်။ စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ် ၆ စည်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ရူပ၊ ဂန္ဓ ၊ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဤရုပ်ရှစ်ခု အပေါင်းသည် သက်သက်သောအရင်းခံ ရုပ်ရှစ်ခုအပေါင်း သုဒ္ဓဋ္ဌက ကလာပ်တစည်း ဖြစ်၏။

၂။ ကာယဝိညတ်၊ ရူပ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဤရုပ်ကိုးခု အပေါင်းသည် ကာယဝိညတ်ပါသော ရုပ်ကိုးခုအပေါင်း ကာယဝိညတ္တိနဝက ကလာပ်တစည်း ဖြစ်၏။

၃။ ဝစီဝိညတ်၊ သဒ္ဒ၊ ရူပ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဤရုပ်ဆယ်ခုအပေါင်းသည် ဝစီဝိညတ်ပါဝင်သော ရုပ်ဆယ်ခုအပေါင်း ဝစီဝိညတ္တိဒသက ကလာပ်တစည်း ဖြစ်၏။

၄။ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ရူပ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဤရုပ်ဆဲ့တခုအပေါင်းသည် လဟုတာစသည် ပါဝင်သော ရုပ်ဆဲ့တခုအပေါင်း လဟုတာဒေကာဒသက ကလာပ်တစည်း ဖြစ်၏။

၅။ ကာယဝိညတ်၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ရူပ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ ပထဝီ၊ အာပေါ၊ သေဇော၊ ဝါယော၊ ဤရုပ်တဆဲ့နှစ်ခု အပေါင်းသည် ကာယဝိညတ် လဟုတာ စသည်ပါဝင်သော ရုပ်တဆဲ့နှစ်ခုအပေါင်း ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသက ကလာပ် တစည်း ဖြစ်၏။

၆။ ဝစီဝိညတ်၊ သဒ္ဒ၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ရူပ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဤရုပ်တဆဲ့သုံးခု အပေါင်းသည် ဝစီဝိညတ် သဒ္ဒ လဟုတာစသည် ပါဝင်သော ရုပ်ဆဲ့သုံးခုအပေါင်း ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိတေရသက ကလာပ်တစည်း ဖြစ်၏။

ဤကားစိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်ခြောက်စည်း ဖြစ်သည်။

ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ် ၄ စည်းကား အောက်ပါအတိုင်း ဖြစ်သည်။

၁။ ရူပ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဤရုပ်ရှစ်ခုအပေါင်းသည် သက်သက်သော ရုပ်ရှစ်ခုအပေါင်း သုဒ္ဓဋ္ဌက ကလာပ်တစည်းဖြစ်၏။

၂။ သဒ္ဒ၊ ရူပ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဤရုပ်ကိုးခု အပေါင်းသည် သဒ္ဒပါသော ရုပ်ကိုးခုအပေါင်း သဒ္ဒနဝက ကလာပ်တစည်းဖြစ်၏။

၃။ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ရူပ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဤရုပ်တဆဲ့တခုအပေါင်းသည် လဟုတာစသည်ပါဝင်သော ရုပ်တဆဲ့တခုအပေါင်း လဟုတာ ဒေကာဒသက ကလာပ်တစည်းဖြစ်၏။

၄။ သဒ္ဒ၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ရူပ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဤရုပ်ဆဲ့နှစ်ခုအပေါင်းသည် သဒ္ဒလဟုတာစသည် ပါဝင်သော ရုပ်ဆဲ့နှစ်ခုအပေါင်း သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်တစည်းဖြစ်၏။

ဤကား ဥတုကြောင့် ဖြစ်သော ရုပ်ကလာပ် ၄ စည်းတည်း။

အာဟာရကြောင့် ဖြစ်သော ရုပ်ကလာပ် ၂ စည်းကား အောက်ပါအတိုင်းဖြစ်သည်။

၁။ ရူပ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဤရုပ်ရှစ်ခုအပေါင်းသည် သက်သက်သော ရုပ်ရှစ်ခုအပေါင်း သုဒ္ဓဋ္ဌက ကလာပ်တစည်းဖြစ်၏။

၂။ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ရူပ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဤရုပ်တဆဲ့တခုအပေါင်းသည် လဟုတာစသည် ပါဝင်သော ရုပ်တဆဲ့တခု လဟုတာ ဒေကာဒသက ကလာပ်တစည်း ဖြစ်၏။

ဤကား အာဟာရကြောင့်ဖြစ်သော ရုပ်ကလာပ် ၂စည်းတည်း။

ကံကြောင့် ကိုးစည်း၊ စိတ်ကြောင့် ခြောက်စည်း၊ ဥတုကြောင့် လေးစည်း၊ အာဟာရကြောင့် နှစ်စည်း ပေါင်းသော် အားလုံး နှစ်ဆဲ့တစည်း ဖြစ်သတည်း။

အထူးမှတ်သားရန်မှာ ရုပ်ကလာပ် အပေါင်းအစည်းတွင် ရူပ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာပေါ ရုပ်ရှစ်ခုတို့သည် ပါဝင်သည်ချည်း ဖြစ်၏။ ထိုရုပ်ရှစ်ခုမှာ ကလာပ်တွင် အခြေခံရုပ်များဖြစ်၍ မပါလျှင် မဖြစ်သော ရုပ်များဖြစ်သည်။ ထိုရုပ်ရှစ်ခုကို သက်သက်သော ရုပ်အပေါင်းအစည်းသုဒ္ဓဋ္ဌက ကလာပ်အဖြစ်ဖြင့်၎င်း၊ စက္ခုသောတ စသည်ဖြင့် စက္ခုဒသက ကလာပ်၊ သောတဒသက ကလာပ်အဖြစ် စသည်ဖြင့်၎င်း ပေါင်းဖွဲ့လေသည်။

မြင်မြင်သမျှသော အရာဝတ္ထုများ၊ သစ်ပင်တောတောင်များ၊ သတ္တဝါများတွင် ရုပ်ကလာပ်များ ပါဝင်လေသည်။ ရုပ်ကလာပ်များ ပေါင်းစည်းခြင်းဖြင့်သာ အရာဝတ္ထုများ၊ သစ်ပင်တောတောင်များ၊ သတ္တဝါများဖြစ်၍ နေကြရလေသည်။ သို့ဖြစ်သဖြင့် မြင်မြင်သမျှ၌ မည်သည့် ရုပ်ကလာပ်များ ပါဝင်သည်ကို အထက်ဖော်ပြပါ ရုပ်ကလာပ် ၂၁ စည်းကို ကြည့်ရှုခြင်းအားဖြင့် ဝေဘန်ပိုင်းခြားပါလေ။

သစ်ပင်တွင် မည်သည့် ရုပ်ကလာပ်များ ပါဝင်သည်၊ မိုးချုန်းသံတွင် မည်သည့် ရုပ်ကလာပ်များ ပါဝင်သည်၊ စကားပြောသံတွင် မည်သည့်ရုပ်ကလာပ်များ ပါဝင်သည်၊ လက်ယပ်ခေါ်စဉ် မည်သည့် ရုပ်ကလာပ်များ ပါဝင်သည်၊ တိကောင်တွင် မည်သည့်ရုပ်ကလာပ်များ ပါဝင်သည်၊ ခွေးတွင် မည်သည့်ရုပ်ကလာပ်များ ပါဝင်သည်၊ လူတွင် မည်သည့် ရုပ်ကလာပ်များ ပါဝင်သည်၊ ယောကျ်ားတွင် မည်သည့် ရုပ်ကလာပ်များ ပါဝင်သည်၊ မိန်းမတွင် မည်သည့် ရုပ်ကလာပ်များ ပါဝင်သည်၊ လူ၏ဦးခေါင်းပိုင်းတွင် မည်သည့် ရုပ်ကလာပ်များ ပါဝင်သည်၊ အလယ်ပိုင်းတွင် မည်သည့် ရုပ်ကလာပ်များ ပါဝင်သည်၊ အောက်ပိုင်းတွင် မည်သည့် ရုပ်ကလာပ်များ ပါဝင်သည် စသည်ဖြင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့်ဖြစ်သော အထက်တွင် ဖော်ပြပြီးသောကလာပ်နှစ်ဆယ့်တစည်းကို ကြည့်ရှုဝေဘန်ပါလေ။

အထက်ပါ ရုပ်ကလာပ်များမှာ ကလာပ်တစည်းတည်းတွင်ရှိသော ရုပ်များကို ခွဲခြမ်း၍ မရကောင်းသော ပရမတ္ထ

ကလာပ်များဖြစ်သည်။ ဤပရမတ္ထကလာပ်များသည် များ ပြားစွာ ပေါင်းစည်း ဖွဲ့စည်း၍ နေသောအခါ ရုပ်စုရုပ်ခဲများ ဖြစ်လာသည်။ ထိုရုပ်စုရုပ်ခဲများကိုပင် သမူဟကလာပ်ဟု ခေါ်သည်။

ပြဆိုခဲ့သော ရုပ်ကလာပ်များမှာ သူ့ဘာသာသူ ဖွဲ့စည်း ဖြစ်နေသဖြင့် သယံဇာတကလာပ်များဟု ခေါ်သည်။ လူတ ကောင်လုံးကိုဖြစ်စေ၊ ဆံ၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး စသော ကောဋ္ဌာသတို့ကို ဖြစ်စေ၊ သစ်တပင်လုံးကိုဖြစ်စေ၊ သစ်ရွက်တခု၊ သစ်ပွင့်တခု၊ သစ်သီး တခုစသည်ကိုဖြစ်စေ၊ မြူမှုန်ကလေး တခု၊ သဲလုံးကလေး တခု၊ ကျောက်ခဲကလေးတခု၊ ကျောက်လုံး ကျောက်ဖျာကြီးတခု စသည်တို့ကိုဖြစ်စေ သူ့ဘာသာသူ ဖွဲ့စည်းနေသော သယံဇာတ ကလာပ်ဟု ခေါ်သည်။

အုတ်ခဲတချပ်၊ စေတီတဆူ၊ အရုပ်တကောင်စသည်ဖြင့်ဖြစ်စေ၊ ပျဉ်ပြားတချပ်၊ တိုင်တလုံး၊ အခြင်တချောင်း၊ အိမ်တလုံး စသည်ဖြစ်စေ၊ ဇွန်းတချောင်း၊ ပန်းကန်တချပ်၊ အိုးတလုံးစသည် ဖြင့်ဖြစ်စေ၊ သူတပါးတို့ ပြုလုပ်ဖွဲ့စည်း၍ ထားသော ရုပ်စုရုပ်ခဲ အားလုံးကို ပရိကတ ကလာပ်ဟု ခေါ်သည်။

သို့သော်လည်း ဆိုခဲ့ပြီးသော နှစ်ဆဲ့တစည်းသော ပရ မတ္ထကလာပ်တခုစီ၏ အကြီးအသေးပမာဏမှာ ပရမာအနုမြူ တမှုန့်ကို အစိတ်တသိန်းစိတ်၍ တစိတ်စာမျှသာ ရှိသည်။ အလွန်ပင်သေးငယ်လှသည်။ ထိုမျှ သေးငယ်သော ပမာဏမှာ

ပင် ရုပ်ရှစ်ခု ကိုးခုစသော ရုပ်တစည်း ပါဝင်နိုင်သည်။ ရုပ်ကလာပ်စည်းများ များပြားစွာ ပေါင်းစည်းခြင်းအားဖြင့် ရုပ်စုရုပ်ခဲများဖြစ်လာသည်။ ထိုရုပ်စုရုပ်ခဲများ သည်ပင်လျှင် သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ၊ သတ္တဝါတို့ဖြစ်လာကြရလေသည်။

ဤကား- ရုပ်များ တခုနှင့်တခု ပေါင်းစည်းပုံ ရုပ်ကလာပ်များ အကြောင်း ဖြစ်ပါသည်။

× × ×

# နာမ်နှင့် နာမ်သဘာဝ

ရုပ်ဟူသည် မည်ကဲ့သို့သော သဘောတရားများ ဖြစ်ကြောင်း၊ မည်ကဲ့သို့သောသဘောတရားများ ပါဝင်၍ အရေအတွက်အားဖြင့် မည်မျှရှိကြောင်း ဖော်ပြခဲ့ပေပြီ။ ထိုဖော်ပြခဲ့သော ရုပ် ၂၈ မျိုးမှ ကြွင်းကျန်သော သဘောတရားများသည် နာမ်ပင် ဖြစ်သည်၊ ရှိရှိသမျှသော အရာဝတ္ထု သက်ရှိသက်မဲ့ဟူသမျှ ဗုဒ္ဓဝါဒအရ ရုပ်သော်၎င်း၊ နာမ်သော်၎င်း၊ ရုပ်နာမ်နှစ်ပါးသော်၎င်း ပါဝင်ရစမြဲဖြစ်သည်။ ထိုရုပ်နာမ်နှစ်ပါးမှ ကြွင်းကျန်သော သဘောတရားကား မရှိပေ။

မိမိကိုယ်ပိုင် သဘောတရားအားဖြင့် မိမိ အသီးသီးရှိကြသော သဘောတရားများကို ဗုဒ္ဓအဘိဓမ္မာအရ ပရမတ်ဟုခေါ်၏။ ထိုပရမတ်များမှာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူ၍ လေးမျိုး ရှိလေသည်။ ရှိရှိသမျှသော သက်ရှိ သက်မဲ့

ဟူသမျှတွင် ထိုသဘောတရားလေးမျိုးအပြင် အခြားသဘောတရားများ မရှိပေ။ သဘောတရားဟူသမျှသည် ထိုပရမတ်တရားလေးပါး အပါအဝင် ချည်းသာ ဖြစ်လေသည်။

ထိုပရမတ္ထလေးမျိုးကို ရုပ်နာမ်အားဖြင့် ခွဲခြားရန်လိုပေသည်။ ရုပ်ဆိုသည်မှာ ဆိုခဲ့ပြီးသော ရုပ်နှစ်ဆဲ့ရှစ်ခုပင် ဖြစ်သည်။ နာမ်ဆိုသည်မှာ ထိုရုပ်မှတပါး စိတ်၊ စေတသိက်၊ နိဗ္ဗာန်ဟူသော ပရမတ်သုံးမျိုးပင် ဖြစ်သည်။

## စိတ်နှင့် စိတ်သဘာဝ

ထိုနာမ်သုံးမျိုးအနက် စိတ်ကို ရှေးဦးစွာ တင်ပြလိုပေသည်၊ စိတ်ဆိုသည်မှာ အာရုံကိုယူခြင်းသဘော၊ အာရုံကို ကြံစည်ခြင်းသိခြင်းသဘော ဖြစ်ကြောင်းကို ဖော်ပြခဲ့ပြီး၊ စိတ်၏ သဘော အဓိပ္ပါယ်နှင့် ပတ်သက်၍ အသင့်အတင့် ဖော်ပြခဲ့ပြီးဖြစ်သဖြင့် သဘောအဓိပ္ပါယ်ကို ထပ်၍ မဖော်ပြလိုတော့ပေ။ သို့သော် စိတ်သည် အာရုံကိုယူခြင်းသဘော တမျိုးသာရှိသော်လည်း အခြေအနေအရ စိတ်ကို အမျိုးအမည် အမျိုးမျိုး ပြောင်းလဲခေါ်ကြသည်။ ဥပမာ- လောဘနှင့်ယှဉ်သောစိတ်ကို လောဘစိတ်၊ ဒေါသနှင့်ယှဉ်သောစိတ်ကို ဒေါသစိတ်စသည်ဖြင့် ခေါ်ရလေသည်။ စိတ်သည် ဖြူစင်၏၊ အရောင်မရှိပေ။ သို့သော်လည်း လောဘ ဒေါသစသော ဆိုးရည်များနှင့် ဆိုးလိုက်က လောဘစိတ်၊ ဒေါသစိတ်စသည်ဖြင့် အမျိုးအမည် ကွဲပြားလာလေသည်။

စိတ်သည် သဘောအားဖြင့် အာရုံကိုယူခြင်းသဘော တခုထဲသာ ရှိသော်လည်း အမျိုးအမည်အားဖြင့်ဆိုက အကျဉ်းအားဖြင့် ၈၉၊ အကျယ်အားဖြင့် ၁၂၁ မျိုးရှိလေသည်။

စိတ်အကြောင်း ပိုမိုရှင်းလင်းရန်အတွက် စိတ်အမျိုးအမည်များကို အောက်တွင်ဆက်လက်၍ ဖော်ပြလိုပေသည်။

၁။ ရှင်ခြင်းနှင့်တကွဖြစ်သော မှားသောအယူနှင့်ယှဉ်သော တိုက်တွန်းခြင်းမရှိသော စိတ်တခု။

၂။ ရှင်ခြင်းနှင့်တကွဖြစ်သော မှားသောအယူနှင့်ယှဉ်သော တိုက်တွန်းခြင်းရှိသော စိတ်တခု။

၃။ ရှင်ခြင်းနှင့်တကွဖြစ်သော မှားသောအယူနှင့်မယှဉ်သော တိုက်တွန်းခြင်းမရှိသော စိတ်တခု။

၄။ ရှင်ခြင်းနှင့်တကွဖြစ်သော မှားသော အယူနှင့်မယှဉ်သော တိုက်တွန်းခြင်းရှိသော စိတ်တခု။

၅။ လျစ်လျူရှုခြင်းနှင့်တကွဖြစ်သော မှားသောအယူနှင့်ယှဉ်သော တိုက်တွန်းခြင်းမရှိသော စိတ်တခု။

၆။ လျစ်လျူရှုခြင်းနှင့်တကွဖြစ်သော မှားသောအယူနှင့်ယှဉ်သော တိုက်တွန်းခြင်းရှိသော စိတ်တခု။

၇။ လျစ်လျူရှုခြင်းနှင့်တကွဖြစ်သော မှားသောအယူနှင့်မယှဉ်သော တိုက်တွန်းခြင်းမရှိသော စိတ်တခု။

၈။ လျစ်လျူရှုခြင်းနှင့်တကွဖြစ်သော မှားသောအယူနှင့်မယှဉ်သော တိုက်တွန်းခြင်းရှိသော စိတ်တခု။

ဤစိတ်ရှစ်ခုကို လိုချင်တပ်မက်မောခြင်း လောဘစေတသိက်နှင့် ယှဉ်ခြင်းဟိုကြောင့် လောဘသဟဂုတ်စိတ်၊ သို့မဟုတ် လောဘမူစိတ်ဟု ခေါ်သည်။

၁။ နှလုံးမသာယာခြင်းနှင့်တကွဖြစ်သော ပြစ်မှားခြင်းနှင့်ယှဉ်သော တိုက်တွန်းခြင်းမရှိသော စိတ်တခု။

၂။ နှလုံးမသာယာခြင်းနှင့်တကွဖြစ်သော ပြစ်မှားခြင်းနှင့်ယှဉ်သော တိုက်တွန်းခြင်းရှိသော စိတ်တခု။

ဤစိတ်နှစ်ခုကို ပြစ်မှားခြင်း ဒေါသပဋိဃနှင့်ယှဉ်သောကြောင့် ပဋိဃသမ္ပယုတ်စိတ်၊ သို့မဟုတ် ဒေါသမူစိတ်ဟုခေါ်သည်။

၁။ လျစ်လျူရှုခြင်းနှင့်တကွဖြစ်သော ယုံမှားသံသယ ဝိစိကိစ္ဆာနှင့်ယှဉ်သော စိတ်တခု။

၂။ လျစ်လျူရှုခြင်းနှင့်တကွဖြစ်သော စိတ်ပျံ့လွင့်ခြင်းနှင့်ယှဉ်သော စိတ်တခု။

ဤစိတ်နှစ်ခုကို တွေဝေမိုက်မဲခြင်း မောဟနှင့်ယှဉ်သောကြောင့် မောဟမူစိတ်ဟု ခေါ်သည်။

ဆိုခဲ့ပြီးသော လောဘမူစိတ် ၈၊ ဒေါသမူစိတ် ၂၊ မောဟမူစိတ် ၂၊ ပေါင်း ၁၂-ခုကို အကုသိုလ်စိတ်ဟု ခေါ်သည်။

ယုတ်မာ၍ ကုသိုလ်၏ဆန့်ကျင်ဘက်စိတ်များဟု ဆိုလိုသည်။

၁။ လျစ်လျူရှုခြင်းနှင့်တကွဖြစ်သော မျက်စိအသိ စက္ခုဝိညာဏ်စိတ်တခု။

၂။ ထို့အတူ နားအသိ သောတဝိညာဏ် စိတ်တခု။

၃။ နှာခေါင်းအသိ ဃာနဝိညာဏ် စိတ်တခု။

၄။ လျှာအသိ ဇိဝှါဝိညာဏ် စိတ်တခု။

၅။ ဆင်းရဲခြင်းနှင့် တကွ ဖြစ်သော ကိုယ်အသိ ကာယဝိညာဏ် စိတ်တခု။

၆။ လျစ်လျူ ရှုခြင်း နှင့် တကွ ဖြစ်သော ခံလင့်ခြင်း သမ္ပဋိစ္ဆိုင် စိတ်တခု။

၇။ လျစ်လျူရှုခြင်းနှင့်တကွဖြစ်သော စုံစမ်းခြင်း သန္တီရဏ စိတ်တခု။

ဤစိတ်ခုနစ်ခုတို့ကို အကုသိုလ်၏ အကျိုးစိတ် ဖြစ်ခြင်းကြောင့် အကုသလဝိပါက်စိတ်ဟု ခေါ်သည်။

၁။ လျစ်လျူရှုခြင်းနှင့်တကွ ဖြစ်သော ကုသိုလ်၏အကျိုး ဖြစ်သော မျက်စိအသိ စက္ခုဝိညာဏ် စိတ်တခု။

၂။ ထို့အတူ နားအသိ သောတဝိညာဏ် စိတ်တခု။

၃။ နှာခေါင်းအသိ ဃာနဝိညာဏ် စိတ်တခု။

၄။ လျှာအသိ ဇိဝှါဝိညာဏ် စိတ်တခု။

၅။ ချမ်းသာခြင်းနှင့်တကွဖြစ်သော ကိုယ်အသိ ကာယဝိညာဏ် စိတ်တခု။

၆။ လျစ်လျူ ရှုခြင်း နှင့်တကွ ဖြစ်သော ခံလင့်ခြင်း သမ္ပတိစ္ဆိုင်း စိတ်တခု။

၇။ ရွှင်ခြင်းနှင့် တကွ ဖြစ်သော စုံစမ်းခြင်း သန္တီရဏ စိတ်တခု။

၈။ လျစ်လျူရှုခြင်းနှင့်တကွဖြစ်သော စုံစမ်းခြင်း သန္တီရဏစိတ်တခု။

ဤစိတ်ရှစ်ခုသည် ကုသိုလ်၏အကျိုးဖြစ်၍ ဟိတ်နှင့်မယှဉ်သော စိတ်များ ဖြစ်ခြင်းကြောင့် ကုသလဝိပါက် အဟိတ် စိတ်ဟု ခေါ်သည်။

၁။ လျစ်လျူရှုခြင်းနှင့်တကွဖြစ်သော ငါးဒွါရ၌ ဆင်ခြင်ခြင်း ပဥ္စဒွါရာဝဇ္ဇန်း စိတ်တခု။

၂။ ထို့အတူ မနောဒွါရ၌ ဆင်ခြင်ခြင်း မနောဒွါရာဝဇ္ဇန်း စိတ်တခု။

၃။ ရွှင်ခြင်းနှင့်တကွဖြစ်သော ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သော ဟသိတုပ္ပါဒ် စိတ်တခု။

ဤစိတ်သုံးခုသည် ဟိတ်နှင့်မယှဉ်သော ပြုခြင်းမျှသာ ဖြစ်သော စိတ်ဖြစ်ခြင်းကြောင့် အဟိတ်ကြိယာစိတ်ဟု ခေါ်သည်။

ထိုသို့ပြီးသော အကုသလဝိပါက်စိတ်ခုနစ်ခု၊ အဟိတ်ကုသလ ဝိပါက် စိတ်ရှစ်ခု၊ အဟိတ်ကြိယာစိတ် သုံးခု၊ ပေါင်းတဆဲ့ ရှစ်ပါးသောစိတ်တို့ကို လောဘ၊ဒေါသ၊မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ဟိတ်ခြောက်ပါးနှင့် မယှဉ် ခြင်းကြောင့် အဟိတ်စိတ်ဟု ခေါ်သည်။

အကုသိုလ်စိတ် တဆဲ့နှစ်၊ အဟိတ်စိတ် တဆဲ့ရှစ်၊ ပေါင်း သုံးဆယ်သော စိတ်တို့ကို မတင့်တယ်မလှပသော စိတ်များ ဖြစ်ခြင်းကြောင့် အသောဘဏစိတ်ဟု ခေါ်သည်။ ထိုစိတ် များမှ ကြွင်းကျန်သော ဖေါ်ပြလတ့ံသော ငါးဆယ့်ကိုး ပါးသော စိတ်၊ သို့မဟုတ် ကိုးဆယ့်တပါးသော စိတ်တို့ကို တင့်တယ်လှပသော စိတ်များ ဖြစ်ခြင်းကြောင့် သောဘဏ စိတ်ဟု ခေါ်သည်။

၁။ ရွှင်ခြင်းနှင့်တကွဖြစ်သော ဉာဏ်ပညာနှင့်ယှဉ်သော တိုက်တွန်းမရှိသော စိတ်တခု။

၂။ ၎င်း တိုက်တွန်းခြင်းရှိသော စိတ်တခု။

၃။ ရွှင်ခြင်းနှင့်တကွ ဖြစ်သော ဉာဏ်ပညာနှင့် မယှဉ် သော တိုက်တွန်းမရှိသော စိတ်တခု။

၄။ ၎င်း တိုက်တွန်းခြင်းရှိသော စိတ်တခု။

၅။ လျစ်လျူရှုခြင်းနှင့်တကွဖြစ်သော ဉာဏ်ပညာနှင့် ယှဉ်သော တိုက်တွန်းခြင်းမရှိသော စိတ်တခု။

၆။ ၎င်း တိုက်တွန်းခြင်းရှိသော စိတ်တခု။

၇။ လျစ်လျူရှုခြင်းနှင့်တကွဖြစ်သော ဉာဏ်ပညာနှင့် မယှဉ်သော စိတ်တခု။

၈။ ၎င်း တိုက်တွန်းခြင်းရှိသော စိတ်တခု။

ဤစိတ်ရှစ်ခုကို ကာမဘုံ၌ များသောအားဖြင့် ဖြစ်တတ်သော ကုသိုလ်စိတ်များဖြစ်ခြင်းကြောင့် ကာမာဝစရကုသိုလ်စိတ်ဟု ခေါ်သည်။

ထိုစိတ်များနှင့်အလားတူ စိတ်ရှစ်ပါးကို ဟိတ်နှင့်ယှဉ်၍ ကာမဘုံ၌ များသောအားဖြင့် ဖြစ်တတ်သော အကျိုးစိတ်များ ဖြစ်ခြင်းကြောင့် သဟိတ်ကာမာဝစရဝိပါက်စိတ်ဟု ခေါ်သည်။

ထိုစိတ်များနှင့်အလားတူ စိတ်ရှစ်ပါးကို ဟိတ်နှင့်ယှဉ်သော ကာမဘုံ၌ များသောအားဖြင့် ဖြစ်တတ်သော ပြုခြင်းမျှသာဖြစ်သော စိတ်များဖြစ်ခြင်းကြောင့် သဟိတ်ကာမာဝစရကြိယာစိတ် ဟုခေါ်သည်။

ဆိုခဲ့ပြီးသော ကာမာဝစရကုသိုလ်စိတ်ရှစ်ခု၊ သဟိတ်ကာမာဝစရဝိပါက်စိတ် ရှစ်ခု၊ သဟိတ်ကာမာဝစရကြိယာစိတ် ရှစ်ခု၊ ပေါင်း နှစ်ဆယ့်လေးပါးသော စိတ်တို့ကို ကာမဘုံ၌ များသောအားဖြင့် ဖြစ်တတ်သော တင့်တယ်လှပသော စိတ်များ ဖြစ်ခြင်းကြောင့် ကာမာဝစရသောဘဏစိတ်ဟု ခေါ်သည်။

ဆိုခဲ့ပြီးသော အကုသိုလ်စိတ် တဆယ့်နှစ်၊ အဟိတ်စိတ် တဆယ့်ရှစ်၊ ကာမာဝစရသောဘဏစိတ် နှစ်ဆယ့်လေး၊ ပေါင်း ငါးဆယ့်လေးပါးသောစိတ်တို့ကို ကာမဘုံ၌ များသောအားဖြင့် ဖြစ်တတ်သော စိတ်များဖြစ်ခြင်းကြောင့် ကာမာဝစရစိတ်ဟု ခေါ်သည်။

၁။ ပထမဈာန် ကုသိုလ်စိတ်တခု။

၂။ ဒုတိယဈာန် ကုသိုလ်စိတ်တခု။

၃။ တတိယဈာန် ကုသိုလ်စိတ်တခု။

၄။ စတုတ္ထဈာန် ကုသိုလ်စိတ်တခု။

၅။ ပဥ္စမဈာန် ကုသိုလ်စိတ်တခု။

ဤငါးပါးသော စိတ်တို့ကို ရူပဘုံ၌ များသောအားဖြင့် ဖြစ်တတ်သော ကုသိုလ်စိတ်များဖြစ်ခြင်းကြောင့် ရူပါဝစရ ကုသိုလ်စိတ်ဟု ခေါ်သည်။

အလားတူ ရူပါဝစရဝိပါက်စိတ် ငါးခု၊ ရူပါဝစရ ကြိယာစိတ် ငါးခုရှိသည်။

ရူပါဝစရ ကုသိုလ်စိတ်ငါးခု၊ ရူပါဝစရဝိပါက်စိတ်ငါးခု၊ ရူပါဝစရကြိယာစိတ် ငါးခု၊ ပေါင်း တဆယ့်ငါးပါးသော စိတ်ကို ရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သော စိတ်များ ဖြစ်ခြင်းကြောင့် ရူပါဝစရစိတ်ဟု ခေါ်သည်။

၁။ အာကာသာနဉ္စာယတန ကုသိုလ်စိတ်တခု။

၂။ ဝိညာဏဉ္စာယတန ကုသိုလ်စိတ်တခု။

၃။ အာကိဉ္စညာယတန ကုသိုလ်စိတ်တခု။

၄။ နေဝသညာနာသညာယတန ကုသိုလ်စိတ်တခု။

ဤလေးပါးသော စိတ်ကို အရူပါဝစရ ကုသိုလ်စိတ်ဟု ခေါ်သည်။

အလားတူ အရူပါဝစရဝိပါက်စိတ် လေးခု၊ အရူပါဝစရ ကြိယာစိတ် လေးခုရှိသည်။

ဆိုခဲ့ပြီးသော အရူပါဝစရကုသိုလ်၊ ဝိပါက်၊ ကြိယာ အားဖြင့် တဆယ့်နှစ်ပါးသော စိတ်တို့ကို အရူပဘုံ၌ များသောအားဖြင့် ဖြစ်တတ်သော စိတ်များဖြစ်ခြင်းကြောင့် အရူပါဝစရစိတ်ဟု ခေါ်သည်။

၁။ သောတာပတ္တိမဂ် စိတ်တခု။

၂။ သကဒါဂါမိမဂ် စိတ်တခု။

၃။ အနာဂါမိမဂ် စိတ်တခု။

၄။ အရဟတ္တမဂ် စိတ်တခု။

ဤလေးပါးသော စိတ်တို့ကို လောကုတ္တရာကုသိုလ်စိတ်ဟု ခေါ်သည်။

အလားတူ ဖိုလ်စိတ်လေးခုကို လောကုတ္တရာ ဝိပါက်စိတ်ဟု ခေါ်သည်။

လောကုတ္တရာကုသိုလ်လေး၊ ဝိပါက်လေးအားဖြင့် ရှစ်ပါးသော စိတ်တို့ကို လောကမှ ထွက်မြောက်သော စိတ်များဖြစ်ခြင်းကြောင့် လောကုတ္တရာစိတ်ဟု ခေါ်သည်။

ဆိုခဲ့ပြီးသော ကာမာဝစရစိတ် ငါးဆယ့်လေး၊ ရူပါဝစရစိတ် တဆယ့်ငါး၊ အရူပါဝစရစိတ် တဆယ့်နှစ်၊ လောကုတ္တရာစိတ် ရှစ်၊ အားလုံးပေါင်းသော် စိတ်အကျဉ်း တခုယုတ် ကိုးဆယ် (ရှစ်ဆယ်နှင့်ကိုး)ဖြစ်သည်။

အကျယ်တရာ့နှစ်ဆယ့်တပါးဖြစ်ပုံမှာ လောကုတ္တရာစိတ် ရှစ်ခု၌ လာခုစီလျှင်-

၁။ ပထမစျာန်စိတ်၊

၂။ ဒုတိယစျာန်စိတ်၊

၃။ တတိယစျာန်စိတ်၊

၄။ စတုတ္ထစျာန်စိတ်၊

၅။ ပဉ္စမစျာန် စိတ်အားဖြင့် ငါးမျိုးစီ ရှိခြင်းကြောင့် လောကုတ္တရာစိတ် ရှစ်ခုသည် လေးဆယ်ဖြစ်သည်။ စိတ်ရှစ်ဆယ့်ကိုးတွင် ရှစ်ခုနှုတ်၍ လေးဆယ်ကို ပေါင်းခြင်းအားဖြင့် စိတ်အကျယ် တရာ့နှစ်ဆယ့်တပါး ဖြစ်သည်။

ဤကား စိတ်၊ စေတသိက်၊ နိဗ္ဗာန်ဟူသော နာမ်တရား သုံးမျိုးတွင် စိတ်အကြောင်း အမျိုးအမည်နှင့် အစိပ္ပါယ် အကျဉ်းချုပ်တည်း။

# စေတသိက်နှင့် ၎င်း၏သဘာဝ

ဗုဒ္ဓအဘိဓမ္မာအရ နာမ်သဘောတရားများသည် စိတ်၊ စေတသိက်၊ နိဗ္ဗာန်ဟူ၍ သုံးမျိုးရှိသည့်အနက် စိတ်၏သဘော နှင့် အမျိုးအမည်များကို အမြွက်မျှဖော်ပြခဲ့ပေပြီ။ နာမ် သုံးမျိုးအနက် ဒုတိယသဘောတရားဖြစ်သော စေတသိက် အကြောင်းကို ဆက်လက်၍ ဖော်ပြလိုပေသည်။

စေတသိက်ဟူသည် မည်သို့သော သဘောတရားပေနည်း။ စေတသိက်ဟူသည် စိတ်၏အပည်ထူး၊ စိတ်၏ အရှိန်ဘာဝ ဖြစ်၍ စိတ်နှင့်အတူဖြစ်၊ အတူချုပ်ပျက်တတ်သော သဘောများ ပင်ဖြစ်သည်။ စေတသိက်သည်လည်း စိတ်ကဲ့သို့ပင် ဖြစ်၊ တည်၊ ချုပ်ဟူသော ဥပါဒ်၊ ဌီ၊ ဘင် သဘောတရားများရှိ၍ စိတ်ကဲ့သို့ မျက်စိတမှိတ်လျှပ်တပြက်တွင် ကုဋေတသိန်းမက လျင်မြန်စွာ ဖြစ်ချုပ်လေသည်။ သို့သော်လည်း စိတ်မှာ အာ ရုံကိုယူခြင်းသဘော တခုသာရှိ၍ စေတသိက်မှာမူ အမျိုး အမည် ငါးဆယ့်နှစ်မျိုးရှိ၍ စေတသိက်တမျိုးမှာ သဘော တရားလည်း တမျိုးစီ ရှိလေသည်။ စိတ်နှင့်စေတသိက်မှာ စိတ်က ပဓါနပြဋ္ဌာန်းခြင်း သဘောရှိသော်လည်း စိတ်က အ ရောင်မရှိ အဝတ်အဖြူနှင့်တူ၍ စေတသိက်ကမူ အနီ၊ အဝါ၊ အပြာစသော ဆိုးရည်နှင့် တူလေသည်။ အကြောင်းသော် ကား လိုချင်တပ်မက်မောခြင်း လောဘစေတသိက်နှင့် ယှဉ် တွဲသောအခါ စိတ်သည်လည်း လောဘစိတ်ဖြစ်၍လာသည်၊ ခက်ထန်ကြမ်းကြုတ်ခြင်း ဒေါသစေတသိက်နှင့် ယှဉ်တွဲသော အခါ စိတ်သည်လည်း ဒေါသစိတ် ဖြစ်၍ လာသည်။ အမှန်

မှာမူ စေတသိက်ဟူသည် စိတ်နှင့်ခွဲခွါ၍ မရသောသဘော၊ စိတ်ကို အမျိုးအမည်ပြောင်းလဲစေသော သဘောများဖြစ်၍ စိတ်၏ အမည်ထူး စိတ်၏ အရှိန်အဝါသဘောပင် ဖြစ်လေသည်။

စေတသိက်၌ အင်္ဂါလေးရပ်ရှိလေသည်။

၁။ စိတ်နှင့် အတူတကွဖြစ်ခြင်း၊

၂။ စိတ်နှင့် အတူတကွချုပ်ခြင်း၊

၃။ စိတ်နှင့် အာရုံတူခြင်း၊

၄။ စိတ်နှင့် မှီရာဝတ္ထုတူခြင်းပင် ဖြစ်လေသည်။

စိတ်နှင့်အတူတကွ ဖြစ်ခြင်း ဆိုသည်မှာ ဥပမာ စက္ခုဝိညာဏ်စိတ် ဆိုကြပါစို့၊ ထိုစက္ခုဝိညာဏ်စိတ်၌ ဖဿစသော စေတသိက်ခုနစ်ခု ယှဉ်သည်ဖြစ်ရာ–

၁။ စက္ခုဝိညာဏ်စိတ် ဖြစ်သောအခါ ၎င်း၌ယှဉ်သော ဖဿစသော စေတသိက်များလည်း အတူဖြစ်လေသည်။

၂။ စက္ခုဝိညာဏ်စိတ် ချုပ်သောအခါ ၎င်း၌ယှဉ်သော ဖဿစသော စေတသိက်များလည်း အတူချုပ်လေသည်။

၃။ စက္ခုဝိညာဏ်သည် ရူပါရုံကို အာရုံပြုသဖြင့် ၎င်း၌ ယှဉ်သော ဖဿစသော စေတသိက်များလည်း ၎င်းနှင့်အတူ ရူပါရုံကို အာရုံပြုလေသည်။

၄။ စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုရုပ်ကို မှီ၍ ဖြစ်သဖြင့် ၎င်းနှင့်ယှဉ်သော ဖဿစသော စေတသိက်များလည်း

ရင်းနှင့်အတူ စက္ခုဝတ္ထုရုပ်ကို မှီ၍ ဖြစ်လေသည်။ အခြားသော စေတသိက်များမှာလည်း ဤနည်းအတိုင်းပင် ဖြစ်လေသည်။

စေတသိက်ဟူသည် မည်ကဲ့သို့သော သဘောတရားများ ဖြစ်သည်ကို သိရှိရပေပြီ။ စေတသိက် အမျိုးအမည် မည်မျှ ရှိသည်ကို သဘောတရားနှင့် အသီးသီး ဖော်ပြလိုပါသည်။

၁။ ဖဿ- အာရုံ၏အရသာကို တွေ့ခြင်းသဘော။

၂။ ဝေဒနာ- အာရုံ၏ အရသာကို ခံစားခြင်းသဘော။

၃။ သညာ- အာရုံကို မှတ်သားခြင်းသဘော။

၄။ စေတနာ- ယှဉ်ဖက်ဖြစ်သော သဘောတရားတို့ကို စေ့ဆော်တိုက်တွန်းခြင်း သဘော။

၅။ ဧကဂ္ဂတာ- တခုတည်းသောအာရုံ၌ တည်ကြည်ငြိမ်သက်ခြင်း သဘော။

၆။ ဇီဝိတိန္ဒြေ- ယှဉ်ဖက်ဖြစ်သော သဘောတရားတို့ကို အသက်ရှည်အောင် စောင့်ရှောက်ခြင်း သဘော။

၇။ မနသိကာရ- စိတ်ကို အာရုံဆီသို့ ဦးလှည့်အောင် မပြက်လုံ့ဆော်ခြင်း နှလုံးသွင်းခြင်းသဘော။

ဤစေတသိက် ၇ ခုကို စိတ်အားလုံး၌ အကျုံးဝင်ခြင်း ယှဉ်ခြင်းကြောင့် သဗ္ဗစိတ္တသာဓာရဏစေတသိက်ဟု ခေါ်သည်။

၁။ ဝိတက်- စိတ်ကို အာရုံသို့ ရောက်အောင် နှင်စိုင်း တင်ပို့ခြင်း ကြံခြင်းသဘော။

၂။ ဝိစာရ ဝိတက်တင်၍ အာရုံသို့ ရောက်ပြီးသော စိတ်ကို ထိုအာရုံမှ ဆုတ်လ၍ မလာရအောင် ဝန်းဝိုင်းဖေးမ ကာဆီးခြင်း သုံးသပ်ခြင်းသဘော။

၃။ အဓိမောက္ခ- အာရုံ၌ စူးစိုက်ဆုံးဖြတ်ခြင်း သဘော။

၄။ ဝီရိယ- အတူတကွဖြစ်သော သဘောတရားတို့ကို မဆုတ်နစ်အောင် သန်စွမ်းအောင် ထမ်းဆောင် ချီပင့်ခြင်း အားထုတ်လုံ့လပြုခြင်း သဘော။

၅။ ပီတိ- အာရုံကို နှစ်သက်ခြင်းသဘော။

၆။ ဆန္ဒ- အာရုံဝတ္ထုကို လိုချင်တောင့်တခြင်းသဘော။

ဤစေတသိက် ၆ ခုကို စိတ်များ၌ ရောပြွမ်းယှဉ်သော ကြောင့် ပကိဏ်းစေတသိက်ဟု ခေါ်သည်။

သဗ္ဗစိတ္တသာဓါရဏစေတသိက် ၇ ခု၊ ပကိဏ်းစေတသိက် ၆ ခု၊ ပေါင်း စေတသိက် ၁၃ ခုကို အကုသိုလ်၌ ယှဉ်ခိုက် အကုသိုလ်နှင့် သဘောတူ၊ ကုသိုလ်၌ယှဉ်ခိုက် ကုသိုလ်နှင့် သဘောတူသောကြောင့် အညသမာန်စေတသိက်ဟု ခေါ် သည်။

၁။ မောဟ-အာရုံ၌ တွေဝေခြင်း မဲမှောင်ခြင်းသဘော။

၂။ အဟိရိက- မကောင်းမှုမှ မရှက်ခြင်းသဘော။

၃။ အနောတ္တပ္ပ- မကောင်းမှုမှ မကြောက်ခြင်းသဘော။

၄။ ဥဒ္ဓစ္စ- မငြိမ်မဆိမ် လှုပ်ရှားပျံ့လွင့်ခြင်းသဘော။

၅။ လောဘ— အာရုံကို လိုချင်တပ်မက် စွဲကပ်ခြင်း သဘော။

၆။ ဒိဋ္ဌိ- အလွဲအမှားကို အမှန်ဟု ထင်မှတ်စွဲယူခြင်း သဘော။

၇။ မာန- သူတပါးအောက် မကျလိုဘဲ မောက်မော် ထောင်လွှားခြင်းသဘော။

၈။ ဒေါသ- ကြမ်းတမ်းပြစ်မှားခြင်းသဘော။

၉။ ဣဿာ- သူတပါး၏ စည်းစိမ်ကို မနာလိုငြူစူခြင်း သဘော။

၁၀။ မစ္ဆရိယ— မိမိ စည်းစိမ်ဥစ္စာကို သူတပါးတို့နှင့် ဆက်ဆံခြင်းကို သည်းမခံနိုင်ဘဲ ဝန်တိုနှမြောခြင်း လျှို့ဝှက် ခြင်းသဘော။

၁၁။ ကုက္ကုစ္စ— မပြုခဲ့မိသော သုစရိုက်၊ ပြုခဲ့မိသော ဒုစရိုက်တို့ကို ပြန်၍ပူပန်စိုးရိမ်ခြင်းသဘော။

၁၂။ ထိန- စိတ်၏အမှု၌မစွမ်းနိုင်ခြင်း လေးလံထိုင်း မှိုင်းခြင်းသဘော။

၁၃။ မိဒ္ဓ- စေတသိက်တို့၏အမှု၌ မစွမ်းနိုင်ခြင်း လေး လံထိုင်းမှိုင်းခြင်းသဘော။

၁၄။ ဝိစိကိစ္ဆာ- အာရုံ၌ မဆုံးဖြတ်နိုင်ဘဲ နှစ်ခွဖြစ်ခြင်း ယုံမှားခြင်းသဘော။

ဤစေတသိက် ၁၄ ခုတို့ကို ယှတ်မာသော စက်ဆုပ်ဘွယ်သော မကောင်းသော တရားတို့ဖြစ်ခြင်းကြောင့် အကုသိုလ်စေတသိက်ဟု ခေါ်သည်။

၁။ သဒ္ဓါ- ဘုရားအစရှိသော ကောင်းသော အာရုံ၌ ကြည်ညိုခြင်း ကြည်လင်သက်ဝင်ခြင်းသဘော။

၂။ သတိ- အာရုံကို မမေ့ မပျောက်အောင် အောက်မေ့ဖေါ်ယူထိန်းသိမ်းခြင်းသဘော။

၃။ ဟိရီ- မကောင်းမှုမှ ရှက်ခြင်းသဘော။

၄။ ဩတ္တပ္ပ- မကောင်းမှုမှ ကြောက်လန့်ခြင်းသဘော။

၅။ အလောဘ- တပ်မက်ဘွယ်ရာအာရုံ၌ မလိုချင် မတပ်မက်ခြင်း မစွဲကပ်ခြင်းသဘော။

၆။ အဒေါသ- မကြမ်းတမ်း မပြစ်မှားခြင်း ချစ်ခင်ခြင်းသဘော။

၇။ တတြမဇ္ဈတ္တတာ- အတူဖြစ်ဘော်ဖြစ်ဘက် သဘောတရားတို့ကို အာရုံ၌ မပိုမယုတ် ညီမျှစွာ ဖြစ်စေခြင်း လျစ်လျူရှုခြင်းသဘော။

၈။ ကာယပဿဒ္ဓိ- စေတသိက်တို့ကို ငြိမ်းအေးစေတတ်သော သဘော။

၉။ စိတ္တပဿဒ္ဓိ-စိတ်ကိုငြိမ်းအေးစေတတ်သောသဘော။

၁၀။ ကာယလဟုတာ- စေတသိက်တို့ကို သွက်လက်ပေါ့ပါးစေတတ်သော သဘော။

၁၁။ စိတ္တလဟုတာ- စိတ်ကို သွက်လက်ပေါ့ပါးစေတတ်သော သဘော။

၁၂။ ကာယမုဒုတာ- စေတသိက်ကို ပျော့ပျောင်းနူးညံ့စေတတ်သော သဘော။

၁၃။ စိတ္တမုဒုတာ- စိတ်ကို ပျော့ပျောင်းနူးညံ့စေတတ်သော သဘော။

၁၄။ ကာယကမ္မညတာ- စေတသိက်တို့ကို အမှုကိစ္စ၌ ကောင်းစွာ ခံ့စေတတ်သော သဘော။

၁၅။ စိတ္တကမ္မညတာ- စိတ်ကို အမှုကိစ္စ၌ ကောင်းစွာ ခံ့စေတတ်သော သဘော။

၁၆။ ကာယပါဂုညတာ- စေတသိက်တို့ကို အမှုကိစ္စ၌ လေ့လာနိုင်နင်းစေတတ်သောသဘော။

၁၇။ စိတ္တပါဂုညတာ- စိတ်ကိုအမှုကိစ္စ၌ လေ့လာနိုင်နင်းစေတတ်သော သဘော။

၁၈။ ကာယုဇုကတာ- စေတသိက်တို့ကို ဖြောင့်မတ် စေတတ်သော သဘော။

၁၉။ စိတ္တုဇုကတာ- စိတ်ကို ဖြောင့်မတ်စေတတ်သော သဘော။

ဤစေတသိက် ၁၉ ခုကို လှပတင့်တယ်သော သောဘဏ စိတ်အားလုံးတို့နှင့် ဆက်ဆံခြင်းကြောင့် သောဘဏသာဓါရဏစေတသိက်ဟု ခေါ်သည်။

၁။ သမ္မာဝါစာ- ဝစီဒုစရိုက်မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသဘော။

၂။ သမ္မာကမ္မန္တ- ကာယဒုစရိုက် မကောင်းမှုမှ ရှောင်ကြဉ်ခြင်း သဘော။

၃။ သမ္မာအာဇီဝ- ယုတ်မာစွာ အသက်မွေးမြူခြင်း မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်း သဘော။

ဤစေတသိက် ၃ ခုကို ဒုစရိုက် ဒုရာဇီဝမှ ရှောင်ကြဉ်တတ်သောကြောင့် ဝိရတိစေတသိက်ဟု ခေါ်သည်။

၁။ ကရုဏာ- ဒုက္ခိတသတ္တဝါတို့အား သနားကြင်နာခြင်း သဘော။

၂။ မုဒိတာ- သုခိတ သတ္တဝါတို့အား ဝမ်းမြောက်နှစ်သက်ခြင်းသဘော။

ဤစေတသိက် ၂ ခုကို အတိုင်းအရှည် မရှိသော သတ္တဝါ အာရုံ၌ ဖြစ်ခြင်းကြောင့် အပ္ပမညာ စေတသိက်ဟု ခေါ်သည်။

၁။ ပညိန္ဒြေ- ဟုတ်မှန်တိုင်းသောသဘောကို ထင်လင်းစွာ သိမြင်ခြင်းသဘော။ ၎င်းကို အမောဟဟူ၍၎င်း၊ ညာဏ်ဟူ၍၎င်း ခေါ်သည်။

သောဘဏသာဓါရဏ စေတသိက် ၁၉ ခု၊ ဝိရတိစေတသိက် ၃ ခု၊ အပ္ပမညာစေတသိက် ၂ ခု၊ ပညိန္ဒြေစေတသိက်

၁၉၊ ပေါင်း ၂၅ ခုသော စေတသိက်တို့ကို ကောင်းမြတ်တင့်တယ်သော သဘောတရားများဖြစ်၍ သောဘဏစေတသိက်ဟု ခေါ်သည်။

ဤကား နာမ်တရားများအနက် စေတသိက်ငါးဆယ့်နှစ်မျိုးတို့၏ အမျိုးအမည်နှင့် သဘောအဓိပ္ပါယ် အကျဉ်းချုပ်ဖြစ်ပါသည်။

## နိဗ္ဗာန်နှင့် နိဗ္ဗာန်၏သဘာဝ

နိဗ္ဗာန်အကြောင်းကို ဆက်လက်၍ ဖော်ပြလိုပါသည်။

နိဗ္ဗာန်ဟူသည် နိဗ္ဗာနဟူသော ပါဠိစကားမှ ဆင်းသက်သော စကားဖြစ်သည်။ မြန်မာလိုတိုက်ရိုက်ပြန်လျှင် ချုပ်ငြိမ်းရာဟု အဓိပ္ပါယ်ရပေလာသည်။ အလုံးစုံသော ဝဋ္ဋဒုက္ခပူပန်မှုများမှ ချုပ်ငြိမ်းရာ၊ သို့မဟုတ် အရိယာပုဂ္ဂိုလ်များ၏ ချုပ်ငြိမ်းရာဟု ဆိုလိုသည်။ သုံးဆယ့်တဘုံတွင် သတ္တဝါများသည် တဘဝမှ တဘဝ တဘုံမှတဘုံသို့ ကူးပြောင်းပြီး ရှင်လိုက်၊ သေလိုက်၊ သေလိုက်၊ ရှင်လိုက် နေသည်ကို သံသရာဘဝဟု ခေါ်သည်။ သေပြီးသည့်နောက် သံသရာဘဝ နောက်ထပ်မဖြစ်ဘဲ အိုခြင်းနာခြင်း စသော ဆင်းရဲဒုက္ခများ ချုပ်ငြိမ်းသွားခြင်းသည် နိဗ္ဗာန်ပင် ဖြစ်သည်။

တနည်းအားဖြင့် ဆိုသော် နိဗ္ဗာနပုဒ်သည် နိဝါနပုဒ်မှ ပြောင်းရွှေ့လာခြင်းဖြစ်သည်။ နိ-ဆိုသည်မှာ မြန်မာလို လွတ်မြောက်ခြင်း၊ ဝါန- ဆိုသည်မှာ တဏှာပင်ဖြစ်သည်။ နှစ်

ပုဒ်ဆက်စပ်ခြင်းအားဖြင့် တဏှာဝါနမှ လွတ်မြောက်ရာ ဟု အဓိပ္ပါယ် ရလေသည်။ တဏှာကို ဝါနဟု ခေါ်ရခြင်းအကြောင်းမှာ ဘဝကြီးငယ်ကို ချုပ်စပ်တတ်ခြင်းကြောင့် ခေါ်ရခြင်းဖြစ်လေသည်။ ဝါနသဒ္ဒါသည် ချုပ်စပ်ခြင်းဟု အဓိပ္ပါယ်ရလေသည်။ အပ်ချုပ်သမားသည် အဝတ်စတခုနှင့် အခြားအဝတ်စတခုကို ချုပ်စပ်သကဲ့သို့ တဏှာလောဘသည်လည်း ဘဝတခုနှင့် အခြားဘဝတခုကို စုတေ၊ ပဋိသန္ဓေအားဖြင့် ချုပ်စပ်တတ်လေသည်။ ထိုကြောင့် တဏှာကို ဝါနဟုခေါ်သည်။ ဝါနခေါ်သော တဏှာလောဘကင်းလျှင် ဘဝသံသရာမဖြစ်။ ဘဝသံသရာမဖြစ်ခြင်းသည် နိဗ္ဗာန်တည်းဟု ဆိုလိုသည်။

နိဗ္ဗာန်သည် အမျိုးအစားအားဖြင့် ဘယ်နှစ်မျိုးရှိသနည်း။ အမှန်အတိုင်းက နိဗ္ဗာန်သည် အမျိုးအမည်အားဖြင့် ဘယ်နှစ်မျိုးမှမရှိပေ။ သဘောတရားအရဆိုလျှင် ငြိမ်းအေးခြင်း သန္တိသဘောတခုထဲသာ ရှိလေသည်။ ဘုရား ပစ္စေကဗုဒ္ဓါများရောက်သော နိဗ္ဗာန်လည်း ထိုနိဗ္ဗာန်၊ ဘုရား၏ တပည့်သာဝကများရောက်သော နိဗ္ဗာန်လည်း ထိုနိဗ္ဗာန်ပင် ဖြစ်သည်။ မည်သို့မျှ ခွဲခြားမှု မရှိပေ။ သို့သော်လည်း သဘောတရားအားဖြင့် တမျိုးထဲသာ ဖြစ်သော်လည်း အကြောင်းပရိယာယ်အားဖြင့် ၂ မျိုး၊ အခြင်းအရာအားဖြင့် ၃ မျိုး ရှိကြောင်း ဟောကြားချက် ရှိသေးလေသည်။

အကြောင်းပရိယာယ်အားဖြင့် နိဗ္ဗာန် ၂ မျိုးကမူ-

၁။ သဉပါဒိသေသနိဗ္ဗာန်။

၂။ အနုပါဒိသေသနိဗ္ဗာန်တို့ပင် ဖြစ်သည်။

အခြင်းအရာအားဖြင့် နိဗ္ဗာန် ၃ မျိုးကား-

၁။ သုညတနိဗ္ဗာန်။

၂။ အနိမိတ္တနိဗ္ဗာန်။

၃။ အပ္ပဏိဟိတနိဗ္ဗာန်တို့ပင် ဖြစ်သည်။

ရှင်းပါဦးအုံး- အကြောင်းပရိယာယ်အားဖြင့် နိဗ္ဗာန် ၂မျိုး တွင်-

၁။ သောတာပန်အဖြစ်မှ ရဟန္တာအဖြစ်သို့ ရောက်အောင် ရအပ် ရောက်အပ်သော နိဗ္ဗာန်သည် ဥပါဒိသေသ ကျန်သော ခန္ဓာရှိစဉ် ရအပ်သောကြောင့် သဥပါဒိသေသ နိဗ္ဗာန် ဖြစ်သည်။

၂။ ရဟန္တာပုဂ္ဂိုလ် စုတိစိတ် ချုပ်ငြိမ်းပြီးသည်၏အခြားမဲ့၌ ရောက်အပ် ရအပ်သော နိဗ္ဗာန်သည် ဥပါဒိသေသ ကျန်သော ခန္ဓာမရှိမှ ရအပ်သောကြောင့် အနုပါဒိသေသ နိဗ္ဗာန်ဖြစ်သည်။

အခြင်းအရာအားဖြင့် နိဗ္ဗာန်၃ မျိုး အနက်-

၁။ ကိလေသာတရား ဒုက္ခတရားတို့မှ ကင်းဆိတ်ခြင်းကြောင့် သုညတ နိဗ္ဗာန်ဟု ခေါ်သည်။

၂။ ဖြစ်ခြင်း၊ ပျက်ခြင်း၊ ရင့်ဆွေးခြင်း သင်္ခါရနိမိတ်တို့မှ ကင်းခြင်းကြောင့် အနိမိတ္တနိဗ္ဗာန်ဟု ခေါ်သည်။

၃။ ဘောင့်တခြင်း တဏှာပဏိဓိမှ ကင်းခြင်းကြောင့် အပဏိဟိတ နိဗ္ဗာန်ဟု ခေါ်သည်။

နိဗ္ဗာန်သည် အခေါ်အဝေါ်အားဖြင့် အမျိုးမျိုးကွဲပြား နေသော်လည်း ဟာဂုန္နှင့်ထမနဲ အခေါ်ကွဲသော်လည်း အပြဲ ချိုးမှာသောဘုတူဆိုသကဲ့သို့ရင်း၊ ဖအေ့ညီနှင့် ဘဒွေး အခေါ် မတူသော်လည်း လူကတော့တယောက်ထည်း ဆိုဘိသကဲ့သို ရင်း၊ နိဗ္ဗာန်သည် တကြောင်းပရိယာယ်အရ၊ အခြင်းအရာအရ ၂ မျိုး ၃ မျိုး ကွဲပြားနေသော်လည်း သဘောတရားအရမူ ငြိမ်းအေးခြင်း သန္တိသဘောတခုထဲပင် ဖြစ်ပေသည်။

အောက်ပါ ပါဠိကဗျာရှစ်လုံးတွဲ့ ပထျာဝတ္တဂါထာ ကလေးမှာ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှ နိဗ္ဗာန်၏သဘောကို ပေါ်ပြသော ဂါထာကလေးပင် ဖြစ်သည်။

ပဒ မစ္စုတ မစ္စန္တံ၊
အသင်္ခတ မနုတ္တရံ။
နိဗ္ဗာနမိတိ ဘာသန္တိ၊
ဝါနမုတ္တာ မဟေသယော။

ပဒံ- အရိယာပုဂ္ဂိုလ်တို့သည် ရောက်အပ်သော၊ အစ္စုတံ— သေကြေရွေ့လျောခြင်းကင်းရာဖြစ်သော၊ အစ္စန္တံ- ပျက်စီး ခြင်းအဆုံးကို လွန်သော၊ အနုတ္တရံ- အတုမရှိလွန်မြတ်သော၊ အသင်္ခတံ— အေးငြိမ်းခြင်း သန္တိသဘောဟူသော အသင်္ခတ ဓါတ်ကို၊ ဝါနမုတ္တာ-တဏှာမှ လွတ်တော်မူကုန်သော၊ မဟေ သယော- မြတ်စွာဘုရားရှင်တို့သည်၊ နိဗ္ဗာနံဣတိ- နိဗ္ဗာန် ဟူ၍၊ ဘာသန္တိ- ဟောမြွက်တော်မူကုန်၏။

နိဗ္ဗာန်၏ အမျိုးအစားနှင့်ပတ်သက်၍ တနည်းအားဖြင့်ဆို သော် နိဗ္ဗာန်သည်။

၁။ ပဌမနိဗ္ဗာန်၊

၂။ ဒုတိယနိဗ္ဗာန်၊

၃။ တတိယနိဗ္ဗာန်ဟူ၍ သုံးမျိုး သုံးတန်ရှိပြန်လေသည်။

၁။ ပဌမနိဗ္ဗာန်မှာ အပါယ်ဘဝတို့မှ အစဉ်ထာဝရ လွတ် ငြိမ်းမှုကြီးပင် ဖြစ်သည်။ ဤပဌမနိဗ္ဗာန်ကို ပေါက်ရောက်နိုင် သောသူတို့သည် နောက်သံသရာ၌ အပါယ်တို့သို့ ကျရောက် ခြင်းမရှိတော့ပေ။ အထက်ဗြဟ္မာဘုံမှာဖြစ်ခဲ့သော် အပါယ်ဘုံ သို့ ကျရောက်မည်ဝေးစွ၊ အောက်အောက်သော ဘုံများကိုမှ လျောကျခြင်း မရှိတော့ပြီ။

၂။ ဒုတိယနိဗ္ဗာန်မှာ ကိလေသာဒုစရိုက်ထူပြောလှသော လူ့ဘုံနတ်ဘုံတို့မှ အစဉ်ထာဝရ လွတ်ငြိမ်းမှုဖြစ်ပေသည်။ ထို ဒုတိယနိဗ္ဗာန်ကို ပေါက်ရောက်နိုင်ကြသော သူတို့သည် ယခု ဘဝသေဆုံးကြရာ နောက်သံသရာ၌ လူ့ပြည်နတ်ပြည်ဟူသော ကာမဘုံတို့မှ အစဉ်ထာဝရ လွတ်ငြိမ်းကြလေ၏။ ဗြဟ္မာ့ပြည် သို့သာ ရောက်ကြလေ၏။ ဗြဟ္မာ့ပြည်မှာလည်း မိမိတို့ဖြစ်ရာ ဘုံမှ အောက်အောက်ဘုံသို့ လျောကျခြင်းမရှိလေပြီ။

တတိယနိဗ္ဗာန်ဆိုသည်မှာ ဒိဋ္ဌိမာနထူပြောကြသော ရူပ ဗြဟ္မာဘုံ၊ အရူပဗြဟ္မာဘုံ အလုံးစုံတို့မှ အစဉ်ထာဝရ လွတ် ငြိမ်းမှုပင်တည်း။ ထိုတတိယ နိဗ္ဗာန်တိုင် ပေါက်ရောက်နိုင်

သောသူတို့သည် ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ ဟူသော ဘုံသုံးပါးမှ အစဉ်ထာဝရ လွတ်ငြိမ်းကြလေ၏။ ယခုဘဝတွင်ပင် ပရိနိဗ္ဗာန်စံဝင်ကြလေသည်။

ထိုနိဗ္ဗာန်သုံးမျိုးအနက် ပဌမနိဗ္ဗာန် အမျိုးအစားကား သောတာပန်၊ သကဒါဂါမိပုဂ္ဂိုလ်တို့ရအပ်သော နိဗ္ဗာန်ဖြစ်၏။ ဒုတိယနိဗ္ဗာန်ကား အနာဂါမိပုဂ္ဂိုလ်တို့ ရအပ်သော နိဗ္ဗာန်ဖြစ်၏။ တတိယ နိဗ္ဗာန်ကား ရဟန္တာပုဂ္ဂိုလ်တို့ ရအပ်သော နိဗ္ဗာန်ဖြစ်၏။ ဤနည်းအားဖြင့်လည်း နိဗ္ဗာန်သည် သုံးမျိုး သုံးစားရှိပြန်လေသည်။

နိဗ္ဗာန်ကို ရရှိ ရောက်ရှိနိုင်ရန်မှာ သုံးဆဲ့တတုံမှာ ကျင်လည်ရခြင်းကို ရွံရှာမုန်းတီးပြီး၊ သုံးဆဲ့တဘုံ၏ ဘဝများကိုချုပ်စပ်တတ်သော တဏှာနှင့်တကွ ကိလေသာများကို ပယ်သတ်နိုင်လျှင် သုံးဆဲ့တဘုံမှ အလွတ်ဖြစ်သော နိဗ္ဗာန်ကိုရောက်နိုင်လေသည်။ သုံးဆဲ့တဘုံ၏ ရုပ်နာမ်တရားများ ဖြစ်ပုံပျက်ပုံကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေးသုံးပါး ဝိပဿနာဘာဝနာတရားနှင့်ဆင်ခြင်သုံးသပ်လျက် အတ္တအယူကို ခွါနိုင်လျှင် နိဗ္ဗာန်သို့ ရောက်နိုင်လေသည်။

× × ×

# သံဃာ့ပြည်ပနှင့် ဘုရားဟော

ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ထားတော်မူခဲ့သော သာသနာတော်သည်ကား ကာလအပိုင်းအခြားအားဖြင့် နှစ်ပေါင်း နှစ်ထောင့်ငါးရာ ကျော်လွန်ခဲ့လေပြီ၊ အချိန်ကာလသည် ရှည်ကြာလေစွ။ သာသနာတော်၏ သက်တမ်းသည် နှစ်ပေါင်းငါးထောင် ဖြစ်ဘိမူကား အခေါက်လွန်ခဲ့လေပြီဟု ဆိုရပေမည်။ သို့သော်လည်း သာသနာတော်သည် နှစ်ပေါင်းငါးထောင်သာ ရှည်ကြာရမည်။ သို့မဟုတ်နောက် နှစ်ပေါင်း နှစ်ထောင့်ငါးရာခန့်သာ ရှည်ကြာတော့မည်ဟု မည်သူတဦးတယောက်သည် ဆိုရဲပါမည်နည်း။

သာသနာဟူသော စကားမှာ ပါဠိစကားဖြစ်၍ မြန်မာဘာသာပြန်ဆိုပါက အဆုံးအမပင် ဖြစ်သည်၊ မြတ်စွာဘုရား၏ အဆုံးအမတည်သရွေ့သည် ဗုဒ္ဓသာသနာတည်သည် မည်ပေ

သည်။ ဗုဒ္ဓ၏အဆုံးအမမှာ လိုက်နာမည့်သူ ရှိသရွေ့ တည်ရှိမည်သာ ဖြစ်ပေသည်။ နှစ်ပေါင်း ငါးထောင် လိုက်နာမည့်သူရှိလျှင် ငါးထောင်ပင်တည်မည်။ ခြောက်ထောင် လိုက်နာမည့်သူရှိလျှင် ခြောက်ထောင်ပင် တည်နိုင်ပေသည်။ ခုနစ်ထောင် လိုက်နာမည့်သူရှိက ခုနစ်ထောင် တည်နိုင်ပေသည်။ နှစ်ပေါင်းတသောင်း လိုက်နာမည့်သူရှိက တသောင်းတည်ပေမည်။ ဘုရားစကားအဆုံးအမကို လိုက်နာမည့်သူရှိသရွေ့ သာသနာတော် တည်မည်သာ ဖြစ်ပေသည်။

ဗုဒ္ဓ၏ သာသနာတော်မှာ သုံးမျိုးသုံးစား ရှိသည်။ ဘုရားစကား စာပေ ကျမ်းဂန်ဟူသော ပရိယတ္တိသာသနာ၊ ဘုရားစကားအတိုင်း ကျင့်ကြံအားထုတ်ခြင်း ဟူသော ပဋိပတ္တိသာသနာ၊ ကျင့်ကြံအားထုတ်မှုဖြင့် ရအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ပဋိဝေဓ သာသနာဟူ၍ သုံးမျိုးပင် ဖြစ်သည်။ ထိုသာသနာသုံးရပ်အနက် တရပ်ရပ်တည်လျှင် သာသနာတည်သည် မည်ပေသည်။ ထိုသာသနာသုံးရပ်လုံး၊ သို့မဟုတ် တရပ်ရပ်သည် နောင်တွင် မည်သည့်အချိန်တိုင်အောင် တည်တန့်နိုင်မည်ကို မည်သူတဦး တယောက်သည် အတပ်ပြောနိုင်ပါမည်နည်း။

ဗုဒ္ဓသာသနာမှာ အစစ်ဆေးခံ အဝေဖန်ခံနိုင်သော သာသနာပင် ဖြစ်ပေသည်။ ယခင်က အချိန်များသည် ဗုဒ္ဓ၏ဟောကြားချက်များကို ဉာဏ်မမှီ၍ မဝေဖန်နိုင် မထောက်ခံနိုင်သော်လည်း သိပ္ပံပညာ ထွန်းကားလာသော ယခုအချိန်

တွင် ဗုဒ္ဓဟောကြားချက်များသည် ဟုတ်မှန်ကြောင်း ထောက်ခံနိုင်ကြပေသည်။ ဤလောကဓါတ်ကမ္ဘာဝယ် ... စစ်ဝေးမီနှင့် အငြဝဖန်ခံနိုင်သော ဗုဒ္ဓသာသနာတော်သည် ကာလရှည်မြင့်စွာ၊ သို့မဟုတ် ကမ္ဘာတည်သရွေ့ ထိုးထောက်တွန်းပြောင်မည်ကို ပညာသူတိုးတယောက်သည် ငြင်းဆိုပါမည်နည်း။

ဗုဒ္ဓသာသနာသည် သိပ္ပံပညာမထွန်းကားမီ အချိန်ကပင် ကာလရှည်မြင့်စွာ တည်တန့်လာခဲ့ခြင်း၊ ကမ္ဘာပေါ်ရှိ ကိုးကွယ်သည့် ဘာသာအမျိုးမျိုးတွင် ဗုဒ္ဓဘာသာမှာ လူများစုကိုးကွယ်သော ဘာသာတခု ဖြစ်လာခဲ့ခြင်း ဖြစ်လေရာ ယခုလို သိပ္ပံပညာထွန်းကားလာ၍ အမှားအမှန် သိရလာသောအခါတွင် သိပ္ပံပညာက ထောက်ခံသော ဗုဒ္ဓသာသနာသည် အဘယ်မှာလျှင် နောင်အနာဂတ်တွင် ယခုထက် တိုးကာ ဆထက်တပိုး မထွန်းပြောင်ဘဲ ရှိပါအံ့နည်း။

ယခုခေတ်သည် လက်တွေ့ခေတ် ဖြစ်၏၊ သိပ္ပံပညာနှင့် လက်တွေ့အားဖြင့် သဘောတူညီသော ဗုဒ္ဓ၏စကားတော်သည် အဘယ်မှာလျှင် ကာလရှည်စွာ မတည်တန့်ဘဲ ရှိပါအံ့နည်း။

သိပ္ပံပညာသည် ဗုဒ္ဓဟောကြားချက်ကို မည်ကဲ့သို့ ထောက်ခံနေလေသနည်း။ စူးစမ်းရှာဖွေ၍ လေ့လာကြည့်ရှုကြပါစို့။

သတ္တဝါများ၏ ကိုယ်ခန္ဓာအတွင်း၌ မျက်စိဖြင့် မမြင်နိုင်သော ပိုးကောင်ကလေးများ မြောက်မြားစွာ ရှိသည်ဟု

ဘုရားဟောကျန်းဂန်များတွင် တွေ့ရှိရပေသည်။ ထိုသို့ ဘုရားဟောကြားချက်ကို ယခင်အခါက ဗုဒ္ဓဘာသာဝင်များမှာ ဘုရားဟောမို့သာ ယုံကြည်ရသော်လည်း ဗုဒ္ဓဘာသာဝင်မဟုတ်သူများမှာမူ ယုံကြည်ရန်ဝေးစွ၊ ရယ်စရာပင် ဖြစ်၍နေလေသည်။ သို့သော် ထိုအချက်ကို ယုံကြည်ရမည့်အချိန်သို့ ရောက်သည်မှာ နှစ်ပေါင်း နှစ်ရာ့ခြောက်ဆယ်ပင် ကျော်ခဲ့ပေပြီ။ သိပ္ပံပညာကို မထင်မရှား လိုက်စားစအချိန် ဟော်လန်ပြည်တောင်ပိုင်း ဒဲလ်ဖဲတ်မြို့သားတဦးဖြစ်သူ လီယူဝင်ဟုတ်သည် ပကတိ မျက်စိဖြင့် မမြင်နိုင်သော ပိုးမွှားများကို သူကိုယ်တိုင် စတင်ကြံစည်ပြုလုပ်သော သူ၏မှန်ဘီလူးများဖြင့် တွေ့မြင်ရလေသည်။ လီယူဝင်ဟုတ်သည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာ့ခြောက်ဆယ်ခန့်ကျမှ တွေ့မြင်ရသော်လည်း ဗုဒ္ဓရှင်တော်မှာမူကား နှစ်ပေါင်းနှစ်ထောင့်ငါးရာကပင် သိမြင်ခဲ့လေပြီ။ ဗုဒ္ဓရှင်တော်သည် လီယူဝင်ဟုတ်ထက် နှစ်ပေါင်းနှစ်ထောင်ကျော်စော၍ မှန်ဘီလူးမပါဘဲ ဗုဒ္ဓရှင်တော်၏ ပကတိမျက်စိဖြင့် တွေ့မြင်ခဲ့လေသည်။ သိပ္ပံပညာသည် ထိုအချိန်အခါမှစ၍ ဗုဒ္ဓရှင်တော် ဟောကြားချက်ကို ထောက်ခံလေပြီဟု ဆိုရပေမည်။

စကြဝဠာအနန္တ (ကမ္ဘာတွေ မရေမတွက်နိုင်) ရှိသည်ဟူသော ဘုရားဟောကို ရှေးအခါက အချို့သူများ မယုံကြည်ခဲ့ကြချေ။ သို့သော် အနောက်နိုင်ငံ သိပ္ပံပညာရှင်များသည် စကြဝဠာအနန္တရှိသည်ဟူသော ဝါဒကိုထောက်ခံကြလေပြီ။ မိုးကောင်းကင်ရှိ မထင်ရှားသော အလင်းရောင်ကွက်များ

သည် စကြာဝဠာများဖြစ်ကြောင်း၊ အမေရိကန်ပြည် ဟားဗတ်ယူနီဗာစီတီမှ ဒေါက်တာရှာပလေးသည် ကောင်းကင်၏ သုံးပုံတပုံ၌သာ မှန်ပြောင်းကြီးများဖြင့် ရှာဖွေကြည့်ရှုရာ စကြာဝဠာပေါင်း တသိန်းနှစ်သောင်းငါးထောင်ကို တွေ့မြင်ရကြောင်း၊ ၎င်းစကြာဝဠာ တခုတခု၌ ကြယ်တာရာ သန်းပေါင်း သုံးသောင်းခန့် ပါဝင်သည်ဟု ခန့်မှန်းကြောင်း ဖော်ပြလေသည်။ ဤသည်လည်း ဘုရားဟောကို သိပ္ပံပညာက ထောက်ခံသော အချက်တချက်ပင် ဖြစ်ပေသည်။

နတ်ရှိသည်၊ ကြယ်တာရာများသည် နတ်များ၏နေရာ ဘုံဗိမာန်များဖြစ်သည်ဟု ဘုရားဟောကျမ်းဂန်များတွင် တွေ့ရှိရပေမည်။ ထိုအချက်ကိုလည်း သိပ္ပံပညာသည် ထောက်ခံရမည့်အခြေသို့ ရောက်နေခဲ့လေပြီ။ အင်္ဂါဂြိုဟ်နှင့် အခြားသောနက္ခတ်များ၌ သက်ရှိသတ္တဝါများ ရှိနိုင်သည်စသည်ဖြင့် သိပ္ပံပညာရှင်ကြီးများက ယုံကြည်ကြလေပြီ။ အချို့သော ဂြိုဟ်နက္ခတ်များတွင် သိပ္ပံပညာ ဤကမ္ဘာထက် တန်းသာသည်၊ သို့မဟုတ် ဤကမ္ဘာက လူသတ္တဝါထက် တန်ခိုးကြီးသော သတ္တဝါများ နေထိုင်ကြောင်းကိုလည်း ခန့်မှန်းယူဆကြလေပြီ။

နတ်ပြည်၏ နေ့၊ လ၊ နှစ်များသည် လူ၏ နေ့၊ လ၊ နှစ်များထက် များစွာရှည်ကြောင်း ဗုဒ္ဓဟောကြားခဲ့သည်။ လူမှာတသက် နတ်မှာတရက်ဟု ဆိုရိုးစကားပြုကြသည်။ နတ်ပြည်အချင်းချင်းပင် တဘုံနှင့်တဘုံ မတူဘဲ နှစ်ဆ၊ လေးဆစသည်ဖြင့် အထက်အထက်ဘုံများ၏ နတ်များက အသက်

ပိုမို၍ ရှည်ကြောင်း ကျမ်းဂန်တွင် ရှိလေသည်။ ထိုအချက်ကိုလည်း ယနေ့ သိပ္ပံပညာက ထောက်ခံလျက် ရှိပေပြီ။ အဘယ်ကြောင့်ဆိုသော် ကောင်းကင် လဗိမာန်၌ပင် လဗိမာန်၏ တရက်တွင် လူ၏ ဆယ့်ငါးရက်ခန့် ရှိလေသည်။ အခြားသော ကြယ်တာရာများသည်လည်း တခုနှင့်တခု ရက်လများ ကာလကြာရှည်ခြင်း မတူဘဲ ကွဲပြားကြလေတည်။ အချို့သော ကြယ်တာရာများတွင် လူပြည် ရက်၊ လ၊ နှစ်များထက် သူတို့၏ ရက်၊ လ၊ နှစ်များက ပိုမို၍ ကာလရှည်ကြာကြမည်မှာ ယုံမှားဘွယ်မရှိပေ။

အချို့သောဘာသာတရားများက အမြဲတည်သော အတ္တဝိညာဏ်ရှိ၏ဟု ဖေါ်ပြသော်လည်း ဗုဒ္ဓရှင်တော်ကမူ အမြဲတည်သော အတ္တဝိညာဏ် မရှိကြောင်း၊ အတ္တ ဇီဝ ဝိညာဏ် အမြဲတည်သည်ဟု ယူသော အယူမှာ မှားသော အယူဖြစ်ကြောင်း အနတ္တလက္ခဏသုတ် အစရှိသည်တို့၌ ဟောကြားတော်မူလေသည်။ သိပ္ပံပညာရှင်များကလည်း သတ္တဝါတို့၌ အမြဲတည်သော ဝိညာဏ်ရှိသည်ဟူသော အယူကို ပယ်လိုက်ပြီဖြစ်ရာ၊ ဗုဒ္ဓဟောကြားချက်နှင့် တထေရာထည်းပင် ဖြစ်လေသည်။ အင်္ဂလိပ်သိပ္ပံဆရာကြီး ဒါဝင်နှင့် ဂျာမန် သိပ္ပံဆရာကြီး ဟက်ကယ်လ်တို့သည် သတ္တဝါတို့ အဆင့်အဆင့် ပြောင်းလဲဖြစ်ပေါ်လာခြင်းဖြင့် ထာဝရတည်သော ဝိညာဏ် မရှိကြောင်းကို ကမ္ဘာသို့ ကျေညာခဲ့လေသည်။ အမေရိကန်သိပ္ပံဆရာကြီး ဝိလျံဂျိမ်းစ်သည်၎င်း၊ အင်္ဂလိပ်လူမျိုး ပါမောက္ခ မက္ကဒူးဝဲသည်၎င်း၊ အမေရိကန်ပြည် နယူးရောက်မြို့

ကိုလန်ဘီးယား ယူနီဗာစီတီ တိရစ္ဆာနဗေဒ ပါမောက္ခ မက်ဂရီဂေါသည်ငှင်း၊ ရေဒီယိုကို တည်ထွင်ဖြစ်မြောက်သူ အီတာလျန် သိပ္ပံဆရာကြီး မာကိုနီသည်ငှင်း တည်မြဲသော အတ္တဝိညာဏ်မရှိ၊ အနတ္တဝိညာဏ်သာ ရှိကြောင်းကို ထုတ်ဖေါ်ပြောဆိုခဲ့လေသည်။ ဤသည်လည်း ဘုရားဟောကို သိပ္ပံပညာက ထောက်ခံသော အချက်တချက်ပင် ဖြစ်လေသည်။

သတ္တဝါနှင့် အရာဝတ္ထုဟူသမျှသည် ပြောင်းလဲဖေါက်ပြန်၍ နေလေသည်။ ထိုကြောင့်ပင် အိုခြင်း၊ နာခြင်း၊ ဆွေးမြေ့ ဟောင်းနွမ်းခြင်းများ ဖြစ်ရလေသည်။ သို့သော် ပြောင်းလဲခြင်းသည် အလွန်လျှင်မြန်လျက်ရှိရာ ပကတိမျက်စိဖြင့် မမြင်နိုင်ချေ။ ဥပမာဖြင့် ထင်ရှားစေဦးအံ့။ ရုပ်ရှင်ကြည့်သောအခါ အရုပ်တခုတည်းမှပင် ထိုင်ခြင်း၊ ထခြင်း၊ လမ်းလျှောက်ခြင်း စသည် ပြုလုပ်နေသည်ကို တွေ့ရှိရလေသည်။ သို့သော်ငှင်းမှာ အရုပ်တခုတည်း မဟုတ်၊ အရုပ်ပေါင်းများစွာ လျှင်မြန်စွာ ဆက်စပ်ခြင်းအားဖြင့် တရုပ်တည်းဟူ၍ ထင်ကြရလေသည်။ အရုပ်ကော်ပြား တပေလျှင် အရုပ်ကွက်ကလေးပေါင်း ဆဲ့ခြောက်ခု ရှိလေသည်။ ငှင်းအရုပ်ကော်ပြားကို တစက္ကန့်လျှင် တပေရွေ့ရှားစေခြင်းဖြင့် ပြစက်တွင် တပ်ဆင်ထားသော မှန်ဘီလူးအပေါက်သို့ အရုပ်ကား တဆဲ့ခြောက်ကားကို အစဉ်လိုက်ဝင်၍ ဖြတ်ကူးသွားစေလေသည်။ ရုပ်ရှင်ပိတ်ကားပေါ်တွင် တစက္ကန့်လျှင် အရုပ်ကား ဆဲ့ခြောက်ကား ပြောင်းလဲပြသသွားလေသည်။ သို့သော် တရုပ်တည်းကပင် အမျိုးမျိုး မြင်ရလေသည်။ သတ္တဝါအရာဝတ္ထုတို့၏

ရုပ်တရားများသည်လည်း ရုပ်ရှင်ထက် အဆပေါင်းများစွာ လျှင်မြန်သဖြင့် တရုပ်ထည်းသာ ဖြစ်သည်ဟု ထင်မှတ်ကြရ လေသည်။ စင်စစ်သော်ကား သတ္တဝါနှင့် အရာဝတ္ထုများ သည် မျက်စိတမှိတ်အတွင်း ကုဋေပေါင်း မြောက်မြားစွာ ဖြစ်၊ တည်၊ ချုပ် ခဲ့လေသည်။ ဤစာရေးသူ၏ ရုပ်သည်ပင် လျှင် ပထမစာလုံးကို ရေးနေစဉ်အခါတွင်း ရုပ်သည် ဒုတိယစာ လုံးကို ရေးနေစဉ်ရုပ်သို့ မရောက်မီ ရုပ်ပေါင်းများစွာ ဖြစ် ချုပ်ခဲ့လေပြီ။ ဤကား ဗုဒ္ဓရှင်တော်၏ အနိစ္စဒေသနာအရ ဖြစ်လေရာ သိပ္ပံပညာရှင်များသည် ဗုဒ္ဓရှင်တော် ဟောကြား ချက် တကယ်ဟုတ်မှန်ကြောင်း ဝန်ခံရလေပြီ။

ထိုသို့ ဘုရားဟောနှင့် သိပ္ပံပညာ တူသည်ဟု ဆိုရသော် လည်း ဘုရားဟောက သာလွန်သော အချက်များစွာ ရှိသေး သည်။ ရုပ်တရားများနှင့် စိတ်တရားများသည် မည်သည့်အ ချိန်ကာလအတွင်း မည်မျှပြောင်းလဲသည်၊ မည်သည့်ရုပ် ဖြစ် ပြီးနောက် မည်သည့်ရုပ်ဖြစ်သည်၊ မည်သည့်စိတ် ဖြစ်ပြီး နောက် မည်သည့်စိတ် ဖြစ်သည်ဟု သိပ္ပံပညာရှင်များသည် အတိအကျ မသိကြချေ။ သို့သော် ဗုဒ္ဓရှင်တော်မှာမူကား မျက်စိတမှိတ် လျှပ်တပြက်အတွင်း ကုဋေတသိန်းမကသော စိတ်များဖြစ်၍ စိတ် တဆဲ့ခုနစ်ကြိမ် ဖြစ်တိုင်းဖြစ်တိုင်း ရုပ် တရားများ တကြိမ်စီ ဖြစ်ကြောင်းနှင့်တကွ မည်သည့်စိတ် နောက်က မည်သည့်စိတ် ဖြစ်သည်၊ မည်သည့်ရုပ်နောက်က မည်သည့်ရုပ် ဖြစ်သည်ဟု အသေအချာ အဘိဓမ္မာတွင် ဟော ကြားထားလေရာ ဘုရားဟောအဘိဓမ္မာကို သိပ္ပံပညာက

ထောက်ခံရရုံမက သိပ္ပံပညာထက် သာလွန်ကြောင်း ထင်ရှားလေသည်။

မြေဖြူခဲတခုကို အမှုန့်ကလေးများ ဖြစ်အောင် ထုထောင်းပြီးနောက် တဖန် ရေအနည်းငယ်နှင့် ရောစပ်လိုက်က အခဲပြန်၍ ဖြစ်လေသည်။ မည်သည့်အရာဝတ္ထု၊ မည်သည့်သတ္တဝါတွေမဆို မြေဖြူခဲကဲ့သို့ပင် အမှုန့်များ (ဝါ) ပရမာဏုမြူများ ဖြစ်လေသည်။ သို့သော် မြေဖြူသည် အမှုန့်များကို ပေါင်းစပ်ခြင်းအားဖြင့် အတုံးအခဲ ဖြစ်နေသကဲ့သို့ သတ္တဝါများသည်၎င်း၊ အရာဝတ္ထုများသည်၎င်း အမှုန့်များကို ပေါင်းစပ်ခြင်းအားဖြင့် အတုံးအခဲဖြစ်၍ နေလေသည်။ အမှုန့်များကို ပေါင်းစပ်ခြင်းအားဖြင့် သတ္တဝါတွေ၊ အရာဝတ္ထုတွေ ဖြစ်၍ နေကြလေသည်။ အရာဝတ္ထုများ သတ္တဝါများဖြစ်အောင် ပေါင်းစပ်ပေးနိုင်သော တစုံတခု၏။ ၎င်းကား မည်သည့်အရာနည်း။ ၎င်းကား စေးကပ်ခြင်း ဟူသော သဘာဝတခုပင် ဖြစ်သည်။ သိပ္ပံအခေါ်အဝေါ်အားဖြင့် စေးကပ်ခြင်း၊ ပေါင်းစည်းခြင်း၊ ဖွဲ့စည်းခြင်းဟူသော သဘာဝသည် အဘိဓမ္မာအခေါ်အားဖြင့် အာပေါဓါတ်ပင် ဖြစ်လေသည်။ ရှန်းပြန်ခြင်း ထောက်ခံခြင်းများမှာ ဝါယောဓါတ်ဖြစ်၍ မာခြင်း ပျော့ခြင်းမှာ ပထဝီဓါတ်ပင် ဖြစ်လေသည်။ ကြွပ်ဆပ်ခြင်း၊ ပျဉ်တွဲခြင်း များမှာလည်း အာပေါဓါတ်၏ အင်အား အနည်းအများကို လိုက်၍ ဖြစ်လေသည်။ သို့ဖြစ်လေရာ သိပ္ပံပညာနှင့်ဘုရားဟောအဘိဓမ္မာသည် နည်းနာခြင်း အခေါ်အဝေါ်ခြင်း ကွဲပြားခြားနားသော်လည်း သဘာဝမှာ တူညီသည်က များလေသည်။ သိပ္ပံပညာအခေါ်အဝေါ်

ဟူဘာမျှသည် ရုပ်နှစ်ဆဲ့ရှစ်မျိုးထက် ကျော်လွန်၍ မသွား၊ ရုပ်နှစ်ဆဲ့ရှစ်ပါး အပါအဝင်တွေသာ ဖြစ်လေသည်။

သိပ္ပံပညာရှင်များကား ယုတ္တိသဘာဝရှိသော ဘာသာတရားကိုသာ ယုံကြည်ကြမည် ဖြစ်၏။ အနောက်တိုင်းသား သိပ္ပံပညာရှင်များသည် သိပ္ပံပညာနှင့် ကိုက်ညီသော ဘာသာတရားကို ရှာဖွေကြရာ အစစ်ဆေးခံနိုင်သော ဗုဒ္ဓဘာသာကိုသာ တွေ့ရှိကြလေသည်၊ သို့ဖြစ်လေရာ မိရိုးဖလာဘာသာကို ယုံကြည်ခြင်းကင်းမဲ့ကာ ဗုဒ္ဓဘာသာကို ယုံကြည်စပြု၍လာကြလေသည်။ ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီးများ ဖြစ်သော အိုင်စတိုင်၊ဟော်လဒိန်း၊ ဘာထရင်ရပ်ဆဲလ်၊ ဂျူလီယန်ဟက်စလေး၊ အိတ်ချ်ဂျီဝဲလ်စ်နှင့် ကမ္ဘာကျော် စာရေးဆရာကြီး ဘားနဒ်ရှောတို့သည် ဗုဒ္ဓဘာသာကို လေ့လာသူများ ဖြစ်ကြလေသည်။ ရုရှား သိပ္ပံပညာရှင်ကြီး နစ်ကလပ်စ်ရိုးရစ်သည် ဗုဒ္ဓဘာသာ အခြေပြကျမ်း ကိုပင် ရေးသားခဲ့လေသည်။ အင်္ဂလန်ပြည်နှင့် အိုင်ယာလန်ပြည် ဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌများ ဖြစ်ခဲ့သော ပါမောက္ခ မီးလ်စ်၊ ဒေါက်တာ ဂရင်းလီ၊ ဂျမဏီပြည် ဗုဒ္ဓဘာသာဝင်တို့၏ အကြီးအကဲ ဒေါက်တာ ဒါးလ်ကေး၊ အီတလီပြည် ဗုဒ္ဓဘာသာခေါင်းဆောင် ဒေါက်တာ ဒီလိုရင်းဇိုတို့သည် သိပ္ပံပညာရှင်များပင် ဖြစ်ကြလေသည်။

သို့ဖြစ်လေရာ ဗုဒ္ဓဘာသာသည် သိပ္ပံပညာနှင့် ကိုက်ညီ၍ ယုတ္တိအရှိဆုံး ဘာသာဖြစ်သည်။ ယခင်က ဗုဒ္ဓရှင်တော်၏ ဟောကြားချက်များကို လက်တွေ့မပြနိုင်သော်လည်း ယခု

သိပ္ပံပညာဖြင့် ပြနိုင်လေပြီ။ သိပ္ပံပညာ ထွန်းကားလာလေ ဗုဒ္ဓသာသနာတော်သည် ထွန်းပြောင်လာလေ ဖြစ်ပေလိမ့်မည်။ ဗုဒ္ဓစကားတော်မှာ အံစစ်ဆေးခံ အဝေဖန်ခံနိုင်၍ သိပ္ပံပညာနှင့် ကိုက်ညီလေရာ နောင် အနာဂတ်ကာလတွင် ဤလောကဓါတ်ကမ္ဘာ၌ အမွန်နှံ့ရှည်စွာ ဗုဒ္ဓသာသနာ ထွန်းလင်းတည်တန့်နိုင်မည်မှာ မုချပင် ဖြစ်ပေသတည်း။

× × ×

# ဗုဒ္ဓ၏ ဓာတုဗေဒ

ရွှေ၊ ငွေ၊ ကြေးတို့ကို ရောစပ်ထားသော သတ္တုပစ္စည်းတခုကို ရွှေတခြား၊ ငွေတခြား၊ ကြေးတခြားဖြစ်အောင် ပြုလုပ်သည်ကို ဓါတ်ခွဲသည်ဟု ခေါ်ကြသည်။ ရွှေသည် မူရင်းဓါတ်တခု ဖြစ်သည်။ ရွှေဖြစ်အောင် ရွှေမဟုတ်သော အခြားပစ္စည်းဝတ္ထုများကို ရောစပ်ခြင်းအားဖြင့် ရွှေဖြစ်မလာချေ။ ငွေသည် မူရင်းဓါတ်တခု ဖြစ်သည်။ ငွေဖြစ်အောင် ငွေမဟုတ်သော အခြားပစ္စည်းအရာဝတ္ထုများကို ရောစပ်ခြင်းအားဖြင့် ငွေဖြစ်မလာချေ။ ကြေးသည် မူရင်းဓါတ်တခု ဖြစ်သည်။ ကြေးဖြစ်အောင် ကြေးမဟုတ်သော အခြားပစ္စည်း ဝတ္ထုများကို ရောစပ်ခြင်း အားဖြင့် ကြေးဖြစ်မလာချေ။

ရွှေသည် ပစ္စည်းတခုနှင့်တခု ရောစပ်ခြင်းအားဖြင့် ရွှေဖြစ်မလာဘဲ သူ့သဘောနှင့်သူ ရွှေ၏သဘောကို ဆောင်ပြီး မူရင်း အနေအားဖြင့် သီးခြားသဘောတခု ဖြစ်နေသည်။ ငွေသည် ပစ္စည်းတခုနှင့်တခု ရောစပ်ခြင်းအားဖြင့် ငွေဖြစ်မလာဘဲ သူ့သဘောနှင့်သူ ငွေ၏သဘောကို ဆောင်ပြီး၊ မူရင်း အနေအားဖြင့် သီးခြားသဘောတခု ဖြစ်နေသည်။ ကြေးသည် ပစ္စည်းတခုနှင့်တခု ရောစပ်ခြင်းအားဖြင့် ကြေးဖြစ်မလာဘဲ သူ့သဘောနှင့်သူ ကြေး၏သဘောကိုဆောင်ပြီး မူရင်းအနေအားဖြင့် သီးခြားသဘောတခု ဖြစ်နေသည်။

ထိုသို့ မူရင်းအနေအားဖြင့် သီးခြားသဘောတခု ဖြစ်၍ မိမိသဘောကို ဆောင်ခြင်းသည် ဓါတ်၏ သဘာဝပင် ဖြစ်သည်။ မူရင်းအခြေခံဇစ်မြစ်သဘောသည် ဓါတ်ပင်ဖြစ်သည်။ အတ္တနော သဘာဝံ ဝါ ကိစ္စံ ဝါ ဓာရေတီတိ ဓါတု။ အတ္တနော- မိမိ၏၊ သဘာဝံဝါ- သဘောကို၎င်း၊ ကိစ္စံဝါ- အမှုကိစ္စကို၎င်း၊ ဓာရေတိ- ဆောင်ရွက်တတ်၏၊ ဣတိတသ္မာ- ထိုကြောင့်၊ ဓါတု- ဓါတ်မည်၏။

အခြေခံ ဇစ်မြစ်သဘောဖြစ်သော ဓါတ်ကို နည်းအမျိုးမျိုးဖြင့် ဖေါ်ထုတ်ကြ၏။ ဓါတုဗေဒခေါ်သော ကင်မစ်စထရီ (Chemistry)၊ ပညာအရ ဓါတ်ခွဲလိုက်သောအခါ ဟိုက်ဒရိုဂျင် (Hydrogen)၊ နိုက်ထရိုဂျင် (Nitrogen)၊ မန်ဂနီးစ် (Manganese)၊ မဂ္ဂနီစီယမ် (Magnecium)၊ ကာဘွန် (Carbon)၊ ကလိုရိန် (Chlorine)၊ ပိုတက်စီယမ် (Potassium)၊ ဆိုဒီယမ် (Sodium)၊ စသော

ခါတ်များကို တွေ့ရှိရပေမည်။ ထိုကဲ့သို့ပင် ဗုဒ္ဓအဘိဓမ္မာအရ သက်ရှိသက်မဲ့သတ္တဝါတွေ အရာဝတ္ထုတွေ စကြဝဠာတွေကို ခါတ်ခွဲကြည့်လိုက်လျှင် ဓါတ်ကြီးတဆယ့်ရှစ်မျိုး ပေါ်ထွက်လာသည်ကို တွေ့ရှိရပေမည်။ ထိုဓါတ်ကြီးတို့သည် ခါတ်ဟူသော သဘာဝအရ တခုနှင့်တခု သဘောအားဖြင့် ရောနှောပြောင်းလဲခြင်းအားဖြင့် ဖြစ်ပေါ်လာခြင်းမျိုး မဟုတ်ဘဲ အခြေခံဇစ်မြစ် မူရင်းသဘောအရ မိမိ၏ သီးခြားသဘောကို ဆောင်ကြ၏။

ဗုဒ္ဓအဘိဓမ္မာအရ ဓါတ်ခွဲ၍ရရှိသော ဓါတ်ကြီး တဆယ့်ရှစ်မျိုးမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ စက္ခုဓါတ်-အဆင်းရူပါရုံထင်ဟပ်ရာ မျက်စိအကြည် စက္ခုပသာဒရုပ်။

၂။ သောတဓါတ်-အသံသဒ္ဒါရုံထင်ဟပ်ရာ နားအကြည် သောတပသာဒရုပ်။

၃။ ဃာနဓါတ်- အနံ့ဂန္ဓာရုံထင်ဟပ်ရာ နှာခေါင်းအကြည် ဃာနပသာဒရုပ်။

၄။ ဇိဝှါဓါတ်- ရသာရုံထင်ဟပ်ရာ လျှာအကြည် ဇိဝှါပသာဒရုပ်။

၅။ ကာယဓါတ်- အတွေ့ဖောဋ္ဌဗ္ဗာရုံထင်ဟပ်ရာ ကိုယ်အကြည် ကာယပသာဒရုပ်။

၆။ ရူပဓါတ်- အဖြူ အနီ အကြောင် အကျားစသော အဆင်းရူပါရုံ။

၇။ သဒ္ဒပါတ်- အသံ သဒ္ဒါရုံ။

၈။ ဂန္ဓဓါတ်- အနံ့ ဂန္ဓာရုံ။

၉။ ရသဓါတ်- အချိုအချဉ်စသော အရသာ ရသာရုံ။

၁၀။ ဖောဋ္ဌဗ္ဗဓါတ်- အတွေ့ဟူသော ဖောဋ္ဌဗ္ဗာရုံ (ပထဝီ၊ တေဇော၊ ဝါယော ဓါတ်သုံးခုတို့၏ အပေါင်းသည် ဖောဋ္ဌဗ္ဗာရုံပင် ဖြစ်သည်)။

၁၁။ စက္ခုဝိညာဏဓါတ်- မျက်စိအကြည်မှာ ရူပါရုံ ထင်ဟပ်လာသောအခါ ရူပါရုံကို ဖမ်းယူအာရုံပြုတတ်သော စက္ခု ဝတ္ထုရုပ်မှာ မှီခိုနေသော စက္ခုဝိညာဏ်စိတ်နှစ်ခု၊ (စက္ခုဝိညာဏ်နှစ်ခု ဆိုသည်မှာ မျက်စိနှစ်လုံးရှိ၍ ဆိုခြင်း မဟုတ်။ အကုသိုလ်၏ အကျိုး စက္ခုဝိညာဏ် စိတ်တခု၊ ကုသိုလ်၏ အကျိုး စက္ခုဝိညာဏ် စိတ်တခု အားဖြင့် စက္ခုဝိညာဏ်စိတ်နှစ်ခု ဖြစ်သည်။ သောတဝိညာဏ်စသည်တို့မှာလည်း ဤနည်းအတိုင်းပင် ဖြစ်သည်)။

၁၂။ သောတဝိညာဏဓါတ်- နားအကြည်မှာ သဒ္ဒါရုံ ထင်ဟပ်လာသောအခါ သဒ္ဒါရုံကို ဖမ်းယူအာရုံပြုတတ်သော သောတ ဝတ္ထုရုပ်မှာ မှီခိုနေသော သောတ ဝိညာဏ်စိတ် နှစ်ခု။

၁၃။ ဃာနဝိညာဏဓါတ်- နှာခေါင်းအကြည် ဂန္ဓာရုံ ထင်ဟပ်လာသောအခါ ဂန္ဓာရုံကို ဖမ်းယူအာရုံပြုတတ်သော ဃာနဝတ္ထုရုပ်မှာ မှီခိုနေသော ဃာနဝိညာဏ်စိတ်နှစ်ခု။

၁၄။ ဇိဝှါဝိညာဏဓါတ်- လျှာအကြည်မှာ ရသာရုံထင်ဟပ်လာသောအခါ ရသာရုံကို ဖမ်းယူအာရုံပြုတတ်သော ဇိဝှါဝတ္ထုရုပ်မှာ မှီခိုနေသော ဇိဝှါဝိညာဏ်စိတ်နှစ်ခု။

၁၅။ ကာယဝိညာဏဓါတ်- ကိုယ်အကြည်မှာ ဖောဋ္ဌဗ္ဗာရုံ ထင်ဟပ်လာသောအခါ ဖောဋ္ဌဗ္ဗာရုံကို ဖမ်းယူအာရုံပြုတတ်သော ကာယဝိညာဏ်စိတ်နှစ်ခု။

၁၆။ မနောဓါတ်- စက္ခုစသော ငါးဒွါရမှာ ထင်ခြင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်တခု၊ အကုသိုလ်၏အကျိုးဖြစ်သော ခံလင့်တတ်သော သမ္ပဋိစ္ဆိုင်စိတ်တခု၊ ကုသိုလ်၏အကျိုးဖြစ်သော ခံလင့်တတ်သော သမ္ပဋိစ္ဆိုင်စိတ်တခု၊ ပေါင်းစိတ်သုံးခု။

၁၇။ မနောဝိညာဏဓါတ်- ဆိုခဲ့ပြီးသော စက္ခုဝိညာဏ်စိတ်နှစ်ခု၊ သောတဝိညာဏ် စိတ်နှစ်ခု၊ ဃာနဝိညာဏ်စိတ်နှစ်ခု၊ ဇိဝှါဝိညာဏ် စိတ်နှစ်ခု၊ ကာယဝိညာဏ် စိတ်နှစ်ခု၊ မနောဓါတ်စိတ်သုံးခုကို ပယ်နှုတ်ပြီး ကြွင်းကျန်သော စိတ်ခုနစ်ဆယ့်ခြောက်ခု (၈၉-၁၃=၇၆)။

၁၈။ ဓမ္မဓါတ်- အဆက်ကဆိုခဲ့ပြီးသော ဓါတ် ၁၇-ပါးတို့၏ သဘောတရားများမှ ကြွင်းကျန်သော သဘောတရားများ။ ထိုဓမ္မဓါတ်မှာ သုခုမရုပ် တဆယ့်ခြောက်ခု၊ စေတသိက် ငါးဆယ့်နှစ်ခု၊ နိဗ္ဗာန်ပင် ဖြစ်သည်။ ဤနေရာ၌ ဓမ္မဟူသည်မှာ ဘုရားဟောတော်ဟူသော တရားဓမ္မကို ဆိုလိုသည်မဟုတ်။ သဘောတရားကိုသာ ဆိုလိုခြင်းဖြစ်သည်။

ဤသို့အားဖြင့် တဆယ့်ရှစ်မျိုး ဖြစ်သည်။

ဗုဒ္ဓအဘိဓမ္မာအရ ဓါတ်ခွဲလိုက်သောအခါ ပေါ်ထွက်လာသော ဓါတ်(Element) တဆယ့်ရှစ်မျိုးတို့သည် သဘောတရားအရ တခုနှင့်တခု မရောယှက်ဘဲ ဓါတ်တမျိုးစီမှာ ကိုယ်ပိုင်သဘော တခုစီ ရှိကြသည်။ ဥပမာအားဖြင့်ဆိုလျှင် စက္ခုဓါတ်ဆိုလျှင် မြင်တတ်သော သဘော ရှိသည်။ သောတဓါတ်ဆိုလျှင် ကြားတတ်သော သဘော ရှိသည်။ ဃာနဓါတ်ဆိုလျှင် နံတတ်သော သဘောရှိသည်။ ဓါတ်တမျိုးစီသည် ကိုယ့်သဘာဝ ကိုယ့်သဘော တမျိုးစီကို ဆောင်ကြသည်။ ထိုကြောင့် ထိုတဆယ့်ရှစ်မျိုးကို ဓါတ်ဟုခေါ်သည်။

ထိုဓါတ်တဆယ့်ရှစ်ချိုးအပြင် လောကမှာ ဘာမှမရှိ။ ထိုဓါတ်တဆယ့်ရှစ်မျိုး၏ အပါအဝင်တွေသာ ဖြစ်သည်။ ထိုဓါတ်တဆယ့်ရှစ်မျိုး၏ အပေါင်းအစည်းတွေသာ ဖြစ်သည်။

လူတွေလည်း ထိုဓါတ်တွေ၊ နတ်တွေလည်း ထိုဓါတ်တွေ၊ တိရစ္ဆာန်တွေလည်း ထိုဓါတ်တွေ၊ သစ်ပင်တွေလည်း ထိုဓါတ်တွေ၊ သုံးဆယ့်တဘုံလည်း ထိုဓါတ်တွေ၊ သံသရာဘဝတွေလည်း ထိုဓါတ်တွေပင် ဖြစ်သည်။ ဘာမဆို ထိုဓါတ်တွေနှင့် ကင်း၍ မဖြစ်၊ အသေးဆုံး ပရမာဏုမြူထိ ထိုဓါတ်တွေပါဝင်သည်။

လူတွေ၊ နတ်တွေ၊ ယောကျာ်းတွေ၊ မိန်းမတွေစသည်ဖြင့် ပညတ်အားဖြင့် အမျိုးမျိုးအဖုံဖုံ ခေါ်ဝေါ် နေကြသော်လည်း သဘောကိုစစ်ကြည့်လျှင် လူတွေ၊ နတ်တွေ၊ ယောကျာ်းတွေ၊ မိန်းမတွေ မဟုတ်၊ ဓါတ်တွေသာ ဖြစ်သည်။ ယခု

ပေါ်ပြသော ဓါတ်တဆယ့်ရှစ်မျိုး တွေ့သာ ဖြစ်သည် ဓါတ်ဘဆယ့်ရှစ်မျိုး အပါအဝင်တွေ့သာ ဖြစ်သည်။ ဓါတ်ဘဆယ့်ရှစ်မျိုး၏ အပေါင်းအစည်းတွေ့သာ ဖြစ်သည်။

ထိုဓါတ်ဆယ့်ရှစ်မျိုးတို့သည် ဘာတွေလဲဆိုလျှင် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရားတွေပင် ဖြစ်သည်။ ဓါတ်ဆိုသည် သတ္တဝါမဟုတ်၊ အသက်မဟုတ်၊ သဘောတရားတွေချည်း ဖြစ်သည်။ သူ့သဘာဝကိုသူ အသီးသီးဆောင်နေကြသည်။

ထိုဓါတ်တဆယ့်ရှစ်မျိုးအနက် စက္ခုဓါတ်၊ သောတဓါတ်၊ ဃာနဓါတ်၊ ဇိဝှါဓါတ်၊ ကာယဓါတ်၊ ရူပဓါတ်၊ သဒ္ဒဓါတ်၊ ဂန္ဓဓါတ်၊ ရသဓါတ်၊ ဖောဋ္ဌဗ္ဗဓါတ်တို့သည် ရုပ်ဓါတ်များ ဖြစ်ကြသည်။ စက္ခုဝိညာဏဓါတ်၊ သောတဝိညာဏဓါတ်၊ ဃာနဝိညာဏဓါတ်၊ ဇိဝှါဝိညာဏဓါတ်၊ ကာယဝိညာဏဓါတ်၊ မနောဓါတ်၊ မနောဝိညာဏဓါတ်တို့သည် နာမ်ဓါတ်များ ဖြစ်ကြသည်။ ဓမ္မဓါတ်မှာမူ ရုပ်နာမ်နှစ်မျိုးစလုံးပါဝင်သည်။

ဓါတ်တဆယ့်ရှစ်မျိုးကို အခံဓါတ်၊ အတိုက်ဓါတ်၊ အပေါ်ဓါတ်အားဖြင့်လည်း ခွဲခြားနိုင်သည်။ စက္ခုသည် အခံဓါတ်ဖြစ်သည်။ ရူပသည် အတိုက်ဓါတ်ဖြစ်သည်။ စက္ခုဝိညာဏသည် အပေါ်ဓါတ်ဖြစ်သည်။ မျက်စိအကြည်တွင် အဆင်းရူပါရုံ တိုက်ဆိုင်လာသောအခါ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ သောတသည် အခံဓါတ် ဖြစ်သည်။ သဒ္ဒသည် အတိုက်ဓါတ် ဖြစ်သည်။

သောတဝိညာဏသည် အပေါ်ဓါတ်ဖြစ်သည်။ နားအကြည်တွင် အသံသဒ္ဒါရုံ တိုက်ဆိုင်လာသောအခါ သောတဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်ဟု ဆိုလိုသည်။ ဤနေရာ၌ အခံဓါတ်များသည် စည်နှင့် တူသည်။ အတိုက်ဓါတ်များသည် လက်ခတ်နှင့် တူသည်။ အပေါ်ဓါတ်များသည် စည်သံနှင့် တူသည်။ စည်တွင် လက်ခတ်နှင့် တီးခတ်သောအခါ စည်သံ ဖြစ်ပေါ်လာသကဲ့သို့ စည်နှင့်တူသော စက္ခုသောတစသော အခံဓါတ်များနှင့် လက်ခတ်နှင့်တူသော ရူပသဒ္ဒစသော အတိုက်ဓါတ်များ ထိခိုက်လာသောအခါ စည်သံနှင့်တူသော စက္ခုဝိညာဏ် သောတဝိညာဏ်စသော အပေါ်ဓါတ်များ ဖြစ်ပေါ်သည်။

ထို့ပြင် အခြားသော ဓါတ်များတွင်လည်း အခံဓါတ်၊ အတိုက်ဓါတ်၊ အပေါ်ဟူ၍ သူ့အတွဲနှင့်သူ ရှိသည်။ အထက်ပါနည်းအတိုင်းပင် ဃာန၊ ဂန္ဓ၊ ဃာနဝိညာဏ်တို့ တတွဲဖြစ်သည်။ ဇိဝှါ၊ ရသ၊ ဇိဝှါဝိညာဏ်တို့သည် တတွဲဖြစ်သည်။ ကာယ၊ ဖောဋ္ဌဗ္ဗ၊ ကာယဝိညာဏ်တို့သည် တတွဲဖြစ်သည်။ မနော၊ ဓမ္မ၊ မနောဝိညာဏ်တို့သည် တတွဲဖြစ်သည်။ ဤသို့အားဖြင့် ဓါတ်တဆယ့်ရှစ်မျိုးကို သုံးခုတတွဲစီ ခြောက်တွဲအားဖြင့် အခံဓါတ်၊ အတိုက်ဓါတ်၊ အပေါ်ဓါတ်အားဖြင့် ပိုင်းခြားဝေဖန်နိုင်သည်။

စက္ခုအကြည်နှင့် ရူပါရုံထိခိုက်တွေ့ဆုံမိ၍ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာပုံသည် ဓါတ်ပုံရိုက်သည်နှင့်လည်း တူပေသည်။ စက္ခုအကြည်နှင့် မှန်ဘီလူးနှင့် တူ၏။ ရူပါရုံနှင့်

ဓါတ်ပုံ အရိုက်ခံရသော လူအရာဝတ္ထု စသည်တို့နှင့် တူ၏။ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်မှုနှင့်မူ စက္ခုအကြည်နှင့်တူသော မှန်ဘီလူးမှ ဝင်ရောက်၍ ဖလင်ကော်ပြားတွင် စွဲထင်သည်နှင့် တူ၏။ စက္ခုအကြည်သည် ရုပ်ဖြစ်၏။ ရူပါရုံသည်လည်း ရုပ်ဖြစ်၏။ စက္ခုဝိညာဏ်စိတ်မှာမူ နာမ်ဖြစ်သည်။ ရုပ်နှင့်ရုပ် တွေ့ဆုံသောအခါ ၎င်းနှင့်ပတ်သက်သော စိတ်သည် သဘာဝ အလျောက် ဖြစ်ပေါ်လာ၏။ အခြားသော သောတအကြည် နှင့် သဒ္ဒါရုံ ထိခိုက်မိ၍ သောတဝိညာဏ်စိတ် ဖြစ်ပေါ်လာပုံ စသည်တို့ကိုလည်း ၎င်းနည်းအတိုင်း နည်းမှီ၍ သိအပ်၏။ ဤသို့အားဖြင့် အခံဓါတ်နှင့် အတိုက်ဓါတ် ထိခိုက်တွေ့ဆုံ သောအခါ အပေါ်ဓါတ်ဖြစ်ပေါ်လာပုံကို ဖေဖန်ပိုင်းခြား နိုင်ပါသည်။

ဤကား ဗုဒ္ဓ၏ ဓါတုဗေဒနည်းအားဖြင့် လောကတွင် ရှိသမျှသော သတ္တဝါအရာဝတ္ထုဟူသမျှကို ဓါတ်ခွဲလိုက်ခြင်း ဖြစ်ပါသည်။

* * *

# ဗုဒ္ဓ၏ အမှန်တရား

ဗုဒ္ဓ၏ အမှန်တရားနှင့် ပတ်သက်၍ တင်ပြလိုပေသည်။ ဗုဒ္ဓဟောခဲ့သော အမှန်တရားသည် နှစ်မျိုးနှစ်စား ရှိသည်။ တမျိုးမှာ အခေါ်အဝေါ်၏ အမှန်တရား ဖြစ်၍ အခြား တမျိုးမှာ သဘောတရား၏ အမှန်တရား ဖြစ်သည်။ အခေါ် အဝေါ်၏ အမှန်တရားကို သမုတိသစ္စာခေါ်၍ သဘော တရား၏ အမှန်တရားကို ပရမတ္ထသစ္စာဟု ခေါ်သည်။

သမုတိသစ္စာ ခေါ်ဝေါ်သမုတ်ခြင်းမှန်ကန်မှု ဟူသည် တော၊ တောင်၊ ရေ၊ မြေ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ အကြီး၊ အငယ်၊ အရှေ့၊ အနောက် စသော ခေါ်ဝေါ် သမုတ်မှတ်သားအပ်သော ပညတ်တွေပင် ဖြစ်သည်။

ပရမတ္ထသစ္စာဟူသည်ကား စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် တို့၏ သဘောတရားတွေပင် ဖြစ်သည်။

ခေါ်ဝေါ်သမုတ်ခြင်း ပညတ်သည်လည်း သူ့နေရာနှင့်သူ မှန်ကန်ပေသည်။

ထို့ကြောင့်ပင် သစ္စာတရားဟု ခေါ်ခြင်းဖြစ်သည်။ ယောကျ်ားကို မိန်းမဟူ၍မပြောစကောင်း၊ မိန်းမကိုလည်း ယောကျ်ားဟူ၍ မပြောစကောင်း၊ အကြီးကိုအငယ်ဟူ၍ မပြောစကောင်း၊ အငယ်ကို အကြီးဟူ၍ မပြောစကောင်း၊ အရှေ့ကို အနောက်ဟူ၍ မပြောစကောင်း၊ အနောက်ကို အရှေ့ဟူ၍ မပြောစကောင်း၊ ထို့ကြောင့် ပညတ်သည် ခေါ်ဝေါ်သမုတ်မှုတွင် မှန်ကန်သောကြောင့် သမုတိသစ္စာဟု ခေါ်ခြင်းဖြစ်သည်။

ပရမတ္ထသစ္စာ မှန်ကန်မှုဟူသည် စိတ်စေတသိက်စသည် တို့သည် မိမိသဘောတရားနှင့်မိမိ မှန်ကန်နေပေသည်။ အခြားသော သဘောတရားသို့ ပြောင်းလဲခြင်း မရှိပေ။ စိတ်သည် အာရုံကို ယူခြင်းသဘော၊ မိမိသဘောနှင့် မိမိသာ ဖြစ်သည်။ အာရုံကို ယူခြင်းသဘောသည် စိတ်ဖြစ်၍ စိတ်ဟူသမျှတည်း အာရုံကို ယူခြင်းသဘောသာ ဖြစ်သည်။ အခြားသဘော မဖြစ်။ စေတသိက်ငါးဆယ့်နှစ်မျိုးတွင် ဖဿသည် အာရုံ၌ တွေ့ထိခြင်းသဘော၊ ဝေဒနာသည် အာရုံ၏ အရသာကို ခံစားခြင်းသဘော၊ သညာသည် အာရုံ၏ သဘောကို မှတ်ခြင်းသဘောစသည်ဖြင့် မိမိသဘောနှင့်မိမိ ဖြစ်သည်။ ဖဿသည် အာရုံ၌တွေ့ထိခြင်းသဘောသာ ဖြစ်၍ အခြား

သောအာရုံကို ခံစားခြင်းသဘော၊ အာရုံ၌မှတ်ခြင်းသဘော များ မဖြစ်။ မိမိသဘောနှင့် မိမိသာ ဖြစ်သည်။ ဝေဒနာလည်း ထိုနည်းအတိုင်း၊ သညာစသည်လည်း ထိုနည်းအတိုင်း ပင်ဖြစ်သည်။ ရုပ်နှစ်ဆယ့်ရှစ်မျိုးတွင် ပထဝီသည် ခက်ထန်ကြမ်းတန်းခြင်းသဘော၊ အာပေါသည် ဖွဲ့စည်းခြင်းသဘော၊ တေဇောသည် ရင့်ကျက်ခြင်းသဘော၊ ဝါယောသည် လှုပ်ရှားခြင်းသဘော စသည်ဖြင့် မိမိသဘောနှင့် မိမိသာ ဖြစ်ကြသည်။ အခြားသော သဘောအားဖြင့် မဖြစ်ကြ။ နိဗ္ဗာန်သည် ငြိမ်းအေးခြင်းသဘော တခုသာ ရှိသည်။ အခြားသော သဘောအားဖြင့် မဖြစ်၊ မိမိသဘောအားဖြင့် မိမိသာ ဖြစ်သည်။ ဤသည်ကို သဘောတရားရေးမှန်ကန်မှု ပရမတ္ထသစ္စာ ဟု ခေါ်သည်။ ပရမတ္ထတရားတခုစီမှာ သူ့သဘောနှင့်သူ အခြားသဘောတွေနှင့် ရောထွေးမသွားဘဲ မှန်ကန်နေသော ကြောင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ကို ပရမတ္ထသစ္စာ ဟုခေါ်သည်။

ထိုပရမတ္ထတရားတွေကို မှန်ကန်ခြင်း လေးမျိုးလေးစား ဖြင့် ခွဲခြားသတ်မှတ်ထားသည်။

ဗုဒ္ဓဟောခဲ့သော အမှန်တရားလေးမျိုး သို့မဟုတ် သစ္စာလေးပါးဟူသည် (၁) ဆင်းရဲခြင်း၊ (၂) ဆင်းရဲခြင်းကို ဖြစ်စေတတ်သောအကြောင်း၊ (၃) ဆင်းရဲခြင်း ချုပ်ငြိမ်းရာ၊ (၄) ဆင်းရဲခြင်း ချုပ်ငြိမ်းရာကို ရောက်စေနိုင်သော လမ်းခရီး တို့ပင် ဖြစ်သည်။ ထိုအမှန်တရားလေးမျိုးမှာ (၁) ဒုက္ခသစ္စာ၊

(၂)သမုဒယသစ္စာ၊ (၃) နိရောဓသစ္စာ၊ (၄) မဂ္ဂသစ္စာပင် ဖြစ်သည်။

အမှန်တရားသစ္စာလေးပါးကို ဘုရားဖြစ်ပြီးမှ သိမြင်ရသည်။ ဤအမှန်တရားတွေကို မသိခဲ့ရသဖြင့် သံသရာဘဝမှာ တဝဲလည်လည် နေခဲ့ရသည်ဟု ဗုဒ္ဓ ဟောကြားခဲ့သည်။

ထိုသစ္စာလေးပါးအနက် ဒုက္ခသစ္စာကို သိရမည်၊ သမုဒယသစ္စာကို ပယ်ရမည်၊ မဂ္ဂသစ္စာကို ပွါးများစေရမည်။ ထိုနောက် နိရောဓသစ္စာခေါ်သော နိဗ္ဗာန်သို့ သိုက်ရောက်နိုင်သည်ဟု ဟောကြားခဲ့ပေသည်။

သစ္စာလေးပါးကို ထပ်မံ ရှင်းလင်းပါဦးမည်။

ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်သဘော (The noble truth of suffering) ဟူသည် ဘုံသုံးပါးမှာ ဖြစ်သော ဝဋ္ဋတရားကို ခေါ်သည်။ ကာမ၊ ရူပ၊ အရူပ ဟူသောဘုံသုံးပါးတွင် ဖြစ်ပျက်သမျှသည် ဒုက္ခသစ္စာပင် ဖြစ်သည်။ မွေးဖွါးခြင်းဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲ၊ စိတ်နှလုံးစိုးရိမ်ပူပန်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်း၊ ကိုယ်၏နာကျင်ခြင်း၊ စိတ်၏ပင်ပန်းခြင်း၊ ရှိုက်ကြီးတငင်ငင် ပင်ပန်းမြောနစ်ခြင်းဆင်းရဲ၊ အလိုရှိတာကို မရခြင်းစသော ဆင်းရဲတွေသည် သုံးဆယ့်တဘုံမှာ ကျင်လည်ရသမျှ ဖြစ်စမြဲပင် ဖြစ်သည်။ သုံးဆယ့်တဘုံမှာ မြင်မြင်သမျှသည် ဒုက္ခသစ္စာတွေပင် ဖြစ်သည်။ သဘောတရားရေးအရ ပရမတ်အားဖြင့် အရကောက်လိုက်လျှင် စိတ် စေတသိက် ရုပ်တွေပင် ဖြစ်သည်။

ထိုသို့ဖြစ်လျှင် လူ့ဘုံမှာ ချမ်းချမ်းသာ နေထိုင်စား သောက်ရခြင်း၊ နတ်ဘုံမှာ ချမ်းချမ်းသာသာ နေထိုင်စား သောက်ရခြင်းတွေလည်း ဒုက္ခသစ္စာပင် ခေါ်ရမည်လောဟု မေးဘွယ်ရှိပါသည်။ လူ့ဘုံ နတ်ဘုံစသည်တို့၌ ချမ်းချမ်း သာသာ နေထိုင်စားသောက်ရခြင်းကိုလည်း ဒုက္ခသစ္စာဟု ခေါ်ရပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုလူချမ်းသာ နတ် ချမ်းသာတွေမှာ ဥပါဒ် ဌီ ဘင် ဟူသော ဖြစ်ခြင်း တည်ခြင်း ချုပ်ပျက်ခြင်းသဘောတွေ မကင်း၊ နောက်တွင်လည်း သုံး ဆယ့်တဘုံမှာ ကျင်လည်ရသော ဆင်းရဲတွေ မကင်းသေး သဖြင့် လူနတ်ချမ်းသာဟူသော ကာယိကသုခ စေတသိက သုခ စိတ်စေတသိက်များတွေလည်း ဒုက္ခသစ္စာ အပါအဝင် ဖြစ်ပေသည်။

သမုဒအသစ္စာအကြောင်း ဆက်လက် ဖေါ်ပြပါဦးမည်။ သမုဒယသစ္စာ ဆင်းရဲကို ဖြစ်စေတတ်သောအကြောင်း အ မှန်သဘော (The noble truth of the origin of suffering) ဆိုသည်မှာ အာရုံမှာ တွယ်တာကင်ငြိခြင်း တဏှာဟူသော လောဘစေတသိက်ပင် ဖြစ်သည်။ တဏှာ လောဘသည် ဒုက္ခဖြစ်ဘို့မူလအခြေခံပင် ဖြစ်သည်။ လောဘ တဏှာသည် အပ်ချုပ်သမားနှင့်တူသည်။ အပ်ချုပ်သမားသည် အထည်လွှာများကို တခုနှင့်ခု ဆက်စပ်သလို လောဘဟူသော အပ်ချုပ်သမားသည်လည်း ဘဝဟူသော အထည်လွှာများ ကို တခုနှင့်တခု ဆက်စပ်သည်။ ဘဝရှိလျှင် ဒုက္ခဆင်းရဲရှိ စမြဲ ဖြစ်သည်။ လောဘမရှိလျှင် ဘဝမရှိ၊ ဘဝမရှိလျှင်

နိဗ္ဗာန်ရောက်သည်။ ထို့ကြောင့် ဒုက္ခဖြစ်ရခြင်း အကြောင်း ဖြစ်သော တဏှာလောဘကို သမုဒယသစ္စာဟု ခေါ်သည်။

နိရောဓသစ္စာအကြောင်း ဆက်ပါဦးမည်။ နိရောဓသစ္စာ ဆင်းရဲခြင်း ချုပ်ငြိမ်း လွတ်မြောက်ရာ အမှန်သဘော (The noble truth of the extinction of suffering) ဆိုသည်မှာ ဘဝ၏ ချုပ်ငြိမ်းရာ၊ ဝဋ်ဆင်းရဲတွေ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ပင်ဖြစ်သည်။ နိဗ္ဗာန်အကြောင်းကို နာမ်သဘာဝ အပိုင်းတွင် ဖော်ပြခဲ့ပေပြီ။

မဂ္ဂသစ္စာအကြောင်း ဆက်ပါဦးမည်။ မဂ္ဂသစ္စာဆင်းရဲခြင်းချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေနိုင်သော လမ်းခရီး (The noble truth of the path that leads to the extinction of suffering) ဆိုသည်မှာ မဂ္ဂင်ရှစ်ပါးပင် ဖြစ်သည်။ ထိုမဂ္ဂင်ရှစ်ပါးကိုပွါးများလျှင် နိဗ္ဗာန်သို့ ရောက်နိုင်သည်။

မဂ္ဂင်ရှစ်ပါးဟူသည် (၁) သမ္မာဒိဋ္ဌိ- ကောင်းသောအယူ၊ (၂) သမ္မာသင်္ကပ္ပ- ကောင်းသောအကြံ၊ (၃) သမ္မာဝါစာ- ကောင်းသောစကား၊ (၄) သမ္မာကမ္မန္တ- ကောင်းသောလုပ်ခြင်း၊ (၅) သမ္မာအာဇီဝ- ကောင်းသောအသက်မွေးခြင်း၊ (၆)သမ္မာဝါယမ- ကောင်းသောအားထုတ်ခြင်း၊ (၇)သမ္မာသတိ- ကောင်းသောအောက်မေ့ခြင်း၊ (၈) သမ္မာသမာဓိ- ကောင်းသောတည်ကြည်ခြင်းတို့ပင် ဖြစ်သည်။

ဗုဒ္ဓ၏အမှန်တရား သစ္စာလေးပါးကို တရားကိုယ်အရ ကောက်လိုက်လျှင် —

၁။ ဒုက္ခသစ္စာ- လောဘစေတသိက်မှတပါးသော လော ကီဖြစ်သော စိတ်၊ စေတသိက်၊ ရုပ်။

၂။ သမုဒယသစ္စာ-လောဘစေတသိက်။

၃။ နိရောဓသစ္စာ– နိဗ္ဗာန်။

၄။ မဂ္ဂသစ္စာ- မဂ္ဂင်ရှစ်ပါးတို့ပင် ဖြစ်သည်။

ထိုသစ္စာလေးပါးသည် ပုဂ္ဂိုလ်ကို အရိယာဖြစ်အောင် ပြုတတ်သောကြောင့်၎င်း၊ အရိယာပုဂ္ဂိုလ်တို့သည် သိအပ် သောကြောင့်၎င်း၊ သစ္စာတရားတို့တွင် အမှန်ဆုံး အသာဆုံး အမြတ်ဆုံး ဖြစ်ခြင်းကြောင့်၎င်း အရိယသစ္စာလေးပါး (The four noble truths)ဟူ၍ ခေါ်သည်။

ဤကား ဗုဒ္ဓ၏ အမှန်အရားများကို တင်ပြခြင်း ဖြစ် ပါသည်။

× × ×

# ဗုဒ္ဓအဘိဓမ္မာနှင့် အရက်ပြဿနာ

ကိုတင်အောင်။ ။အရက်သောက်တာ အပြစ်ရှိသလား ဆရာ။

ဦးသာချို။ ။အရက်သောက်တာ အပြစ်ရှိတယ်၊ မရှိဘူးဆိုတာကို ဘယ်လိုနည်းနဲ့ ဆုံးဖြတ်ရမလဲ။

အောင်။ ။ဘယ်လိုနည်းဆိုတာ ဘာဆိုလိုတာလဲဆရာ။

ချို။ ။ဘယ်လိုနည်းဆိုတာ လောကမျက်မြင်သဘောနဲ့ ဆုံးဖြတ်ရမလား၊ နိုင်ငံရေးအရဆုံးဖြတ်ရမလား၊ လူ့အဖွဲ့အစည်းရဲ့ဓလေ့ထုံးစံအရ ဆုံးဖြတ်ရမလား၊ ဘာသာရေးအရ ဆုံးဖြတ်ရမလား၊ ဘာသာရေးမှာလဲ ဗုဒ္ဓဘာသာရေးအရလား၊ ခရစ်ယန်ဘာသာရေးအရလား၊ တခြားဘာသာတမျိုးမျိုးအရလားဆိုတာ သတ်မှတ်ဖို့လိုတယ်။

အောင်။ ။ဆရာသဘောအရ ဘယ်နည်းနဲ့ မဆို ဆုံးဖြတ်နိုင်ပါတယ်။ ဒါပေမဲ့ ဗုဒ္ဓအဘိဓမ္မာနဲ့ ပတ်သက်တဲ့ ဆောင်းပါးတွေ ဆရာရေးနေတယ်ဆိုတော့ ဗုဒ္ဓဘာသာအရဘဲ ဆုံးဖြတ်စေချင်ပါတယ်။ ကျွန်တော့အနေနဲ့ လဲ အရက်သောက်တာ ဗုဒ္ဓဘာသာရေးအရ အပြစ်ရှိတယ် မရှိဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို လိုချင်ပါတယ်။

ချို။ ။ဘာလဲ ခင်ဗျားက အရက်သောက်ပြီး အပါယ်ရောက်မှာ ကြောက်လို့ လား။

အောင်။ ။ကျွန်တော့ အနေနဲ့ တော့ အပါယ်ရောက်မှာ မရောက်မှာ ပဓာနမဟုတ်ပါဘူး။ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို လုပ်ရမယ်။ မလုပ်သင့်မလုပ်ထိုက်တဲ့ အလုပ်ကို မလုပ်ဘူးဆိုတာသာ အဓိက ဖြစ်ပါတယ်။ တချို့ ဆရာတွေက အရက်သောက်တာ အပြစ်မရှိဘူးလို့ ဆိုပါလားဆရာ။

ချို။ ။ကြိုက်တတ်လို့ ပြောတာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ သူတို့က ဘယ်နည်းနဲ့ ဆုံးဖြတ်တာလဲ။ ဗုဒ္ဓဘာသာရေးအရဘဲလား။

အောင်။ ။ဟုတ်ပါတယ်ဆရာ၊ ဗုဒ္ဓဘာသာရေးအရဘဲ။

ချို။ ။သူတို့က အရက်သောက်တာ အပြစ်မရှိဘူးဆိုတာ ဘယ်လိုများ အကြောင်းပြသလဲ။

အောင်။ ။သူတို့က ဒုစရိုက်ဆယ်ပါးမှာ သုရာမေရယဆိုတဲ့ အရက်သေစာသောက်စားခြင်းကို မတွေ့ရလို့ တဲ့ဆရာ။

ချို။ ။အော်- ဟုတ်လား၊ ဒါဖြင့်ယင် သုစရိုက်ဆယ်ပါး၊ ပုညကြိယာဆယ်ပါးထဲမှာကော အရက်သောက်တာကို ထည့်သွင်းပြီး ရေတွက်ထားလို့လားလို့ ကျွန်တော်မေးခဲ့ပါတယ်။

အောင်။ ။ကျွန်တော်တော့ မတွေ့ရဘူးဆရာ၊ သူတို့လဲ တွေ့ရမှာ မဟုတ်ပါဘူး။

ချို။ ။ဒါဖြင့်ယင် သူတို့က အရက်သောက်တာဟာ အကုသိုလ်လဲ မဟုတ်ဘူး၊ ကုသိုလ်လဲ မဟုတ်ဘူးလို့ ဆိုလိုတာလား။

အောင်။ ။ဒီလိုသဘောမျိုး ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်၊ ကျွန်တော်တော့ အတတ်မပြောနိုင်ဘူး ဆရာ။ အဲဒီဆရာတို့ တိုက်ရိုက်ပြောတဲ့ စကားတခွန်းကတော့ အပြစ်မရှိဘူးလို့တော့ မဟုတ်ဘူး ငရဲမကြီးဘူးတဲ့ ဆရာ။

ချို။ ။အပြစ်ရှိတယ်၊ ငရဲကြီးတယ်၊ အကုသိုလ်ဖြစ်တယ်၊ ဒုစရိုက်လုပ်တယ်၊ မကောင်းမှုပြုတယ်ဆိုတဲ့ စကားတွေဟာ မြန်မာ့ဝေါဟာရမှာ ကျွန်တော်ကတော့ အဓိပ္ပါယ်အတူတူဘဲလို့ ယူဆပါတယ်။ အဘိဓမ္မာတရပ်ကို တင်ပြတဲ့အခါမှာ မူရင်း အဘိဓမ္မာဆရာရဲ့ ဆိုလိုရင်း အဓိပ္ပါယ် မလွဲမချော်အောင် ရိုးရိုးသားသား တင်ပြစေချင်ပါတယ်။ သူတပါးရဲ့ ဝါဒတခုကို မှန်ကန်စွာတင်ပြပြီးမှ မိမိကြိုက်တယ် မကြိုက်ဘူးဆိုတာ နောက်ထပ် အတ္တနောမတိကို တင်ပြစေချင်ပါတယ်။

အောင်။ ။ဒုစရိုက်ဆယ်ပါးထဲမှာလဲ မပါ၊ သုစရိုက်ဆယ်ပါး၊ ပုညကြိယာဆယ်ပါးထဲမှာလဲ မပါယင် ကုသိုလ်လဲမဖြစ် အကုသိုလ်လဲမဖြစ်ဘူးလို့ မဆိုနိုင်ဘူးလား ဆရာ။

ချို။ ။တစုံတခုလုပ် တစုံတခုပြော တစုံတခုကြံစည်လို့ ကုသိုလ်လဲမဖြစ်ဘူး အကုသိုလ်လဲမဖြစ်ဘူး ဆိုယင်တော့၊ သာမန်လူမဟုတ်တော့ဘူးဗျို၊ ဘုရားရဟန္တာဖြစ်နေပြီ။

အောင်။ ။တစုံတခုလုပ် တစုံတခုပြော တစုံတခုကြံစည်လို့ ကုသိုလ်နှင့်အကုသိုလ်မှာ တခုခုဖြစ်ရမယ်။ ကုသိုလ်မဖြစ်ယင် အကုသိုလ်ဖြစ်ရမယ်။ အကုသိုလ်မဖြစ်ယင် ကုသိုလ်ဖြစ်ရမယ်လို့ ဆရာ ဆိုလိုတာလား။

ချို။ ။ဟုတ်တယ် အစစ်ပေါ့။ တခုခုလုပ်လို့ ကုသိုလ်လဲမဖြစ်၊ အကုသိုလ်လဲမဖြစ်တဲ့လူဟာ ရဟန္တာဖြစ်နေပြီ၊ ဒီဘဝသေယင် နောက်ဘဝမရှိတော့ဘူး။ နိဗ္ဗာန်ကို တန်းတန်းမတ်မတ် ရောက်သွားဘို့ သေချာတယ်။ ပြီးတော့ ခင်ဗျားစိတ်ထဲမှာ စွဲမြဲသွားဘို့အတွက် 'လူတကိုယ်သိုလ်နှစ်ခု' ဆိုတဲ့ဆောင်ပုဒ်ကို ကျက်မှတ်ထားစေချင်ပါတယ်။

အောင်။ ။လူတကိုယ်သိုလ်နှစ်ခု ဆိုတာက ဘာလဲဆရာ။

ချို။ ။အို- ခင်ဗျားက ပြောယင်းဆိုယင်း နားအာတော်ဝေးသွားပြန်ပြီထင်တယ်။ လူတကိုယ်သိုလ်နှစ်ခုဆိုတာ လူတယောက်မှာ ဘာလုပ်လုပ်၊ ဘာပြောပြော၊ ဘာကြံကြံ ကုသိုလ်မဖြစ်ယင် အကုသိုလ်ဖြစ်တယ်၊ အကုသိုလ်မဖြစ်ယင် ကုသိုလ်ဖြစ်တယ်လို့ ဆိုလိုတာပေါ့ဗျ။

အောင်။ ။အရက်သောက်တာ အပြစ်ရှိတယ် မရှိဘူး ဆိုတာ ဆုံးဖြတ်ချက်ပေးပါဦး ဆရာ။

ချို။ ။အရက်သောက်တာ အပြစ်ရှိတယ် မရှိဘူးဆိုတာ ကျွန်တော်ဆုံးဖြတ်ပေးဖို့ မလိုပါဘူး၊ ခင်ဗျားကိုယ်တိုင် စဉ်းစားဝေဖန် ဆုံးဖြတ်နိုင်အောင် အဘိဓမ္မာသဘောတရားနဲ့ ကျွန်တော် တင်ပြပါမယ်။

အောင်။ ။သဘောပေါက်လောက်အောင် ရှင်းပြစေချင်ပါတယ် ဆရာ။

ချို။ ။အရက်သေစာ သောက်စားခြင်းနဲ့ ပတ်သက်ပြီး သုတ္တန်တရားတွေထဲမှာတော့ တော်တော်များများဝေဖန်သုံးသပ်ထားတာကို တွေ့ရှိရပါလိမ့်မယ်။ ရုပ်နာမ်သဘာဝကို ဝေဖန်ထားတဲ့ အဘိဓမ္မာထဲမှာတော့ အရက်သောက်တဲ့ ရုပ်နာမ်သဘာဝရယ်လို့ သီးခြားမရှိဘူး။ ဒါပေမဲ့ အဘိဓမ္မာတရားတော်နဲ့ ဝေဖန်ကြည့်ယင် တိကျတဲ့အဖြေမှန်ကို ကိုယ့်ကိုယ်ကို ဆုံးဖြတ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အရက်သောက်တာ ဘယ်လို ရုပ်နာမ်တွေဖြစ်ပြီး၊ ကုသိုလ်ရတယ်၊ အကုသိုလ်ရတယ်၊ အပြစ်ရှိတယ် မရှိဘူးဆိုတာလဲ ပေါ်ထွက်လာလိမ့်မယ်။

ခု ကျွန်တော် တင်ပြမဲ့ ရုပ်နာမ်သဘောဟာ အရက်တခုထဲကိုသာ ဆိုလိုတာ မဟုတ်ပါဘူး။ ပြုလုပ်သမျှတွေကို အပြစ်ရှိတယ် မရှိဘူးဆိုတာ ဝေဖန်သုံးသပ်စေလိုတဲ့အတွက်ပါဘဲ။ အပြစ်ရှိတယ် မရှိဘူး၊ အကုသိုလ်ဖြစ်တယ်၊ ကုသိုလ်ဖြစ်တယ်

ဆိုတာတွေကို အသိမှာ့သဘောအရ ပေါ်ပေါက်လာတဲ့ စိတ်အစဉ်ကို ကြည့်ပြီး ဆုံးဖြတ်ရလိမ့်မယ်။ စိတ်အစဉ်မှာ ကောင်းတဲ့စိတ်တွေ ပေါ်ပေါက်လာယင် ကုသိုလ်ဖြစ်တယ်လို့၊ မကောင်းတဲ့စိတ်တွေ ပေါ်ပေါက်လာယင် အကုသိုလ်ဖြစ်တယ်လို့ ဆုံးဖြတ်ရလိမ့်မယ်။

သတ္တဝါတွေရဲ့ ကိုယ်ခန္ဓာမှာ စိတ်စေတသိက်တွေဟာ မြစ်ရေအလျဉ် ဆီမီးအလျှံလို အစဉ်မပြတ် ဖြစ်နေတယ်။ ပဋိသန္ဓေစိတ်က စုတိစိတ်ထိအောင် တဘဝလို့ခေါ်တယ်။ ဒီဘဝမှာ ပဋိသန္ဓေစိတ်ကစပြီး စိတ်တွေဟာ အစဉ်မပြတ်ဖြစ်နေတယ်။ စုတိစိတ်ကျပြီးတဲ့နောက်လဲ နောက်ဘဝသို့ကူးပြီး ပဋိသန္ဓေစိတ်ဆိုပြီး အယင်ဘဝရဲ့ စုတိစိတ်နဲ့ ဆက်စပ်ပြီး ဖြစ်ပြန်တယ်။

ဘဝသစ်မှာလဲ ပဋိသန္ဓေစိတ်ဖြစ်ပြီး စိတ်တွေဟာ ဆက်ပြီး ဖြစ်ပြန်တယ်။ ဘဝကူးပေမဲ့ စိတ်အစဉ် မပြတ်ဘူး။ မြစ်ရေအလျဉ်လို ဆီမီးလျှံလို မပြတ်ဖြစ်နေတယ်။ ဘဝပြန်မဖြစ်ဘဲ နိဗ္ဗာန်ရောက်မှဘဲ စိတ်အစဉ်ဟာ ပြတ်သွားတယ်။

အဲဒီစိတ်အစဉ်ထဲမှာလဲ အပြုစိတ်ကတမျိုး၊ အဖြစ်စိတ် အခံစိတ်ကတမျိုးလို့ နှစ်မျိုးနှစ်စား ရှိတာကို တွေ့ရတယ်။ အပြုစိတ်ဆိုတာ ကုသိုလ်အကုသိုလ်စိတ်တွေဖြစ်တယ်။ အဖြစ်စိတ် အခံစိတ် ဆိုတာတွေဟာ အကျိုးဝိပါက်စိတ်တွေ ဖြစ်တယ်။ အဆင်းရူပါရုံနဲ့ မျက်စိအကြည်ဓါတ်နဲ့ တိုက်ဆိုင်မိတဲ့အခါမှာ စက္ခုဝိညာဏ်စိတ်ဆိုတာ ဖြစ်ပေါ်တယ်။

ပြီးတော့ အဲဒီစက္ခုရုပ်ရုံနဲ့ ပတ်သက်ပြီးတော့ လိုချင်တပ်မက်မောခြင်းလဲ ဖြစ်ချင်ဖြစ်မယ်၊ မုန်းတီးခြင်းလဲ ဖြစ်ချင်ဖြစ်မယ်၊ ကြည်ညိုခြင်းလဲ ဖြစ်ချင်ဖြစ်မယ်၊ အသိပညာစိတ်လဲ ပေါ်ချင်ပေါ်မယ်။ ပြီးတော့ အသံတွေ အာရုံတွေနဲ့ နားအကြည်ဓါတ်စသည်တို့နဲ့ တိုက်ဆိုင်တဲ့ အခါမှာလဲ သောတဝိညာဏ်စတဲ့ စိတ်တွေဖြစ်ပေါ်လာတယ်။ လောဘဒေါသစတဲ့ စိတ်စေတသိက်တွေ ဖြစ်ပေါ်လာတယ်။

အဲဒီတော့ ရုပ်ရုံနဲ့ မျက်စိအကြည် တိုက်ဆိုင်ပြီးဖြစ်တဲ့ စက္ခုဝိညာဏ်စိတ်ဟာ အဖြစ်စိတ် အခံစိတ်ဖြစ်တယ်။ အဲဒီအဖြစ်စိတ် အခံစိတ်ဟာ အကျိုးဝိပါက်စိတ်ဖြစ်တယ်။ ပြီးတော့ စက္ခုဝိညာဏ်ဖြစ်ပြီးတဲ့နောက် အဲဒီရုပ်ရုံကိုဘဲ အစွဲပြုပြီး ဖြစ်တဲ့ လောဘစိတ်၊ ဒေါသစိတ်၊ သဒ္ဓါစိတ်၊ အသိပညာစိတ်စတဲ့ စိတ်တွေဟာ အပြုစိတ်ဖြစ်တယ်။ အဲဒီအပြုစိတ်တွေဟာ ကုသိုလ် အကုသိုလ်စိတ်တွေ ဖြစ်တယ်။

အောင်။ ။အဲဒီစိတ်တွေ ဖြစ်ပုံတွေဟာ ကျွန်တော်တော့ သိပ်မရှင်းသေးဘူးဆရာ။

ချို။ ။စိတ်အစဉ်တွေ ဖြစ်ပျက်ပုံကို ထပ်ပြီး ရှင်းရယင် စိတ်စေတသိက်တွေရဲ့ ခရီးစဉ်ဆိုတဲ့ ဝီထိပုံတွေနဲ့ ရှင်းရပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်ရှင်းလွန်းယင် ခင်ဗျားရှုပ်သွားလိမ့်မယ်။ ခင်ဗျားနားလည်ရုံဘဲ ကျွန်တော် ဥပမာနဲ့ ရှင်းပါဦးမယ်။

ခင်ဗျားဟာ လမ်းလျှောက်သွားတဲ့အခါမှာ ချောညက်တင့်မောတဲ့ မိန်းကလေးတယောက်ကို လမ်းပေါ်မှာတွေ့

တယ်။ အဲဒီလိုတွေ့တယ် ဆိုယင်ဘဲ ခင်ဗျားရဲ့မျက်စိအကြည် ဓါတ်နဲ့ မိန်းကလေးရဲ့ရူပါရုံဟာ တိုက်ဆိုင်ပြီးတော့ ခင်ဗျား မျက်စိနဲ့ပတ်သက်တဲ့ စက္ခုအကြည်မှာ မှီနေတဲ့ စက္ခုဝိညာဏ်စိတ်ခေါ်တဲ့ စိတ်ဟာ ဖြစ်ပေါ်လာတယ်။ အဲဒီတော့ ခင်ဗျားမှာ စက္ခုဝိညာဏ်စိတ်ဖြစ်ပြီး စိတ်အစဉ်ဟာ ရပ်တန့်နေရော့လား။ မနေဘူး။ တခြားစိတ်တွေဆက်ပြီး ဖြစ်တယ်။ စိတ်တွေဟာ မရပ်မနား တခုပြီးတခု ဆက်လက်ပြီး ဖြစ်နေပြန်တယ်။ အဲဒီလောက်ချောတဲ့ မိန်းကလေးကို တွေ့မြင်ရတော့ နောက်ထပ် ခင်ဗျားစိတ်ထဲမှာ ဘာတွေ ဖြစ်သေးသလဲ။

အောင်။ ။ဒီခလေးမလေးနဲ့ ငါနဲ့ ညားလိုက်ရယင် ဘယ်လောက် ကောင်းလိမ့်မလဲလို့ စိတ်ကူးမိတာပေါ့ဆရာ ဟဲဟဲ။

ချို။ ။အဲဒီကထဲကပင် ခင်ဗျားမှာ တဏှာခေါ်တဲ့ လောဘစိတ်တွေဖြစ်ပေါ်လာတယ်မှတ်လား။ အဲဒီစိတ်တွေဟာ အခံစိတ်လား၊ အပြုစိတ်လား။

အောင်။ ။အပြုစိတ်ခေါ်ရမှာပေါ့ဆရာ။

ချို။ ။အဲဒီအပြုစိတ်ဟာ အကြောင်းစိတ်လား၊ အကျိုးစိတ်လား။

အောင်။ ။အပြုစိတ်ဟာ အကြောင်းစိတ် ခေါ်ရမှာပေါ့ ဆရာ။

ချို။ ။အကြောင်းစိတ်ဆိုတော့ ကုသိုလ်အကုသိုလ်လား၊ အကျိုးဝိပါက်လား။

အောင်။ ။အကြောင်းစိတ်ဟာ ကုသိုလ်အကုသိုလ်ပေါ့ ဆရာ။

ချို။ ။အကြောင်းစိတ်ဟာ ကုသိုလ်အကုသိုလ်ဆိုယင် ခုနက မိန်းခလေးကို တပ်နှစ်သက်တဲ့ ခင်ဗျားရဲ့ လောဘစိတ်ဟာ ကုသိုလ်လား အကုသိုလ်လား။

အောင်။ ။မကောင်းတဲ့စိတ် ဆိုရမှာဖြစ်တော့ အကုသိုလ် ဆိုရမှာပေါ့ ဆရာ။

ချို။ ။ရူပါရုံနဲ့ မျက်စိအကြည်ဓါတ်ပေါင်းဆုံမိလို့ ဖြစ်ပေါ်လာတဲ့ စက္ခုဝိညာဏ်စိတ်၊ သဒ္ဒါရုံနဲ့ နားအကြည်ဓါတ် ပေါင်းဆုံမိလို့ ဖြစ်ပေါ်လာတဲ့ သောတဝိညာဏ်စိတ်၊ ဂန္ဓာရုံနဲ့ နှာခေါင်းအကြည်ဓါတ် ပေါင်းဆုံမိလို့ ဖြစ်ပေါ်လာတဲ့ ဃာနဝိညာဏ်စိတ် ရသာရုံနဲ့ လျှာအကြည်ဓါတ် ပေါင်းဆုံမိလို့ ဖြစ်ပေါ်လာတဲ့ ဇိဝှါဝိညာဏ်စိတ်၊ ဖောဋ္ဌဗ္ဗာရုံနဲ့ ကိုယ်အကြည်ဓါတ် ပေါင်းဆုံမိလို့ ဖြစ်ပေါ်လာတဲ့ ကာယဝိညာဏ်စိတ်စတဲ့ စိတ်တွေကတော့ အဖြစ်စိတ်သက်သက် သို့မဟုတ် အခံစိတ်တွေဖြစ်လို့ အကျိုးဝိပါက်စိတ်တွေ ဖြစ်တယ်။

အလိုရှိအပ်တဲ့ ဣဋ္ဌာရုံနဲ့တွေ့လို့ ဖြစ်ပေါ်လာတဲ့ စက္ခုဝိညာဏ်ကို အကုသိုလ်ရဲ့အကျိုးဖြစ်တဲ့ စက္ခုဝိညာဏ်လို့ ခေါ်တယ်။

အလိုမရှိအပ်တဲ့ အနိဋ္ဌာရုံနဲ့တွေ့လို့ ဖြစ်ပေါ်လာတဲ့ စက္ခုဝိညာဏ်စိတ်ကို အကုသိုလ်ရဲ့အကျိုးဖြစ်တဲ့ စက္ခုဝိညာဏ်လို့ ခေါ်တယ်။

စက္ခုဝိညာဏ်နည်းတူဘဲ၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ် စသည်တို့မှာလဲ ကုသိုလ်ရဲ့အကျိုး အကုသိုလ်ရဲ့အကျိုးလို့ နှစ်မျိုးရှိတယ်။ ပြီးတော့ ခင်ဗျားကို ကျွန်တော်မေးပါအုံးမယ်။ လမ်းပေါ်လျှောက်သွားလို့ အဖွါးအိုကြီးတယောက်နဲ့တွေ့ယင် ခင်ဗျားစိတ်ဘယ်လိုဖြစ်သလဲ။

အောင်။ ။မြင်ရတာ စိတ်သိပ်မချမ်းသာဘူးပေါ့ ဆရာ။

ချို။ ။အဲဒီတော့ ခင်ဗျားမှာ စိတ်နှလုံးမချမ်းသာဘူးဆိုတော့ ဆုတ်နစ်တဲ့ ဒေါသစိတ်တွေဖြစ်သွားပြီ။ တခါတလေတော့လဲ အဘိုးကြီးအဖွါးကြီးတွေကို မြင်ပြီး ငါလဲ သူတို့လို အိုရမှာဘဲဆိုတဲ့ အသိပညာနဲ့ ပတ်သက်တဲ့စိတ်တွေ ဝင်မလာဘူးလား။ ပြီးတော့ သူတပါးကောင်းကျိုးချမ်းသာကို လုပ်ကိုင်တဲ့ လူနဲ့ တွေ့ယင်လဲ ကြည်ညိုတဲ့စိတ်တွေ ပေါ်မလာဘူးလား။

အောင်။ ။ဖြစ်တတ်ပါတယ်ဆရာ။

ချို။ ။အဲဒီတော့ ရူပါရုံနဲ့ မျက်စိအကြည် ပေါင်းဆုံပြီး စက္ခုဝိညာဏ်ဖြစ်တယ်။ အဲဒါကိုဘဲ အကြောင်းပြုပြီး ကုသိုလ်အကုသိုလ်စိတ်တွေဟာ နှလုံးသွင်းအားလျော်စွာ ဖြစ်

နိုင်တာဘဲ မဟုတ်လား။ အဲသလို ဖြစ်ပေါ်လာတဲ့ ကုသိုလ် အကုသိုလ်စိတ်တွေကို ဇောစိတ်တွေလို့ ခေါ်တယ်။ အဲဒီ တော့ အာရုံခြောက်ပါးနဲ့ တွေ့ကြုံတဲ့အခါ ကုသိုလ်ဖြစ်ယင် ဖြစ်၊ မဖြစ်ယင် အကုသိုလ်ဖြစ်ရမယ်။ ဘုရားရဟန္တာတွေ တောင်မှ ကုသိုလ်စိတ်တွေ ဖြစ်ပါသေးတယ်။ ဒါပေမဲ့ ဘုရား ရဟန္တာတွေမှာဖြစ်တဲ့ ကုသိုလ်တွေကို နောက်အကျိုးပေးစရာ မရှိ အပွင့်ပွင့်ပြီး အဆီးမသီးသလို ဖြစ်နေတော့ နာမယ် ပြောင်းပြီး ကုသိုလ်စိတ်ကို ကြိယာစိတ်လို့ ခေါ်တယ်။ ဒါ ကြောင့်လဲ ဘုရားရဟန္တာတွေမှာ ကုသိုလ်လဲ မရှိဘူး၊ အကု သိုလ်လဲ မရှိဘူးလို့ ပြောကြတယ်။ ဒါကြောင့် လူတွေဟာ ဘုရားရဟန္တာမဖြစ်သေးယင် တစုံတခုလုပ်၊ တစုံတခုပြော၊ တစုံတခုကြံစည်ယင် ကုသိုလ်ဖြစ်ယင်ဖြစ်၊ ကုသိုလ်မဖြစ်ယင် အကုသိုလ်ဖြစ်စမြဲပါဘဲ။ ဒါကြောင့် လူတကိုယ် သိုလ်နှစ်ခု လို့ ဆိုရတာဘဲမဟုတ်လား အဲဒီတော့ အရက်သောက်တာ ဟာ အကုသိုလ်ဖြစ်ယင်ဖြစ်၊ မဖြစ်ယင် ကုသိုလ် ဖြစ်မှာဘဲ။ ကုသိုလ်လဲမဖြစ်ဘူး၊ အကုသိုလ်လဲ မဖြစ်ဘူး ဆိုတာကတော့ ဗုဒ္ဓဝါဒမှာ မရှိဘူး၊ အဲဒီတော့ အရက်သောက်တာဟာ ကုသိုလ်ဘက် ပါမလား၊ အကုသိုလ်ဘက် ပါမလားဆိုတာ ခင်ဗျားတွေးတောနိုင်မယ့်သဘောတရားကို နောက်တနေ့မှ ဘဲ ဆက်လက်ဆွေးနွေးကြသေးတာပေါ့။ ဒီနေ့တော့ အချိန် ကလဲ မရှိတော့တဲ့အတွက် ဒီလောက်နဲ့ဘဲ ခွဲကြပါစို့။

အောင်။ ။ဟုတ်ကဲ့ ဆရာ ဆရာပြောပြလို့ ရုပ်နာမ် သဘာဝတွေကို သိရလို့ သိပ်ကျေးဇူးတင်တာဘဲဆရာ၊ ကျွန် တော့ကို ခွင့်ပြုပါအုံး ဆရာ။

ချို။ ။ဟုတ်ကဲ့၊ နောက်မှဘဲ လူတကိုယ် သိုလ်နှစ်ခုနဲ့ အရက်ပြဿနာကို ဆက်လက်ပြီး ဆွေးနွေးကြသေးတာပေါ့။

## အရက်ပြဿနာနှင့် လူတကိုယ်သိုလ်နှစ်ခု

အောင်။ ။တနေ့က လူတကိုယ်သိုလ်နှစ်ခုနဲ့ အရက်ပြဿနာကို ဆက်ပါဦး ဆရာ။

ချို။ ။ရုပ်နာမ်သဘာဝကို လေ့လာကြည့်ယင် တစုံတခုလုပ်ယင် ကုသိုလ်မဖြစ်ယင် အကုသိုလ်ဖြစ်တယ်၊ အကုသိုလ်မဖြစ်ယင် ကုသိုလ်ဖြစ်တယ်ဆိုတဲ့ သဘောကိုတော့ အတော်အတန် တီးခေါက်မိသွားပြီ မဟုတ်လား။ လူတယောက်မှာ ပြုလုပ်ချက်တွေကတော့ အများကြီး၊ ဒါပေမဲ့ အကုသိုလ်ဘက်မှာဆိုယင် ဒုစရိုက်က ဆယ်မျိုးဘဲရှိတယ်။ ကုသိုလ်ဘက်မှာလဲ သုစရိုက် ဆယ်ပါး ပုညကြိယာ ဆယ်ပါးဘဲရှိတယ်။ ဒုစရိုက်ဆယ်ပါးဆိုတာ ခင်ဗျားသိတဲ့အတိုင်းဘဲ သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ သူတပါး သားမယားကို ပြစ်မှားခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ သူနှစ်ယောက်ကြားမှာ ဂုံးတိုက် ခြေထိုးခြင်း၊ ကြမ်းတန်းသော စကားကို ဆိုခြင်း၊ ပြိန်ဖျင်းတဲ့ စကားကို ပြောဆိုခြင်း၊ သူတပါး စည်းစိမ်ကို ကြံစည်ခြင်း၊ သူတပါးအသက်စည်းစိမ်ကို ဖျက်ဆီးလိုခြင်း၊ မှားသော အယူကို ယူခြင်း၊ အဲဒီဆယ်ပါးဟာ ဒုစရိုက်တွေဖြစ်တယ်။ ပြီးတော့ အဲဒီဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်ယင် သူ့စရိုက်ဆယ်ပါးဖြစ်တယ်။ ပြီးတော့ အလှူပေးခြင်း၊ သီလ ဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းခြင်း၊ ရတနာသုံးပါး ဆရာသမား စသည်တို့အား အရိုအသေပြု

ခြင်း၊ ဝတ်ကြီးဝတ်ငယ်ပြုခြင်း၊ အမျှဝေခြင်း၊ သာဓုခေါ်ခြင်း၊ တရားနာခြင်း၊ တရားဟောခြင်း၊ ဖြောင့်မတ်သော အယူကိုယူခြင်း၊ အဲဒီ ဆယ်ပါးဟာပုညကြိယာ ဆယ်ပါး ဖြစ်ဘယ်၊ ဒုစရိုက်လုပ်ယင် အကုသိုလ်ဖြစ်တယ်၊ အပြစ်ရှိတယ်၊ ငရဲကြီးတယ်လို့ လူတိုင်းနားလည်ကြတယ်။ ပြီးတော့ သုစရိုက်ဆယ်ပါး ပုညကြိယာဆယ်ပါးကို ပြုလုပ်ယင် ကုသိုလ်ဖြစ်တယ်၊ အပြစ်မရှိဘူး၊ ကောင်းရာသုဂတိသို့ ရောက်နိုင်တယ်လို့ လူတိုင်း နားလည်ကြပါတယ်။ တခါတခါ တစုံတခု ပြုလုပ်တဲ့အခါမှာ ဒုစရိုက်ဆယ်ပါးလဲမပါ၊ သုစရိုက်ဆယ်ပါး ပုညကြိယာဆယ်ပါးလဲ မပါဝင်သလို ဖြစ်နေတဲ့အတွက် အကုသိုလ်လဲ မဖြစ်ဘူး၊ ကုသိုလ်လဲ မဖြစ်ဘူးလို့ ယင်မှတ်နေကြတယ်။ အမှန်မှာတော့ ဘယ်အလုပ်လုပ် ဒုစရိုက်ဆယ်ပါး သုစရိုက်ဆယ်ပါးထဲမှာ ပါဝင်တာချည်းဘဲ။ ပါဝင်အောင်လဲ တွေးတောဆင်ခြင်တတ်ရမယ်။ ပြုလုပ်သမျှတော့ကို ဒုစရိုက်ဆယ်ပါး၊ သုစရိုက်ဆယ်ပါး၊ ပုညကြိယာဆယ်ပါးထဲမှာ တူရာပေါင်းပြီး ရေတွက်ရလိမ့်မက်။ ဦးဘာနဲ့ဦးမြ ရန်ဖြစ်လို့ တရားရုံး ရောက်တဲ့အခါမှာ ဦးဘာနဲ့ဦးမြ အကြောင်းရေးထားတဲ့ ဥပဒေမရှိလို့ တရား မဆုံးဖြတ်နိုင်တဲ့ တရားသူကြီးလို ဖြစ်နေယင် မဟန်တော့ဘူးဗျို့။ တနည်းအားဖြင့်ဆိုယင် ဒုစရိုက်ဆယ်ပါး သုစရိုက်ဆယ်ပါး ပုညကြိယာ ဆယ်ပါးဆိုတာ ထင်ရှားကြီးကျယ်တဲ့ ဆယ်မျိုးကိုသာ ဥဒါဟရဏ်အဖြစ်နဲ့ ပေါ်ပြထားတယ်။ ဒီဆယ်မျိုး ဆယ်မျိုးအပြင် ဒုစရိုက်တွေ သုစရိုက်တွေ အများကြီးရှိသေးတယ်လို့ ယူဆယ်ဆိုယင် ယူဆနိုင်ပါတယ်။

အောင်။ ။ဒါဖြင့်ယင် ဘယ်နည်းနဲ့ အကုသိုလ်ဖြစ်တယ်၊ ကုသိုလ်ဖြစ်တယ် ဒုစရိုက်ဖြစ်တယ်၊ သုစရိုက်ဖြစ်တယ် ဆိုတာ သိနိုင်မလဲဆရာ။

ချို။ ။ဒါကတော့ ကိုယ်ပိုင်ဉာဏ်နဲ့လဲ တွေးတောဆင်ခြင်နိုင်ရမယ်။ဘုရားဟောထားတဲ့ အချက်အလက်တွေနဲ့လဲ ညှိနိုင်းကြည့်နိုင်ရမယ်၊ အထူးသဖြင့် စဉ်းစားစရာကတော့ ငါလုပ်ခဲ့တာတွေဟာ အကုသိုလ်စိတ် ဆယ့်နှစ်ခုနဲ့ အဲဒီ အကုသိုလ်စိတ်မှာ ယှဉ်တဲ့ စေတသိက်တွေထဲမှာ ဘယ်စိတ်စေတသိက်တွေနဲ့ ပြုလုပ်တယ်ဆိုတာ စဉ်းစားကြည့်တတ်ရမယ်။ ပြီးတော့ ကုသိုလ်စိတ် နှစ်ဆယ့်တခုနဲ့ အဲဒီ ကုသိုလ်စိတ်နဲ့ ယှဉ်တဲ့ စေတသိတ်တွေမှာ ဘယ်စိတ် ဘယ်စေတသိတ်တွေနဲ့ ပြုလုပ်တယ်ဆိုတာ စဉ်စားကြည့်တတ်ရမယ်။ ဒုစရိုက်ဆယ်ပါး သုစရိုက်ဆယ်ပါးမှာ ပါမပါကို စဉ်းစားကြည့်နိုင်ရမယ်၊ ဒီထက်ပိုပြီးတော့လဲ အကုသိုလ် စိတ် စေတသိက်တွေ ဖြစ်သလား၊ ကုသိုလ် စိတ် စေတသိက်တွေ ဖြစ်သလား ဆိုတာ စဉ်းစားနိုင်ရမယ်။ စိတ်စေတသိက်တွေနဲ့ စဉ်းစားတာက ပိုပြီး အဘိဓမ္မာဆန်တယ်။

အောင်။ ။ဗုဒ္ဓအဘိဓမ္မာကိုလဲ နားမလည်၊ အကုသိုလ်စိတ် ဆယ့်နှစ်၊ ကုသိုလ်စိတ် နှစ်ဆယ့်တစ်နဲ့ သဘောသဘာဝကိုလဲ မသိတဲ့လူတွေအတွက်ကော ဘယ်လိုလုပ်ပြီး ကိုယ်လုပ်တဲ့အလုပ်ဟာ အပြစ်ရှိတယ်၊ မရှိဘူးဆိုပြီး စဉ်းစားသဘောပေါက်နိုင်မှာလဲ ဆရာ။

ချို။ ။ဒါကတော့(Common Sense) ဆိုတဲ့ ကိုယ်ပိုင်ညာဏ်သဘောပါလာတယ်။ ငါလုပ်တဲ့အလုပ်ဟာ ကိုယ့်အကျိုး တခြားလူအကျိုး ဖြစ်စေလိုတဲ့ စိတ်စေတနာနဲ့ လုပ်သလား၊ ကိုယ့်အကျိုးယုတ်မှု သူတပါးအကျိုးယုတ်မှု ဖြစ်စေလိုတဲ့ စိတ်စေတနာနဲ့ လုပ်သလားဆိုတာ စဉ်းစားကြည့်ယင် သိနိုင်ပါတယ်။ ဆိုလိုရင်းကတော့ ကောင်းတဲ့နှလုံးသွင်းကို အခြေခံသလား မကောင်းတဲ့နှလုံးသွင်းကို အခြေခံသလား ဆိုတာပါဘဲ။ ကောင်းတဲ့ နှလုံးသွင်းကိုအခြေခံပြီး ကိုယ့်အကျိုး တခြားလူအကျိုးကို ဖြစ်စေလိုတဲ့ စိတ်စေတနာနဲ့ လုပ်ယင် ကုသိုလ်ဖြစ်မယ်လို့ ယူဆရမယ်။ မကောင်းတဲ့နှလုံးသွင်းကို အခြေခံပြီး ကိုယ့်အကျိုးယုတ်မှု သူတပါးအကျိုးယုတ်မှုကို လုပ်ယင် အကုသိုလ်ဖြစ်မယ်လို့ ယူဆရမယ်။

အောင်။ ။လူတယောက်ဟာ တခြားလူတယောက်အတွက် ကောင်းကျိုးချမ်းသာဖြစ်အောင် လုပ်တယ်။ ဒါပေမဲ့ သူဖြစ်ချင်သလိုမဖြစ်ဘဲ တခြားလူမှာ အကျိုးပျက်စီးမှု ဖြစ်သွားတယ်။ အဲသလိုဖြစ်သွားတော့ ကောင်းကျိုးချမ်းသာဖြစ်စေချင်တဲ့သဘောနဲ့ လုပ်တဲ့လူဟာ ကုသိုလ်ရတယ် ဆိုနိုင်မှာလား။

ချို။ ။အခုခေတ် ဖီလော်ဆိုဖီများမှာ အမှားအမှန်ကို အကျိုးသက်ရောက်မှု အပေါ်မှာ တည်ပြီးတော့ ဆုံးဖြတ်ရမယ်လို့ ဆိုကြပါတယ်။ ဒါပေမဲ့ ဗုဒ္ဓအဘိဓမ္မာမှာတော့ အကြောင်း ( Action ) နဲ့ အကျိုးသက်ရောက်မှု (Result) နှစ်မျိုး အနက်မှာအပြစ်ရှိတာမရှိတာကို Result အပေါ်မှာ တည်

ပြီးတော့ မစဉ်းစားဘဲ Action အပေါ်မှာ တည်ပြီးတော့ ပြုလုပ်သူရဲ့ စိတ်စေတနာအလျှောက် ဆုံးဖြတ်ရပါတယ်။ ကောင်းတဲ့ စိတ်စေတနာနဲ့ လုပ်ယင် အကျိုးရှိရှိ မရှိရှိ ကုသိုလ်ဘဲ။ မကောင်းတဲ့ စိတ်စေတနာနဲ့ လုပ်ယင်လဲ အကျိုးရှိရှိ မရှိရှိ အကုသိုလ်ဘဲလို့ ယူဆရပါတယ်။

အောင်။ ။လူတယောက်ဟာ ကိုယ့်ဟာကိုယ်တော့ ထင်ရာရှောက်လုပ်နေတယ်။ သူတပါးကိုတော့ ဘာတခုမှ အကျိုးပျက်စီးအောင် မလုပ်ဘူး။ ဒီလူကို မကောင်းမှုလုပ်တဲ့လူ အပြစ်ရှိတဲ့လူလို့ ယူဆနိုင်ပါ့မလား ဆရာ။ ဥပမာအားဖြင့် ဆိုယင် လူတယောက်ဟာ အရက်တော့သောက်တယ်၊ သူတပါးကို ဆဲလဲမဆဲဘူး၊ ရိုက်လဲမရိုက်ဘူး၊ ဒီလူကို အပြစ်ရှိတဲ့လူလို့ ဆိုနိုင်ပါ့မလား။

ချို။ ။ဒါကို ဗုဒ္ဓရဲ့ အခြေခံဝါဒနဲ့ ညှိပြီး ဆုံးဖြတ်ချက်ပေးရပါလိမ့်မယ်။ သူတပါးအကျိုးယုတ်အောင် မလုပ်ပေမဲ့လို့ ကိုယ့်ဟာကိုယ် အကျိုးယုတ်အောင်လုပ်ယင် အကုသိုလ်ဖြစ်တယ်လို့ ယူဆနိုင်ပါတယ်။ မြတ်စွာဘုရားဟာ ဘုရားဖြစ်ပြီးတဲ့နောက် ပဥ္စဝဂ္ဂီငါးဦးနဲ့ တွေ့ပြီး တရားဦးအနေနဲ့ ဟောတဲ့အခါ ဗုဒ္ဓရဲ့ဝါဒလမ်းစဉ်ကို အကျဉ်းအားဖြင့် ချမှတ်ခဲ့တယ်။ ဗုဒ္ဓရဲ့ ဝါဒလမ်းစဉ်ကို အလယ်အလတ်လမ်း (Middle Way) အဖြစ်နဲ့ ချမှတ်ခဲ့တယ်။

အောင်။ ။အလယ်အလတ်လမ်းဆိုတာ ဘာလဲ ဆရာ။

ချို။ ။အလယ်အလတ်လမ်းဆိုတာ နှစ်ဘက်အစွန်လွှတ်တဲ့ လမ်းဘဲ။ မြတ်စွာဘုရားရဲ့ လမ်းစဉ်ဟာ သစ္စာလေးပါးကို ရှာဖွေတဲ့ လမ်းစဉ်ဖြစ်တယ်။ ဒုက္ခသစ္စာကို သိရမယ်၊ သမုဒယသစ္စာကို ပယ်ရမယ်၊ မဂ္ဂသစ္စာကို ပွားများပြီး နိရောဓသစ္စာသို့ ဆိုက်ရောက်ရမယ့် လမ်းစဉ်ဖြစ်တယ်။ နိရောဓသစ္စာဆိုတာ နိဗ္ဗာန်ပါဘဲ။ နိဗ္ဗာန်ရောက်ဘို့ ကျင့်ရမယ်။ နိဗ္ဗာန်ရောက်ဘို့အတွက် အစွန်းနှစ်ဘက်လွှတ်တဲ့ အလယ်အလတ်လမ်းကို လိုက်ရမယ်။ နှစ်ဘက်အစွန်းကတော့ လကျ်ာနဲ့ လက်ဝဲလမ်းတွေ ဖြစ်တယ်။ လကျ်ာလမ်းဆိုတာက ဇိမ်ခံတာတွေဖြစ်တယ်။ လက်ဝဲလမ်းဆိုတာကတော့ ကိုယ့်ကိုယ်ကို ညှင်းဆဲခြင်းဖြစ်တယ်။ ဇိမ်ခံယင် ကိုယ့်ကိုယ်ကိုညှင်းဆဲယင် အပြစ်ရှိတယ်လို့ ဘုရားဟောခဲ့တယ်။ အဲဒီတော့ ဇိမ်ခံတာ ကိုယ့်ကိုယ်ညှင်းဆဲပြီး ကျင့်ကြံတာဟာ သူတပါးနဲ့ မဆိုင်ဘူး၊ ကိုယ့်ကိုယ်ကိုနဲ့ဘဲ ဆိုင်တယ် မဟုတ်ဘူးလား။ ဒါကြောင့် အရက်သောက်တာဟာ သူများအကျိုးယုတ်အောင် မလုပ်၊ ကိုယ့်ကိုယ်ကို လုပ်ချင်တာ လုပ်တယ်ဆိုပေမယ်လို့ အရက်သောက်တာဟာ ဇိမ်ခံတာ ဟုတ်သလား မဟုတ်ဘူးလား၊ ကိုယ့်ကိုယ်ကို ညှင်းဆဲတာ ဟုတ်သလား မဟုတ်ဘူးလား၊ကိုယ့်ကိုယ်ကို အကျိုးရှိအောင် လုပ်သလား၊ အကျိုးယုတ်အောင်လုပ်သလား ဆိုတာကို စဉ်းစားဘို့ လိုပါတယ်။ ပြီးတော့ အရက်သောက်ချင်တဲ့ စိတ်၊ အရက်သောက်တဲ့စိတ်၊ အရက်သောက်ပြီး ဖြစ်ပေါ်လာတဲ့ စိတ်စေတသိက်တွေဟာ ကုသိုလ်စိတ်ထဲမှာ ပါဝင်သလား၊ အကုသိုလ်စိတ်ထဲမှာ ပါဝင်သလား ဆိုတာကို အဘိဓမ္မာနည်းဆန်ဆန် စဉ်းစားတွေး

တော့ရလိမ့်မယ်။ လူတကိုယ်သိလ်နှစ်ခု ဆိုတဲ့အတိုင်းလဲ ကုသိုလ်စိတ်ဖြစ်ယင်ဖြစ်၊ မဖြစ်ယင် အကုသိုလ်စိတ် ဖြစ်တယ်ဆိုတာလဲ စွဲမှတ်ထားရှိစေရယ်။ ကိုယ့်ဘာသာကိုယ် ဘာဘဲလုပ်လုပ် သူတပါး အကျိုးမယုတ်ယင် အပြစ်မရှိဘူးဆိုတာဟာ ဗုဒ္ဓလမ်းစဉ်နဲ့ မကိုက်ဘူး။ ကိုယ့်ဟာကို အကျိုးယုတ်အောင် လုပ်တာလဲ ဗုဒ္ဓလမ်းစဉ်အရ အပြစ်ရှိတယ်။

အောင်။ ။အရက်သောက်တာ အပြစ်ရှိမရှိဆိုတာ စဉ်းစားစရာ တခြားနည်းလမ်းတွေကော မရှိတော့ဘူးလား ဆရာ။

ချို။ ။ရှိပြီလား၊ အများကြီးရှိပါတယ်။ မင်္ဂလာတရားနဲ့လဲ စဉ်းစားကြည့်နိုင်ပါတယ်။ မင်္ဂလာတရားဆိုတာ လုပ်တဲ့ခါလဲ အပြစ်မရှိတဲ့အလုပ်လဲ ဖြစ်တယ်။ လုပ်ပြီးတဲ့အခါမှာလဲ ကောင်းကျိုးချမ်းသာဖြစ်နိုင်တယ်။ နောက်လဲ အကုသိုလ်တရားတွေ ဝင်မလာနိုင်ဘဲ ကုသိုလ်တရားတွေ ပွါးများနိုင်တဲ့ကျင့်စဉ်ကို မင်္ဂလာလို့ခေါ်တယ်။ အဲဒီတော့ အရက်သောက်တာဟာ မင်္ဂလာတရား ဖြစ်နိုင်မှာလား၊ အမင်္ဂလာတရား ဖြစ်နိုင်မှာလား ဆိုတာကို စဉ်းစားကြည့်ယင် သိနိုင်ပါတယ်။

အရက်သောက်ယင် ပိုက်ဆံကုန်တယ်၊ ကြွေးတင်တယ်၊ ကြွေးတင်ယင် ကောင်းကျိုးချမ်းသာဆိုတဲ့ မင်္ဂလာတရားတွေ ဖြစ်နိုင်မှာလား၊ မဖြစ်နိုင်ဘူးလား။ စဉ်းစားကြည့်ယင် သိနိုင်တယ်။ အရက်သောက်ယင် ဘုကျတယ်၊ လူနဲ့ဆက်ဆံရေးအဆင်မပြေဘူး။ အဲဒီတော့ မင်္ဂလာတရားတွေ ဖြစ်နိုင်

မှာလား မဖြစ်နိုင်ဘူးလား။ အရက်သောက်ယင် အဆုတ်နာ သွေးတိုးစတဲ့ ရောဂါဝေဒနာဖြစ်နိုင်တယ်။ အဲဒါတွေ မင်္ဂလာတွေလား အမင်္ဂလာတွေလား။ ပြီးတော့ အရက်သောက်ယင် လမ်းပေါ်မှာ လဲပြီး နဖူးကွဲချင်လဲ ကွဲနိုင်တယ်။ ရေနစ်ပြီး သေချင်လဲ သေနိုင်တယ်၊ အန်ဖတ်ဆို့ပြီး သေချင်လဲ သေနိုင်တယ်။ အရူးထောင်သို့ ရောက်ချင်လဲ ရောက်နိုင်တယ်။ ဒါတွေကတော့ စာရေးဆရာတွေ ပန်းချီဆရာတွေကို စောင်းပြောတာ မဟုတ်ပါဘူးလေ။ ဖြစ်တတ်တဲ့သဘောကို ပြောတာပါ။ အဲဒါတွေဟာ မင်္ဂလာ (Blessing) တွေလား၊ အမင်္ဂလာ (Curse) တွေလား။

အောင်။ ။ဟုတ်ကဲ့ဆရာ ကျွန်တော်သတိရပါပြီ။ ဒါဖြစ်လို့ မင်္ဂလာသုတ်ထဲမှာ သေရည်သေရက်သောက်ခြင်းမှ ရှောင်ကြဉ်ရမယ်လို့ ဟောထားတာ ဖြစ်ရမှာဘဲဆရာ။ အရက်သောက်လို့ ငရဲမကြီးဘူးလို့ တချို့လူတွေ ပြောတာဟာ မှန်ဘယ် မမှန်ဘူးဆိုတာ အကြောင်းယုတ္တိနဲ့ ရှင်းပြလို့ ကျွန်တော် အတော်အတန် နားရှင်းသွားပါပြီ။ ဒါပေမဲ့ နောက်တခု ဆရာကို မေးချင်တာကတော့ အရက်သောက်လို့ ငရဲကြီးတယ်ဆိုတာကို ဘုရားကိုယ်တိုင် ဟောတဲ့ ပါဠိကော ရှိပါသလားဆရာ။ တချို့လူတွေက ဘုရားဟောမရှိဘဲနဲ့ အဋ္ဌကထာဆရာတွေ ဝါယောပန်းတယ်လို့ ဆိုချင်ကြပါတယ်။

ချို။ ။အဋ္ဌကထာဆရာတွေက ဘုရားဟော ပါဠိတော်ကို ဖွင့်ဆိုတယ်ဆိုတာလဲ ဘုရားဟောထဲက အထောက်အထား

နဲ့ အကြောင်းယုတ္တိမရှိဘဲ အရမ်းကာရော ဖွင့်ဆိုတာ မဟုတ်ပါဘူး။ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ယောဇနာဆိုတဲ့ အဖွင့်ကျမ်းတွေ ဖွင့်ဆိုပုံ ဖွင့်ဆိုနည်း အကြောင်းတွေကိုတော့ ဒီနေရာနဲ့ မဆိုင်တဲ့အတွက်ကြောင့် မပြောပါရစေနဲ့တော့ ခင်ဗျားလိုချင်တဲ့ ဘုရားဟောကို အဲဒီအဋ္ဌကထာရဲ့ ပါဠိတော်ထဲက အဲဒီစာပိုဒ်ကိုဘဲ ဖတ်ကြည့်စမ်းပါဦး။

အောင်။ ။သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ တိရစ္ဆာနယောနိ သံဝတ္တနိကံ ပေတ္တိဝိသယသံဝတ္တနိကံ။ ယော သဗ္ဗလဟုသော သုရာမေရယပါနဿ ဝိပါကော မနုဿဘူတဿ ဥမ္မတ္တက သံဝတ္တနိကော ဟောတိ.... စာပိုဒ်တော့ ဆုံးသွားပြီဆရာ အဓိပ္ပါယ်ကော ဘယ်လိုလဲ။

ချို။ ။အဓိပ္ပါယ်ကတော့ အရက်သောက်ယင် ငရဲကျနိုင်တယ်။ တိရစ္ဆာန်ဖြစ်နိုင်တယ်၊ ပြိတ္တာ ဖြစ်နိုင်တယ်။ အနဲဆုံး အကျိုးပေးတောင်မှ လူရူးဖြစ်နိုင်တယ်လို့ ဆိုတယ်။ ဒါဟာ ဘုရားဟော အစစ်ဘဲ။ ဘုရားဟောတွေကို နှံ့စပ်အောင် မလေ့လာဘဲနဲ့ ဘုရားဟောထဲမှာ မရှိဘူးလို့တော့ မပြောကောင်းပါဘူး။

အောင်။ ။ဒီလိုဆိုယင်တော့ ကြောက်စရာပါဘဲဆရာ။ အရက်သောက်ယင် ငရဲတကယ်ကျတော့မှာလား ဆရာ။

ချို။ ။အရက်သောက်တဲ့ အကုသိုလ်စိတ် စေတနာတွေက အကျိုးပေးယင်တော့ ငရဲတိရစ္ဆာန်ပြိတ္တာ ဖြစ်နိုင်တယ်။

ဒါပေမဲ့ အရက်သောက်တဲ့လူဟာ သေယင် နောက်ဘဝမှာ အပါယ်ဘုံသို့ တထစ်ကျရောက်ရမယ်လို့တော့ မပြောနိုင်ဘူး။ တခြားကုသိုလ်ကံတွေက ဝင်ပြီး ကြားဖြတ် အကျိုးပေးတာတွေများလဲ ရှိသေးတာကလား။ အရင်းရှင်နိုင်ငံမှာ ပြည်သူပိုင်ဖြစ်ဘို့ မမျှော်လင့်နိုင်ပေမဲ့ ဆိုရှယ်လစ်စနစ်ဝင်လာတဲ့အခါမှာတော့ ပြည်သူပိုင် တမုဟုတ်ချင်း ဖြစ်သွားသလိုပေါ့ဗျာ။ ကံဆိုတာ ဆန်းကြယ်သားဘဲ။

အောင်။ ။အဲဒီကံတွေနဲ့ အကျိုးပေးပုံတွေကိုတော့ မသိရဘူးလား ဆရာ။

ချို။ ။ဒီနေ့တော့ အချိန်မရှိတော့ဘူး။ နောက်နေ့မှဘဲ စကားအဆင်သင့်သလို ရောက်တတ်ရာရာ ဆွေးနွေးကြတာပေါ့။

## အရက်သောက်ရခြင်းသည် ကုသိုလ်၏ အကျိုး

အောင်။ ။အရက်သောက်ရတာ ကုသိုလ်ကြောင့်သောက်ရတာလား၊ အကုသိုလ်ကြောင့် သောက်ရတာလား ဆရာ။

ချို။ ။ခင်ဗျား ဒီမေးခွန်းကို ဘာကြောင့် မေးရတာလဲ။

အောင်။ ။ဆရာ အယင်ပြောခဲ့တာက စိတ်ဟာ အကြောင်းဖြစ်တဲ့ ကုသိုလ် အကုသိုလ်စိတ်နဲ့ အကျိုးဖြစ်တဲ့ ဝိပါက်စိတ်ရယ်လို့ နှစ်မျိုးနှစ်စားရှိတဲ့အကြောင်း ပြောတာ

ဘဲမဟုတ်လား။ အဲဒီတော့ အရက်သောက်ရခြင်းဆိုတဲ့ အားကျိုးသက်ရောက်ခြင်းဟာ အကြောင်းတရားကတော့ ရှိမှာပေါ့ဆရာ။

ချို။ ။ဒါဟာ မေးသင့်မေးထိုက်တဲ့ အဘိဓမ္မာဆန်တဲ့ မေးခွန်းတခုဘဲ။ အကျိုးအကြောင်း ဆင်ခြင်တဲ့တရား ပါလေတော့ ခုခေတ်မှာတော့ လောဂျစ်ဆန်တယ်လို့ ဆိုကြမှာပေါ့။ ခင်ဗျားမေးခွန်းကို ကျုပ်တော်ကလဲ အဘိဓမ္မာဆန်ဆန်နဲ့ တိတိကျကျဖြေရလိမ့်မယ်။ အရက်သောက်တာဟာ ကုသိုလ်ကြောင့် သောက်ရတယ်၊ ကုသိုလ်ရှိလို့ သောက်ရတယ်။ ကုသိုလ်ရဲ့အကျိုးဖြစ်တယ်ဆိုယင် ခင်ဗျားအံ့သြသွားမှာလား။

အောင်။ ။အရက်သောက်ရတာ ကုသိုလ်ကြောင့် သောက်ရတယ်ဆိုတာဟာ မဖြစ်နိုင်ဘူးထင်တယ်ဆရာ ....။

ချို။ ။ဒါကို ခင်ဗျားကို အဘိဓမ္မာသဘောတရားရေးနဲ့ ရှင်းပြမယ်လေ။ အရက်သောက်ပြီး မူးတာဟာ သုခဝေဒနာလား၊ ဇဝနဝေဒနာလား၊ အဲလေ....ယောင်လို့ သုခဝေဒနာလား၊ ဒုက္ခဝေဒနာလားဆိုတာ စဉ်းစားရလိမ့်မယ်၊ အရက်သောက်လို့မူးတာဟာ ဆေးလိပ်မူးတာတို့ ခေါင်းမူးတာတို့နဲ့ မတူဘူးနော်၊ မြန်မာ့ဝေါဟာရအရ မူးတယ်ဆိုတဲ့ ဝေါဟာရချင်း တူပေမယ်လို့ အရက်မူးတာနဲ့ ခေါင်းမူးတာဟာ ခံစားချက်ချင်း မတူဘူးနော်၊ အဘိဓမ္မာဆိုတာက နာမယ်အခေါ်အဝေါ်ထက် သဘောတရားရေးကိုသာ

အဓိကထားရတယ်။ အရက်မူးတာဟာ ခေါင်းမူးသလိုဆိုယင် ဘယ်သူက ဒုက္ခခံစားဘို့အတွက် • အရက်သောက်မှာလဲ အဲဒါကိုလဲ လေးလေးနက်နက် စဉ်းစားဘို့လိုတယ်။

အောင်။ ။အရက်သောက်တာဟာ သုခဝေဒနာဆိုတာတော့ ဆရာပြောလို့ သဘောပေါက်သွားပါပြီ။ ဒါပေမဲ့ ကုသိုလ်ကြောင့်အရက်သောက်ရတယ်ဆိုတာတော့ကျွန်တော် မရှင်းသေးပါဘူးဆရာ။

ချို။ ။ရှင်းပါဦးမယ်လေ.... အာရုံဟာ အလိုရှိအပ်တဲ့ဣဋ္ဌာရုံနဲ့ အလိုမရှိအပ်တဲ့ အနိဋ္ဌာရုံလို့ နှစ်မျိုးနှစ်စားရှိတယ်။ အလိုရှိအပ်တဲ့ ဣဋ္ဌာရုံနဲ့ တွေ့ကြုံယင် ကုသိုလ်ကြောင့်တွေ့ကြုံရတယ်။ ကုသိုလ်ရဲ့အကျိုး (ကုသလဝိပါက်)လို့ဆိုရတယ်။ အလိုမရှိအပ်တဲ့ အနိဋ္ဌာရုံနဲ့ တွေ့ကြုံယင် အကုသိုလ်ကြောင့်တွေ့ကြုံရတယ်။ အကုသိုလ်ရဲ့အကျိုး (အကုသလဝိပါက်) လို့ဆိုရပြန်တယ်။ အလိုရှိအပ်တဲ့ ရူပါရုံဆိုတဲ့ ချောတာ လှတာကလေးတွေ စသည်တို့ကို တွေ့ရယင် ကုသိုလ်ရဲ့အကျိုး ကုသလဝိပါက် စက္ခုဝိညာဏ်ဖြစ်တယ်။ အလိုမရှိအပ်တဲ့ ရူပါရုံဆိုတဲ့ စက်ဆုပ်ရွံရှာဘွယ်တွေကို မြင်ရတာတွေ မမြင်ချင်တဲ့လူကို မြင်ရတာတွေစသည်တို့ဟာ အကုသိုလ်ရဲ့အကျိုး အကုသလဝိပါက် စက္ခုဝိညာဏ်ဖြစ်တယ်။ အလိုရှိအပ်တဲ့ သဒ္ဒါရုံဆိုတဲ့ ချစ်သူရဲ့အသံ၊ တေးဂီတသံစသည်တို့ကို ကြားရယင် ကုသိုလ်ရဲ့အကျိုး ကုသလဝိပါက် သောတဝိညာဏ်ဖြစ်တယ်၊ အလိုမရှိအပ်တဲ့ ကြောက်စရာအသံ၊ မုန်း

စရာအသံတွေကို ကြားရယင် အကုသိုလ်ရဲ့အကျိုး အကုသလဝိပါက် သောတဝိညာဏ်ဖြစ်တယ်။

အဲသလိုဘဲ အလိုရှိအပ်တဲ့ ဂန္ဓာရုံကို နံရယင် ကုသလဝိပါက် ဃာနဝိညာဏ်ဖြစ်တယ်။ အလိုမရှိအပ်တဲ့ ဂန္ဓာရုံကို နံရယင် အကုသလဝိပါက် ဃာနဝိညာဏ်ဖြစ်တယ်။ အလိုရှိအပ်တဲ့ ရသာရုံကို ခံစားရယင် ကုသလဝိပါက် ဇိဝှါဝိညာဏ်ဖြစ်တယ်။ အလိုမရှိအပ်တဲ့ ရသာရုံကို စားသုံးရယင် အကုသလဝိပါက် ဇိဝှာဝိညာဏ်ဖြစ်တယ်။ အလိုရှိအပ်တဲ့ အတွေ့ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခံစားရသင် ကုသလဝိပါက် ကာယဝိညာဏ်ဖြစ်တယ်။ အလိုမရှိအပ်တဲ့ အတွေ့ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခံစားရယင် အကုသလဝိပါက် ကာယဝိညာဏ်ဖြစ်တယ်။

အဲဒီတော့ ကျွန်တော်တို့ စဉ်းစားစရာက အရက်ကြိုက်တဲ့လူအဖို့ အရက်ရဲ့ ရူပါရုံဟာ အလိုရှိအပ်တဲ့ ဣဋ္ဌာရုံလား၊ အလိုမရှိအပ်တဲ့ အနိဋ္ဌာရုံလား။ အရက်ကြိုက်သူအဖို့ အရက်ရဲ့အနံ့အသက်ဟာ ဣဋ္ဌာရုံလား၊ အနိဋ္ဌာရုံလား။ အရက်ကြိုက်သူအဖို့ အရက်ရဲ့အရသာဟာ ဣဋ္ဌာရုံလား၊ အနိဋ္ဌာရုံလား။ အရက်သောက်လိုက်တဲ့ အခါမှာ နားရွက်တွေ ထူလာသလို တွေ့လာပြီး၊ တကိုယ်လုံးပူရှိန်းရှိန်းနဲ့ တဖိန်းဖိန်း တရွရွဖြစ်လာတဲ့ ဖောဋ္ဌဗ္ဗ အတွေ့အာရုံတွေ ခေါင်းထဲမှာ ရီတီတီဖြစ်ပြီး မျက်စိထဲမှာ တကမ္ဘာလုံး ရုပ်ရှင်ပြနေသလို မြင်ရတာတွေဟာ ဣဋ္ဌာရုံလား၊ အနိဋ္ဌာရုံလား၊ အဲဒါတွေကို စဉ်းစားကြည့်ရမယ်။

အောင်။ ။ဟုတ်ကဲ့ဆရာ....ကျွန်တော် သဘော အတော်ပေါက်လာပြီ။ အရက်ဟာ ကြိုက်တတ်တဲ့လူအဖို့တော့ အလိုရှိအပ်တဲ့ ဣဋ္ဌာရုံ အစစ်ပါဘဲဆရာ။

ချို။ ။အဲဒီတော့ ဣဋ္ဌာရုံဖြစ်တဲ့အရက်နဲ့ပတ်သက်လို့ ဖြစ်တဲ့ စက္ခုဝိညာဏ်စိတ်၊ ဃာနဝိညာဏ်စိတ်၊ ဇိဝှါဝိညာဏ်စိတ်၊ ကာယဝိညာဏ်စိတ်တွေဟာ ကုသိုလ်ရဲ့အကျိုးလား အကုသိုလ်ရဲ့ အကျိုးလား။

အောင်။ ။မြင်ချင်တာကို မြင်ရတယ်၊ နံချင်တာ နံရတယ်၊ သောက်ချင်တာကို သောက်ရတယ်ဆိုတော့ ကုသိုလ်ရဲ့အကျိုးဆိုရမှာပေါ့ဆရာ။

ချို။ ။အေး....အစစ်ဘဲ။ ဣဋ္ဌာရုံနဲ့ပတ်သက်လာယင် ကုသလဝိပါက် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်တို့ ဖြစ်တယ်ဆိုတာ ဗုဒ္ဓအဘိဓမ္မာရဲ့ သဘောတရားရေးတခုဘဲ။ ပြီးတော့ ခင်ဗျားကို တခုထပ်မေးပါဦးမယ်။ အရက်သောက်တာဟာ ဝေါင်းမူးသလိုမဟုတ်ဘဲ အလိုရှိအပ်တဲ့ ဖေါဋ္ဌဗ္ဗာရုံတခု ဖြစ်ခလာတော့ အလွန်အကျွန်မသောက်ယင် ရေချိန်ကိုက်ရုံသောက်ယင် ဆင်းရဲတဲ့ခံစားမှုဆိုတဲ့ ဒုက္ခဝေဒနာ မဖြစ်နိုင်ဘူး။ ချမ်းသာတဲ့ခံစားမှု သုခဝေဒနာသာဖြစ်တယ်။ စိတ်ဆိုယင် သုခဝေဒနာနဲ့ယှဉ်တဲ့ သုခသဟဂုတ် ကာယဝိညာဏ်စိတ်ဖြစ်တယ်။ အဲဒီတော့ သုခသဟဂုတ် ကာယဝိညာဏ်စိတ်ဟာ ကုသိုလ်ရဲ့အကျိုးဖြစ်နိုင်သလား၊ အကုသိုလ်ရဲ့အကျိုးဖြစ်နိုင်သလား။

အောင်။ ။ကိုယ်အလိုရှိအပ်တဲ့ အတွေ့အာရုံကို ခံစားရတယ်ဆိုတော့ ကုသိုလ်ရဲ့အကျိုး ဆိုရမှာပေါ့ဆရာ။

ချို။ ။အဲဒီတော့ အရက်သောက်ရခြင်းဟာ ကုသိုလ်ရဲ့အကျိုးဆိုတာတော့ ခင်ဗျားရှင်းသွားပြီပေါ့။ အရက်မူးယင် သုခသဟဂုတ် ကာယဝိညာဏ်၊ ခေါင်းမူးယင် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်ဖြစ်တယ် ဆိုတာလဲ ခင်ဗျားရှင်းသွားပြီမဟုတ်လား။

အောင်။ ။ဟုတ်ကဲ့ဆရာ ရှင်းသွားပါပြီ။ ဒါပေမဲ့ တခါတုံးက အရက်သောက်တာ အပါယ်ကျနိုင်တယ်လို့ ဘုရားဟောထဲမှာ ရှိတာကို ဆရာပြောခဲ့တာက ဘယ်လိုသဘောလဲ ဆရာ။

ချို။ ။ခင်ဗျား ရှုပ်သွားပြီထင်တယ်၊ ခု အရက်သောက်ရတာ ကုသိုလ်ရဲ့ အကျိုးဆိုတာက ဟိုတုံးက ပြုလုပ်ခဲ့တဲ့ ကုသိုလ်၊ အရက်သောက်လို့ အပါယ်သို့ ရောက်တယ်ဆိုတာက ခုအရက်သောက်တဲ့ အကုသိုလ်ရဲ့အကျိုးပါဘဲ။

အောင်။ ။သိပ်မရှင်းသေးဘူး ဆရာ။

ချို။ ။ဒီနေရာမှာ ဝိပါက်အမှန် ဇောအပြန်ဆိုတဲ့ သဘောတွေ ဝင်လာတယ်။ ခင်ဗျားရှုပ်နေယင် ဒီနေရာမှာ စိတ်စေတသိက်တို့ရဲ့ ခရီးစဉ်ဆိုတဲ့ ဝီထိပုံနဲ့ရှင်းမှဘဲ ခင်ဗျားရှင်းလိမ့်မယ်ထင်တယ်။ ဒီနေရာမှာ အရက်သောက်တဲ့ အချိန်မှာ ဖြစ်ပေါ်နိုင်တဲ့ ဝီထိတခု ချကြည့်ကြပါစို့၊ ဒါပေမဲ့

ခင်ဗျား ပိုရှုပ်လာမှာကိုတော့ စိုးရိမ်မိတယ်၊ ခင်ဗျား စိတ်ဝင်စားယင်တော့ မရှုပ်နိုင်ပါဘူးလေ။

အောင်။ ရှင်းပါဦးဆရာ ကျွန်တော် စိတ်ဝင်စားပါတယ်။

ချို။ ကဲ....အရက်သောက်တဲ့အခါ ဖြစ်ပေါ်နိုင်တဲ့ ဇီဝှါဝိညာဏ်စိတ်တခုကို ချကြည့်ကြပါစို့၊ စိတ်တွေရဲ့ ခရီးလမ်းစဉ်ထဲမှာ ဇီဝှါဝိညာဏ်နဲ့ ပတ်သက်တဲ့ အပိုင်းကလောက်ကို ချကြည့်ယင်....

အတီတဘဝင်
ဘဝင်္ဂစလန
ဘဝင်္ဂုပစ္ဆေဒ
ပဉ္စဒွါရာဝဇ္ဇန်း
ဇီဝှါဝိညာဏ်
သမ္ပဋိစ္ဆိုင်း
သန္တီရဏ
ဝုဋ္ဌော
ဇော ၇-ကြိမ်
တဒါရုံ ၂-ကြိမ်

ပေါင်း စိတ်ဖြစ်စဉ် ၁၇-ချက်ဖြစ်တယ်။ ဒီဝီထိစိတ်တွေရဲ့ သဘောသဘာဝ အဓိပ္ပါယ်ကို ပြောပြယင်တော့ အကျယ်ကြီးပါဘဲ။ အဲဒီတော့ ဒီနေရာမှာ သိသာရုံဘဲ ပြောပါရစေတော့။ အတီတဘဝင်ဆိုတာက လွန်တဲ့ဘဝင်၊ ဘဝင်္ဂစလနဆိုတာကတော့ လှုပ်တဲ့ဘဝင်၊ ဘဝင်္ဂုပစ္ဆေဒ ဆိုတာကတော့

ပြတ်တဲ့ဘဝင်၊ ပဉ္စဒွါရာဝဇ္ဇန်းဆိုတာကတော့ ငါးဒွါရမှာ ထင်လာတဲ့ အာရုံငါးပါးကို ဆင်ခြင်ခြင်းသဘော၊ ဒီနေရာမှာတော့ ဇိဝှါဝိညာဏစိတ်ဆိုတာကတော့ ရသာရုံကိုဆင်ခြင်တတ်တဲ့သဘော၊ ဇိဝှါဝိညာဏ် ဆိုတာကတော့ ရသာရုံကို ယူတတ်သောသဘော၊ သမ္ပဋိစ္ဆိုင်းဆိုတာကတော့ ထိန်းသိမ်းလက်ခံတတ်တဲ့သဘော၊ သန္တီရဏဆိုတာကတော့ စုံစမ်းတတ်တဲ့သဘော၊ ဝုဋ္ဌောဆိုတာက ဆုံးဖြတ်တတ်တဲ့သဘော၊ ဇောဆိုတာက အာရုံကို ယူပြီး ခံစား တတ်တဲ့ သဘော၊ တဒါရုံဆိုတာကအော့ ဇောယူပြီးတဲ့ အာရုံကို ထပ်မံခံစားတတ်တဲ့သဘော ဖြစ်တယ်။ အဲဒါတွေဟာ ခုချတဲ့ ဇိဝှါဝိညာဏ်စိတ်နဲ့ပတ်သက်တဲ့ အဓိပ္ပါယ်အကျဉ်းချုပ်ပါဘဲ။

စိတ်စေတသိက်တွေ ရုပ်တွေ အစဉ်အတိုင်းဖြစ်ပေါ်ပုံနဲ့ ပတ်သက်ပြီးတော့ သဘောသဘာဝတ္တတွေရဲ့ အကျယ်ဝိတ္ထာရတွေကို ပြောနေယင် ခုဆွေးနွေးကြတဲ့ အကြောင်းအရာရဲ့ အပြင်ဘက်ကို ရောက်သွားလိမ့်မယ်။ အဲဒါတွေကို နောက်မှဘဲ အဆင်ပြေသလို ဆွေးနွေးသေးတာပေါ့။ ခုတော့ ခင်ဗျားရဲ့မေးခွန်းကိုဘဲ ပြန်ကောက်ပြီး ဆွေးနွေး ကြတာပေါ့။ ခင်ဗျားသိချင်တာ ဘာတဲ့လဲ မေ့တောင်မေ့သွားပြီ။

အောင်။ ။ကျွန်တော် သိချင်တာက အရက်သောက်ရတာဟာ ကုသိုလ်ရဲ့ အကျိုး ဆိုပြီးတော့ အကျိုးပေးတော့ ဘာကြောင့် ဆိုးကျိုးကို ပေးနိုင်သလဲဆိုတာ မရှင်းလို့ပါဘဲ။

ချို။ ။အဲ·ဟုတ်ပြီး၊ ခုနက ချခဲ့တဲ့စိတ်ကို ပြန်ကြည့်စမ်းပါဦး။ အဲဒီ စိတ်ထဲမှာ အတိတ်ဘဝင်၊ ဘဝင်စနလ၊

ဘဝင်္ဂပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ဇီဝှါဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ၇-ကြိမ် တဒါရုံ၂-ကြိမ်လို့ ၁၇-ချက်ရှိတဲ့ အနက်မှာ ဇီဝှါဝိညာဏ်စိတ်ဟာ အရက်ဆိုတဲ့ အလို ရှိအပ်တဲ့ ဣဋ္ဌဖြစ်တဲ့ရသာရုံနဲ့ တွေ့နေတော့ အရင်ပြောခဲ့တဲ့ အတိုင်းဘဲ ကုသလဝိပါက် ကုသိုလ်ရဲ့ အကျိုးဖြစ်နေတယ်။ အဲဒီအကျိုးစိတ်ကို ဖြစ်စေနိုင်တဲ့ ကုသိုလ်ဟာ ဘယ်ကုသိုလ်လဲ ဆိုရင် ဟိုတုန်းကဖြစ်ခဲ့တဲ့ ကုသိုလ်၊ ခုပြောပြတဲ့ ဝီထိစိတ် ထဲက စိတ်မဟုတ်ဘူး။

ဒါပေမယ်လို့ အရက်သောက်ရတာ ကုသိုလ်ရဲ့ အကျိုး ကြောင့် သောက်ရပေမယ်လို့ ဇောကျတော့ အကုသိုလ်ဇော တွေ ဝင်လာနိုင်တယ်။ ဇောဆိုတာဟာ ကုသိုလ် အကုသိုလ် စိတ်တွေကိုဆိုတယ်။ ကံ-ဆိုတာလဲ ကုသိုလ်ဇော အကုသိုလ် ဇောတွေမှာ ယှဉ်တွဲနေတဲ့ စေတနာစေတသိက်ကို ဆိုတယ်။ အဲဒီတော့ ခုနက ပြခဲ့တဲ့ ဇီဝှါဝိညာဏ်နဲ့ ပတ်သက်တဲ့ ဝီထိ ထဲမှာ အရက်သောက်တဲ့ အချိန်မှာဆိုယင် ဇောစိတ်ဟာ လောဘဇော၊ ဒေါသဇော၊ မောဟဇောတွေ ဝင်လာနိုင် တယ်။ အဲသလို အကုသိုလ်ဇောတွေဝင်လာတော့ အကုသိုလ် ဇောတွေမှာ ယှဉ်တွဲနေတဲ့ စေတနာဆိုတဲ့ ကံအကြောင်းတရား က မကောင်းကျိုးကို ပေးနိုင်တယ်။ ဆပါယ်ဘုံကို အကျိုး ပေးနိုင်တယ် ဆိုလိုတာပေါ့။ ဒီသဘောတရားကို ခင်ဗျားကို စကားစပ်မိလို့ ပြောရတာဘဲ။ အတော့ကို စိတ်ဝင်စားပြီး လေ့လာမှ နားလည်နိုင်လိမ့်မယ်။ အဲဒီတော့ ခုချဲ့ ဇီဝှါ ဝိညာဏ်ဝီထိကို ကြည့်ပြီး အရက်သောက်တဲ့ အခါမှာ ဇီဝှါ ဝိညာဏ်စိတ်ဟာ ကုသိုလ်ရဲ့ အကျိုး ဖြစ်နိုင်တယ်။ ဇော

စိတ်ဟာ အကုသိုလ်စိတ်ဖြစ်နိုင်တယ်။ အကျိုးဖြစ်နိုင်တဲ့ ဇဝိပါကဝိညာဏ်စိတ်က ထပ်ပြီး အကျိုးမပေးနိုင်တော့ဘူး။ ဇောစိတ်ဖြစ်တဲ့ ကုသိုလ်အကုသိုလ်စိတ်ကသာ အကျိုးပေးနိုင်တယ်။

အဲဒီတော့ ဣဋ္ဌာရုံနဲ့တွေ့ယင် ဘာဘဲဖြစ်ဖြစ် ကုသလဝိပါက်၊ အနိဋ္ဌာရုံနဲ့တွေ့ယင် ဘာဘဲဖြစ်ဖြစ် အကုသလဝိပါက်လို့ ပုံသေယူရမယ်လို့ ဆိုလိုတယ်။ ဒါပေမယ်လို့ ဣဋ္ဌာရုံနဲ့တွေ့လို့ ကုသလဝိပါက် စက္ခုသောတစသည်တို့ ဖြစ်ပေမယ်လို့ ဇောကျတော့ ကုသိုလ်လဲဖြစ်နိုင်တယ်၊ အကုသိုလ်လဲဖြစ်နိုင်တယ်။ အနိဋ္ဌာရုံနဲ့တွေ့လို့ အကုသလဝိပါတ် စက္ခုသောတစသည်တို့ ဖြစ်ပေမယ်လို့ ဇောကျတော့ ကုသိုလ်လဲဖြစ်နိုင်တယ်၊ အကုသိုလ်လဲ ဖြစ်နိုင်တယ်။ အဲဒီတော့ ဒီသဘောတရားတွေကို အဘိဓမ္မာပညာရှိတွေက "ဝိပါက်အမှန် ဇောအပြန်လို့" ဆောင်ပုဒ်ထုတ်ကြတယ်။

အောင်။ ။ဆရာပြောတာတော့ တသင့်အတင့် ရှင်းသွားပြီဆရာ။ ဥပမာကလေးနဲ့ ရှင်းယင် ပိုရှင်းမှာလားမသိဘူး။

ချို။ ။အင်း....ဟုတ်ပြီ၊ ဥပမာနဲ့ ရှင်းရယင် ခင်ဗျားလမ်းပေါ်မှာ လျှောက်သွား၊ လှပတဲ့မိန်းခလေးတယောက်နဲ့တွေ့ယင် ကုသိုလ်ရဲ့ အကျိုးလား အကုသိုလ်ရဲ့အကျိုးလား။

အောင်။ ။ဣဋ္ဌာရုံ ဆိုတော့ ကုသိုလ်ရဲ့ အကျိုးပေါ့ဆရာ။

ချို။ ။ဇောကျယင်ကော။

အောင်။ ။ဇောကျယင်တော့ လိုချင်တပ်မက်မောခြင်း ဖြစ်လေတော့ အကုသိုလ်ပေါ့ဆရာ။

ချို။ ။ဒီမိန်းခလေးဟာ ခုနေချောပေမယ်လို့ စိတ်အစဉ် ရုပ်အစဉ်ပြောင်းလဲပြီး နောက်တနေ့မှာ အိုမင်းယိုယွင်းရမှာဘဲဆိုတဲ့ ဝိပဿနာနဲ့ယှဉ်တဲ့ အသိဉာဏ်တွေ ပေါ်လာယင်ကော။

အောင်။ ။ဒီလိုဆိုယင်တော့ ကုသိုလ်ဇောကျမှာပေါ့ဆရာ။

ချို။ ။အေး....ဟုတ်ပြီ၊ ဒီလိုဆိုယင် ကုသိုလ်ရဲ့ အကျိုးစိတ် စက္ခုဝိညာဏ် ဖြစ်ပေါ်လာပေမယ်လို့ ဇောကျတော့ ကုသိုလ်ဇောရော၊ အကုသိုလ်ဇောရော ကျနိုင်တာ ထင်ရှားနေတာဘဲ မဟုတ်လား၊ ဒီဇောကျတယ်ဆိုတာလဲ ရှေ့က ဖြစ်ပေါ်ခဲ့တဲ့ ဝိပါက်စိတ်နဲ့ သိပ်ပြီးမဆိုင်ဘဲ ပုဂ္ဂိုလ်ရဲ့နှလုံးသွင်းအားလျော်စွာ ဖြစ်ပေါ်နိုင်တာဘဲ မဟုတ်လား၊ ပြီးတော့ အဖွားအိုကြီးတယောက် မြင်ရတဲ့အခါမှာလဲ အလိုမရှိအပ်တဲ့ အနိဋ္ဌာရုံဖြစ်ပေမယ်လို့ နှလုံးမသာမယာ မဖြစ်ယင် အကုသိုလ်ဇော ကျနိုင်တယ်။ သူအိုသလို ငါလဲ အိုရမှာဘဲလို့ အသိစိတ်တွေ ဝင်လာယင် ကုသိုလ်ဇော ကျနိုင်တာဘဲ မဟုတ်လား။

အောင်။ ။ခုတော့ သဘောပေါက်သွားပြီဆရာ။ အရက်သောက်တာမှာလဲ အလိုရှိအပ်တဲ့ ဣဋ္ဌာရုံဖြစ်လို့ ကု

သိုလ်ရဲ့အကျိုးဖြစ်ပေမယ်လို့ ဇောကျယင် အကုသိုလ်ဇော ကျနိုင်တာ နားလည်သွားပါပြီ ဆရာ။

ချို။ ။ခင်ဗျားကို ကျွန်တော် တခုပြောချင်တာက အရက်သောက်တာနဲ့ ပတ်သက်ပြီး ခင်ဗျားကို ဇီဝှါဝိညာဏ်နဲ့ သက်ဆိုင်တဲ့ စိတ်ထိချပြခဲ့ပေမယ်လို့ တခြားစိတ်စိတ်တွေ မဖြစ်ဘူးလို့ မယူဆစေချင်ဘူး။ အရက်သောတာနဲ့ ပတ်သက်ပြီး စက္ခု၊ သောတ၊ ဃာန၊ ကာယဝိညာဏ်တို့နဲ့လဲ ခင်ဗျား ကိုယ်တိုင် စိတ်ထိချပြီး ဘယ်လိုအကျိုးဝိပါက်ဖြစ်ပြီး၊ ဘယ်လို ဇောတွေ ဖြစ်နိုင်တာကိုလဲ တိုးချဲ့ပြီး စဉ်းစားဦးပေါ့။

အောင်။ ။ဟုတ်ကဲ့ဆရာ....။

## အရက်သောက်ခြင်းနှင့် ကံအကြောင်းတရား

ကိုတင်အောင်။ ။အရင်တခါတုံးက အရက်သောက်တာဟာ အကျိုးပေးယင် အပါယ်ဘုံသို့ အကျိုးပေးနိုင်တယ်။ ဒါပေမဲ့ သေတဲ့နောက်မှာ အပါယ်ဘုံသို့ တထစ်ကျရောက်ရမယ်လို့ မယူဆနိုင်ဘူးလို့ ဆရာပြောခဲ့တယ်။ အဲဒီအကြောင်းနဲ့ ပတ်တက်ပြီးတော့ ကံအကျိုးပေးပုံဟာ ဆန်းကြယ်သားဘဲလို့ ဆရာ ပြောခဲ့တယ်။ အဲဒီတော့ ကံအကြောင်းနဲ့ ပတ်သက်ပြီးတော့ နဲနဲပါးပါးတော့ သိချင်ပါတယ်။

ဦးသာချို။ ။ဟုတ်ကဲ့၊ ခင်ဗျား သိချင်သပဆိုယင်လဲ ကံရဲ့အကြောင်းကိုး ပြောပြပါ့မယ်။ ကံအကြောင်းကို ဝေဖန်

ပြီး မပြခင် ကံဆိုတာဘာလဲဆိုတာကို သိထားဘို့ကအရေး ကြီးပါတယ်။

အောင်။ ။ဟုတ်ကဲ့ဆရာ.... ကံဆိုတာ ဘာလဲဆိုတာ ဆရာ အမိန့်ရှိပါဦး။

ချို။ ။ကံဆိုတာ ကမ္မဆိုတဲ့ ပါဠိစကားက ဆင်းသက် လာတယ်ဗျ။ တိုက်ရိုက်ဘာသာပြန်လိုက်မယ်ဆိုယင် အလုပ် လို့ အဓိပ္ပါယ်ရတယ်။ ကုလားစကားမှာဆိုယင် ခုထက်ထိ 'အလုပ်' ကို ကံလို့ ခေါ်ကြတာဘဲမဟုတ်လား။ "မင်း ဘာ အလုပ် လုပ်သလဲ" ဆိုတာကို ကုလားလိုပြောယင် "တုံကျား ကံ ကတ္တား" လို့ ပြောတာဘဲ မဟုတ်လား။ မြန်မာလိုလဲ ကံဆိုတာ အလုပ်ဘဲ။ ကုလားလိုလဲ ကံဆိုတာ အလုပ်ဘဲ။ ဒါ ပေမဲ့ မြန်မာတွေကတော့ ရှေးအတိတ်က လုပ်ခဲ့တဲ့အလုပ် လောက်ဘဲ ကံလို့ ယူဆနေကြတယ်။ ကံမကောင်းဘူး ကံ ကောင်းတယ်ဆိုတာ ရှေးအတိတ်ဘဝက မကောင်းတဲ့အလုပ် ကို လုပ်ခဲ့တယ်၊ ရှေးအတိတ်ဘဝက ကောင်းတဲ့အလုပ်ကို လုပ်ခဲ့တယ် ဆိုလိုတာဘဲ မဟုတ်လား။ ဒါပေမဲ့ ကုလားတွေ ကတော့ ခုပစ္စုပ္ပန်ဘဝမှာ လုပ်နေတဲ့အလုပ်လောက်ဘဲ ကံလို့ ယူဆကြတယ် မဟုတ်လားဗျာ။ ဒါပေမဲ့ ဗုဒ္ဓအဘိဓမ္မာအရ ဆိုယင် ရှေးအတိတ်ဘဝက လုပ်ခဲ့တဲ့ အလုပ်ရော၊ ခုပစ္စုပ္ပန် ဘဝမှာ လုပ်တဲ့အလုပ်ရော ကံလို့ခေါ်တယ်။

အောင်။ ။ဆရာ အယင် ပြောခဲ့ဘူးပါတယ်။ ဘယ် ဘာဘောတရားမှာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ အဘိ

ဓမ္မာရဲ့ ပရမတ်ဆရာလေးပါးထဲမှာ အပါအဝင်ချည်းဘဲလို့ ပြောခဲ့ဘူးတယ်။ အဲဒီတော့ ကံဟာ အဲဒီတရားလေးမျိုးထဲမှာ ဘယ်သဘောတရားထဲမှာ အပါအဝင် ဖြစ်နေသလဲ ဆရာ။

ချို။ ။ဟုတ်ကဲ့ ဒီမေးခွန်းဟာ ခင်ဗျား မေးသင့် မေးထိုက်တဲ့ မေးခွန်းပါဘဲ။ အဘိဓမ္မာသဘောတရားလေးမျိုးထဲမှာ ကံဟာ ဘယ်အမျိုးအစားထဲမှာ ပါဝင်သလဲလို့ စစ်ကြောကြည့်လိုက်ယင် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် လေးမျိုးအနက်မှာ စေတသိက်ထဲ ပါဝင်နေတာ တွေ့ရတယ်။ စေတသိက် ၅၂-မျိုးရှိတယ်၊ ၅၂-မျိုးလုံးဟာ ကံဘဲလားလို့ ခင်ဗျားက ထပ်မေးလို့ရှိယင် ၅၂-မျိုးလုံးဟာ ကံမဟုတ်ဘူးလို့ ဖြေရလိမ့်မယ်။ စေတသိက် ၅၂-မျိုးအနက်က 'စေတနာ' ဆိုတဲ့ စေ့ဆော်ခြင်း စေတသိက်တခုကိုဘဲ ကံလို့ ယူဆရမယ်။ ဗုဒ္ဓကာလ ကံဆိုတာ တခြားမဟုတ်ပါဘူး။ စေ့ဆော်ခြင်းဆိုတဲ့ စေတနာ စေတသိက် တခုပါဘဲလို့ ဟောထားကယ်။ ဒီတော့ ကံဆိုတာတရားကိုယ်အရ ကောက်လိုက်ယင် စေတနာစေတသိက်တခုပါဘဲ။

မောင်။ ။ကံဆိုတာ ဘာဆိုတာတော့ သိရပါပြီ။ ကံမှာ အမျိုးအမည်ခွဲခြားလို့ ရှိပါသေးသလားဆရာ....။

ချို။ ။ရှိပါလား.... ကံဟာ ကိစ္စအစွမ်းအားဖြင့် ၄မျိုး၊ ... ပေးသော အလှည့်အကြိမ်အားဖြင့် လေးမျိုး၊ အကျိုး

မ…းရာကာလအားဖြင့် ၄မျိုး၊ အကျိုးပေးရာဌာန၏ အစွမ်းအား…ဖြင့် ၄-မျိုးရှိတယ်။

…ာင်။ ။ကိစ္စအစွမ်းအားဖြင့် ကံ ၄-မျိုးဆိုတာ ဘာ…တွေလဲ ဆရာ။

…ျိ။ ။ကိစ္စအစွမ်းအားဖြင့် ကံ၄-မျိုးကတော့-

၁။ ဇနကကံ- ပဋိသန္ဓေအကျိုးကို ပေးစေတတ်သောကံ။

၂။ ဥပထမ္ဘကကံ- ပဋိသန္ဓေအကျိုးပေးရာ၌ အဘော်သဟဲ အထောက်အပံ့ ဖြစ်စေတတ်သောကံ။

၃။ ဥပပီဠကကံ- ဥပထမ္ဘကနှင့်တကွ ဇနကကံ အကျိုးပေးထားသော နာမ်ရုပ်တို့ကို ကပ်၍ ဖိစီးနှိပ်စက်သောကံ။

၄။ ဥပဃာတကကံ- ဥပထမ္ဘကနှင့်တကွ ဇနကကံ အကျိုးပေးထားသော နာမ်ရုပ်အစဉ်ကို ပျက်စီးကင်းပြတ်အောင် ဖြတ်တတ် သတ်တတ်သောကံ။

…ဒီ ၄-မျိုးပါဘဲ။

အောင်။ ။အကျိုးပေးသော အလှည့်အကြိမ်အားဖြင့် ၄-မျိုးကို သိချင်ပါသေးတယ် ဆရာ။

…ျိ။ ။အကျိုးပေးတဲ့ အလှည့်အကြိမ်အားဖြ… ကံ၄-…းကတော့—

၁။ ဂရုကံ-တပါးသောကံတို့ပယ်ရှားတားမြစ်ခြင်းငှါ မတတ်နိုင်ကောင်းသော၊ အားကြီးသော လေးသောကံ။ အဲဒီဂရုကံကတော့ အကုသိုလ်အရာမှာ ဆိုယင် ကံကံရဲ့အကျိုးမရှိဘူးလို့ယူဆတဲ့ နိယတမိစ္ဆာဒိဋ္ဌိကံနဲ့ အမိကိုသတ်တဲ့ မာတုဃာတက ကံ၊ အဘကို သတ်တဲ့ ပိတုဃာတကကံ၊ ရဟန္တာကို သတ်တဲ့ အရဟန္တဃာတကကံ၊ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုတဲ့ လောဟိတုပ္ပါဒကံ၊ သံဃာကို သင်းခွဲတဲ့ သံဃဘေဒကကံဆိုတဲ့ အနန္တရိယကံ ၅-ပါးကို ဂရုကံလို့ ခေါ်တယ်။ ကုသိုလ်အရာမှာ ဆိုယင်တော့ ရူပါဝစရ ကုသိုလ်ကံ၊ အရူပါဝစရကုသိုလ်ကံ၊ လောကုတ္တရာကုသိုလ်ကံ တွေကို ဂရုကံလို့ ခေါ်တယ်။

၂။ အာသန္နကံ- သေခါနီးကာလ၌ အမှတ်ရအပ်သောကံ၊ ပြုအပ်သောကံ။

၃။ အာစိဏ္ဏကံ- ရှည်မြင့်စွာ အမြဲအစွဲ လေ့ကျင့်အားထုတ်အပ်သောကံ။

၄။ ကဋတ္တာကံ၊ ရှေးရှေးဘဝ၌ ပြုအပ်သောကံစု၊ ယခုဘဝ၌ ပြုပြီးကာမျှ အမှတ်မရသော ကံစု။

အဲဒီ ၄-မျိုးပါဘဲ၊ အဲဒီ ၄-မျိုးမှာ ဂရုကံရှိယင် ဂရုကံဟာ ရှေးဦးစွာ အကျိုးပေးတယ်။ ဂရုကံ မရှိခဲ့ယင် အာသန္န

ကံ၊ အာစိဏ္ဏကံ နှစ်ပါးမှာ အားကောင်းတဲ့ ကံတပါးပါးက ရှေးဦးစွာ အကျိုးပေးတယ်။ အဲဒီကံတွေမရှိယင် ကဋတ္တာကံက အကျိုးပေးတယ်။

အဲဒီတော့ ဒီနေရာမှာ ကိုယ်လုပ်တဲ့ အလုပ်ဟာ ကိုယ်လုပ်တဲ့ကံဟာ ခုပြောခဲ့တဲ့ ကံ ၄-မျိုးထဲမှာ ဘယ်ကံဖြစ်နိုင်တယ်ဆိုတာကို စဉ်းစားဝေဖန်ကြည့်ရလိမ့်မယ်။ အဲဒီ ကံ ၄-မျိုးထဲမှာ ဂရုကံ ဖြစ်သလား၊ အာသန္နကံ ဖြစ်သလား၊ အာစိဏ္ဏကံဖြစ်သလား၊ ကဋတ္တာကံ ဖြစ်သလားဆိုတာ စိစစ်ကြည့်ဘို့သင့်တယ်။ အဲဒီကံ၄-မျိုးအထဲမှာ ကိုယ်ပြုလုပ်ချက်တွေဟာ အကုသိုလ်ထဲက ဂရုကံမဟုတ်ယင် အပါယ်ငရဲမှာ တကယ်မလွဲဘဲ၊ ဒယ်ထဲရောက်ရမယ်လို့ တထစ်ကျ မပြောနိုင်ဘူး။ ကုသိုလ်ထဲက ဂရုကံမဟုတ်ယင်လဲ ဗြဟ္မာဖြစ်မယ်၊ အရိယာဖြစ်နေတယ်လို့ တထစ်ကျ မပြောနိုင်ဘူး။ အဲဒီတော့ ဥပမာအားဖြင့်ဆိုယင် အရက်သောက်တာဟာ အကျိုးပေးယင် အပါယ်ရောက်နိုင်တယ် ဆိုပေမယ်လို့ ဂရုကံ မဟုတ်လေတော့ အပါယ်ငရဲမှာ တကယ်မလွဲဘဲ ဒယ်ထဲရောက်ရမယ်လို့ သေသေချာချာ မပြောနိုင်ဘူး။ ဒါပေမယ်လို့ အရက်သောက်တာဟာ ကာလရှည်ကြာစွာ အမြဲမပြတ် သောက်နေယင် အာစိဏ္ဏကံ ဖြစ်နိုင်တယ်။ အာစိဏ္ဏကံ ဖြစ်ယင်တော့ အကျိုးပေးမှာဟာ ငါးဆယ် ရာခိုင်နှုန်းလောက် သေချာတယ်လို့ ပြောမယ်ဆိုယင် ပြောနိုင်တယ်။ ဘာဖြစ်လို့လဲဆိုယင် သေခါနီးကာလမှာ အမှတ်ရအပ်တဲ့အာသန္နကံနဲ့ ရှည်မြင့်စွာ အမြဲအစွဲ လေ့ကျင့်အားထုတ်အပ်တဲ့ အာစိဏ္ဏကံ နှစ်မျိုးနှစ်စား

အထဲမှာ အားကောင်းတဲ့ ကံတခုခုက ရှေးဦးစွာ အကျိုးပေးနိုင်တယ် ဆိုတယ်မဟုတ်လား။

အောင်။ ။ဆရာခုနကပြောခဲ့တဲ့ အကျိုးပေးရာကာလအားဖြင့် ကံလေးမျိုးရှိတယ်ဆိုတာကော ဘယ်လိုလဲဆရာ။

ချို။ ။ကံဟာ အကျိုးပေးရာကာလအားဖြင့် ၄-မျိုးဆိုတာကတော့....

(၁) ဒိဋ္ဌဓမ္မ ဝေဒနီယကံ- ယခု မျက် မှောက် ဘဝ၌ အကျိုးပေးသောကံ။

(၂) ဥပပဇ္ဇဝေဒနီယကံ-ဤဘဝ၏ အခြားမဲ့ ဒုတိယဘဝ၌ အကျိုးပေးသောကံ။

(၃) အပရာပရိယ ဝေဒနီယကံ- တတိယ ဘဝမှ စ၍ နိဗ္ဗာန်စံသည့်ဘဝတိုင်အောင် အခွင့်ရသောဘဝ၌ အကျိုးပေးသောကံ။

(၄) အဟောသိကံ- ဆိုခဲ့သောကံသုံးမျိုးတို့သည် မိမိတို့အချိန်ကာလ၌ အကျိုးပေးခွင့်မရသော် ကံသာလျှင်ဖြစ်၍ အကျိုးမပေးသောကံ။

အဲဒီ၄မျိုးပါဘဲ။ တစုံတခုပြုလုပ်ယင်အကျိုးပေးတဲ့အချိန်ကာလဟာ ခုဘဝမှာပေးချင်လဲပေးနိုင်တယ်။ ဒုတိယဘဝမှာ အကျိုး ပေးချင်လဲပေးနိုင်တယ်။ ခုဘဝနဲ့ ဒုတိယ ဘဝမှာ အကျိုးမပေးယင် တတိယ ဘဝက နိဗ္ဗာန် ရတဲ့ ဘဝ အထိအောင် ဘဝတခုခုမှာ အကျိုး ပေးနိုင်တယ်။ ခုဘဝမှာလဲ

အကျိုးမပေး၊ ဒုတိယဘဝမှာလဲအကျိုးမပေး၊ တတိယဘဝက နိဗ္ဗာန်ရောက်တဲ့ ဘဝထိအောင်လဲ အကျိုး မပေးတဲ့ ကံကို အဟောသိကံလို့ ခေါ်တယ်။

အောင်။ ။ ဒီနေရာမှာတော့ သိပ်မရှင်းဘူးဆရာ....၊ ဆရာ တခါတုံးက ပြောခဲ့ဘူးပါတယ်၊ တစုံတခု ပြောဆိုပြု လုပ်ကြံစည်ယင် ကုသိုလ်မဖြစ်ယင် အကုသိုလ်ဖြစ်တယ်။ အကု သိုလ်မဖြစ်ယင် ကုသိုလ်ဖြစ်တယ်လို့ ဆရာပြောဘူးပါတယ်။ အဲဒီကုသိုလ်ကံ အကုသိုလ်ကံတွေ အထဲမှာ အကျိုးမပေးတဲ့ ကံတွေ ရှိနိုင်သေးသလား ဆရာ။

ချို။ ။ အကျိုးမပေးတဲ့ ကုသိုလ်ကံအကုသိုလ်ကံတွေ ရှိနိုင်ပါတယ်။ ရှိနိုင်လို့လဲ အဟောသိကံ တခုကို ဗုဒ္ဓအဘိ ဓမ္မာမှာ ပါရှိနေတာတို့ တွေ့နိုင်တာကလား....။ကံလို့ ဖြစ် လာပေမယ်လို့ တခြားကံတွေက အကျိုးပေးနေလို့ ဒါဘဲ မဟုတ် အကျိုးပေးမဲ့ ဘဝတွေက ကုန်ဆုံးသွားလို့၊ အခါ အခွင့်မကြုံယင် ဒီကံတွေဟာ အဟောသိကံ ဖြစ်သွားနိုင် တယ်။

အောင်။ ။ဥပမာနဲ့ရှင်းပြင်တော့ ရှင်းမလား မသိဘူး ဆရာ....။

ချို။ ။ဟုတ်ကဲ့....ဥပမာနဲ့ရှင်းရယာ် ပြည်သူ့ဆိုင်က လူတယောက် အုန်းသီးတလုံးစီ ထုတ်ပေးတယ် ဆိုကြပါစို့၊ ခင်ဗျားဟာ တိုင်းသူပြည်သား ဖြစ်တဲ့အတိုင်း ပြည်သူ့ဆိုင် မှာ သွားရောက်ဝယ်ယင် အုန်းသီးတလုံး ဝယ်ပိုင်ရပိုင်ခွင့် ရှိ

တယ်၊ ဒါနဲ့ ခင်ဗျားဟာ ပြည်သူ့ဆိုင်သွားတယ်၊ ပြည်သူ့ဆိုင်ရောက်ယင် လူတွေတန်းစီပြီးတော့ အုန်းသီးဝယ်နေတာတွေ့ရတယ်။ ခင်ဗျားလဲ အုန်းသီးလိုချင်တာနဲ့ ဝင်ပြီး တန်းစီလိုက်တယ်။ ဒါပေမဲ့ ခင်ဗျားက ဆိုင်ဝမရောက်ခင်ဘဲ အုန်းသီးက ကုန်သွားတယ် ဆိုကြပါစို့ဗျာ၊ ခင်ဗျား အုန်းသီးရအုံမလားဗျာ····။

အောင်။ ။မရဘူးပေါ့ဆရာ။

ချို။ ။အဲဒီတော့ ခင်ဗျားဟာ အုန်းသီးတလုံး ရပိုင်ခွင့်ရှိပေမယ်လို့ ခင်ဗျား အုန်းသီးမရလေတော့ ခင်ဗျား တန်းစီခြင်းဆိုတဲ့ကံဟာ အဟောသိကံ ဖြစ်မသွားပေဘူးလား။

အောင်။ ။ဟုတ်ကဲ့ဆရာ။

ချို။ ။ပြီးတော့ ခင်ဗျားကို နောက်ထပ် ဥပမာ တခုပေးဦးမယ်။ အစိုးရ အမှုထမ်းတွေဟာ အကြောင်းကိစ္စရှိယင် ခွင့်ယူနိုင်ကြတယ်။ ခွင့်ယူနိုင်တဲ့ ရက်ကိုလဲ လုပ်သက် ဆယ့်တရက်ကို ခွင့်ရက်တရက်၊ လုပ်သက် ဆယ့်တလကို ခွင့်လတလ ယူနိုင်တယ်၊ အဲသလို ဆယ့်တရက်တရက်၊ ဆယ့်တလတလနဲ့ တွက်ချက်ပြီး လေးလထိ လုပ်သက်ခွင့် ရနိုင်တယ်။ ဒါပေမဲ့ ခွင့်ရက်ကို အခွင့်အရေး တခုအနေနဲ့ မတောင်းဆိုနိုင်ဘူးဆိုတဲ့အတိုင်း အထက်လူကြီးတွေက အခွင့်မပေးလို့ဘဲဖြစ်စေ၊ အကြောင်းကိစ္စ မရှိလို့ ကိုယ်တိုင်က မယူလိုလို့ဘဲဖြစ်စေ၊ ခွင့်မယူဘဲနေယင် လေးလထက်ပိုလွန်တဲ့ ခွင့်ရက်တွေဟာနောက်ထပ်ယူလို့မရတော့ဘူး၊ အလကားဖြစ်သွားတယ်။ ရသင့်ရထိုက် ပေမယ်လို့ မယူလိုက်ရလို့ ကုန် ဆုံး သွား တဲ့

ခွင့်ရက်တွေဟာ အဟောသိကံ ဖြစ်သွားတယ်။ ကုသိုလ်ကံ အကုသိုလ်ကံတွေကလဲ ဒီလိုပါဘဲ၊ အကျိုးပေးသင့် အကျိုးပေးထိုက်တဲ့အချိန်မှာ အခါအခွင့်မကြုံလို့ အကျိုးမပေးလိုက်ရယင် အဟောသိကံ ဖြစ်သွားတာပါဘဲ။

ပြီးတော့ ကုသိုလ်ကံ အကုသိုလ်ကံ ဆိုတာဟာ ခင်ဗျားကို ကျွန်တော် တခါက ပြောခဲ့တဲ့အတိုင်းဘဲ ကုသိုလ်ဇော အကုသိုလ်ဇောမှာ ယှဉ်တွဲနေတဲ့စေတနာစေတသိက်ပါဘဲ၊ ဇောဟာ အများဆုံး ခုနှစ်ကြိမ်စီးလေ့တယ်။ အဲဒီဇောခုနှစ်ကြိမ်ကို ခုပြောနေတဲ့ အကျိုးပေးရာ ကာလအားဖြင့် သတ်မှတ်ထားတဲ့ ကံလေးမျိုးနဲ့ ပေဖန်ထားတယ်။ ဇောခုနှစ်ချက်အနက်က ပထမဇောစေတနာကို မျက်မှောက် ဘဝမှာ အကျိုးပေးတဲ့ အတွက်ကြောင့် ဒိဋ္ဌဓမ္မဝေဒနီယကံလို့ ခေါ်တယ်၊ သတ္တမ ဇောစေတနာကို ဒုတိယ ဘဝမှာ အကျိုးပေးတဲ့ အတွက်ကြောင့် ဥပပဇ္ဇဝေဒနီယကံလို့ ခေါ်တယ်။ အလယ်ဇော ငါးချက်စေတနာကို တတိယ ဘဝကစပြီး နိဗ္ဗာန်ရတဲ့ ဘဝတိုင်အောင် အခွင့်ရရာဘဝမှာ အကျိုးပေးတဲ့အတွက်ကြောင့် အပရာပရိယဝေဒနီယကံလို့ ခေါ်တယ်။ ဒီကံသုံးပါးဟာ မိမိတို့ အချိန်ကာလမှာ အကျိုးပေးခွင့် မရယင် ကံသာဖြစ်ပြီး အကျိုးပေးခွင့် မရတဲ့အတွက်ကြောင့် အဟောသိကံလို့ ခေါ်တယ်။

ဒီနေရာမှာ အဟောသိကံဟာ အကျိုးပေးတဲ့ကံမဟုတ်ပေမယ်လို့ ဇောခုနှစ်ချက်လုံးရဲ့ စေတနာနဲ့ သက်ဆိုင်နေတယ်။ ပထမဇောစေတနာဟာ မျက်မှောက်ဘဝမှာအကျိုး

ပေးယင်ပေး၊ မပေးယင် အဟောသိကံ ဖြစ်တယ်။ သတ္တမဇောစေတနာဟာ ဒုတိယဘဝမှာအကျိုးပေးယင်ပေး၊ မပေးယင် အဟောသိကံဖြစ်တယ်။ အလယ်ဇော ၅ချက် စေတနာဟာ တတိယဘဝကနိဗ္ဗာန်ရတဲ့ဘဝထိ ဘဝတခုခုမှာ အကျိုးပေးယင်ပေး မပေးယင် အဟောသိကံဖြစ်တယ်။ အဲဒီတော့ အဟောသိကံ ဆိုတာ အကျိုးပေးသင့်တဲ့ အချိန်အခါမှာ အကျိုးမပေး၊ နောက်လဲ ဘယ်တော့မှလဲ အကျိုး မပေးတဲ့ ကံပါဘဲ။ အပွင့်ပွင့်ပြီး အသီးမသီးသလို ကံဖြစ်ပြီး အကျိုး မပေးတဲ့ ကံပါဘဲ။

အောင်။ ။အကျိုးပေးရာဌာန၏ အစွမ်းအားဖြင့် ကံ ၄မျိုးဆိုတာကကောဆရာ....။

ချို။ ။အကျိုးပေးရာဌာန၏အစွမ်းအားဖြင့် ကံ၄မျိုး ဆိုတာကတော့....

(၁) အကုသိုလ်ကံ။
(၂) ကာမာဝစရကုသိုလ်ကံ။
(၃) ရူပါဝစရကုသိုလ်ကံ။
(၄) အရူပါဝစရ ကုသိုလ်ကံ။

အဲဒီလေးမျိုးပါဘဲ။ ဒီကံလေးမျိုးနဲ့ ပတ်သက်ပြီးတော့ သိသင့်သိထိုက်တဲ့ သဘောတရားတွေကို နောက်မှဘဲ ရောက်တတ်ရာရာ ဆွေးနွေးကြသေးတာပေါ့။

အောင်။ ။ ဟုတ်ကဲ့ဆရာ.... ကျေးဇူး တင်ပါတယ်။

+ + +

# နာမ်နှင့် ရုပ်၏ အဓိကပဓါန

ဗုဒ္ဓ၏ရုပ်ပိုင်းဝါဒနှင့် ပတ်သက်၍ ရုပ်များ၏အကြောင်းကို ရှင်းလင်းဖေါ်ပြခဲ့ပေပြီ။ ရုပ်နှင့်မကင်းရာမကင်းကြောင်း ယှဉ်တွဲဖေါ်ပြရမည် ဖြစ်သော နာမ်များ၏အကြောင်းကိုလည်း အသင့်အတင့်မျှ ရှင်းလင်းဖေါ်ပြခဲ့ပေပြီ။ သို့သော်လည်း ယခု ဆက်လက်ဖေါ်ပြရမည်ဖြစ်သော တာဝန်ကား လူအများ ဝိဝါဒ ကွဲပြားနေသော ရုပ်က အဓိကပဓါနဖြစ်သည်။ နာမ်က အဓိကပဓာနဖြစ်သည်ဟူသော ပြဿနာကို ရှင်းလင်းဖေါ်ပြဆိုရမည့် တာဝန်ပင် ဖြစ်ပေသည်။

အချို့သူများက ရုပ်ကသာ အဓိကပဓါနဖြစ်သည်။ အချို့သူများက နာမ်ကသာ အဓိကပဓါနဖြစ်သည်ဟု မိမိတို့ ထင်မြင်ယူဆချက်အတိုင်း ငြင်းခုံနေကြပေသည်။ အချို့

သူများကမူ ရုပ်နှင့်နာမ်တွင်မည်သည်က ပဓါနဖြစ်ကြောင်း ကို မစဉ်းစားမဆုံးဖြတ်နိုင်ကြဘဲ၊ သဘာဝယုတ္တိရှိသော ဆုံး ဖြတ်ဝေဘန်ချက်ကို ဓတာင့်တ မျှော်လင့်နေကြပေသည်။

တစုံတယောက်က "ရုပ်နှင့်နာမ် ဘယ်ဟာက ပြဋ္ဌာန်းသလဲ" ဟု တစုံတယောက်အား မေးသည်။ "ရုပ်နှင့်နာမ်မှာ နာမ်က ပြဋ္ဌာန်းတာပေါ့။ မင်းရုပ်ရှင်သွားကြည့်တယ်ဆိုပါတော့ ရုပ် ရှင်သွားကြည့်ချင်စိတ် ဆိုတဲ့ နာမ်က ပထမဆုံး မဖြစ်ပေါ်ဘဲ မင်းကိုယ်ကောင်ဆိုတဲ့ ရုပ်ကြီးဟာ ရုပ်ရှင်ရုံကို သွားမှာမှ မဟုတ်ဘဲ" ဟု တယောက်က ဖြေဆိုသည်။ ထိုအခါ မေးမြန်း သူက "မင်းရုပ်ရှင်ကြည့်ချင်တဲ့စိတ်ကော ဘယ်မှာ တည်ပြီး ဖြစ်သလဲ၊ မင်းရဲ့ကိုယ်ခန္ဓာရုပ်မရှိဘဲ၊ ဒီစိတ်က ဖြစ်နိုင်သတဲ့ လား" ဟု ပြန်၍ချေပပြန်သည်။

နာမ်နှင့်ရုပ်သည် မည်သည်က အဓိကပဓါန ဖြစ်သည်ကို သာမန်ဉာဏ်ပညာဖြင့် ဆုံးဖြတ်ရန်ခက်ခဲနေသည်။ နာမ်ဝါဒ သမားကလည်း နာမ်ကသာအဓိကဖြစ်ကြောင်း၊ အကြောင်း အမျိုးမျိုးဖြင့် ချေပပြောဆိုသည်။ ရုပ်ဝါဒသမားများက လည်း ရုပ်ကသာ အဓိက ဖြစ်ကြောင်း ယုတ္တိအမျိုးမျိုးဖြင့် ချေပပြောဆိုသည်။ မည်သူက မှန်လေသနည်း။

ရုပ်နှင့်နာမ်တွင် မည်သည်က အဓိကပဓါနဖြစ်ကြောင်း ဗုဒ္ဓ အဘိဓမ္မာအရ မည်ကဲ့သို့ ရှင်းလင်းပါမည်နည်းဟု တွေးတော မိသည်။ ဗုဒ္ဓအဘိဓမ္မာ၏ ပဋ္ဌာန်းနည်းသည် ဤပြဿနာကို အမှန်ကန်ဆုံး ဆုံးဖြတ်ချက် ပေးနိုင်ပေလိမ့်မည်။ သို့သော်

လည်း ပဋ္ဌာန်းနည်းသည် အလွန်တရာမှ ကျယ်ပြောလှသည်၊ နက်နဲလှသည်။ ပဋ္ဌာန်းကျမ်းသည် ဗုဒ္ဓဟောခဲ့သော အဘိဓမ္မာခုနစ်ကျမ်းတွင် နောက်ဆုံးကျမ်းဖြစ်၍ အကြီးဆုံးနှင့် အခက်အခဲဆုံး ကျမ်းကြီးဖြစ်ပေသည်။ ပဋ္ဌာန်းနည်းများကို အသေးစိတ် ဖော်ပြနေပါက စာရှုသူမိတ်ဆွေများ အတွက်ရော၊ ဤစာရေးသူပါ မောပန်းမှုရှိပေလိမ့်မည်။ သို့ဖြစ်သဖြင့် ရုပ်နှင့်နာမ်တွင် မည်သည်က အဓိကပဓါနဖြစ်ကြောင်း သိသာရုံမျှ ပဋ္ဌာန်းနည်းဖြင့် ဤဆောင်းပါးတွင် ဖော်ပြသွားပါမည်။

ဗုဒ္ဓသည် ပဋ္ဌာန်းကျမ်းကြီးတွင် ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်းစသော နှစ်ဆယ့်လေးပစ္စည်းတို့ကို နည်းအမျိုးမျိုးဖြင့် အကျယ်ချဲ့၍ ဟောခဲ့ပေသည်။ ထိုပစ္စည်းနှစ်ဆယ့်လေးပစ္စည်းဖြင့် ရုပ်နှင့်နာမ်တို့၏ ပြဿနာကို ရှင်းလင်းနိုင်ပေလိမ့်မည်။

ပစ္စည်းဟူသည် မည်ကဲ့သို့ သဘောတရားများနည်း၊ ပစ္စည်း (ပစ္စယ)ဟူသည် အကြောင်းအကျိုးဆက်သွယ်သော သဘောတရား၊ တဦးနှင့်တဦး မည်သည့် နည်းဖြင့် ဆက်သွယ်ကျေးဇူးပြုကြောင်းကို ဖော်ပြသော သဘောတရားပင် ဖြစ်သည်။ ပဋ္ဌာန်းနည်းသည် ရုပ်နာမ်များ၏ အကြောင်းအကျိုးဆက်သွယ်ပုံကို ပစ္စည်းတရားများဖြင့် ဖော်ပြလေရာ၊ ထိုပစ္စည်းဆက်ဆံပုံကို သုံးသပ်ဝေဘန်ခြင်းအားဖြင့် မည်သည်က အဓိကဖြစ်ကြောင်း ဆုံးဖြတ်နိုင်ပေသည်။

လောကတွင် လူတဦးနှင့် တဦး မည်သူက အဓိကပဓါနဖြစ်၍ မည်သူက အဓိကပဓါန မဖြစ်ကြောင်းကို လူတဦးနှင့်တဦး အကြောင်းအကျိုးဖြင့် နှစ်ဦးကြားတွင် ပစ္စည်းဆက်သွယ်ပုံများကို ကြည့်ခြင်းအားဖြင့် သိသာနိုင်သည်။ လူတဦးနှင့်တဦးသည် သားနှင့်အဖ အားဖြင့် ပစ္စည်းဆက်သွယ်သည်၊ ညီနှင့်အစ်ကိုအားဖြင့် တော်စပ်သည်၊ လင်နှင့်မယားအားဖြင့် ဆက်သွယ်သည်၊ ဆရာနှင့်တပည့်အားဖြင့် ဆက်ဆံသည်၊ အချင်းချင်း၏ သူငယ်ချင်းအဖြစ်ဖြင့် ကျေးဇူးပြုသည်၊ အလုပ်ရှင်နှင့် အလုပ်သားအားဖြင့် ဆက်ဆံသည်၊ အရာရှိနှင့်စာရေးအားဖြင့် ဆက်သွယ်သည် စသည်ဖြင့် တဦးနှင့်တဦး တော်စပ်ပုံ၊ အကြောင်းအကျိုး ဆက်သွယ်ပုံ၊ အချင်းချင်းဆက်ဆံပုံ ကျေးဇူးပြုပုံများသည် ပစ္စည်းတရားများပင်ဖြစ်သည်၊ ဤပစ္စည်းသဘောတရားများကို ထောက်ချင့်ခြင်းအားဖြင့် မည်သူက ပြဋ္ဌာန်းသည်ကို သိနိုင်သည်။ ထို့အတူပင် ရုပ်နာမ်များ တခုနှင့်တခု တော်စပ်ပုံ၊ အကြောင်းအကျိုးဆက်သွယ်ပုံ၊ အချင်းချင်း ဆက်ဆံပုံ၊ ကျေးဇူးပြုပုံများသည် ပစ္စည်းဘရားများပင် ဖြစ်သည်။ ထိုပစ္စည်းများကိုထောက်ချင့်ခြင်းအားဖြင့် မည်သည့် ရုပ်နာမ်သဘောတရားများက ပြဋ္ဌာန်းကြောင်း ကောင်းစွာ သိနိုင်ပေသည်။

ထိုရုပ်နာမ်များ အချင်းချင်း တော်စပ်ပုံကို ပြသောပစ္စည်း ( Relation ) တရားများသည် နှစ်ဆယ့် လေးမျိုးရှိသည်။ ထိုနှစ်ဆယ့်လေးပစ္စည်းကို အမြွက်မျှ ဖေါ်ပြပါအံ့။

၁။ ဟေတုပစ္စည်း-တည်ရာအခြေမူလ (ဟိတ်)အဖြစ်ဖြင့် ကျေးဇူးပြုခြင်း။

၂။ အာရမ္မဏ ပစ္စည်း- ဆွဲထောက်ရာ၊ မွေ့လျော်ရာ (အာရုံ) အဖြစ်ဖြင့် ကျေးဇူးပြုခြင်း။

၃။ အဓိပတိပစ္စည်း- ရှေ့ဆောင်အကြီးအမှူး အဖြစ်ဖြင့် ကျေးဇူးပြုခြင်း။

၄။ အနန္တရပစ္စည်း- မိမိ၏ အခြားမဲ့၌ ဖြစ်ပေါ်အောင် မျိုးအစဉ် ပေးခြင်းအဖြစ်ဖြင့် ကျေးဇူးပြုခြင်း။

၅။ သမနန္တရပစ္စည်း- မိမိ၏အခြားမဲ့၌ ကောင်းစွာဖြစ်ပေါ်အောင် မျိုးအစဉ် ပေးခြင်း အဖြစ်ဖြင့် ကျေးဇူးပြုခြင်း။

၆။ သဟဇာတပစ္စည်း- မိမိနှင့် အတူတကွ ဖြစ်ပေါ်စေခြင်း အဖြစ်ဖြင့် ကျေးဇူးပြုခြင်း။

၇။ အညမညပစ္စည်း- အချင်းချင်း ထောက်ပံ့ခြင်းဖြင့် ကျေးဇူးပြုခြင်း။

၈။ နိဿယပစ္စည်း- မှီရာအဖြစ်ဖြင့် ကျေးဇူးပြုခြင်း။

၉။ ဥပနိဿယပစ္စည်း- အားကြီးစွာ မှီရာ အားထားရာ အဖြစ်ဖြင့် ကျေးဇူးပြုခြင်း။

၁၀။ ပုရေဇာတပစ္စည်း- ရှေးဦးစွာဖြစ်နှင့်၍ ထောက်ပံ့ပေးခြင်းဖြင့် ကျေးဇူးပြုခြင်း။

၁၁။ ပစ္ဆာဇာတပစ္စည်း- နောက်မှဖြစ်၍ ထောက်ပံ့အားပေးခြင်းဖြင့် ကျေးဇူးပြုခြင်း။

၁၂။ အာသေဝနပစ္စည်း- အားအဟုန်ပေးခြင်း အထုံ ပေးခြင်းဖြင့်ကျေးဇူးပြုခြင်း။

၁၃။ ကမ္မပစ္စည်း- ကံဖြစ်၍ စေ့ဆော်ခြင်း၊ ထောက်ပံ့ ခြင်းဖြစ်စေခြင်းဖြင့် ကျေးဇူးပြုခြင်း။

၁၄။ ဝိပါကပစ္စည်း- ဝိပါက်ဖြစ်၍ မှေးမှိန် နုံ့ ပြော့စေ စေခြင်းဖြင့် ကျေးဇူးပြုခြင်း။

၁၅။ အာဟာရပစ္စည်း-လွန်စွာဆောင်ခြင်း (အာဟာရ) အဖြစ်ဖြင့် ကျေးဇူးပြုခြင်း။

၁၆။ ဣန္ဒြိယပစ္စည်း- အစိုးရ ဣန္ဒြေဖြစ်၍ မိမိသဘောသို့ လိုက်စေခြင်းဖြင့် ကျေးဇူးပြုခြင်း။

၁၇။ ဈာနပစ္စည်း- ဈာန်ဖြစ်၍ အာရုံသို့ စူးစိုက် ကြည့်ရှု စေခြင်းဖြင့် ကျေးဇူးပြုခြင်း။

၁၈။ မဂ္ဂပစ္စည်း- ဒုဂ္ဂတိ၊ သုဂတိသို့ရောက်ကြောင်း အဖြစ် ဖြင့်ကျေးဇူးပြုခြင်း။

၁၉။ သမ္ပယုတ္တပစ္စည်း- ဝဲယာ ရှေ့နောက် ထက်အောက် တွင်းပြင် ရွေးချယ်၍မရဘဲ တခုတည်းသော ဖြစ်ခြင်း ချုပ်ခြင်း ရှိအောင် ပေါင်းယှဉ်ခြင်းဖြင့် ကျေး ဇူး ပြုခြင်း။

၂၀။ ဝိပ္ပယုတ္တပစ္စည်း- တခုတည်းသောဖြစ်ခြင်း၊ ချုပ်ခြင်း ရှိအောင် မပေါင်းယှဉ်ခြင်းဖြင့် ကျေးဇူးပြုခြင်း။

၂၁။ အတ္ထိ ပစ္စည်း- ထင်ရှားတည်ရှိ၍ အားရှိအောင် ထောက်ပံ့ခြင်းဖြင့် ကျေးဇူးပြုခြင်း။

၂၂။ နတ္ထိပစ္စည်း- ထင်ရှားမရှိဘဲဖြစ်၍ ဖြစ်ပေါ်ခွင့်ပေး ခြင်းဖြင့် ကျေးဇူးပြုခြင်း။

၂၃။ ဝိဂတပစ္စည်း- မရှိဘဲ ကင်းချုပ်သည်ဖြစ်၍ ဖြစ်ပေါ် ခွင့်ပေးခြင်းဖြင့် ကျေးဇူးပြုခြင်း။

၂၄။ အဝိဂတပစ္စည်း- ထင်ရှားတည်ရှိသည်ဖြစ်၍ မကင်း ချုပ်ဘဲ အားရှိအောင် ထောက်ပံ့ခြင်းဖြင့် ကျေးဇူး ပြုခြင်း။

ဗုဒ္ဓသည် ပဋ္ဌာန်းကျမ်းကြီး၌ ဤနှစ်ဆယ့်လေး ပစ္စည်းတို့ ကိုဝေဘန်ခြင်းအားဖြင့် ရုပ်နာမ်များ၏တခုနှင့်တခု တော်စပ် ပုံ၊ အကြောင်း အကျိုး ဆက်သွယ်ပုံ၊ ကျေးဇူးပြုပုံ များကို ဟောကြားခဲ့ပေသည်။ ဤပဋ္ဌာန်းပစ္စည်းများကို သုံးသပ်ဝေ ဘန်ခြင်းအားဖြင့် ရုပ်နှင့်နာမ်တွင် မည်သည်က ပြဋ္ဌာန်း ကြောင်း ထင်ရှားစေပါမည်။

## ဟေတုပစ္စည်းဖြင့် သုံးသပ်ခြင်း

လူတဦးနှင့်တဦး မည်သူက အဓိက ပဓာန ဖြစ်ကြောင်း အကြောင်းအကျိုး ပစ္စည်းပစ္စယ ဆက်သွယ်ပုံကို ကြည့်ခြင်း အားဖြင့် သိနိုင်သကဲ့သို့ ရုပ်နှင့်နာမ်တွင် မည်သည်က အဓိက

ပဓါန ဖြစ်ကြောင်းကို တခုနှင့်တခု အကြားတွင် အကြောင်းအကျိုး ပစ္စည်းပစ္စယ ဆက်သွယ်ပုံကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ ရုပ်နှင့်နာမ် အကြောင်းအကျိုး ဆက်သွယ်ခြင်း ပစ္စည်းတရားများသည် နှစ်ဆယ့်လေးမျိုး ရှိသည်၊ ထိုနှစ်ဆယ့်လေးမျိုးကို သုံးသပ်ဝေဘန်ခြင်းအားဖြင့် ရုပ်နှင့်နာမ် မည်သည်က အဓိကပဓါန ဖြစ်ကြောင်းကို သိနိုင်သည် ဖြစ်ကြောင်း ဖေါ်ပြခဲ့ပေပြီ။ ၎င်းပြင် ဟေတု၊ အာရမ္မဏစသော နှစ်ဆဲ့လေး ပစ္စည်းတို့၏ သဘောအဓိပ္ပါယ် အမြွက်မျှကိုလည်း ဖေါ်ပြခဲ့ပေပြီ။ ဆက်လက်၍ရှင်းလင်းပါဦးအံ့။

ရုပ်နာမ်တို့၏ အကြောင်းအကျိုး ဆက်သွယ်ပုံ နှစ်ဆယ့်လေးပစ္စည်းကို ပဋ္ဌာန်းကျမ်း၌ ဟောကြားခဲ့သည်။ ပစ္စည်းတရားများဟူသည် အဓိကပဓာန ပြဋ္ဌာန်းသော တရားများပင်တည်း။ ပဋ္ဌာန်းကျမ်းဟူသည်မှာလည်း ပဓာနပြဋ္ဌာန်းသော သဘောတရားနှင့် ထိုပြဋ္ဌာန်းသော သဘော တရားများနှင့် အကြောင်း အကျိုး ဆက်သွယ်မှု မကင်းရာ မကင်းကြောင်း ရုပ်နာမ်များကို ဟောသော ကျမ်းဟု ဆိုချင်ပါသည်၊ ဋီကာဆရာများကမူ နှစ်ဆယ့်လေးပါးသော ပစ္စည်း တရားများအား အထူးထူးအပြားပြား နည်းအမျိုးမျိုးဖြင့် ဟောကြားသဖြင့် ပဋ္ဌာန်းကျမ်းခေါ်သည်ဟု ဆိုသည်။ ဋီကာဆရာများ၏ အဓိပ္ပါယ်ဖေါ်ပြချက်သည် လျော်ကန် သင့်မြတ် ပေသည်၊ သို့သော်လည်း တနည်းတလမ်း တဆင့်တက်၍ ကြံစည်ပါက ပဓာနပြဋ္ဌာန်းသော တရားများကိုဟောခြင်းကြောင့် ပဋ္ဌာန်းကျမ်းဟု ဆိုချင်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ပဋ္ဌာန်းဟူ

သည် ပဋ္ဌာနဟူသော ပါဠိမှ ဆင်းသက်လာသော မြန်မာစကား ဖြစ်သည်။ ပြဋ္ဌာန်းဟူသော မြန်မာစကားသည်လည်း ပဋ္ဌာန ဟူသော စကားမှ ဆင်းသက်လာသည်။ ပဋ္ဌာန်းနှင့်ပြဋ္ဌာန်း သည် ပဋ္ဌာနဟူသော ပါဠိမှ ဆင်းသက်လာခြင်း အတူတူ ဖြစ်သည်။ အဓိပ္ပါယ်လည်း အတူတူပင်ဖြစ်နိုင်သည်။ ပဋ္ဌာန နှင့်ပဓာနသည်လည်း အဓိပ္ပါယ်အတူတူပင်ဖြစ်သည်။ ပဋ္ဌာန်း မှာ ပဋ္ဌာနဟူသော ပါဠိမှ တိုက်ရိုက် ဆင်းသက်၍ ပြဋ္ဌာန်း မှာမူ ပက္ခဒိန် ပြက္ခဒိန်၊ ပါသာဒ ပြာသာဒ်တို့ကဲ့သို့ သက္ကဋ နှယ်၍ ပစာက်ရရစ်ပြီး ပဋ္ဌာနမှ ပြဋ္ဌာန်းဟု ဆင်းသက်လာ ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ပဋ္ဌာန်းကျမ်းဟူသည် ပဋ္ဌာန ဖြစ်သော (ဝါ) ပြဋ္ဌာန်းသော သဘောတရားများနှင့် ထို တရားများနှင့် အကြောင်းအကျိုး မကင်းရာမကင်းကြောင်း တရားများကို ဟောကြားရာကျမ်းဟု အတ္တနောမတိအားဖြင့် လည်း ဆိုချင်ပါသည်။ ထို့ကြောင့်ပင် ရုပ်နှင့်နာမ်တွင် မည်သည်က ပဓာန ပြဋ္ဌာန်းကြောင်းကို သိလိုက ပဋ္ဌာန်း ကျမ်းတွင် ဖေါ်ပြသော ဟေတုပစ္စည်း၊ အာရုံဏပစ္စည်း စသော နှစ်ဆယ့်လေးပစ္စည်းများကို သုံးသပ်ဝေဘန်ရပေ ဦးမည်။

ရုပ်နှင့် နာမ်မည်သည်က အဓိကပဓာနဖြစ်ကြောင်း သိ သာရအောင် ဟေတုပစ္စည်းကို ရှေးဦးစွာ ဝေဘန်သုံးသပ်၍ ကြည့်ကြပါဦးစို့။

သစ်ပင်များ၌ သစ်မြစ်များ ရှိသည်။ ထိုသစ်မြစ်များသည် သစ်ပင်ကို မယိမ်းမယိုင်အောင် ခိုင်မြဲစေသည်။ ရေနှင့်မြေ

ဩဇာကိုစုပ်ယူ၍ သစ်ပင်ကို တိုးပွားကြီးမြင့်စေသည်။ သစ်ပင်များတွင် သစ်မြစ်သည် မယိုင်မလဲခိုင်မြဲတိုးပွားကြီးမြင့်အောင် သစ်ပင်ကို ဖြစ်စေသော သတ္တိထူးရှိသကဲ့သို့ ရုပ်နာမ်ဟူသော ပရမတ်သဘောတရားများတွင်လည်း အခြားသောရုပ်နာမ်များကို မယိုင်မလဲ ခိုင်မြဲ တိုးပွားကြီးမြင့်စေသော သတ္တိထူးရှိသော သဘောတရားများရှိသည်။ ထိုမယိုင်မလဲ ခိုင်မြဲ တိုးပွားကြီးမြင့်စေသော သဘောတရားကို ဟိတ် (ဟေတု) ဟုခေါ်၏။

ဟိတ်များသည် ခြောက်ခုရှိသည်။ ထိုဟိတ်ခြောက်ပါးတို့သည် အတူတကွဖြစ်ဘော်ဖြစ်ဘက် (သဟဇာတ်) ဖြစ်သော နာမ်ရုပ်များကို မယိုင်မလဲ ခိုင်မြဲတိုးပွား ကြီးမြင့်စေခြင်း ဟူသော ဟေတုသတ္တိဖြင့် ကျေးဇူးပြုသည်။ ထိုသည်ကို ဟေတုပစ္စည်းဟုခေါ်သည်။

ထင်ရှားစေဦးအံ့။ ဟိတ်ခြောက်ပါး ဟူသည်-

၁။ လောဘဟိတ်-အာရုံကို လိုချင်တပ်မက် စွဲကပ်ခြင်း။

၂။ ဒေါသဟိတ်-ကြမ်းတမ်း ပြစ်မှားခြင်း။

၃။ မောဟဟိတ်-အာရုံ၌ တွေဝေမဲမှောင် မသိခြင်း။

၄။ အလောဘဟိတ်-အာရုံ၌ မလိုချင်မတပ်မက် မစွဲကပ်ခြင်း။

၅။ အဒေါသဟိတ်-မကြမ်းတမ်း မပြစ်မှားခြင်း မေတ္တာ။

၆။ အမောဟဟိတ်-အာရုံ၌မတွေဝေ မမဲမှောင် သိခြင်း ပညာဉာဏ်တို့ပင်ဖြစ်သည်။

ထိုဟိတ်ခြောက်ပါးတို့သည် စေတသိက်များဖြစ်၍ နာမ်များပင်တည်း။

ဟိတ်ခြောက်ပါး ဟူသည် အမြစ် ခြောက်မျိုးပင်တည်း။ လောဘအမြစ်၊ ဒေါသအမြစ်၊ မောဟအမြစ်၊ အလောဘအမြစ်၊ အဒေါသအမြစ်၊ အမောဟအမြစ် တို့ဖြစ်သည်။

ထိုဟိတ်ခြောက်ပါး သို့မဟုတ် အမြစ် ခြောက်မျိုး၌ ပင်စည် အကိုင်းအခက်နှင့်တူသော ဖြစ်ပေါ်ဘက် စိတ်၊ စေတသိက်နှင့် စိတ္တဇရုပ်၊ ကမ္မဇရုပ်များ ရှိသည်။ သစ်မြစ်သည် ပင်စည်အကိုင်းအခက်များကို စည်ပင်ပြန့်ပွားခိုင်မြဲ စေသကဲ့သို့ ဟိတ်ခြောက်ပါးသည် ဖြစ်ဘော်ဖြစ်ဘက် (သဟဇာတ်) ဖြစ်သော စိတ်၊စေတသိက်၊ စိတ္တဇရုပ်၊ ကမ္မဇရုပ်ဟူသော နာမ်ရုပ်များကို စည်ပင်ပြန့်ပွားခိုင်မြဲစေသည်။

ရှင်းပါဦးမည်၊ လိုချင်ဘွယ် အာရုံတခုခု၌ လောဘသည် လိုချင်တပ်မက်မော၍ အမြစ်တွယ်မိသောအခါ ယှဉ်ဘော်ယှဉ်ဘက် စိတ် စေတသိက်ဟူသော နာမ်များကို ထိုအာရုံပေါ်မှာ တည်တန့်ခိုင်မြဲ စည်ပင်စေသည်။ လောဘဟိတ်အမြစ်က ထက်သန်လေ ဖြစ်ဘော်ဖြစ်ဘက်များက စွဲမြဲလေ ဖြစ်ပေသည်။ လောဘ အမြစ်က ထက်သန်သလောက် စေတနာထက်သန်၍ အကျိုးပေးသောအခါလည်း ပိုမို စည်ပင်သည်။ အာရုံ တခု၌ လောဘ တပ်မက်မောနေသောအခါ ဖြစ်ဘော်ဖြစ်ဘက်ရုပ်များလည်း ခိုင်မြဲစည်ပင်သည်။ မျက်စိများ ရူပါရုံ၌ စူးစိုက်နေသည်၊ နားများ သဒ္ဒါရုံ၌ စွဲမြဲနေသည်၊ ထိုအာရုံများ၌

တပ်မက်မောသော လောဘဟိတ်အမြစ်ကြောင့် ရုပ်များလှုပ်ရှားမှုဖြင့် စွဲမြဲစည်ပင်သည်။ ဤကား လောဘဟိတ်သည် ဖြစ်ဘော်ဖြစ်ဘက် နာမ်နှင့် ရုပ်များအပေါ် ဟေတုပစ္စည်းဖြင့်ကျေးဇူးပြုပုံတည်း။

မနှစ်သက်စရာ အာရုံကိုတွေ့မြင်ရ၍ ကြမ်းတမ်း ပြစ်မှားခြင်းဒေါသဟိတ် အမြစ်တွယ်မိသောအခါ ဖြစ်ဘော်ဖြစ်ဘက် စိတ် စေတသိက်များကို အာရုံတွင် ပိုမိုစွဲမြဲ ခိုင်ခန့်စေသည်။ ဒေါသဟိတ်အမြစ် စွဲကပ်လာသူသည် ရိုက်ချင် နှက်ချင်ခြင်းအားဖြင့် လက်သီးဆုတ်လာခြင်း၊ အံကြိတ်ခြင်း၊ ဒုတ်ဓါး ဆွဲကိုင်ခြင်းအားဖြင့် ရုပ်ကို စည်ပင် တိုးပွားစေသည်။ ဤကား ဒေါသဟိတ်သည် ယှဉ်ဘော်ယှဉ်ဘက် နာမ်ရုပ်များ၌ ကျေးဇူးပြုပုံတည်း။ ကျန်သော ဟိတ်များတွင်လည်း ဤနည်းကို မှီး၍သိလောက်ပါပြီ။

ဤဖေါ်ပြချက်မှာ ဟိတ်ခြောက်ပါးသည် နာမ်ရုပ်များအား ကျေးဇူးပြုပုံအသေးစိတ်မဟုတ်ပါပေ။ သိသာရုံအကြမ်းဖြင်းမျှသာတည်း။

ဤဟေတုပစ္စည်းကို ထောက်ရှုခြင်းအားဖြင့် ရုပ်နှင့်နာမ် မည်သည်က အဓိကပဓာန ဖြစ်လေသနည်း။

ဟေတုပစ္စည်းအရ နာမ်ဖြစ်သော ဟိတ်ခြောက်ပါးသည် နာမ်ရုပ်ဖြစ်သော ဖြစ်ဘော်ဖြစ်ဘက်များကို ဟေတုသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်ရာ နာမ်သည် အဓိကပဓာန ပြဋ္ဌာန်းသော တရားဖြစ်ပေသည်။

သို့သော် ဤဟောတုပစ္စည်းတခုတည်းဖြင့် နာမ်အဓိက ဖြစ်ကြောင်း လျှန်ခါးထစ် တထစ်ကျ ဆုံးဖြတ်ရန် မသင့်လျော်သေးပေ။ အာရမ္မဏစသော ပစ္စည်းများ၏ ပစ္စည်းဖြုပုံကို သုံးသပ်ဝေဖန်ခြင်းအားဖြင့် ရုပ်နှင့်နာမ် မည်သည်က အဓိက ပဓာနဖြစ်ကြောင်း ဆုံးဖြတ်ပါဦး။

## အာရမ္မဏပစ္စည်း

ရုပ်နှင့်နာမ် မည်သည်က ပဓါနလဲ ဟူသော ပြဿနာကို ဟောတုပစ္စည်းကို ဝေဘန်သုံးသပ်ခြင်းအားဖြင့် နာမ်ပဓါနဖြစ်ကြောင်းကို ဖေါ်ပြခဲ့ပေပြီ။ သို့သော်လည်း ဟောတုပစ္စည်းတခုတည်းဖြင့် နာမ်အဓိကဖြစ်သည်ဟု တထစ်ကျ မဆုံးဖြတ်သင့်သေးဘဲ၊ အာရမ္မဏစသော ပစ္စည်းများကို သုံးသပ်ဝေဘန်ခြင်း အားဖြင့် ရုပ်နှင့်နာမ်သည် မည်သည်က အဓိကဖြစ်ကြောင်း သုံးသပ်ဝေဘန်သင့်ပါသည်။

အာရမ္မဏစသော ပစ္စည်းများကို ဆက်လက်ဝေဘန်ခြင်းအားဖြင့် ရုပ်နှင့်နာမ်တို့၏ ပြဿနာကို ဆုံးဖြတ်ကြပါဦးစို့။

အာရမ္မဏ သို့မဟုတ် အာလမ္မဏပစ္စည်းဟူသည် အာရုံတရားက ကျေးဇူးပြုခြင်းပင် ဖြစ်သည်။ အာရုံဟူသော အဓိပ္ပါယ်မှာ အလွန်ပျော်မွေ့ရာဟူ၍၎င်း၊ ဆွဲမှီအပ်ရာဟူ၍၎င်း၊ အဓိပ္ပါယ်ရရှိလေသည်။ အသီးအပွင့် အမျိုးမျိုးကို စိုက်ပျိုးထားသော ဥယျာဉ်သည် လွန်စွာ ပျော်မွေ့ဘွယ်ကောင်းသဖြင့် ထိုဥယျာဉ်၌ မွေ့လျော်ပျော်မွေ့ရာ၏ အ

ဖြစ်ဟူသော သတ္တိထူးရှိသကဲ့သို့၊ ရူပါရုံစသော အာရုံများသည်လည်း စိတ်စေတသိက်တို့ကို မွေ့လျော်ပျော်ဘွယ်ရာ၏ အဖြစ်ဟူသော သတ္တိထူးရှိကြသည်။ တနည်းအားဖြင့် မစွမ်း မသန်သူတို့သည် တုတ်တောင်ဝှေးကြိုးတန်းကို ဆွဲကိုင်မှီခို၍ ထားကြရ၊ ရပ်တည်ကြရသဖြင့် တောင်ဝှေးကြိုးတန်းတို့၌ ဆွဲမှီထိုက်သည်၏အဖြစ် ဟူသော သတ္တိထူးရှိသကဲ့သို့ ရူပါရုံ စသော အာရုံတို့၌လည်း စိတ်စေတသိက်တို့ ဆွဲမှီအပ်သည်၏ အဖြစ်တည်းဟူသော သတ္တိထူးရှိကြသည်။ ဤကဲ့သို့ အာရုံများနှင့် အာရုံပြုသော စိတ်စေတသိက်များ ဆက်ဆံပုံကိုပင် လျှင် အာရမ္မဏပစ္စည်းဟု ခေါ်ကြသည်။

ထိုအာရမ္မဏပစ္စည်း၌ အာရုံတို့ဟူသည်—

၁။ ရူပါရုံ- ရုပ်အဆင်းတည်းဟူသော ပျော်မွေ့ရာ၊ ဆွဲမှီခိုရာ။

၂။ သဒ္ဒါရုံ- အသံတည်းဟူသော ပျော်မွေ့ရာ၊ဆွဲမှီခိုရာ။

၃။ ဂန္ဓာရုံ-အနံ့တည်းဟူသော ပျော်မွေ့ရာ ဆွဲမှီခိုရာ။

၄။ ရသာရုံ- အရသာတည်းဟူသော ပျော်မွေ့ရာ၊ ဆွဲမှီခိုရာ။

၅။ ဖောဋ္ဌဗ္ဗာရုံ- အတွေ့တည်းဟူသော ပျော်မွေ့ရာ ဆွဲမှီခိုရာ။

၆။ ဓမ္မာရုံ- သဘာဝတည်းဟူသော ပျော်မွေ့ရာ ဆွဲမှီခိုရာ သဘောအာရုံ။ ထိုဓမ္မာရုံတွင် အထက်ဆိုခဲ့

သော အာရုံငါးပါးမှ ကြွင်းသော ရုပ်များနှင့် စိတ်၊ စေတသိက်၊ နိဗ္ဗာန်၊ ပညတ်တို့ ပါဝင်သည်။

ထိုအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘော သဘာဝဟူသော အာရုံခြောက်ပါးတို့သည် ၎င်းတို့အား အာရုံပြုသော စိတ်စေတသိက်တို့၏ မွေ့လျော်ပျော်မွေ့ရာ၊ ဆွဲကိုင်မှီခိုရာဖြစ်ကြသည်။ ထို့ကြောင့် မည်သည့် စိတ်စေတသိက်မဆို အာရုံနှင့်ကင်း၍ မဖြစ်၊ အာရုံများသည် စိတ်စေတသိက်တို့ကို မခွဲနိုင်အောင် မွေ့လျော်ဘွယ်ရာဖြစ်သည်။ စိတ်စေတသိက်တို့ကို လက်မလွှတ်နိုင်အောင် ဆွဲမှီခိုရာဖြစ်သည်။ ထို့ကြောင့်ပင် အာရုံပြုတတ်သော စိတ်စေတသိက်နှင့် အာရုံပြုရာဖြစ်သော ရူပါရုံစသည်တို့တွင် အာရမ္မဏပစ္စည်းအရ အာရုံ အဓိကပဓါနဖြစ်ကြောင်း ထင်ရှားသည်။

အာရုံခြောက်ပါးဟူသည် ရုပ်လောနာမ်လောဟု ဝေဘန်ရပေမည်။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓါရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံဟူသော အာရုံငါးပါးသည် ရုပ်တို့ပင်ဖြစ်သည်။ ဓမ္မာရုံမှာမူကား ရုပ်နှင့်နာမ်နှစ်မျိုးစလုံး ပါဝင်သည်။ ထို့ကြောင့်ပင် ပထမအာရုံငါးပါးတွင် အာရမ္မဏပစ္စည်းအရ ရုပ်ပြဌာန်းသည်ဟု ဆိုလိုပေသည်။ ရူပါရုံရှိမှ ရူပါရုံကို အာရုံပြုသောစိတ်များဖြစ်နိုင်သည်၊ သဒ္ဒါရုံရှိမှ သဒ္ဒါရုံကိုအာရုံပြုသော စိတ်များဖြစ်နိုင်သည်ဟု ဆိုလိုသည်၊ ဓမ္မာရုံအတွက်မှာမူ ရုပ်နှင့် နာမ် နှစ်မျိုးစလုံးပါဝင်သဖြင့် ရုပ်နှင့်နာမ် နှစ်ပါးစလုံးပင် အဓိကဖြစ်ကြောင်း ဆိုလိုပေသည်။

ထို့ကြောင့် အာရမ္မဏပစ္စည်းဖြင့် ဝေဘန်သော် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံတို့တွင် ရုပ်ပြဋ္ဌာန်းသည်ဟုရင်း၊ ဓမ္မာရုံတွင် ရုပ်နာမ်နှစ်ပါးလုံး ပြဋ္ဌာန်းသည်ဟုရင်း ဆိုလိုပေသည်။ ဤကား အာရမ္မဏပစ္စည်းအရ ဆုံးဖြတ်ချက်ပင်တည်း။

## အဓိပတိ

ဆက်လက်၍ သုံးသပ်ဝေဘန်ဦးအံ့။ အာရမ္မဏပစ္စည်းကို သုံးသပ်ဝေဘန်ပြီးနောက် နှစ်ဆယ့်လေးပစ္စည်းကို အစဉ်အတိုင်း ဝေဘန်ရမည်ဆိုလျှင် အဓိပတိပစ္စည်းကိုပင် ယခု ဝေဘန်ရပေမည်။ အဓိပတိပစ္စည်းဟူသည် အဘယ်နည်း။ အဓိပတိ ပစ္စည်းဟူသည် ရှေ့ဆောင် အကြီး အမှူး ပြု၍ ကျေးဇူးပြုခြင်းပင် ဖြစ်သည်။ စကြာမင်းကြီးသည် လေးကျွန်းသားတို့အား မိမိအလိုသို့လိုက်စေ၍ ရှေ့ဆောင်အကြီးအမှူးအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အခြားသော သဘောတရားတို့အား ထက်သန် အားကောင်းအောင် မဆုတ်နစ်အောင် မိမိအလိုသို့လိုက်စေ၍ ရှေ့ဆောင် အကြီးအမှူးအဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် အဓိပတိပစ္စည်းပင်ဖြစ်သည်။

ထိုအဓိပတိပစ္စည်းသည် အာရမ္မဏ အဓိပတိပစ္စည်း အာရုံသည်ပင် အကြီးအမှူးပြု၍ ကျေးဇူးပြုခြင်း၊ သဟဇာတာ တိပတိပစ္စည်း အတူတကွဖြစ်၍ အကြီးအမှူးပြု၍ ကျေးဇူးပြုခြင်းဟု နှစ်မျိုးရှိသည်။

အာရမ္မဏာဓိပတိ ပစ္စည်းဟူသည် အလေးအမြတ်ပြုအပ်သော အာရုံခြောက်ပါးတို့သည် အလေးအမြတ်ပြုတတ်သော စိတ်စေတသိက်တို့အား ကျေးဇူးပြုခြင်းပင် ဖြစ်သည်။ ဤနေရာ၌ အလေးအမြတ် ပြုအပ်သော အာရုံခြောက်ပါးဟူသည် ရူပါရုံပင်ဖြစ်သော်လည်း အခြားရူပါရုံထက် ပိုမိုလွန်ကဲလှပသော ရူပါရုံမျိုး၊ သဒ္ဒါရုံပင်ဖြစ်သော်လည်း အခြားသဒ္ဒါရုံထက် ပိုမိုလွန်ကဲသာယာသော သဒ္ဒါရုံမျိုးစသည်တို့ပင် ဖြစ်သည်။ သာမန်အာရုံထက် လွန်လွန်ကဲကဲ ဆွဲဆောင်နိုင်သော အာရုံသည် အာရမ္မဏာဓိပတိပစ္စည်း တပ်သောအာရုံပင် ဖြစ်သည်။ ထိုအာရုံမျာကို စိတ်၊ စေတသိက်များကလည်း လေးလေးစားစား မြတ်မြတ်နိုးနိုး အာရုံပြုရသည်သာ ဖြစ်သည်။

အာရမ္မဏာဓိပတိပစ္စည်းနှင့်ပတ်သက်သော ရုပ်နာမ်အဓိက ပြဿနာမှာ အထက်တွင်ဆိုခဲ့သော အာရမ္မဏပစ္စည်း အတိုင်းပင် ဖြစ်သည်။

ထိုနောက် သဟဇာတာ ဓိပတိပစ္စည်းဟူသည် အဓိပတိ လေးပါးတို့သည် ဆိုင်ရာဆိုင်ရာ မိမိတို့နှင့် အတူတကွ သဟဇာတ်ဖြစ်သော ရုပ်နာမ်တို့အား အကြီးအမှူးပြု၍ ကျေးဇူး ပြုခြင်းပင် ဖြစ်သည်။

အဓိပတိလေးပါး ဟူသည်ကား....

၁။ ဆန္ဒာဓိပတိ-အလိုဆန္ဒ၏ အကြီးအမှူးပြုခြ း။

၂။ ဝီရိယာဓိပတိ-လုံ့လဝီရိယ၏ အကြီးအမှူးပြုခြင်း။

၃။ စိတ္တာဓိပတိ-စိတ်၏ အကြီးအမှူးပြုခြင်း။

၄။ ဝီမံသာဓိပတိ- အသိပညာ၏ အကြီးအမှူးပြုခြင်း တို့ပင် ဖြစ်သည်။

၎င်းအပတိလေးပါးတို့သည် သူတို့နှင့် အတူတကွ ဖြစ်ဘော်ဖြစ်ဘက်ဖြစ်သော နာမ်ရုပ်တို့အား ရှေ့ဆောင်အကြီးအမှူးအဖြစ်ဖြင့် ကျေးဇူးပြုကြသည်။

ဤသဟဇာတာဓိပတိ ပစ္စည်းအရ ရုပ်နှင့်နာမ်တွင် မည်သည်က အဓိကပဓါန ဖြစ်ပါသနည်း။ ရှေ့ဆောင်အကြီးအမှူးပြု၍ ကျေးဇူးပြုသော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့မှာ စိတ်စေတသိက်ဟူသော နာမ်များဖြစ်၍ နာမ်က အဓိကပဓါန ဖြစ်ကြောင်း ထင်ရှားပါသည်။

## အနန္တရ

ရုပ်နှင့်နာမ်တို့တွင် မည်သည်က အဓိကပဓာနဖြစ်ကြောင်းကို ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း၊ အဓိပတိပစ္စည်း တို့ကို သုံးသပ် ဝေဘန်ခြင်းအားဖြင့် ဖေါ်ပြခဲ့ပေပြီ၊ ပစ္စည်း နှစ်ဆယ့်လေးပစ္စည်းအနက် ကြွင်းကျန်သော ပစ္စည်း များကို သုံးသပ်ဝေဘန်ခြင်းအားဖြင့် ရုပ်နာမ်တို့၏ အဓိကပဓာန ပြဿနာကို ဖြေရှင်းကြပါဦးစို့။

ပစ္စည်းအစဉ်အတိုင်း ဝေဘန်မည်ဆိုက အနန္တရပစ္စည်း အလှည့်ပင် ဖြစ်သည်။ အနန္တရပစ္စည်းဟူသည် တစုံတခုသော စိတ်သည် ဖြစ်ပြီးနောက် ထိုစိတ်၏ အခြားမဲ့၌ ဖြစ်ထိုက်

သောစိတ်များကို ဖြစ်စေစွမ်းနိုင်သော ရှေးရှေးစိတ်၏ သတ္တိသည်ပင် အနန္တရပစ္စည်းဖြစ်သည်။ ပြည့်ရှင်မင်းသည် နတ်ရွာစံပြီးနောက် သူ၏အခြားမဲ့၌ သူ၏သားကြီးအား ရှင်ဘုရင်ဖြစ်စေသကဲ့သို့ ရှေးရှေးစိတ်က ၎င်း၏အခြားမဲ့၌ စိတ်တခုကို ဖြစ်စေခြင်းသည် အနန္တရ ပစ္စည်းပင်ဖြစ်သည်။ စိတ်များသည် အရမ်းကာရော အစီအစဉ်မရှိ ဖြစ်ချင်တိုင်း ဖြစ်နေကြသည် မဟုတ်ပေ။ စိတ္တနိယာမခေါ်သည့် စိတ်၏ဖြစ်ရိုးဖြစ်စဉ် လမ်းကြောင်းအတိုင်း စက္ခုဝိညာဏ်စိတ်ဖြစ်ပြီးနောက် သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်သည်။ သမ္ပဋိစ္ဆိုင်း ဖြစ်ပြီးနောက် သန္တီရဏစိတ် ဖြစ်သည်စသည်ဖြင့် ဝိထိလမ်းကြောင်းအတိုင်း ဖြစ်ကြသည်။ ဤသို့စသည်ဖြင့် ဖြစ်ပေါ်ကြရာ၌ မိမိ၏အခြားမဲ့၌ ဆိုင်ရာစိတ်စေတသိက်များကို ဖြစ်ပေါ်စေနိုင်ခြင်း သတ္တိရှိကြသည်။ ဤသည်ကိုပင် အနန္တရပစ္စည်းဟု ခေါ်သည်။

အနန္တရပစ္စည်းသည် ရုပ်နှင့်မဆိုင် စိတ်စေသိက် ဟူသော နာမ်သက်သက်နှင့်သာ ဆိုင်လေသည်။ ထို့ကြောင့် ရုပ်နှင့်နာမ် မည်သည်က အဓိကပဓာနဖြစ်ကြောင်း ပြဿနာမှာ ဤအနန္တရပစ္စည်းဖြင့် ဆုံးဖြတ်ရန် မလိုပေ။

အနန္တရ ပစ္စည်းနောက် သမနန္တရ ပစ္စည်း သည် လည်း အနန္တရ ပစ္စည်းနှင့် သဘောတရားရေးတူညီသည်ဖြစ်ရာ ရုပ်နာမ်ပြဿနာကို ဝေဘန်ဆုံးဖြတ်ရန် မလိုပေ။

**သဟဇာတ**

ထို့နောက် သဟဇာတ ပစ္စည်းဖြစ်သည်။ သဟဇာတ ပစ္စည်းဟူသည် အတူတကွ ဖြစ်၍ ကျေးဇူးပြုခြင်းပင်တည်း။

ဆိမ်းတောက်သည် အရောင်အလဲ့အား အတူတကွ ဖြစ်စေ ဘိသကဲ့သို့ အခြားသဘောတရားတို့အား အတူတကွ ဖြစ်စေ သောအဖြစ်ဖြင့် ကျေးဇူးပြုခြင်းဖြစ်သည်။ စိတ်စေတသိက်တို့ သည် စိတ်စေတသိက် အချင်းချင်းအားရင်း၊ မိမိတို့ကြောင့် ဖြစ်သော စိတ္တဇရုပ်တို့အားရင်း သဟဇာတ ပစ္စည်းဖြင့် ကျေး ဇူးပြုသည်။ မဟာဘုတ်ရုပ်တို့သည် မဟာဘုတ် ရုပ်အချင်းချင်း အားရင်း၊ ဥပါဒါရုပ်တို့အားရင်း သဟဇာတ ပစ္စည်းဖြင့် ကျေးဇူးပြုသည်။ ပဋိသန္ဓေ ပဋိသန္ဓေစိတ်တို့သည် ပဋိ သန္ဓေ ကမ္မဇရုပ်တို့အား သဟဇာတ ပစ္စည်းဖြင့် ကျေးဇူးပြု သည်။ ဟဒယဝတ္ထုရုပ်သည် ပဉ္စဝေါကာရပဋိသန္ဓေ စိတ်တို့ အား သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကြသည်။

ဤသဟဇာတ ပစ္စည်းအရ ရုပ်နှင့်နာမ်တို့သည် တနေရာ တွင် ရုပ်က အဓိကဖြစ်လိုက်၊ တနေရာတွင် နာမ်က အဓိက ဖြစ်လိုက် တွေ့ရှိရပေမည်။ ထို့ကြောင့် ရုပ်နာမ် အဓိက ပဓာနပြဿနာသည် အရာဌာန အားလျော်စွာ ဖြစ်ကြောင်း ထင်ရှားလေသည်။

## အညမည

သဟဇာတပစ္စည်းကို သုံးသပ်ဝေဘန်ပြီးနောက် အညမည ပစ္စည်းကို ဆက်လက်၍ ဝေဘန်ကြပါဦးစို့။ အညမညပစ္စည်း ဟူသည် သစ်သားသုံးခွ သုံးချောင်းထောက်သည် အချင်းချင်း အား မလဲမတိမ်း အားရှိအောင် ထမ်းဆောင် ထောက်ပံ့ဘိ

သကဲ့သို့ နာမ်ရုပ်တရားတို့သည် အချင်းချင်းအား ထက်သန်ကြီးသားသေးရှိအောင် အထောက်အပံ့ အဖြစ်ဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်။ စိတ်စေတသိက် တရားတို့သည် အချင်းချင်းအား အညမညသတ္တိဖြင့်ကျေးဇူးပြုကြသည်။ မဟာဘုတ်ရုပ်တို့သည် အချင်းချင်းအား အညမညသတ္တိဖြင့် ကျေးဇူးပြုကြသည်။ ပဋိသန္ဓေ ဝိပါကာရုပ္ပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်းအား အညမညသတ္တိဖြင့် ကျေးဇူးပြုကြသည်။

ဤအညမညပစ္စည်းအရလည်း နာမ်ရော ရုပ်ပါ အခြေအနေအရ အဓိကပဓာနဖြစ်နေသည်။

## နိဿယ

အညမညပစ္စည်းကို သုံးသပ်ဝေဘန်ပြီးနောက် နိဿယပစ္စည်းကို ဝေဘန်သုံးသပ်ကြဦးစို့။ လှေနှင့်လူသည် အချင်းချင်းမှီရာ ဖြစ်ဘိသကဲ့သို့ရင်း၊ မြေကြီးသည် သစ်ပင်တို့၏ မှီရာဖြစ်ဘိသကဲ့သို့ရင်း၊ မှီရာအဖြစ်ဖြင့်ကျေးဇူးပြုခြင်းကို နိဿယပစ္စည်းဟု ခေါ်ရှိသည်။

ထိုနိဿယပစ္စည်းသည် (က)အတူတကွဖြစ်၍ မှီရာဖြစ်ခြင်း သဟဇာတနိဿယပစ္စည်း၊ (ခ) ရှေ့ဦးဖြစ်၍ မှီရာ ဖြစ်ခြင်း ပုရေဇာတနိဿယပစ္စည်းအားဖြင့် နှစ်မျိုးရှိသည်။

ထိုနှစ်ပါးတို့တွင် (က) သဟဇာတနိဿယပစ္စည်း၌ ၁။ စိတ်စေတသိက်တို့သည် အချင်းချင်းရင်း၊ စိတ္တဇ ရုပ်တို့

အားရင်း၊ သဟဇာတ နိဿယသတ္တိဖြင့် ကျေးဇူးပြုကြသည်။ အတူတကွဖြစ်ပေါ်၍ မှီရာ့အဖြစ်ဖြင့် ကျေးဇူးပြုကြသည်။

၂။ မဟာဘုတ်တို့သည် အချင်းချင်းအားရင်း၊ ဥပါဒါ ရုပ်တို့အားရင်း၊ သဟဇာတ နိဿယ သတ္တိဖြင့် ကျေးဇူးပြုသည်။

၃။ ပဋိသန္ဓေ ကာလ ရုပ်ပဋိသန္ဓေစိတ်တို့သည် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား သဟဇာတ နိဿယ သတ္တိဖြင့် ကျေးဇူးပြုကြသည်။

၄။ ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေ ကာလ ပဋိသန္ဓေစိတ်တို့အား ကျေးဇူးပြုသည်။

ဤသဟဇာတ နိဿယ ပစ္စည်းကို သုံးသပ်ဝေဘန်သော အားဖြင့် ၁ နှင့် ၃ နံပါတ်များအရ ရုပ်နှင့်နာမ်တွင် နာမ်က ပြဋ္ဌာန်းသည်။ ၄ နံပါတ်အရ ရုပ်ပြဋ္ဌာန်းသည်။ ၂ နံပါတ်အရမူ ရုပ်သည်ရုပ်အား ကျေးဇူးပြုသဖြင့် အထူးလင်းပါး စရာမရှိပေ။

(ခ) ပုရေဇာတနိဿယပစ္စည်း၌ ပဝတ္တိအခါ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟဒယ ဟူသော ဝတ္ထုရုပ်ခြောက်ပါးတို့သည် မိမိတို့၌ မှီ၍လာသော စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဓါတ်၊မနောဝိညာဏ်ဓါတ်၊ ဟူသော ဝိညာဏဓါတ် ခုနစ်ပါးတို့အား ရှေ့၌ဖြစ်၍ မှီရာအဖြစ်ဖြင့် ကျေးဇူးပြုခြင်းဟူသော ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုကြသည်။

ဆိုလိုသည်ကား စက္ခုဝတ္ထုရုပ်၌ စက္ခု ဝိညာဏဓါတ်ဟူသော စိတ်သည် လာ၍မှီသည်။ သောတဝတ္ထုရုပ်၌ သောတဝိညာဏဓါတ်ဟူသောစိတ်သည် လာ၍မှီသည်။ ဃာနဝတ္ထု

ရုပ်၌ သောတဝိညာဏစေါတ်သည်၎င်း၊ ဃာနဝတ္ထုရုပ်၌ ဃာန ဝိညာဏဓါတ်သည်၎င်း၊ ကာယဝတ္ထုရုပ်၌ ကာယဝိညာဏ ဓါတ်သည်၎င်း လာ၍မှီကြသည်။ ဆိုခဲ့ပြီးသော စက္ခုစသော ဝတ္ထုရုပ်ငါးခု၌ မနောဓါတ်သည် လာ၍မှီသည်။ ဟဒယဝတ္ထု၌ မနောဝိညာဏဓါတ်သည် လာ၍မှီသည်ဟု ဆိုလိုသည်။

ထို့ကြောင့် စက္ခုဝိညာဏ်စသော ဝိညာဏဓါတ် ခုနစ်ပါးဟူသော စိတ်သည် စက္ခုဝတ္ထုစသော ရုပ်ရှိမှ မှီ၍ ဖြစ်နိုင်ကြောင်း ထင်ရှားသည်။ ဝတ္ထုရုပ်နှင့်ကင်း၍ ကာမဘုံ ရူပဘုံတို့၌ စိတ်မဖြစ်နိုင်ပေ။ ထို့ကြောင့် ပုရေဇာတ နိဿယပစ္စည်းအရ ရုပ်နှင့်နာမ်တို့တွင် ရုပ်က အဓိကပဓါန ပြဋ္ဌာန်းကြောင်း ထင်ရှားပေသည်။

## ဥပနိဿယ

လူတစ်ဦးနှင့် တစ်ဦးသည် မည်သူက အဓိကပဓါန ဖြစ်ကြောင်းကို ထိုလူနှစ်ယောက်တို့၏ ဆက်ဆံကျေးဇူးပြုပုံကို ကြည့်ခြင်းအားဖြင့် သိနိုင်သကဲ့သို့ ရုပ်နာမ်သဘောတရားတို့တွင်လည်း မည်သည်က အဓိကပဓာနဖြစ်ကြောင်းကို ထိုရုပ်နာမ်သဘောတရားတို့၏ ဆက်ဆံကျေးဇူးပြုပုံကို ကြည့်ခြင်းအားဖြင့် သိနိုင်ပေသည်။ ထိုဆက်ဆံ ကျေးဇူးပြုပုံမှာ ဗုဒ္ဓဟောကြားခဲ့သော ပဋ္ဌာန်းကျမ်းကြီး၏ ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း စသော နှစ်ဆယ့်လေးပစ္စည်းပင် ဖြစ်သည်။

ရုပ်နာမ်သဘောတရားတို့၏ အချင်းချင်း ဆက်ဆံကျေးဇူးပြုပုံများ ဖြစ်သော နှစ်ဆယ့်လေးပစ္စည်းတို့တွင် ဟေတု

ပစ္စည်းမှ နိဿယပစ္စည်းတိုင်အောင်သော ပစ္စည်းများကို သုံးသပ်ဝေဘန်ခြင်းအားဖြင့် ရုပ်နာမ်တို့၏ အဓိကပဓာန ပြဿနာများကို အသင့်အတင့်မျှ တင်ပြခဲ့ပေပြီ။ ယခုဆက်လက်၍ ကြွင်းကျန်သေးသော ဥပနိဿယပစ္စည်း၊ ပုရေဇာတပစ္စည်းစသည်တို့ကို သုံးသပ် ဝေဘန်ခြင်းအားဖြင့် ရုပ်နာမ်တို့၏ အဓိကပဓာနပြဿနာကို ရှင်းပါဦးအံ့။

မိုးရေသည် ၎င်းကိုမှီ၍ ပေါက်ရောက်ကြီးပွါးသော သစ်ပင်နှင့် သတ္တဝါတို့အား အလွန်အရေးကြီးစွာ အားကြီးသော မှီရာ အကြောင်း ဖြစ်သကဲ့သို့ မိမိကိုမှီ၍ဖြစ်သော သဘောတရားတို့အား အားကြီးသောမှီရာ အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် ရှိ၏။ ၎င်းကို ဥပနိဿယပစ္စည်းဟု ခေါ်သည်။ ထိုဥပနိဿယ ပစ္စည်းသည်....

၁။ အာရမ္မဏူပနိဿယပစ္စည်း- အာရုံသည် အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုခြင်း။

၂။ အနန္တရူပနိဿယပစ္စည်း- အခြားမဲ့ဖြစ်၍ အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုခြင်း။

၃။ ပကတူပနိဿယပစ္စည်း- ပင်ကိုယ် သဘော အားဖြင့် အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုခြင်း ဟူ၍ သုံးမျိုးရှိသည်။

ထိုဥပနိဿယပစ္စည်းသုံးမျိုးတို့တွင် ....

၁။ အလေးအမြတ်ပြုအပ်သော အာရုံတို့သည် ၎င်းအား အာရုံပြုသော စိတ်စေတသိက်တို့အား အာရမ္မဏာဓိပတိ ပစ္စယနည်းဖြင့် အားကြီးသော မှီရာဖြစ်၍ကျေးဇူးပြုသည်။

၂။ အခြားမဲ့၌ ချုပ်ကုန် ပြီး သော စိတ်စေတသိက်တို့သည် နောက်၌ဖြစ်သော စိတ်စေတသိက်တို့ကို အနန္တရူပနိဿယပစ္စည်းဖြင့် အခြားမဲ့ဖြစ်၍ အားကြီးသောမှီရာဖြစ်၍ ကျေးဇူးပြုသည်။

၃။ ရာဂ စသည်၊ သဒ္ဓါ စသည်၊ သုခ၊ ဒုက္ခ၊ ပုဂ္ဂိုလ်၊ ဘောဇဉ်၊ ဥတု၊ အိပ်ရာ၊ နေရာ တို့သည် ထိုက်သည် အားလျော်စွာ အဇ္ဈတ္တသန္တာန်၌၎င်း၊ ဗဟိဒ္ဓသန္တာန်၌၎င်း ကုသိုလ်စသည်တို့ကိုပကတူပနိဿယပစ္စည်းဖြင့် ပင်ကိုယ် သဘောအားဖြင့် အားကြီးသော မှီရာဖြစ်၍ ကျေးဇူးပြုသည်။ ကံသည် ဝိပါက် တို့အားပကတူပနိဿယပစ္စည်းဖြင့် ပင်ကိုယ် သဘောအားဖြင့် အားကြီးသော မှီရာဖြစ်၍ ကျေးဇူးပြုသည်။ ဤသည်ကား ဥပနိဿယပစ္စည်း၏ ကျေးဇူးပြုပုံအကျဉ်းချုပ်ဖြစ်ပါသည်။

ထိုဥပနိဿယပစ္စည်းအရ ရုပ်နာမ် အမိကပြဿနာကို သုံးသပ်ဝေဘန်ကြည့်က ၁နံပါတ်အရ ရုပ်သည် နာမ်အားကျေးဇူးပြုသည်။ ၂နံပါတ်အရ နာမ်သည် နာမ်အား ကျေးဇူးပြုသည်။ ၃နံပါတ်အရ ပညတ်၊နာမ်၊ရုပ်က နာမ်အား ကျေးဇူး

ပြုသည်။ သို့ဖြစ်သဖြင့် ၁ နှင့် ၃ အရ ရုပ်နှင့်နာမ်တို့တွင် ရုပ် အဓိကဖြစ်သည်။ ၂ နံပါတ်အရ နာမ်အချင်းချင်း ဖြစ်၍ လင်းပါးဘွယ်မရှိပေ။

ထို့ကြောင့် ဥပနိဿယပစ္စည်းအရ ရုပ်နှင့်နာမ်တို့၏ဆက် ဆံကျေးဇူးပြုပုံကို ထောက်ချင့်ခြင်းအားဖြင့် ရုပ်က အဓိက ပဓာနဖြစ်ကြောင်း ဆုံးဖြတ်ရပေမည်။

## ပုရေဇာတ

ဥပနိဿယပစ္စည်းကို ဝေဘန်သုံးသပ်ခြင်းအားဖြင့် ရုပ်နာမ် တို့၏ အဓိကပဓာနပြဿနာကို တင်ပြခဲ့ပေပြီ။ ဆက်လက်၍ ပုရေဇာတပစ္စည်းကို ဝေဘန်သုံးသပ်ခြင်းအားဖြင့် ရုပ်နာမ် တို့၏ အဓိကပဓာနကို ပြဿနာကို တင်ပြပါဦးအံ့။

ကမ္ဘာဦးကစ၍ ပေါ်ထွန်းခဲ့သော နေလ နှစ်ပါး သည် နောက်မှ ဖြစ်ပေါ်သော သတ္တဝါတို့အား ရှေးဦးစွာဖြစ်၍ ကျေးဇူးပြုသကဲ့သို့ ရှေးဦးစွာရှိနှင့်သော ဝတ္ထု နှင့် အာရုံတို့ ကလည်း မိမိကိုမှီ၍ အာရုံပြု၍ နောက်မှဖြစ်လာသော စိတ် စေတသိက်တို့အား ထက်သန်အားရှိအောင် ရှေးဦးစွာဖြစ်နှင့် ခြင်းဖြင့် ကျေးဇူးပြုသည်။ ထိုသည်ကို ပုရေဇာတပစ္စည်းဟု ခေါ်သည်။

ထိုပုရေဇာတပစ္စည်းသည်-

၁။ ဝတ္ထုပုရေဇာတပစ္စည်း-ဝတ္ထုသည် ရှေးဦးစွာဖြစ်၍ ကျေးဇူးပြုခြင်း။

၂။ အာရမ္မဏပုရေဇာတပစ္စည်း- အာရုံသည် ရှေးဦးစွာ ဖြစ်၍ ကျေးဇူးပြုခြင်းပြု၍ နှစ်မျိုးရှိသည်။

ထိုနှစ်မျိုးတို့တွင်-

၁။ ဝတ္ထုခြောက်ခုတို့သည် ပဝတ္တိအခါ ဝိညာဏခေါတ် ခုနစ်ပါးတို့အား ဝတ္ထုသည် ရှေးဦးစွာဖြစ်၍ ကျေးဇူးပြုခြင်း ဝတ္ထုပုရေဇာတပစ္စည်းဖြင့် ကျေးဇူး ပြုသည်။

၂။ အာရုံငါးပါးတို့သည် ပဉ္စဝိညာဏ ဝီထိ၌ ပဉ္စဒွါရိက စိတ်စေတသိက်တို့အား အာရုံသည်ရှေးဦးစွာဖြစ်၍ ကျေးဇူးပြုခြင်း အာရမ္မဏ ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြုသည်။

ခန္ဓါတ်တွင် ဝတ္ထုရုပ်ခြောက်ခုတို ဟူသည်-

၁။ စက္ခုဝတ္ထု-မျက်စိအကြည်ရုပ်။

၂။ သောတဝတ္ထု- နားအကြည်ရုပ်။

၃။ ဃာနဝတ္ထု-နှာခေါင်းအကြည်ရုပ်။

၄။ ဇိဝှါဝတ္ထု-လျှာအကြည်ရုပ်။

၅။ ကာယဝတ္ထု- ကိုယ်အကြည်ရုပ်။

၆။ ဟဒယဝတ္ထု-နှလုံးဟူသော ဟဒယဝတ္ထု ရုပ်တို့ပင် ဖြစ်သည်။

ဝိညာဏဓါတ် ခုနစ်ပါးဟူသည်—

၁။ စက္ခုဝိညာဏဓါတ်- မျက်စိအသိစိတ်။

၂။ သောတဝိညာဏဓါတ်—နားအသိစိတ်။

၃။ ဃာနဝိညာဏဓါတ်-နှာခေါင်းအသိစိတ်။

၄။ ဇိဝှါဝိညာဏဓါတ်-လျှာအသိစိတ်။

၅။ ကာယဝိညာဏဓါတ်-ကိုယ်အသိစိတ်။

၆။ မနောဓါတ်-စက္ခုစသော ငါးဒွါရ၌ ဆင်ခြင်သော စိတ်နှင့် ခံလင့်ခြင်းစိတ်။

၇။ မနောဝိညာဏဓါတ်-အထက် ဆိုခဲ့သော စိတ်များမှ ကြွင်းကျန်သော အသိ စိတ်များ။

၎င်းခုနစ်ပါးပင် ဖြစ်သည်။

ဆိုလိုသည်ကား- မျက်စိအကြည်ရုပ် ဟူသော စက္ခု ဝတ္ထုသည် မျက်စိအသိစိတ်ဟူသော စက္ခုဝိညာဏဓါတ်ထက် ရှေးဦးစွာ ဖြစ်နှင့်၍ ပုရေဇာတ ပစ္စည်းဖြင့် ကျေးဇူး ပြုသည်။ နားအကြည်ရုပ်သည် နားအသိစိတ်အား ရှေးဦးစွာ ဖြစ်နှင့်၍ ကျေးဇူးပြုသည်။ နှာခေါင်း အကြည်ရုပ်သည် နှာခေါင်း အသိစိတ်အား ရှေးဦးစွာ ဖြစ်နှင့်၍ ကျေးဇူးပြုသည်။လျှာအကြည်ရုပ်သည် လျှာအသိစိတ်အားရှေးဦးစွာဖြစ်နှင့်၍ ကျေးဇူးပြုသည်။ ကိုယ်အကြည်ရုပ်သည် ကိုယ်အသိစိတ်အား ရှေးဦးစွာဖြစ်နှင့်၍ ကျေးဇူးပြုသည်။ ဆိုခဲ့သော မျက်စိ၊နား၊နှာ၊

လျှာ၊ကိုယ်အကြည် ရုပ်များသည် ဆင်ခြင်ခြင်းစိတ်နှင့် ခံလင်ခြင်းစိတ်များဟူသော မနောဓါတ်အား ရှေးဦးစွာ ဖြစ်နှင့်၍ ကျေးဇူးပြုသည်။ ဆိုခဲ့ပြီးသော မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ် အကြည်ရုပ်များနှင့် နှလုံးဟူသော ဟဒယဝတ္ထု ရုပ်တို့သည် မနောဝိညာဏဓါတ် ခေါ်သော ကြွင်းကျန်သော စိတ်များအား ရှေးဦးစွာဖြစ်နှင့်၍ ကျေးဇူးပြုသည်။ ထိုသို့ ကျေးဇူးပြုရာတွင် ပဋိသန္ဓေနှင့် စုတိအကြားဟူသော ပဝတ္တိအခါတွင်သာဖြစ်သည်။ ဤကား- ဝတ္ထုပုရေဇာတပစ္စည်း ကျေးဇူးပြုပုံတည်း။

ထိုဝတ္ထုပုရေဇာတ ပစ္စည်းအရ ရုပ်နှင့်နာမ်တို့တွင် မည်သည်က အဓိကပဓာနဖြစ်ကြောင်း ပြသနေသည် ထင်ရှားလှသည်၊ ဝတ္ထုဟူသည်ရုပ်များဖြစ်၍ ဝိညာဏဓါတ် ဟူသည် စိတ်များဟူသော နာမ်ဖြစ်သည်။ ဝတ္ထုရုပ်တို့က ဝိညာဏဓါတ်တို့အား ကျေးဇူးပြုသည်ဖြစ်ရာ ရုပ်သည်ပင်လျှင် အဓိကပဓာနဖြစ်တော့သည်။

၂ နံပါတ်အရ အာရမ္မဏပုရေဇာတ ပစ္စည်းတွင် အာရုံငါးပါးဟူသည်ကား-

၁။ ရူပါရုံ-အဆင်း။

၂။ သဒ္ဒါရုံ-အသံ။

၃။ ဂန္ဓာရုံ-အနံ့။

၄။ ရသာရုံ-အရသာ။

၅။ ဖေါဋ္ဌဗ္ဗာရုံ-အတွေ့တို့ပင် ဖြစ်သည်။

ပဉ္စဒွါရိက ငါးဒွါရ၌ ဖြစ်သောစိတ်များ ဟူသည်-

၁။ စက္ခုဒွါရိက-မျက်စိ၌ဖြစ်သောစိတ်။

၂။ သောတဒွါရိက-နား၌ဖြစ်သောစိတ်။

၃။ ဃာနဒွါရိက-နှာခေါင်း၌ဖြစ်သောစိတ်။

၄။ ဇိဝှါဒွါရိက-လျှာ၌ဖြစ်သောစိတ်။

၅။ ကာယဒွါရိက-ကိုယ်၌ဖြစ်သောစိတ်တို့ပင် ဖြစ်သည်။

ဆိုလိုသည်မှာ ရူပါရုံ ဟူသော အဆင်းသည် စက္ခုဒွါရိက မျက်စိ၌ ဖြစ်သော စိတ်တို့အား အာရုံသည်ရှေးဦးစွာဖြစ်၍ ကျေးဇူးပြုခြင်း အာရမ္မဏပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြုသည်။ အသံအာရုံသည် နား၌ ဖြစ်သောစိတ်တို့အား ရှေးဦးစွာဖြစ်နှင့်၍ ကျေးဇူးပြုသည်။ အနံ့အာရုံသည်နှာခေါင်း၌ ဖြစ်သောစိတ်တို့အား ရှေးဦးစွာ ဖြစ်နှင့်၍ ကျေးဇူးပြုသည်။ အရသာ အာရုံသည် လျှာ၌ဖြစ်သော စိတ်တို့အား ရှေးဦးစွာ ဖြစ်နှင့်၍ ကျေးဇူးပြုသည်။ အတွေ့အာရုံသည်ကိုယ်၌ဖြစ်သော စိတ်တို့အား ရှေးဦးစွာ ဖြစ်နှင့်၍ ကျေးဇူးပြုသည်ဟု ဆိုလိုသည်။ ဤကား အာရမ္မဏပုရေဇာတပစ္စည်း ကျေးဇူးပြုပုံ တည်း။

ထိုအာရမ္မဏပုရေဇာတ ပစ္စည်းအရ ရုပ်နှင့် နာမ် တို့တွင် မည်သည်က အဓိကပဓာနဖြစ်ကြောင်းထင်ရှားလှသည်။ ရူပါရုံစသော အာရုံငါးပါးဟူသည် ရုပ်များဖြစ်၍ စက္ခုစသော ငါးဒွါရ၌ဖြစ်သော စိတ်များဟူသည် နာမ်များ ဖြစ်သဖြင့်

အာရုံငါးပါးက စိတ်တို့အား ကျေးဇူးပြုသည်ဖြစ်ရာ ရုပ်သည်ပင်လျှင် ပဓာနအဓိက ဖြစ်ပါတော့သည်။

ပုရေဇာတပစ္စည်းအရ အကျဉ်းချုပ်ဆိုလိုသည်ကား ဝတ္ထုခြောက်ပါး ဟူသော ရုပ်များ၊ အာရုံငါးပါး ဟူသော ရုပ်များ ရှေးဦးစွာဖြစ်နှင့်၍ ရှိနေပြီးမှ ထိုဝတ္ထုရုပ်ကို မှီ၍ဖြစ်သော စိတ်များ၊ ထိုအာရုံကို အာရုံပြု၍ဖြစ်သော စိတ်များ ဖြစ်နိုင်သည်ဟု ဆိုလိုပေသည်။

ထို့ကြောင့် ဤပုရေဇာတပစ္စည်းအရ ရုပ်က အဓိက ပဓာနဖြစ်သည်ဟု ဆုံးဖြတ်ရပေမည်။

## ပစ္ဆာဇာတ

ရုပ်နှင့်နာမ်တွင် မည်သည်ကအဓိက မည်သည်က ပဓာန ဖြစ်ကြောင်းကို နှစ်ဆယ့်လေးပါး ပစ္စည်းတရားများ အနက် ပစ္စည်းအချို့ကို ဝေဘန်သုံးသပ်ခြင်းအားဖြင့် အသင့်အတင့် မျှတင်ပြခဲ့ပေပြီ။ ပိုမို ရှင်းလင်းရန်အတွက် ကြွင်းကျန် သေးသော ပစ္စည်းများကိုလည်း ဆက်လက် တင်ပြ လိုပါသေးသည်။

ပရမတ္ထ သဘောတရားများတွင် ရှေးဖြစ်သော သဘောတရားက နောက်ဖြစ်သော သဘောတရားကို ကျေးဇူးပြုခြင်း ရှိသကဲ့သို့ နောက်ဖြစ်သော သဘောတရားက ရှေးဖြစ်သော သဘောတရားများကို ကျေးဇူး ပြုခြင်းလည်း ပါရှိသည်။ ရှေးဖြစ်သော သဘောတရားက နောက်ဖြစ်သော သဘော

တရားကို ကျေးဇူးပြုခြင်းကို ပုရေဇာတပစ္စည်းခေါ်၍ နောက်ဖြစ်သော သဘောတရားက၊ ရှေးဖြစ်သော သဘောတရားကို ကျေးဇူးပြုခြင်းကို ပစ္ဆာဇာတ ပစ္စည်းဟု ခေါ်ပါသည်။ ပုရေဇာတပစ္စည်းအကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်သဖြင့် ပစ္ဆာဇာတပစ္စည်းကိုသာ တင်ပြသုံးသပ်ဝေဖန်လိုပါသည်။

ပိုမိုရှင်းလင်းရန်အတွက် ရုပ်နှင့်နာမ် ဖြစ်စဉ်သဘောတရားကို အနည်းငယ်ထည့်သွင်းဖော်ပြလိုပါသည်။ နာမ်ရုပ်တို့သည် အရမ်းကာရော ပေါက်ကရဖြစ်ကြသည်မဟုတ်၊ မည်သည့်စိတ်ဖြစ်ပြီးနောက် မည်သည့်စိတ်ဖြစ်သည်။ မည်သည့်ရုပ် ဖြစ်ပြီးနောက် မည်သည့်ရုပ်ဖြစ်သည်စသည်ဖြင့် အစဉ်အတိုင်းသာလျှင်ဖြစ်ကြသည်။ ထိုသို့အစဉ်အတိုင်းဖြစ်သည်ကို "ဝီထိ"ဟု ခေါ်သည်။ ဝီထိဆိုသည်မှာ ပါဠိစကားဖြစ်၍ မြန်မာဘာသာအားဖြင့် လမ်းခရီးပင် ဖြစ်သည်။ရန်ကုန်မှ မန္တလေးသို့ ရထားဖြင့်သွားမည့် သူသည် ပဲခူး၊ ဒိုက်ဦး၊ ပြွန်တံဆာ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား စသော မြို့စဉ်အတိုင်း ရောက်သွားရသည်။ လမ်းခရီးမှ တမြို့မြို့ကို ခြွင်းချန်၍ ရောက်မည်မဟုတ်ပေ။ ထို့အတူ စိတ်သည်လည်း ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏစသော စိတ်အစဉ်တိုင်းသာလျှင် စိတ္တနိယာမအလျောက် ဖြစ်ကြသည်။စိတ်ဘခုခုခြွင်းချန်၍မရပေ။ ခရီးစဉ် ဝီထိအတိုင်းသာလျှင် ဖြစ်ကြသည်။ ရုပ်သည်လည်း ဤနည်းအတိုင်းပင် ဖြစ်သည်။

သို့သော် နာမ်ခေါ်သော စိတ်စေတသိက်နှင့် ရုပ်တို့သည် ဖြစ်ခြင်း တူညီသည်မဟုတ်ပေ။ စိတ်သည် မျက်စိတမှိတ်လျှပ်

တပြက်တွင် အကြိမ်ပေါင်း ကုဋေတသိန်းခန့် ဖြစ်သည်ဟု ဆို၏၊ စိတ် တဆယ့်ခုနစ်ကြိမ်ဖြစ်တိုင်း ရုပ်တကြိမ်သာ ဖြစ်သည်။ ထို့ကြောင့် စိတ်ထက် ရုပ်က တဆယ့်ခုနစ်ကြိမ် နှေး၍ ရုပ်ထက် စိတ်က တဆယ့်ခုနစ်ကြိမ် မြန်သည်ဟု ဆိုလိုပေသည်။ စိတ်တခုနှင့်အတူဖြစ်သော ရုပ်သည် ထိုစိတ်ချုပ်သော်လည်း မချုပ်၊ နောက်ထပ် ဆယ့်ခြောက်စိတ် ချုပ်မှချုပ်၏။

ဤ၌ လိုအပ်သည်ကား ရှေးစိတ်နှင့် နောက်စိတ်၊ ရှေးရုပ်နှင့် နောက်ရုပ် ရှိခြင်းကို ပေါ်လွင် စေခြင်းပင် ဖြစ်သည်။ စိတ်သည် မျက်စိတမှိတ် လျှပ်တပြက်တွင် ကုဋေတသိန်းဖြစ်၍ စိတ်တဆယ့်ခုနစ်ကြိမ်လျှင် ရုပ်တကြိမ်စီ ဖြစ်လျက်ရှိရာ လျှင်မြန်သော ခဏအတွင်းမှာပင် စိတ်ပေါင်းများ ရုပ်ပေါင်းများစွာ ဖြစ်လိုက် ချုပ်လိုက် နေကြသည်မှာ ထင်ရှားလှပေသည်။ ထိုသို့ ဖြစ်လိုက် ချုပ်လိုက် ရှိနေခြင်းကပင်လျှင် ရှေးစိတ်နှင့်နောက်စိတ်၊ ရှေးရုပ်နှင့်နောက်ရုပ် ရှိခြင်းမှာ ထင်ရှားလှပေသည်။

ပစ္ဆာဇာတပစ္စည်းအရ ကျေးဇူးပြုပုံကား၊ နောက်မှ ဖြစ်သော စိတ်စေတသိက်တို့သည် ရှေးဦးစွာဖြစ်နှင့်၍ ဌီ အနေနှင့် တည်ရှိနေကြသော ရုပ်များအား နောက်ဖြစ်၍ ကျေးဇူးပြုခြင်းပင် ဖြစ်သည်။ (ဌီဆိုသည်မှာ ဖြစ် တည် ချုပ်ဟူသော ဥပါဒ် ဌီ ဘင်တို့တွင် တည်ခြင်းဟူသော ဌီပင်ဖြစ်သည်)

ကာမဘုံ၊ ရူပဘုံတို့၌ သတ္တဝါများသည် ပဋိသန္ဓေအခါကပင် ရုပ်နှင့်နာမ်များဖြစ်ကြသည်။ ပဋိသန္ဓေ တည်ခါစ၌

စိတ်အစဉ်မှာ ရှေးဦးစွာပဋိသန္ဓေစိတ်၊ ထိုနောက် ပထမဘဝင် စိတ်၊ ဒုတိယဘဝင်စိတ်စသည်ဖြင့် ဘဝင်စိတ်များဖြစ်သည်။ ထိုသို့ စိတ်များဖြစ်စဉ်အတွင်း ရုပ်များလည်း အထိုက်အလျောက် ဖြစ်ကြသည်။ ပဋိသန္ဓေစိတ်နှင့် ပထမဘဝင်စိတ်တို့အနက် ပဋိသန္ဓေစိတ်က ရှေးဖြစ်၍ ပထမဘဝင်စိတ်က နောက် ဖြစ်သည်။ ပထမ ဘဝင်စိတ်ဖြစ်သော အချိန်တွင် ပဋိသန္ဓေစိတ်နှင့် တချိန်တည်း ဖြစ်သော ရုပ်များသည် ပဋိသန္ဓေစိတ် ချုပ်ပြီးသော်လည်း မချုပ်သေးချေ။ အကြောင်းသော်ကား- အထက်တွင် ဆိုခဲ့သည့်အတိုင်း ဆယ့်ခုနစ်ကြိမ်တကြိမ်အရ စိတ်ထက်ရုပ်က တည်နေခြင်း၌ သို့မဟုတ် ဌီကာလ၌ အချိန်ကြာမြင့်သောကြောင့်ပင် ဖြစ်သည်။ ပဋိသန္ဓေစိတ်မှ နောက်စိတ်ဖြစ်သော ပထမဘဝင်စိတ်ဖြစ်သောအခါ ပဋိသန္ဓေနှင့် တချိန်တည်းဖြစ်၍ တည်ရှိနေသော သို့မဟုတ် ဌီသို့ရောက်နေသော ရုပ်များရှိ၏။ ပထမဘဝင်စိတ်သည် ထိုရုပ်များကို နောက်မှ ဖြစ်၍ ကျေးဇူးပြုသည်။ ဤသည်ကို ပစ္ဆာဇာတပစ္စည်းဟု ခေါ်သည်။ ဤကား ဥဒါဟရဏ်သာတည်း။ ဤနည်းအတိုင်း စုတိသို့တိုင်အောင် ရှေးစိတ်နောက်စိတ် ခွဲခြားပြီးနောက် ရှေးမှ ဖြစ်၍ တည်နေသော ရုပ်များကို နောက်မှဖြစ်သော စိတ်များက ကျေးဇူးပြုပုံ အကျယ်ခွဲ၍ သိပါလေ။ အဘိဓမ္မာအရာဖြစ်၍ နက်နဲပါသည်။ သဘောမိအောင် သုံးသပ်ဝေဘန်ပါလေ။

ဤပစ္ဆာဇာတပစ္စည်းကို လင်းတငယ်နှင့်နှိုင်းယှဉ်၍ အဋ္ဌကထာဆရာတို့ ဥပမာဆိုကြသည်။ လင်းတကြီးတို့သည် မိမိတို့

ဘာသာ အစာရှာဖွေ စားသောက်ကြသော်လည်း လင်းတယ်များအတွက်မူ အစားအစာများ ယူလာခြင်းမရှိ။ လင်းတယ်တို့မှာ မိဘတို့ ပြန်လာလျှင် အစာပါလာနိုး မျှော်လင့်တောင့်တနေကြသည်။ အစာမစားရလျှင် သေဘွယ်ရှိသော်လည်း လင်းတယ်တို့မှာ အာဟာရ အာသာစေတနာကြောင့် မသေဘဲ၊ အတောင်အလက်စုံ၍ အစာရှာနိုင်သည့်တိုင်အောင် နေနိုင်သည်ဟု ဆိုလေသည်။ ဤဥပမာ၏ ဆိုလိုချက်ကား လင်းတယ်၏ အာဟာရအာသာသည် ထိုအာဟာရအာသာ မဖြစ်မီ ရှေးဦးစွာဖြစ်နှင့်၍ တည်သော ကိုယ်ခန္ဓာရုပ်အပေါင်းအား ကြီးပွားစေရန် နောက်မှဖြစ်၍ ကျေးဇူးပြုသည်ဟု ဆိုလေသည်။ ဤနည်းအတိုင်းပင် နောက်မှဖြစ်သော ရုပ်များသည် ရှေးစိတ်များနှင့်အတူ ရှေးဦးစွာဖြစ်နှင့်၍ ထိုရှေးစိတ်များချုပ်သော်လည်း မချုပ်သေးဘဲ တည်ရှိနေသော ရုပ်များအား ကျေးဇူးပြုလေသည်။

ဤပစ္ဆာဇာတပစ္စည်းအရ ရုပ်နှင့်နာမ်တွင် မည်သည်က အဓိကပဓါန ဖြစ်သလဲဟု ဝေဘန်ကြည့်က နာမ်က အဓိကပဓါန ဖြစ်ကြောင်း သိရှိရပေမည်။ အကြောင်းသော်ကား ကျေးဇူးပြုတတ်သောတရားများမှာ စိတ်စေတသိက်ဟူသော နာမ်များဖြစ်၍ ကျေးဇူးပြုခံရသောတရားများမှာ ရုပ်များဖြစ်သောကြောင့်တည်း။

**အာသေဝန**

ပစ္ဆာဇာတပစ္စည်းကို သုံးသပ်ဝေဘန်ခြင်းအားဖြင့် ရုပ်

နှင့်နာမ်တို့တွင် နာမ်ကအဓိကပဓါနဖြစ်ကြောင်း သိရှိရပေပြီ။ ဆက်လက်၍ အာသေဝနပစ္စည်းကို ဝေဘန်ကြည့်ပါဦးစို့။

ရှေးရှေးထိုအပ် လိမ်းအပ်သော နံ့သာသည် နောက်နောက်ထိုအပ်လိမ်းအပ်သော နံ့သာအား ပို၍ ထက်သန် ခိုင်ခန့်အောင် အနံ့မွှေးကြိုင်အောင် ကျေးဇူးပြုဘိသို့ရင်း၊ စာပေကျမ်းဂန်သင်ကြားခြင်း၌ ရှေးရှေးရွတ်အံ သရဇ္ဈာယ်ခြင်း၊ သင်အံလေ့ကျင့်ခြင်းသည် နောက် နောက် ရွတ်အံသရဇ္ဈာယ်ခြင်း သင်အံလေ့ကျင့်ခြင်းကို ပို၍လွယ်ကူအောင် ကျေးဇူးပြုသကဲ့သို့ရင်း၊ ဒိုး၊ ဂျင်၊ စက်ဘီးတို့၏ ရှေးရှေးလည်မှုသည် နောက်နောက်လည်မှုအား ကျေးဇူး ပြုသကဲ့သို့ရင်း၊ ရှေးရှေးဇောစိတ်က နောက် နောက် ဇောစိတ်အား ထက်သန် ကြီးထွားအောင် အထုံအဟုန် အရှိန်ပေးသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်းကို အာသေဝနပစ္စည်းဟု ခေါ်သည်။ မိမိနှင့်အလားတူစွာ နောက်သဘောတရား တခု ထပ်မံ၍ ဖြစ်ပေါ်လာအောင် မိမိ၏သတ္တိအရှိန်က ပေးခဲ့ခြင်း၊ မိမိ၏သတ္တိကို ထုံမွမ်းထားခဲ့ခြင်းသည် အာသေဝနပစ္စည်း သဘောပင် ဖြစ်သည်။

ဤအာသေဝနပစ္စည်း၌ လုံ့လပယောဂဖြင့် ပြုအပ်သော အရှိန်ရှိသောဇောစိတ်များသည်သာပါဝင်လေသည်။ တကြိမ်တည်းဖြစ်၍ အရှိန်မရှိသော မဂ်ဇောနှင့် နှစ်ကြိမ်သုံးကြိမ်ဖြစ်သော်လည်း လုံ့လပယောဂမရှိသော ဖိုလ်ဇောများမပါဝင်ချေ။ ထို့ကြောင့် လုံ့လပယောဂ အားဖြင့်လည်းပြု၊ အရှိန်လည်းရှိသော လောကီကုသိုလ် အကုသိုလ် ကြိယာဇောများ

သာပါ၀င်လေသည်။ လောကီဇောများသည် ခုနစ်ကြိမ်၊ ခြောက်ကြိမ်၊ ငါးကြိမ်စသည်ဖြင့် တဆက်ထဲ ဖြစ်တတ်လေရာ အရှိန်သဘောများရှိလေသည်။ စက်ဘီး၏ ပထမအပတ်လည်ခြင်းသည် ဒုတိယအပတ် လည်ခြင်းအားရင်း၊ ဒုတိယအပတ်လည်ခြင်းသည် တတိယအပတ် လည်ခြင်းအားရင်း အရှိန်သဘောဖြင့် ကျေးဇူးပြုခြင်း စသည်တို့ကဲ့သို့ ပထမ ဇောစိတ်သည်ဒုတိယဇောစိတ်အားရင်း၊ ဒုတိယဇောစိတ်သည် တတိယဇောစိတ်အားရင်း၊ အရှိန်သဘောဖြင့် ကျေးဇူးပြုခြင်းစသည်တို့သည် အာသေဝနပစ္စည်းပင်ဖြစ်သည်။

ထို့ကြောင့် အစဇောမှာ ကျေးဇူးပြုတတ်၍ ကျေးဇူး ပြုခြင်းမခံရပေ။ အဆုံးဇောမှာ ကျေးဇူးပြုသာခံရ၍ ကျေးဇူးမပြုတတ်ပေ။ အလယ်ဇောများမှာ ကျေးဇူးလည်း ပြုတတ်၊ ကျေးဇူးပြုလည်းခံရလေသည်။

ဤအာသေဝနပစ္စည်းအရ ရုပ်နှင့်နာမ် မည်သည်က အဓိကပဓာနလဲ ဟူသော ပြဿနာသည် လင်းပါးဘွယ် မရှိပေ၊ အကြောင်းသော်ကား အာသေဝန ပစ္စည်းဖြင့် ကျေးဇူးပြုတတ်သော ဇောစိတ် များနှင့် ကျေးဇူးပြုခံရသော ဇောစိတ်များသည် နာမ်တရားများချည်းသာ ဖြစ်သောကြောင့်တည်း။

**ကမ္မ**

ဗုဒ္ဓအဘိဓမ္မာအရ စကြ၀ဠာ အနန္တ ရှိသည်။ သတ္တ၀ါတွေ အနန္တရှိသည်။စကြ၀ဠာအနန္တ ရှိသည်အနက် စကြ၀ဠာ

တခုစီလျှင် သတ္တဝါတို့၏ ဘုံဘဝကို ပိုင်းခြားသတ်မှတ်ခြင်း အားဖြင့် သုံးဆယ့်တဘုံ ရှိသည်။ ထိုသုံးဆယ့်တဘုံ အနက် အချို့ဘုံများမှာ ဆင်းရဲဒုက္ခနှင့်ပြည့်ပြော၍ အချို့ဘုံများ မှာ ချမ်းသာသုခနှင့် ပြည့်စုံသည်။ အချို့ဘဝများမှာ ဒုက္ခ ဆင်းရဲနှင့် တွေ့ကြုံရ၍ အချို့ဘဝများမှာ ချမ်းသာသုခနှင့် တွေ့ကြုံရသည်။ သတ္တဝါများသည် တဘဝ၌ ဇီဝိန်ချုပ်ငြိမ်း၍ သေဆုံးရသော်လည်း နောက်တဘဝ၌ ဖြစ်ကြရသည်။ နိဗ္ဗာန် မရသရွေ့ တဘုံမှတဘုံသို့ စုတိ၊ ပဋိသန္ဓေအားဖြင့် ပြောင်း လဲနေထိုင်ရသည်။ ဤသို့ တဘုံမှတဘုံ တဘဝမှ တဘဝသို့ ပြောင်းလဲ၍နေရသည်ကို သံသရာဘဝဟုခေါ်သည်။ ထိုသို့ သံသရာဘဝ၌ ကျင်လည်ရစဉ်အတွင်း ဒုက္ခဆင်းရဲနှင့်ပြည့်နှက် သောဘုံမှ သုခချမ်းသာနှင့်ပြည့်စုံသောဘုံသို့၎င်း၊ သုခချမ်း သာနှင့်ပြည့်နှက်သောဘုံမှ ဒုက္ခဆင်းရဲနှင့် ပြည့်နှက်သောဘုံ သို့၎င်း၊ တဝဲလည်လည် ပြောင်းရွှေ့နေထိုင်ရသည်။ ထိုသို့ ဒုက္ခဆင်းရဲရှိသောဘုံသို့၎င်း၊ ချမ်းသာသုခရှိသော ဘုံသို့၎င်း သွားရောက် နေထိုင်ရခြင်း၊ ထိုသို့ သွားရောက်နေထိုင်ရစဉ် အတွင်း ဒုက္ခဆင်းရဲခံစားရခြင်း၊ ချမ်းသာသုခခံစားရခြင်းမှာ အကြောင်းမဲ့ သက်သက်မဟုတ်၊ ပြုခဲ့ပြီးသော ကောင်းမှုကံ မကောင်းမှုကံကြောင့်ပင်ဖြစ်သည်။ ကမ်ဟူသည်ကမ္မဟူသော ပါဠိစကားမှ ဆင်းသက်၍ ပြုလုပ်ခြင်း အမှု အလုပ်ပင် ဖြစ် သည်။ ကောင်းသောအလုပ်သည် ကုသိုလ်ကံဖြစ်၍ မကောင်း သော အလုပ်သည် အကုသိုလ်ကံပင် ဖြစ်သည်။ ကုသိုလ်ကံ၌ ၎င်း၊ အကုသိုလ်ကံ၌၎င်း၊ ကိုယ်ဖြင့်ပြုလုပ်ခြင်း ကာယကံ၊နှုတ်

ဖြင့်ပြုလုပ်ခြင်း ဝစီကံ၊ စိတ်ဖြင့် ပြုလုပ်ခြင်း မနောကံ ဟူ၍ သုံးမျိုးစီကွဲပြားလေသည်။ ကောင်းသောကိုယ်အမှု၊ နှုတ်အမှု၊ စိတ်အမှုကို ပြုလုပ်သောသူသည် ကောင်းသော ချမ်းသာသော ဘုံဘဝတို့၌ သွားရောက်ဖြစ်ကြရ၍ ယခုဘဝ၌၎င်း၊ နောက်ဘဝများ၌၎င်း ကောင်းကျိုးချမ်းသာကို ဖြစ်စေနိုင်သည်။ မကောင်းသော ကိုယ်အမှု၊နှုတ်အမှု၊ စိတ်အမှုကို ပြုလုပ်သောသူသည် မကောင်းသောဆင်းရဲသောဘုံဘဝတို့၌ သွားရောက်ဖြစ်ကြရ၍ ယခုဘဝ၌၎င်း၊ နောက်ဘဝများ၌၎င်း မကောင်းကျိုးဆင်းရဲကို ဖြစ်စေနိုင်သည်။

ထိုသို့ကောင်းသောဘုံဘဝနှင့် ချမ်းသာသုခ၊ မကောင်းသော ဘုံဘဝနှင့်ဆင်းရဲဒုက္ခတို့ကိုဖြစ်စေသည်မှာ ကံကြောင့်ပင်ဖြစ်သည်။ ကံဟူသည်အဘိဓမ္မာအရ တရားကိုယ်ကောက်က စေ့ဆော်ခြင်း စေတနာ စေတသိက်ပင်ဖြစ်သည်။ မကောင်းမှုအကုသိုလ်၌ စေ့ဆော်ခြင်းစေတနာစေတသိက်ကို အကုသိုလ်ကံဟုခေါ်၍ ကောင်းမှုကုသိုလ်၌ စေ့ဆော်ခြင်း စေတနာစေတသိက်ကို ကုသိုလ်ကံဟု ခေါ်သည်။

ဆင်းရဲအတိ ပြီးသော ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဟူသော အပယ်လေးဘုံ၌ ကျရောက်ခြင်းသည် မကောင်းမှုအကုသိုလ်ကံ စေတနာကြောင့်ပင် ဖြစ်သည်။ ပဝတ္တိ အခါ၌လည်း အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့မှာ အလိုမရှိအပ် အနိဋ္ဌဖြစ်သော အဆင်းရူပါရုံကို တွေ့မြင်ရခြင်း၊ အလိုမရှိအပ် အနိဋ္ဌဖြစ်သော အသံသဒ္ဒါရုံကို ကြားရ

ခြင်း၊ အလိုမရှိအပ် အနိဋ္ဌဖြစ်သော အနံ့ဂန္ဓာရုံကို နံရခြင်း၊ အလိုမရှိအပ် အနိဋ္ဌဖြစ်သော အရသာရသာရုံကို စားသုံးခြင်း၊ အလို မရှိအပ်အနိဋ္ဌဖြစ်သော အတွေ့ဖေါဋ္ဌဗ္ဗာရုံနှင့် တွေ့ထိရ၍ ဆင်းရဲဒုက္ခရောက်ခြင်း အစရှိသည်တို့သည်လည်း ရှေးဘဝ၊ ယခုဘဝတို့၌ ပြုခဲ့သော အကုသိုလ်ကံ စေတနာအကျိုးပေး များပင် ဖြစ်သည်။ အကုသိုလ် စေတနာ ကံသည် အပါယ် လေးဘုံ၌ ပဋိသန္ဓေအကျိုးကို ပေး၍ ကာမဘုံ၊ ရူပဘုံတို့၌ ပဝတ္တိအခါ မကောင်းကျိုးကို ပေးနိုင်သည်ဟု ဆိုလိုပေသည်။

လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့၌ ဖြစ်ရခြင်းသည် ကောင်းမှု ကုသိုလ်ကံ စေတနာကြောင့်ပင် ဖြစ်သည်။ ပဝတ္တိ အခါ၌လည်း အပါယ်ဘုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့၌ အလိုရှိ အပ် ဣဋ္ဌဖြစ်သော အဆင်းရူပါရုံကို တွေ့မြင်ရခြင်း၊ အလိုရှိ အပ် ဣဋ္ဌဖြစ်သော အသံသဒ္ဒါရုံကို ကြားရခြင်း၊ အလိုရှိအပ် ဣဋ္ဌဖြစ်သော အနံ့ဂန္ဓာရုံကို နံရခြင်း၊ အလိုရှိအပ် ဣဋ္ဌဖြစ် သော အရသာ ရသာရုံကို စားသုံးရခြင်း၊ အလိုရှိအပ် ဣဋ္ဌဖြစ် သော အတွေ့ဖေါဋ္ဌဗ္ဗာရုံနှင့် တွေ့ထိရ၍ ချမ်းသာသုခ ရှိခြင်း စသည်တို့သည်လည်း ရှေးဘဝ၊ ယခုဘဝတို့၌ပြုခဲ့သော ကုသိုလ် ကံစေတနာအကျိုးပေးများပင်ဖြစ်သည်။ ကာမာဝစရကုသိုလ် ကံစေတနာသည် လူ့ဘုံ နတ်ဘုံ ဟူသော ကာမသုဂတိဘုံ များ၌ ပဋိသန္ဓေအကျိုးကိုပေးနိုင်သည်။ ကာမဘုံ၊ ရူပဘုံတို့၌ ပဝတ္တိအခါ ကောင်းကျိုးချမ်းသာကို ပေးနိုင်သည်။ ရူပါ ဝစရကုသိုလ်ကံ စေတနာသည် ရူပဗြဟ္မာဘုံ၌ ပဋိသန္ဓေ

အကျိုးကို ပေးနိုင်သည်။ အရူပါဝစရကုသိုလ်ကံ စေတနာသည် အရူပဗြဟ္မာဘုံ၌ ပဋိသန္ဓေအကျိုးကို ပေးနိုင်သည်။

ဤသို့ စေတနာဟူသော ကံသည် ဘုံဘဝတို့၌ ပဋိသန္ဓေ အကျိုး၊ ပဝတ္တိအခါ၌ ကောင်းကျိုးဆိုးကျိုးပေးစွမ်းနိုင်ခြင်း၊ ပေးစွမ်းနိုင်အောင် ကျေးဇူးပြုခြင်း သတ္တိကို ပဋ္ဌာန်းနည်းအရ ကမ္မပစ္စည်းဟု ခေါ်သည်။

စေတနာကံသည် မျိုးစေ့နှင့်တူ၏။ အကျိုး ဝိပါက်သည် သစ်ပင်နှင့်တူသည်။ မျိုးစေ့သည် သစ်ပင်ကို ဖြစ်စေသကဲ့သို့ စေတနာကံသည် ကောင်းကျိုး ဆိုးကျိုး ဟူ သော အကျိုး ဝိပါက်ကို ဖြစ်စေသည်။ မျိုးစေ့သည် ရေမြေဟူသော အကြောင်း အထောက်အပံ့ ရလျှင် ကြီးကျယ်သောသစ်ပင်ကို ဖြစ်စေနိုင်သကဲ့သို့ စေတနာကံသည်လည်း ဂတိ၊ ကာလ၊ ဥပဓိ၊ ပယောဂ ဟူသော အကြောင်း အထောက်အပံ့ရက ကြီးကျယ်သော ဘဝတည်းဟူသော သစ်ပင်ပေါက်နိုင်သည်။ ဂတိ၊ ကာလ၊ ဥပဓိ၊ ပယောဂ ညံ့သည့်အခါ အကုသိုလ် စေတနာ၏ သတ္တိကြောင့် မကောင်းကျိုးပေါ်ထွက်လာ၍ ဂတိ၊ကာလ၊ဥပဓိ၊ ပယောဂ ကောင်းမွန်သည့်အခါ ကုသိုလ် စေတနာကြောင့် ကောင်းကျိုး ပေါ်ထွက်လာနိုင်သည်။

ကုသိုလ်၊ အကုသိုလ်စေတနာကံသည် ဖြစ်၍ ချုပ်ငြိမ်းပြီးမှ ယခုဘဝ၌ရင်း၊ နောက်ဘဝများ၌ရင်း အကျိုးပေးနိုင်သည်။

ဤသည်ကို နာနက္ခတ်ကကမ္မပစ္စည်းဟု ခေါ်သည်။အဘယ် ကြောင့်ဆိုသော် ဖြစ်စဉ်ခဏ၌ အတူဖြစ်၍ အကျိုးမပေး၊ ဖြစ်ပြီးမှ အခြားခဏ၌အကျိုးပေးသောကြောင့် ဖြစ်သည်။

ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသော စေတနာသည် ပြုလုပ်ဖြစ်ပေါ်၍ ချုပ်ငြိမ်းပြီးမှ ယခုဘဝ၌ရင်း၊ နောက်ဘဝများ၌ရင်း ကောင်းကျိုးဆိုးကျိုးပေးနိုင်သည်ဟု ဆိုခြင်းမှာ ယုံနိုင်စရာမရှိလောက်အောင် အံ့ဩဘွယ်ရာဖြစ်၍နေသည်။သို့သော်လည်း ယခုလောက၌ပင် ဖြစ်ပျက် ချုပ်ငြိမ်းပြီး၍ အချိန်အတော်ကြာမှ အကျိုးပေးတာတွေ ရှိပေသည်။ ငယ်ရွယ်စဉ်က ဆေးကောင်း ဝါးကောင်း အစားအသောက်ကောင်း မှီဝဲစားသောက်ရသော သူများသည် နောက် ကြီး ပြင်း သောအခါ ထိုဆေးဝါးအစာတို့ကြောင့် ဖြစ်သော ရုပ်တို့သည် မရှိကြတော့သော်လည်း အရွယ် ကြီးသောအခါ ကျန်းမာသန်စွမ်းသန့်ရှင်းသော ရုပ်အဆင်းကို ရရှိနိုင်ပေသည်။ ထို့ပြင် သစ်ပင်သည် မျိုးစေ့သစ်သီးမရှိတော့သော်လည်း ထိုမျိုးစေ့ အကျိုးပေးမှုကြောင့် ထိုမျိုးစေ့အသီးနှင့်တူစွာသော အသီးကို သီးနိုင်သည်။ ထို့ပြင် မိန်းမနှင့်ယောကျ်ား တကြိမ်တခါမျှ သံဝါသပြုခြင်းသည် နောက်ထပ် သံဝါသ ပြုစရာ မလိုဘဲ နောက်ကာလအတော်ကြာသောအခါ ကိုယ်ဝန်ကို ကြီးထွားဖြစ်စေသည်။ ထိုကဲ့သို့ပင် ကုသိုလ်ကံ အကုသိုလ်ကံ ဟူသော စေတနာ စေတသိက်သည် ကုသလဝိပါက် အကုသိုလ်ဝိပါက် ဟူသော ကောင်းကျိုး မကောင်းကိုရင်း၊ ကံကြောင့် ဖြစ်

သော ကမ္မဇရုပ်များကိုရင်း ချုပ်ငြိမ်းပြီးမှ အခြားခဏ၌ ကံဖြစ်၍စေ့ဆော်ခြင်း ထောက်ပံ့ခြင်း ဖြစ်စေခြင်း သတ္တိဖြင့် ကျေးဇူးပြုသည်။

ဤဆိုခဲ့ပြီးသည်တို့ကား သီးခြားသော ခဏ၌ ကျေးဇူးပြုခြင်း နာနက္ခဏိက ကမ္မပစ္စည်းပင် ဖြစ်သည်။ ဤနာနက္ခဏိက ပစ္စည်းအပြင် ကမ္မပစ္စည်းသည် အတူတကွဖြစ်၍ ကျေးဇူးပြုခြင်း သဟဇာတ ပစ္စည်းဟု တမျိုး ရှိပါသေးသည်။ တပည့်ကြီးများ၊ဗိုလ်ချုပ်ကြီးများသည် ငယ်သားများထက် ကြောင့်ကြလုံ့လ ရှိပြီးလျှင် မိမိကိစ္စ သူတပါးကိစ္စကို ပြီးပြည့်စုံစေသကဲ့သို့ စေတနာစေတသိက်သည် အခြားသော စေတသိက်နှင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား အတူတကွဖြစ်၍ စေ့ဆော်ခြင်း၊ထောက်ပံ့ခြင်းဖြင့် ကျေးဇူး ပြုခြင်း သဟဇာတ ကမ္မပစ္စည်းဖြင့် ကျေးဇူးပြုသည်။

ဤကား ကမ္မပစ္စည်းကို သိသာရန် အကျဉ်းချုပ်မျှ တင်ပြခြင်းဖြစ်ပါသည်။ ရုပ်နာမ် သဘောတရားများ တခုနှင့်တခု ဆက်ဆံကျေးဇူးပြုပုံ တည်းဟူသော ပစ္စည်းတရားများကို သုံးသပ်ဝေဘန်ခြင်းအားဖြင့် ရုပ်နှင့်နာမ်သည် မည်သည်ကအဓိက မည်သည်က ပဓာန ဖြစ်ကြောင်းကို ဆုံးဖြတ်နိုင်သည် ဖြစ်ရာ ဤကမ္မပစ္စည်းအရ စေတနာစေတသိက်ဟူသော နာမ်က အခြားသော ရုပ်နာမ်များကို ကျေးဇူးပြုသည်ဖြစ်ရာ ဤပစ္စည်းအရ နာမ်ပင် အဓိကဖြစ်သည်ဟု ဆုံးဖြတ်ရပေမည်။

ကောင်းမှု မကောင်းမှု ဟူသော ကုသိုလ်ကံ အကုသိုလ်ကံ စိတ်စေတနာတို့ကြောင့် ကောင်းကျိုးဆိုးကျိုး ဟူသော ကုသလဝိပါက် အကုသလ ဝိပါက်စိတ်တို့ ဖြစ် ပေါ် လာရသည်။ ကုသိုလ်ကံသည် ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရ၊ လောကုတ္တရာဟူ၍ ကွဲပြားခြားနားသည်အလျောက် ဝိပါက် ဟူသော အကျိုးစိတ်များသည်လည်း ကွဲပြား ခြားနား လေသည်။ ဤသည်တို့နှင့် ပတ်သက်၍ ကမ္မပစ္စည်းတွင် အသင့်အတင့်မျှ ဖေါ်ပြခဲ့ပေပြီ။ ကုကုလ်ကံ စိတ်စေတနာသည် ကမ္မပစ္စည်းပင် ဖြစ်၍ ထိုကုသိုလ် အကုသိုလ်ကံ တို့၏ အကျိုး ဖြစ်သော ဝိပါက်စိတ်များမှာ ဝိပါက ပစ္စည်းပင် ဖြစ်သည်။

ဝိပါကစိတ်များမှာ လျစ်လျူရှုခြင်း ဟူသော ခံစားခြင်း နှင့်တကွဖြစ်သော မျက်စိ၌ မှီ၍ဖြစ်သော ဝိညာဉ်စိတ်၊ ထို့ အတူ နား၌ မှီ၍ဖြစ်သော ဝိညာဉ်စိတ်၊ နှာခေါင်း၌ မှီ၍ ဖြစ်သောဝိညာဉ်စိတ်၊ လျှာ၌ မှီ၍ ဖြစ်သောဝိညာဉ်စိတ်၊ ဆင်းရဲ ဒုက္ခဟူသော ခံစားခြင်းနှင့်တကွ ဖြစ်သော ကိုယ်၌ မှီ၍ဖြစ် သော ဝိညာဉ်စိတ်၊ လျစ်လျူရှုခြင်းဟူသော ခံစားခြင်းနှင့် တကွ ဖြစ်သော ခံလင့်တတ်သောစိတ်၊ စုံစမ်းတတ်သော စိတ်တို့သည် အကုသိုလ်၏အကျိုး အကုသလဝိပါက်စိတ်များ ပင် ဖြစ်သည်။ ဤစိတ်များသည် အလိုမရှိအပ်သော အနိဋ္ဌာ ရုံကို မြင်ရကြားရစသည် အခါများ၌ ဖြစ်သည်။

လျစ်လျူရှုခြင်း ဟူသော ခံစားခြင်းနှင့်တကွ ဖြစ်သော မျက်စိ၌ မှီ၍ ဖြစ်သော ဝိညာဉ်စိတ်၊ ထို့အတူ နား၌မှီ၍ ဖြစ်သော ဝိညာဉ်စိတ်၊ နှာခေါင်း၌ မှီ၍ဖြစ်သော ဝိညာဉ်စိတ်၊ လျှာ၌ မှီ၍ဖြစ်သော ဝိညာဉ်စိတ်၊ ချမ်းသာသုခဟူသော ခံစားခြင်းနှင့်တကွဖြစ်သော ကိုယ်၌ မှီ၍ဖြစ်သော ဝိညာဉ်စိတ်၊ လျစ်လျူရှုခြင်းဟူသော ခံစားခြင်းနှင့်တကွဖြစ်သော ခံလင့်တတ်သောစိတ်၊ လျစ်လျူရှုခြင်းဟူသော ခံစားခြင်းနှင့် ယှဉ်သော စုံစမ်းတတ်သောစိတ်၊ ဝမ်းမြောက်ခြင်း ဟူသော ခံစားခြင်းနှင့်တကွ ဖြစ်သော စုံစမ်းတတ်သောစိတ်၊ ဤစိတ်တို့သည် ကုသိုလ်၏ အကျိုး ကုသလဝိပါက်စိတ်တို့ပင် ဖြစ်သည်။ ဤစိတ်များသည် အလိုရှိအပ်သော ဣဋ္ဌာရုံကို မြင်ရကြားရ စသည်တို့အခါများ၌ ဖြစ်သည်။

ကုသလဝိပါက်စိတ်တို့သည် ဤမျှသာ မဟုတ်သေး၊ ကာမာဝစရစိတ်တွင် နောက်ထပ် ရှစ်ခု ရှိပါသေးသည်။ ၎င်းပြင် ရူပါဝစရဝိပါက်စိတ်ငါးခု၊ အရူပါဝစရဝိပါက်စိတ် လေးခု၊ လောကုတ္တရာဝိပါက်စိတ်လေးခုတို့လည်း ရှိပါသေးသည်။ စိတ်များအကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်သဖြင့် ရှည်အံ့စိုး၍ မဖော်ပြတော့ပြီ။

အကျိုးဝိပါက်စိတ်များသည် ကုသိုလ် အကုသိုလ်စိတ်များနှင့်မတူ၊ ကွဲပြားခြားနား၏။ ကုသိုလ် အကုသိုလ်စိတ်များ၌မှု အားထုတ်လုံ့လဟူသော ဗျာပါရရှိ၏။ ဝိပါက်စိတ်များမှာမူ အားထုတ်လုံ့လဟူသော ဗျာပါရ မရှိပေ။ကုသိုလ် အကုသိုလ်

စိတ်များသည် ဆန့်မှုထမင်းဖြစ်အောင် အားထုတ်လုံ့လဖြင့် ချက်ပြုတ်သူနှင့် တူ၍ ဝိပါက်စိတ်များမှာမူ ချက်ပြီးသား ထမင်းကို အေးအေးဆေးဆေး စားသောက်ရသူနှင့်တူ၏။ အ ကြောင်းသော်ကား အကျိုးခံစားရုံမျှ သက်သက် ဖြစ်သော ကြောင့်တည်း။

ဝိပါက်စိတ်များသည် အကျိုးခံစားရုံမျှ သက်သက် ဖြစ် သည်အားလျော်စွာ ငြိမ်သက်အေးဆေး လှပါသည်။ အား ထုတ်လုံ့လ ဗျာပါရ မရှိပေ။ အိပ်ပျော်နေစဉ်ဘဝင်စိတ် များဖြစ်၏။ ဘဝင်စိတ်သည် ဝိပါက် စိတ်များသာ ဖြစ်ရာ ဝိပါက်စိတ်များ၏ ငြိမ်သက်အေးဆေးမှုကို ဘဝင်စိတ် များကို ထောက်ချင့်ခြင်းအားဖြင့် သိနိုင်ပါသည်။ စက္ခုဝိညာဉ်စိတ် သောတဝိညာဉ်စိတ် စသည်တို့လည်း ဝိပါက်စိတ်များဖြစ်ပါ သည်။ ထိုစိတ်များသည်လည်း မြင်ခြင်းကို သိခြင်းမတ္တ၊ ကြား ခြင်းကို သိခြင်းမတ္တ စသည်တို့ဖြစ်၍ အေးဆေး လှသည်။ ထို့ ကြောင့် ဝိပါက်စိတ်များသည် အကျိုးခံစားရုံမတ္တဖြစ်၍ ငြိမ် သက်အေးဆေးလှပေသည်။

ထို့ကြောင့် အားထုတ်လုံ့လ ဗျာပါရမရှိဘဲ ငြိမ်သက်အေး ဆေးစွာ ကျေးဇူးပြုခြင်းသည်ပင် ဝိပါကပစ္စည်း ဖြစ်သည်။ ဝိပါကပစ္စည်း ကျေးဇူးပြုပုံမှာ ဝိပါက် စိတ် စေတသိက် တို့သည် ဝိပါက်အချင်းချင်းအားရင်း၊ အတူတကွ ဖြစ်သော ရုပ်များအားရင်း၊ ကျေးဇူးပြုလေသည်။ ဤဝိပါကပစ္စည်း၏ ကျေးဇူးပြုပုံမှာ ချမ်းရိပ်နားနေသောသူအား လေပြေလေ

သွင်း ခတ်ဘိသကဲ့သို့ရင်း၊ ယောဉ်စီးသော သူငယ်အား သီချင်းသံဖြင့် ကျူးဘိသကဲ့သို့ အခြားသော သဘောတရားတို့အား အားထုတ်လို့ သော ဗျာပါရကင်းစေ၍ မေ့မိန်ငြိမ်သက်စွာ ဖြစ်စေသောအားဖြင့် ကျေးဇူးပြုခြင်းပင် ဖြစ်သည်။

ဤဝိပါကပစ္စည်းအရ ရုပ်နှင့်နာမ် မည်သည်က အဓိက ပဓာနဖြစ်သနည်း။ နာမ်မှာ ဝိပါက်စိတ် ဟူသော နာမ်များက နာမ်များ ဖြစ်သော ဝိပါက်အချင်းချင်းအားရင်း၊ ရုပ်များဖြစ်သော သဟဇာတရုပ်များအားရင်း၊ ကျေးဇူး ပြုသည်ဖြစ်ရာ ရုပ်နှင့် နာမ်တွင် ဝိပါကပစ္စည်းအရ နာမ်က အဓိကဖြစ်ကြောင်း ထင်ရှားလေသည်။

## အာဟာရ

ဝိပါကပစ္စည်းကို ဝေဘန် သုံးသပ်ပြီး နောက် အာဟာရပစ္စည်းကို ဆက်လက်၍ သုံးသပ်ဝေဖန်ကြပါစို့။ အာဟာရဟူသည် အမိသည် သားသမီးတို့အား ဖြစ်စေတတ် စောင့်ရှောက်ဘိသကဲ့သို့ရင်း၊ အိမ်ကို ထောက်ကန်ထမ်းဆောင်သော ကျားကဲ့သို့ရင်း၊ အခြားသဘောတရားတို့အား ဖြစ်စေခြင်း၊ ထက်သန်အားကောင်းအောင် စောင့်ရှောက် ထောက်ပံ့ ထမ်းဆောင်ခြင်း သဘောတရားပင် ဖြစ်သည်။

အာဟာရသည် ရုပ်အာဟာရ နာမ်အာဟာရအားဖြင့် နှစ်မျိုးနှစ်စားရှိသည်။ ရုပ်အာဟာရမှာ အလုပ်အလွေး ပြုသော်

သော ခံဘွယ်ဘောဇဉ်အစရှိသည်၌ တည်ရှိသော ဩဇာဟူသော အာဟာရပင် ဖြစ်သည်။ နာမ်အာဟာရမှာ အာရုံ၌ တွေ့ခြင်း ဖဿစေတသိက်၊ စေ့ဆော်ခြင်းစေတနာဟူသောကံ၊ ဝိညာဉ် ဤသုံးမျိုးပင်ဖြစ်သည်။

အာဟာရဟူသော အဓိပ္ပါယ်မှာ လွန်စွာ ဆောင်ခြင်းပင် ဖြစ်သည်။ ကျေးဇူးပြုခြင်းခံရသော သဘောတရားများအား အမွန့်ရှည်စွာ ဆက်လက် တည်တန့်အောင် ထောက်ပံ့ခြင်း သဘောပင်ဖြစ်သည်။ ထိုအာဟာရဟူသော သဘောတရားများ ဆောင်မှုရှိမှ ကျေးဇူးပြုခံရသော သဘောတရားများ တည်တန့်နိုင်ပေသည်။

ရုပ်အာဟာရဟူသော ဩဇာသည် ဤရုပကာယအားရင်း၊ ဖဿ၊ စေတနာ၊ ဝိညာဉ် ဟူသော နာမ်အာဟာရ များသည် အတူတကွဖြစ်သော နာမ်ရုပ်တို့အားရင်း အမွန့်ရှည်စွာ ဆက်လက်တည်တန့်အောင် အာဟာရပစ္စည်းဖြင့် ကျေးဇူးပြုသည်။

ဤအာဟာရ ပစ္စည်းအရ ရုပ်နှင့်နာမ် အဓိက ပဓာနပြဿနာမှာ ရုပ်အာဟာရပစ္စည်းအရ ရုပ်က ရုပ်အား ကျေးဇူးပြုသည်ဖြစ်ရာ ရုပ်နာမ် အဓိက ပဓာန ပြဿနာ လင်းပါးဘွယ်ရာ မရှိ။ နာမ်အာဟာရပစ္စည်းအရ နာမ်က နာမ်ရုပ်အား ကျေးဇူးပြုသည်ဖြစ်ရာ နာမ်က အဓိကပဓာနဖြစ်သည်ဟု ဆိုရပေမည်။

## ဣန္ဒြိယ

ရေသည် ကြာကို အစိုးရ၏။ အဘယ်ကြောင့်ဆိုသော် ရေရှိမှကြာသည် တည်တန့်နိုင်၏။ ကြာ၏ တိုးပွားရှည်မှု သန်မာထွားကျိုင်းမှု တို့သည်လည်း ရေ၏ အနည်းအများ အားကောင်းမှု အားနည်းမှု အပေါ်မှာ တည်၍ ဖြစ်လေသည်။ ထို့ကြောင့် ရေသည် ကြာကို အစိုးရ၏။ ထိုနည်းတူစွာပင် ရုပ်နာမ်သဘောတရားတို့တွင်လည်း ရေသည် ကြာကို အစိုးရခြင်းဖြင့် တည်တန့်ခြင်းဖြစ်စေ၊ အားကောင်းအားနည်းခြင်း ဖြစ်စေနိုင်သကဲ့သို့ အခြားသော ရုပ်နာမ်သဘောတရားအား အစိုးရခြင်းဖြင့် တည်တန့်စေခြင်း၊ အားများ အားနည်းစေခြင်း သဘောတရားများသည် ရှိ၏။ ထိုသဘောတရားများကို အဘိဓမ္မာ၏ ဝေါဟာရဖြင့် ဣန္ဒြေ ဟုခေါ်၏။

ရုပ်နာမ် သဘောတရားများကို အစိုးရသော ဣန္ဒြေတို့သည် နှစ်ဆယ့်နှစ်မျိုးရှိ၏။ ၎င်းတို့မှာ-

၁။ စက္ခုန္ဒြေ-မျက်စိအကြည်ရုပ်။

၂။ သောတိန္ဒြေ-နားအကြည်ရုပ်။

၃။ ဃာနိန္ဒြေ-နှာခေါင်းအကြည်ရုပ်။

၄။ ဇိဝှိန္ဒြေ-လျှာအကြည်ရုပ်။

၅။ ကာယိန္ဒြေ-ကိုယ်အကြည်ရုပ်။

( ၎င်းအကြည်ရုပ် ငါးမျိုးကို ပသာဒရုပ် ငါးပါးဟု ခေါ်၏)။

၆။ ဣတ္ထိန္ဒြေ-မိန်းမ၏ အသွင်သဏ္ဌာန်။

၇။ ပုရိသိန္ဒြေ-ယောကျ်ား၏ အသွင်သဏ္ဌာန်။

(၎င်းဣန္ဒြေနှစ်မျိုးမှာ ဘာဝရုပ်နှစ်ခုပင် ဖြစ်သည်)။

၈။ ဇီဝိတိန္ဒြေ- ၎င်းဣန္ဒြေမှာ နှစ်မျိုးရှိသည်။ (၁) စိတ်စေတသိက်တို့ကို စောင့်ရှောက်သော နာမ်ဇီဝိတိန္ဒြေနှင့် (၂) ရုပ်တို့ကို စောင့်ရှောက်သော ရုပ်ဇီဝိတိန္ဒြေဖြစ်သည်။

၉။ မနိန္ဒြေ-စိတ်။

၁၀။ သုခိန္ဒြေ-ချမ်းသာခြင်း သုခဝေဒနာ။

၁၁။ ဒုက္ခိန္ဒြေ-ဆင်းရဲခြင်း ဒုက္ခဝေဒနာ။

၁၂။ သောမနဿိန္ဒြေ- ဝမ်းသာခြင်း သောမနဿဝေဒနာ။

၁၃။ ဒေါမနဿိန္ဒြေ- နှလုံးမသာယာခြင်း ဒေါမနဿဝေဒနာ။

၁၄။ ဥပေက္ခိန္ဒြေ-လျစ်လျူရှုခြင်း ဥပေက္ခာဝေဒနာ။

(သုခိန္ဒြေမှ ဥပေက္ခိန္ဒြေထိ ဣန္ဒြေငါးပါးမှာ ခံစားခြင်းဟူသော ဝေဒနာစေတသိက်ပင် ဖြစ်သည်)။

၁၅။ သဒ္ဓိန္ဒြေ-ဘုရားအစရှိသော အာရုံ၌ ကြည်ညိုခြင်း သဒ္ဓါစေတသိက်။

၁၆။ ဝီရိယိန္ဒြေ-အားထုတ်လုံ့လပြုခြင်းဝီရိယစေတသိက်။

၁၇။ သတိန္ဒြေ- ဘုရားအစရှိသည်တို့၌ အောက်မေ့ခြင်း သတိစေတသိက်။

၁၈။ သမာဓိန္ဒြေ-တည်ကြည်ခြင်း သမာဓိစေတသိက်။

၁၉။ ပညိန္ဒြေ-သိမြင်ခြင်းပညာစေတသိက်။

၂၀။ အနညာတညဿာမီတိန္ဒြေ- သောတာပတ္တိမဂ်ဉာဏ်။

၂၁။ အညိန္ဒြေ-အလယ်မဂ်ဖိုလ်ဉာဏ်ခြောက်ပါး။

၂၂။ အညာတာဝိန္ဒြေ-အရဟတ္တဖိုလ်ဉာဏ်။

(ပညိန္ဒြေ၊ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေတို့မှာ ပညာစေတသိက်ချည်းပင် ဖြစ်သည်)။

၎င်းဣန္ဒြေနှစ်ဆယ့်နှစ်မျိုးအနက် စက္ခုန္ဒြေမှ ပုရိသိန္ဒြေထိ ဣန္ဒြေခုနှစ်မျိုးမှာ ရုပ်ဣန္ဒြေများ ဖြစ်သည်။ မနိန္ဒြေမှ အညာတာဝိန္ဒြေထိ ဣန္ဒြေတဆယ့်လေးမျိုးမှာ နာမ်ဣန္ဒြေများဖြစ်သည်။ ဇီဝိတိန္ဒြေမှာမူ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတအား ဖြင့်နှစ်မျိုးရှိသည်။ ဣန္ဒြေသည် နှစ်ဆယ့်နှစ်မျိုး ရှိသော်လည်း သဘောအားဖြင့် တရားကိုယ်မှာ တဆယ့်ခြောက်မျိုးသာ ရှိသည်။ ၎င်းတို့မှာ- ၁· စက္ခုပသာဒ မျက်စိအကြည်။ ၂·သောတပသာဒ နားအကြည်။ ၃· ဃာနပသာဒ နှာခေါင်းအကြည်။ ၄·ဇိဝှါပသာဒ လျှာအကြည်။ ၅· ကာယပသာဒ ကိုယ်အကြည်။ ၆· ဣတ္ထိဘာဝ မိန်းမ၏အဖြစ်။ ၇·ပုရိသဘာဝ ယောကျာ်း၏အဖြစ်။ ၈·ဇီဝိတရုပ် ရုပ်

အသက်။ ၉- နာမ်ဇီဝိတိန္ဒြေ နာမ်အသက်။ ၁၀- စိတ်။ ၁၁- ဝေဒနာ။ ၁၂- သညာ။ ၁၃- ဝီရိယ။ ၁၄- သတိ။ ၁၅-သမာဓိ။ ၁၆-ပညာတို့ပင် ဖြစ်သည်။

ထိုတဆယ့်ခြောက်ပါးသော သဘောတရားများသည် မိမိတို့ဆိုင်ရာဆိုင်ရာ ကိစ္စတို့၌ အစိုးရမှု ရှိကြလေသည်။ စက္ခုပသာဒ မျက်စိအကြည်ရုပ်သည် မိမိအပေါ် မှီ၍ဖြစ်သော စက္ခုဝိညာဏ်စိတ်အား မိမိနုံ့လျှင်နုံ့စေမှု၊ ထက်သန်လျှင်လည်း ထက်သန်မှုရှိစေသည်။ထိုကြောင့် စက္ခုပသာဒရုပ်သည် စက္ခုဝိညာဏ်စိတ်ကို အစိုးရသည်။ ထိုကြောင့် စက္ခုပသာဒရုပ်သည် စက္ခုန္ဒြေမည်သည်။ ဆိုလိုသည်ကား စက္ခုပသာဒရုပ် ကြည်လင်လျှင် စက္ခုဝိညာဏ်စိတ်ကအာရုံကိုအမြင်သန်သည်။ စက္ခုပသာဒရုပ်က ညှိုးဖျင်းနေလျှင် စက္ခုဝိညာဏ်က မြင်ခြင်းကိစ္စ၌ ညှိုးဖျင်းသည်။ စက္ခုပသာဒရုပ် မရှိလျှင်မူကား စက္ခုဝိညာဏ်စိတ်ပင် မဖြစ်နိုင်ပေ။

ထို့အတူ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒရုပ်တို့သည်လည်း မိမိအပေါ်၌ မှီ၍ဖြစ်သော သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်စိတ်တို့အား ကြားမှု၊ နံမှု၊ လျက်မှု၊ တွေ့မှု ကိစ္စတို့၌ မိမိနုံ့လျှင် နုံ့စေမှု၊ ထက်သန်လျှင်လည်း ထက်သန်မှု ရှိစေသည်။

ဣတ္ထိဘာဝရုပ်ရှိသောသူ၌ ယောကျ်ားအသွင်သဏ္ဌာန် မဖြစ်ဘဲ၊ မိန်းမအသွင်သဏ္ဌာန် အင်္ဂါကြီးငယ်တို့ အမြဲမုချဖြစ်

ရသည်။ ထို့ကြောင့် ဇာတ္တိဘာဝရုပ်သည် မိန်းမအသွင်သဏ္ဍာန် ဖြစ်ပေါ်မှု၌ အစိုးရသည်။ ပုမ္ဘာဝရုပ်ရှိသောသူသည် မိန်းမ အသွင်သဏ္ဍာန်မဖြစ်ပေါ်ဘဲ ယောကျ်ားအသွင်သဏ္ဍာန် ဖြစ် ပေါ်မှု၌ အစိုးရသည်။

ရုပ်ဇီဝိတသည် မိမိနှင့်အတူတကွဖြစ်သော ရုပ်တို့အား အသက်ရှည်အောင် စောင့်ရှောက်သည်။ ထို့ကြောင့် ရုပ် ဇီဝိတသည် အတူတကွဖြစ်သော ရုပ်တို့ အသက်ရှည်မှု၌ အ စိုးရသည်။ နာမ်ဇီဝိတသည် မိမိနှင့်အတူတကွသော နာမ်တို့ အား အသက်ရှည်အောင် စောင့်ရှောက်သည်။ ထို့ကြောင့် နာမ်ဇီဝိတသည် အတူတကွဖြစ်သော နာမ်တို့အား အစိုးရ သည်။

စိတ်လည်း မိမိအာရုံကိုသိလျှင် ယှဉ်ဘော်ယှဉ်ဘက် တရား တို့လည်း လိုက်၍သိကြရသည်။ ထို့ကြောင့် အာရုံကိုသိခြင်း ကိစ္စ၌ စိတ်သည် ယှဉ်ဘော်ယှဉ်ဘက် တရားတို့ကိုအစိုးရသည်။

ဤနည်းအတူပင် ဝေဒနာသည် အာရုံ၏ အရသာကို ခံစား ခြင်းကိစ္စ၌၎င်း၊ သဒ္ဓါသည် အာရုံ၌ ကြည်လင်မှုကိစ္စ၌၎င်း၊ ဝီရိယသည် အားထုတ်မှုကိစ္စ၌၎င်း၊ သတိသည် အာရုံကို အောက်မေ့မှုကိစ္စ၌၎င်း၊ သမာဓိသည် အာရုံ၌တည်ကြည်မှု ကိစ္စ၌၎င်း၊ ပညာသည် သိမြင်မှုကိစ္စ၌၎င်း ယှဉ်ဘော်ယှဉ်ဘက် တရားတို့ကို အစိုးရသည်။

ထို့ကြောင့် အဆိုပါ သဘောတရားတို့သည် မိမိတို့ဆိုင်ရာ ဆိုင်ရာ သဘောတရားတို့ကို အစိုးရခြင်းကြောင့် ဣန္ဒြေတို့ပင်

ဖြစ်သည်။ မျုးမတ်တို့သည် မိမိတို့ဆိုင်ရာ ဆိုင်ရာ ဌာနတို့၌ ခန့်ခွဲစီမံ အုပ်စိုးသကဲ့သို့ပင်တည်း။

ထိုသဘောတရားတို့၏ စိုးပိုင်ခြင်းဖြင့် ကျေးဇူးပြုခြင်း သတ္တိထူးကို ဣန္ဒြိယပစ္စည်းဟုခေါ်သည်။ ထိုဣန္ဒြိယပစ္စည်း၏ ကျေးဇူးပြုပုံမှာ ဆိုအပ်ခဲ့ပြီးသော သဘောတရားရေးအတိုင်းပင် (၁) စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယပသာဒဟူသော ပသာဒရုပ် ငါးခုတို့သည် မိမိအပေါ်၌ဖြစ်သော စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်စိတ်နှင့် ယှဉ်ဘက်စေတသိက်တို့အား အစိုးရခြင်း ဟူသော ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုသည်။ (၂) ရုပ်ဇီဝိတိန္ဒြေသည် မိမိနှင့်အတူတကွဖြစ်သော ရုပ်တို့အား အစိုးရခြင်းဟူသော ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုသည်။ ကံကြောင့်ဖြစ်သော ကမ္မဇရုပ်များသည်ရုပ်ဇီဝိတနှင့်တကွ ကိုးခု၊ ဆယ်ခုတပေါင်းတစည်းတည်း ဖြစ်ချုပ်ကြသည်။ ဇီဝိတရုပ်သည် ထိုကြွင်းကျန်သော ကမ္မဇရုပ်တို့အား အသက်ရှည်အောင် စောင့်ရှောက် အစိုးရသည်။ (၃) နာမ်ဣန္ဒြေများ ဖြစ်ကြသော ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့သည် မိမိတို့နှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော စိတ်စေတသိက်တို့အားရင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားရင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားရင်း အစိုးရခြင်းဟူသော ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုသည်။

အထက်ပါစာပိုဒ်၌ နံပါတ် (၁) မှာ ရှေးဦးစွာ ဖြစ်နှင့်သော ပသာဒရုပ်တို့သည် နောက်မှဖြစ်သော ဝိညာဏ်စိတ်

တို့အား ကျေးဇူးပြုသည်ဖြစ်ရာ ပုရေဇာတပစ္စယပစ္စည်းဟု ခေါ်သည်။ နံပါတ် (၂) မှာ ရုပ်ဇီဝိတက ကျေးဇူးပြုခြင်း ကြောင့် ရုပဇီဝိတိန္ဒြိယပစ္စည်းဟု ခေါ်သည်။ နံပါတ်(၃)မှာ နာမ်ကုသိုလ်များသည် အတူတကွဖြစ်သော ရုပ်နာမ်တို့အား ကျေးဇူးပြုခြင်းကြောင့် သဟဇာတိန္ဒြိယပစ္စည်းဖြစ်သည်ဟု ခေါ်သည်။

ကုတ္တိဘာဝ၊ ပုမ္ဘာဝတို့မှာ ဣန္ဒြေများပင် ဖြစ်သော်လည်း မိမိကိုယ်ကိုသာ အစိုးရကြသည်။ အစိုးရခြင်းဖြင့် ကျေးဇူးပြု ခံသော သဘောတရားများ မရှိသဖြင့် ဣန္ဒြိယပစ္စည်း၌ မပါဝင်ပေ။

ဤကား အစိုးရခြင်းဟူသော ဣန္ဒြေများနှင့် အစိုးရခြင်း ဖြင့် ကျေးဇူးပြုခြင်းဟူသော ဣန္ဒြိယပစ္စည်းကို ဖော်ပြချက် ဖြစ်ပါသည်။ ထိုသဘောတရားရေးများကို လေ့လာခြင်း အားဖြင့် ရုပ်နှင့်နာမ်တို့၏ အဓိကပဓာနပြဿနာကို သုံးသပ် ဝေဘန်နိုင်တော့သည်။

## ဈာန

ပရမတ္ထသဘောတရားများတွင် အာရုံသို့ ချေးရှုရှုစိုက်၍ ကြည့်ရှုစေခြင်း သဘောတရားများသည် ရှိ၏။ ထိုသဘော တရားများကို (ဈာန) ဈာန်ဟုခေါ်၏။ ထိုဈာန်၏ အင်္ဂါ အစိတ်အပိုင်းများကို ဈာန်အင်္ဂါ သို့မဟုတ် ဈာန်ဟု ခေါ်၏။

၎င်းစျာန်င်တို့မှာ-

၁။ ဝိတက်- စိတ်ကို အာရုံသို့ ရောက်အောင် နှင်းစိုင်း တင်ပို့ခြင်း သဘော။

၂။ ဝိစာရ- ဝိတက်တင်၍ အာရုံသို့ ရောက်ပြီးသောစိတ် ကို ထိုအာရုံမှ ဆုတ်လံ၍ မလာရအောင် ဝိုင်းဝန်း ဖေးမကာဆီးခြင်း သဘော။

၃။ ပီတိ- အာရုံကို နှစ်သက်ခြင်း သဘော။

၄။ ဧကဂ္ဂတာ- တခုတည်းသောအာရုံ၌ တည်ကြည်ငြိမ် သက်ခြင်း သဘော။

၅။ သောမနဿ- ဝမ်းမြောက်ခြင်းဟူသော ခံစားခြင်း သဘော။

၆။ ဒေါမနဿ- နှလုံးမသာယာခြင်းဟူသော ခံစားခြင်း သဘော။

၇။ ဥပေက္ခာ- လျစ်လျူရှုခြင်း ဟူသော ခံစားခြင်း သဘောတို့ပင် ဖြစ်သည်။

ထိုစျာန်င်များသည် စိတ်နှင့်အတူတကွဖြစ်၊ အတူတကွ ချုပ်၍ စိတ်နှင့်ယှဉ်သော စေတသိက်များပင် ဖြစ်သည်။ ထို စျာန်င်များတွင် ဒေါမနဿစျာန်င်သည် အကုသိုလ်စျာန်င် ဖြစ်၍ အခြားကြွင်းကျန်သော စျာန်င်များမှာ ကုသိုလ်၊ အကု သိုလ်၊ ဝိပါက်၊ ကြိယာ စျာန်င်များ ဖြစ်ကြသည်။

၎င်းဝိတက်၊ ဝိစာရစသည်တို့မှာ ဈာန်၏ အစိတ်အပိုင်း ဈာန်အင်္ဂါများဖြစ်၍ ၎င်းတို့၏ ၂ပါး၊ ၃ပါး၊ ၄ပါး၊ ၅ပါး ပေါင်းစည်း၍ ဖြစ်ခြင်းမှာ ဈာန်များပင် ဖြစ်ကြသည်။ လက်ဝါး၊ ဝင်ရိုး၊ လှည်းသန်၊ လှည်းအိမ်စသော လှည်း အင်္ဂါကို ပေါင်းစည်းခြင်းမှာ လှည်းဖြစ်သကဲ့တည်း။

မြေလျှိုးမိုးပျံနိုင်ခြင်းစသော တန်ခိုးမျိုးကို ဈာန်ဟူ၍ ဝေါဟာရပြုကြ၏။ သို့သော်လည်း ထိုကဲ့သို့သော တန်ခိုးမျိုး သည်သာလျှင် ဈာန်မဟုတ်ပေ။ ထိုမှတပါးသော အခြားသော ဈာန်တွေလည်း ရှိသေး၏။ ထိုမြေလျှိုးမိုးပျံခြင်းစသည်မှာ အဘိညာဉ်နှင့် ယှဉ်သော ပဉ္စမဈာန်၏ သတ္တိ ဖြစ်ပေသည်။ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ အဘိညာဉ်မယှဉ်သော ပဉ္စမဈာန်များမှာ မြေလျှိုးမိုးပျံခြင်း စသည်တို့ကို မဖြစ်နိုင်ပေ။ ဈာန်သည် ရူပ၊ အရူပ၊ လောကုတ္တရာတို့၌သာ ရှိသည်မဟုတ်၊ အကုသိုလ်နှင့်တကွ ကာမာဝစရစိတ်တို့၌လည်း ဈာန်များ ယှဉ်နိုင်ပေသည်။ ဈာန်ဆိုသည်မှာ မြေလျှိုးမိုးပျံခြင်းစသည်တို့ကို အစွဲပြု၍ ခေါ်သည် မဟုတ်၊ အဘိဓမ္မာအရ အထက်တွင် ဆိုခဲ့သည့်အတိုင်း အာရုံသို့ ရှေးရှုစူးစိုက်၍ ကြည့်ရှုစေခြင်းသဘောတရားကိုသာ ဈာန် ဟုခေါ်သည်။ သို့သော် မြေလျှိုး မိုးပျံခြင်း စသည်တို့မှာ ဈာန်၏ တန်ခိုးအရှိန်အဝါပင် ဖြစ်သည်။

ဈာန်တရားတို့သည် အာရုံကို မိမိတို့လည်း စူးစိုက်ရှု ယူ၏။ မိမိနှင့် အတူတကွဖြစ်သော သဘောတရားတို့အား

လည်း မိမိကဲ့သို့ အာရုံကို စူးစိုက်စေ၏။ သစ်ပင်၊ တောင်ထိပ်၊ မြော်စင်စသော အမြင့်သို့ တက်သူသည် ရှုခင်းအမျိုးမျိုးကို ကိုယ်တိုင်လည်း ကြည့်မြင်ရ၏။ မိမိမြင်သမျှကို အောက်မှ လူတို့အားလည်း ပြောပြသကဲ့သို့ပင်တည်း။

ဆိုခဲ့ပြီးသော ဝိတက်၊ ဝိစာရစသော ဈာနင်္ဂ ၇ ပါးတို့သည် မိမိနှင့်အတူတကွဖြစ်သော စိတ် စေတသိက်များနှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား အာရုံသို့ ရှေးရှုစူးစိုက်၍ ရှုစေသောအဖြစ်ဟုဆိုအပ်သော ဈာနပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုသည်။

ကျေးဇူးပြုနှင့် ကျေးဇူးခံတရားတို့၏ ဆက်သံပုံကို ကြည့်ခြင်းအားဖြင့် မည်သည်က အဓိက၊ မည်သည်က အဓိက မဟုတ်ကြောင်းကို သုံးသပ်ဝေဘန်နိုင်သည် ဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ရာ၊ ဤဈာနပစ္စည်းအရလည်း ရုပ်နှင့်နာမ်တွင် မည်သည်က အဓိကဖြစ်ကြောင်း သုံးသပ်နိုင်ပေသည်။ ကျေးဇူးပြုတရားများဖြစ်သော ဈာနင်ခုနစ်ပါးမှာ စေတသိက်ဟူသော နာမ်တရားများပင်ဖြစ်၍ ကျေးဇူးခံတရားများတွင်မူ ရုပ်နှင့်နာမ် နှစ်မျိုးစလုံးပါဝင်ပေသည်။

ဤကား ဈာနပစ္စည်းဖြင့် ရုပ်နာမ်တို့ကို သုံးသပ်ဝေဘန်ခြင်းဖြစ်သည်။

ဉာဏပညာဖြင့် ရုပ်နာမ်တို့ကို သုံးသပ်ဝေဖန်ပြီး၍ မဂ္ဂပစ္စည်းဖြင့် ရုပ်နာမ်တို့ကို ဆက်လက်၍ သုံးသပ်ဝေဖန်ကြဦးအံ့။

မဂ္ဂပစ္စည်းဟူသည် လမ်းခရီးသည် အရပ်ဒေသအသီးသီးသို့ ပို့ဆောင်သကဲ့သို့ မကောင်းသောလားရာဟူသော ဒုဂ္ဂတိဘဝသို့၎င်း၊ ကောင်းသောလားရာဟူသော သုဂတိဘဝသို့၎င်း၊ နိဗ္ဗာန်သို့၎င်း ပို့ဆောင်ခြင်းဖြင့် ကျေးဇူးပြုခြင်းပင် ဖြစ်သည်။ မဂ္ဂ သို့မဟုတ် မဂ်ဟူသည် လမ်းခရီးဟူသော အဓိပ္ပါယ်ပင် ဖြစ်သည်။ ပရမတ္ထသဘောတရားတို့တွင် လမ်းခရီးနှင့်တူသော သဘောတရားစုဟု ဆိုလိုပေသည်။

ထိုမဂ်၏ အင်္ဂါအစိတ်အပိုင်းများကို မဂ်အင်္ဂါ သို့မဟုတ် မဂ္ဂင်ဟု ခေါ်သည်။

ထိုမဂ္ဂင်များမှာ—

၁။ သမ္မာဒိဋ္ဌိ-ကောင်းစွာထင်မြင်ခြင်း။

၂။ သမ္မာသင်္ကပ္ပ- ကောင်းစွာထင်မြင်အောင် ကြံစည်ခြင်း။

၃။ သမ္မာဝါစာ-ကောင်းစွာဆိုခြင်း။

၄။ သမ္မာကမ္မန္တ- ကောင်းစွာပြုမူခြင်း။

၅။ သမ္မာအာဇီဝ-ကောင်းစွာအသက်မွေးခြင်း။

၆။ သမ္မာဝါယမ-ကောင်းစွာထင်မြင်အောင်အားထုတ်ခြင်း။

၇။ သမ္မာသတိ-ကောင်းစွာမှတ်သား အောက်မေ့ခြင်း။

၈။ သမ္မာသမာဓိ-ကောင်းမွန်သောအာရုံ၌ ကောင်းမွန်စွာငြိမ်သက်တည်ကြည်ခြင်း။

၉။ မိစ္ဆာဒိဋ္ဌိ-အလွဲအမှားကို ထင်မှတ်စွဲယူခြင်း။

၁၀။ မိစ္ဆာသင်္ကပ္ပ-အလွဲအမှားကို ကြံစည်ခြင်း။

၁၁။ မိစ္ဆာဝါယမ-အလွဲအမှား၌ အားထုတ်ခြင်း။

၁၂။ မိစ္ဆာသမာဓိ- အလွဲ အမှား အာရုံ၌ ငြိမ်သက်တည်ကြည်ခြင်း။

မဂ္ဂင်များသည် လောကုတ္တရာတရားများသာ မဟုတ်ဘဲ အကုသိုလ်နှင့်တကွ လောကီမဂ္ဂင်များလည်း ရှိသေးကြောင်း သတိပြုအပ်ပါသည်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယမ၊ မိစ္ဆာသမာဓိတို့မှာ အကုသိုလ်မဂ္ဂင်များဖြစ်၍၊ ကြွင်းကျန်သော မဂ္ဂင်များမှာ လောကီလောကုတ္တရာဖြစ်သော ကုသိုလ်၊ ဝိပါက်၊ ကြိယာမဂ္ဂင်များ ဖြစ်ကြသည်။

ထိုမဂ္ဂင်များသည် မိမိနှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော စိတ်စေတသိက်တို့အားရင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားရင်း၊ ပဋိသန္ဓေအခါကမ္မဇရုပ်တို့အားရင်း၊ သုဂတိ၊

ဒုဂ္ဂတိ၊ နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းခရီးအဖြစ်ဖြင့် ကျေးဇူး ပြုသည်။

မဂ္ဂင် ၁၂ ပါးဟူသော ကျေးဇူးပြုတရားများမှာ စေတသိက်ဟူသော နာမ်များဖြစ်၍ ကျေးဇူးခံတရားများမှာ ရုပ်နှင့်နာမ်နှစ်မျိုးစလုံး ပါဝင်ပါသည်။ ဤသည်ကို ထောက်ချင့်ခြင်းအားဖြင့် ရုပ်နာမ်အဓိကပြဿနာကို သုံးသပ်ဝေဘန်နိုင်တော့သည်။

ဤကား မဂ္ဂင်ပစ္စည်းကို သုံးသပ်ဝေဘန်ချက်တည်း။

## သမ္ပယုတ္တ

'စတုမဓု၊ ဟူသားရသာ၊သကာတခြား၊ ပျားလည်းမလွတ်၊ ထောပတ်အုန်းဆီ၊အညီဖေါ်မြောက်'ဟူသည့်အတိုင်း သကာ၊ ပျားရည်၊ ထောပတ်၊ ဆီ၊ ၎င်းလေးဦးတို့ဖြင့် ရောနှောသမ၍ ချက်အပ်သည်ကို စတုမဓု ဟူ၍ ခေါ်ကြ၏။

၎င်းချိုဆိမ့် အရသာလေးမျိုးတို့ဖြင့် ရောစပ်၍ ချက်အပ်သော စတုမဓုတွင် မည်သည်က သကာ၊ မည်သည်က ပျားရည်၊မည်သည်က ထောပတ်၊မည်သည်က ဆီဟူ၍ ခွဲခြားထုတ်နှုတ်၍ မရအောင် ရောနှော၍သွားတော့သည်။ အရသာအားဖြင့်လည်း ဤအရသာက သကာအရသာ၊ ဤအရသာက ပျားရည်အရသာ၊ ဤအရသာက ထောပတ်အရသာ၊ ဤအရသာက ဆီအရသာဟု ခွဲခြား၍ မရအောင် သမ၍ နေတော့သည်။

သကာက လက်ဝဲဘက်က နေသည်၊ ပျားရည်က လက်ယာဘက်က နေသည်၊ ထောပတ်က ရှေ့ဘက်က နေသည်၊ ဆီက နောက်ဘက်က နေသည် စသည်ဖြင့်ရင်း၊ သကာက အပေါ်က နေသည်၊ ပျားရည်က အောက်က နေသည်၊ ထောပတ်က အတွင်းက နေသည်၊ ဆီက အပြင်က နေသည် စသည်ဖြင့်ရင်း မပြောဆိုနိုင်တော့ပေ။ ဝဲယာ၊ ရှေ့နောက်၊ ထက်အောက်၊ တွင်းပြင် ရွေးချယ်၍မရဘဲ တခုတည်းအဖြစ်ဖြင့် သမ၍ တည်ရှိလေတော့သည်။

စတုမဓုတွင် သကာ၊ ပျားရည်၊ ထောပတ်၊ ဆီတို့သည် ဝဲယာ၊ ရှေ့နောက်၊ ထက်အောက်၊ တွင်းပြင် ရွေးချယ်၍မရဘဲ တပေါင်းတစည်း တလုံးတကွတည်း တည်သကဲ့သို့၊ ပရမတ္ထသဘောတရားတို့တွင်လည်း ဝဲယာ၊ ရှေ့နောက်၊ ထက်အောက်၊ တွင်းပြင် ရွေးချယ်၍မရဘဲ တပေါင်းတစည်း တလုံးတကွတည်း တည်သော သဘောတရားများ ရှိလေသည်။

ထိုတပေါင်းတစည်း တလုံးတကွတည်း သမ၍ တည်သော သဘောတရားတို့သည် (၁) အတူတကွဖြစ်ပေါ်ခြင်းဟူသော ဧကုပ္ပါဒလက္ခဏာလည်း ရှိကြသည်။ (၂) အတူတကွ ချုပ်ငြိမ်းခြင်းဟူသော ဧကနိရောဓ လက္ခဏာလည်း ရှိကြသည်။ (၃) အတူတကွ အာရုံပြုခြင်းဟူသော ဧကာလမ္ဗဏလက္ခဏာလည်း ရှိကြသည်။ (၄) အတူတကွမှီရာ ဝတ္ထုရှိခြင်းဟူသော ဧကဝတ္ထုကလက္ခဏာလည်း ရှိကြသည်။

ထိုသို့ အတူဖြစ်ပေါ်ခြင်း၊ အတူချုပ်ငြိမ်းခြင်း၊ တူသော အာရုံ၊ တူသောမှီရာဟူသော အင်္ဂါလေးရပ်ညီသည်ကို သမ္ပယုတ္တလက္ခဏာဟု ခေါ်သည်။ ထိုအင်္ဂါလေးရပ် ညီသော သဘောတရားများကား ပရမတ္ထသဘောတရားတို့တွင် စိတ်နှင့် စေတသိက်တို့ပင်တည်း။

စိတ်နှင့်စေတသိက်တို့သည် သက်ဆိုင်ရာစိတ်နှင့် သက်ဆိုင်ရာစေတသိက်တို့ ပေါင်းယှဉ်သောအခါ၌ အထက်ပါ သမ္ပယုတ္တလက္ခဏာအင်္ဂါလေးရပ်နှင့်ညီ၍ ဖြစ်လေတော့သည်။ ဝဲယာ၊ ရှေ့နောက်၊ ထက်အောက်၊ တွင်းပြင်အားဖြင့်လည်း ခွဲခြား၍ မရကောင်းပေ။

ဥဒါဟရဏ်ထုတ်၍ အနည်းငယ် ရှင်းလင်းပါဦးမည်။

မျက်စိအကြည်ရုပ်၌ မှီ၍ဖြစ်သော စက္ခုဝိညာဏ်(မျက်စိအသိ) စိတ်ဖြစ်သောအခါ၌ ၎င်းစက္ခုဝိညာဏ်စိတ်နှင့် အတူတကွ ယှဉ်ဘော်ယှဉ်ဘက် သမ္ပယုတ်ဖြစ်သော စေတသိက်တို့သည် ပါဝင်လေ့ရှိ၏။

၎င်းစေတသိက်တို့မှာ-

၁။ အာရုံ၏ အရသာကို တွေ့ထိခြင်းသဘော ဖဿစေတသိက်။

၂။ အာရုံ၏ အရသာကို ခံစားခြင်းသဘော ဝေဒနာစေတသိက်။

၃။ အာရုံကို မှတ်သားခြင်းသဘော သညာစေတသိက်။

၄။ ယှဉ်ဘော်ယှဉ်ဘက်တရားတို့ကို တိုက်တွန်းစေ့ဆော် ခြင်းသဘော စေတနာစေတသိက်။

၅။ တခုတည်းသော အာရုံ၌ တည်ကြည်ငြိမ်သက်ခြင်း သဘော ဧကဂ္ဂတာစေတသိက်။

၆။ ယှဉ်ဘော်ယှဉ်ဘက်တရားတို့ကို အသက်ရှည်အောင် စောင့်ရှောက်ခြင်းသဘော ဇီဝိတိန္ဒြေစေတသိက်။

၇။ စိတ်ကို အာရုံဆီသို့ ဦးလှည့်အောင် မပြတ်လှုံ့ဆော် နှလုံးသွင်းခြင်းသဘော မနသိကာရစေတသိက်တို့ပင် ဖြစ်သည်။

စက္ခုဝိညာဏ်စိတ် ဖြစ်စဉ်အတွင်း စက္ခုဝိညာဏ်စိတ်နှင့် အတူလိုက်၍ဖြစ်သော ၎င်းစေတသိက် ခုနစ်ခုတို့သည် စက္ခုဝိညာဏ်စိတ်ဖြစ်သောအခါ စက္ခုဝိညာဏ်စိတ်နှင့်အတူ တပြိုင်နက်ဖြစ်ပေါ်ကြသည်။ စက္ခုဝိညာဏ်စိတ် ချုပ်သောအခါ ၎င်းစေတသိက်တို့သည် စက္ခုဝိညာဏ်စိတ်နှင့်အတူ တပြိုင်နက် ချုပ်ပျောက်ကြသည်။ စက္ခုဝိညာဏ်စိတ်သည် ပစ္စုပ္ပန်ဖြစ်သော ရူပါရုံကို အာရုံပြုသည်ဖြစ်ရာ ၎င်းစေတသိက်တို့သည် လည်း စက္ခုဝိညာဏ်စိတ်နှင့်အတူ ပစ္စုပ္ပန်ဖြစ်သော ရူပါရုံကို အာရုံပြုသည်။ စက္ခုဝိညာဏ်စိတ်သည် မျက်စိအကြည်ရုပ် ဟူသော စက္ခုဝတ္ထုကို မှီ၍ဖြစ်ရာ ၎င်းစေတသိက်တို့သည် လည်း စက္ခုဝိညာဏ်စိတ်နှင့်ယှဉ်စဉ် စက္ခုဝိညာဏ်စိတ်နည်းတူ

စက္ခုဝတ္ထုကို မှီ၍ဖြစ်ကြသည်။ ထို့ကြောင့်ပင် စိတ်နှင့်စေတသိက်တို့သည် သက်ဆိုင်ရာစိတ်စေတသိက်ချင်း (၁)အတူဖြစ်၊ (၂)အတူချုပ်၊ (၃) တူသော အာရုံ၊ (၄)တူသော မှီရာ ရှိကြသည်။

စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်စဉ်အတွင်း စက္ခုဝိညာဏ်စိတ် ၁ ခု၊ အထက်ဖော်ပြပါ စေတသိက် ၇ ခု၊ ပေါင်း သဘောတရား ၈ ခုဖြစ်ကြ၏။ ၎င်းသဘောတရား ၈ ခုတို့သည် အချင်းချင်း အဖြစ်တူ၊ အချုပ်တူ၊ အာရုံတူ၊ မှီရာတူများ ဖြစ်ကြ၏။ ထိုအင်္ဂါလေးရပ်ဖြင့် သမ၍ ပေါင်းယှဉ်ကြ၏။ အချင်းချင်းယှဉ်ဘော်ယှဉ်ဘက် (သမ္ပယုတ္တ) အဖြစ်ဖြင့် ကျေးဇူးပြုကြ၏။

ဤကား ဥဒါဟရဏ် (ဥပမာမဟုတ်) မျှသာဖြစ်သည်။ စိတ်သည် အကျဉ်း ၈၉၊ အကျယ် ၁၂၁ ရှိ၍ စေတသိက် ၅၂ ပါးရှိရာ၊ စိတ်တခု ဖြစ်တိုင်းဖြစ်တိုင်း သက်ဆိုင်ရာစေတသိက်တို့သည် ထိုက်သည်အားလျော်စွာ ပါဝင်ရစမြဲဖြစ်သည်။ ထိုစိတ်နှင့်ယှဉ်တွဲသော စေတသိက်အားလုံးတို့သည် အထက်ပါ သမ္ပယုတ္တအင်္ဂါလေးရပ်ဖြင့် ယှဉ်တွဲ၍ ဖြစ်ကြသည်။ ဤနည်းအားဖြင့် အလုံးစုံသော စိတ်စေတသိက်တို့၌ သိအပ်၏။

ထိုသို့ ဆိုင်ရာစိတ်စေတသိက်တို့ ယှဉ်တွဲစဉ်အခါ [illegible] စေတသိက်တို့တွင် မည်သည်က ဝဲ၊ မည်သည်က ယာ၊ မည်သည်က ရှေ့၊ မည်သည်က နောက်၊ မည်သည်က ထက်၊ မည်

သည်က အောက်၊ မည်သည်က တွင်း၊ မည်သည်က ပြင်ဟူ၍ မရှိဘဲ တလုံးတကွတည်း တည်ရှိကြလေတော့သည်။

စိတ်စေတသိက်တို့သည် ဂဲယာ၊ ရှေ့ နောက်၊ ထက်အောက်၊ တွင်းပြင်မရှိဘဲ (၁) အတူဖြစ်၊ (၂)အတူချုပ်၊ (၃)တူသော အာရုံ၊ (၄)တူသောမှီရာ အင်္ဂါလေးရပ်ဖြင့် ယှဉ်တွဲ၍ အချင်းချင်းကျေးဇူးပြုသည်ကို သမ္ပယုတ္တပစ္စည်းဟု ခေါ်သည်။

သမ္ပယုတ္တပစ္စည်းတွင် စိတ်စေတသိက်အားလုံးတို့သည် ထိုက်သည်အားလျော်စွာ ကျေးဇူးပြုတရားများဖြစ်၍ စိတ်စေတသိက်အားလုံးသည်ပင် ထိုက်သည်အားလျော်စွာ ကျေးဇူးခံတရားများ ဖြစ်ကြသည်။

စိတ်စေတသိက်များကို နာမ်ခန္ဓာလေးပါးဟု ခေါ်၏။ စိတ် ၈၉ ခုသည် ဝိညာဏက္ခန္ဓာ ဖြစ်သည်။ စေတသိက် ၅၂ ပါးတို့အနက် ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ ဖြစ်သည်။ သညာစေတသိက်သည် သညာက္ခန္ဓာ ဖြစ်သည်။ ဝေဒနာ၊ သညာမှ ကြွင်းသော စေတသိက် ၅၀ သည် သင်္ခါရက္ခန္ဓာ ဖြစ်သည်။ ဤသို့ နာမ်ခန္ဓာလေးပါး ဖြစ်သည်။

၎င်းနာမ်ခန္ဓာလေးပါးတို့သည် ဤသမ္ပယုတ္တပစ္စည်း၌ ၁ ပါး ကျေးဇူးပြုဖြစ်လျှင် ကျန် ၃ ပါးကျေးဇူးခံ ဖြစ်သည်။ ၂ပါး ကျေးဇူးပြုဖြစ်လျှင် ကျန် ၂ ပါး ကျေးဇူးခံဖြစ်သည်။ ၃ ပါး ကျေးဇူးပြုဖြစ်လျှင် ကျန် ၁ ပါး ကျေးဇူးခံ ဖြစ်သည်။

ဥဒါဟရဏ်ထုတ်၍ အနည်းငယ် ရှင်းလင်းပါဦးမည်။

•

စက္ခုဝိညာဏ်စိတ်၌ အထက်တွင် ဆိုခဲ့သည့်အတိုင်း ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ စေတသိက် ၇ မျိုးတို့သည် ယှဉ်ကြ၏။ ထိုသဘောတရားတို့တွင် စက္ခုဝိညာဏ်စိတ်သည် ဝိညာဏက္ခန္ဓာ ဖြစ်၏။ ဝေဒနာသည် ဝေဒနာက္ခန္ဓာဖြစ်၏။ သညာသည် သညာက္ခန္ဓာ ဖြစ်၏။ ကြွင်းသော စေတသိက် ၅ ခု သည် သင်္ခါရက္ခန္ဓာ ဖြစ်၏။ ထိုသို့ စက္ခုဝိညာဏ်စိတ်နှင့် စေတသိက်တို့သည် ပေါင်းယှဉ်၍ဖြစ်ကြရာ၌ ယှဉ်ဘော်ယှဉ်ဘက် စိတ်စေတသိက်ဟူသော နာမ်ခန္ဓာလေးပါးတို့၌ ဝိညာဏက္ခန္ဓာသည် ကျေးဇူးပြု၊ စေတသိက် ခန္ဓာသုံးပါးသည် ကျေးဇူးခံ။ ဝေဒနာက္ခန္ဓာသည် ကျေးဇူးပြု၊ ကြွင်း၃ပါးသည် ကျေးဇူးခံ။ ခန္ဓာ၃ပါးသည် ကျေးဇူးပြု၊ ၁ ပါးသည် ကျေးဇူးခံ။ ၂ပါးသည် ကျေးဇူးပြု၊ ၂ပါးသည် ကျေးဇူးခံ ဖြစ်လေသည်။

အခြားသော စိတ်နှင့်စေတသိက်များ အချင်းချင်း ယှဉ်သောအခါ၌လည်း ဤနည်းအားဖြင့် သမ္ပယုတ္တပစ္စည်း ကျေးဇူးပြုပုံကို စိတ် ၈၉ ခု၊ စေတသိက် ၅၂ ခု ကုန်အောင် သုံးသပ်ဝေဘန်ပါလေ။

သမ္ပယုတ္တပစ္စည်း (ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုခြင်း) မှာ နာမ်အချင်းချင်း ကျေးဇူးပြုခြင်းဖြစ်၍ ရုပ်နာမ်အဝိကပြဿနာသည် လင်းပါးဘွယ် မရှိတော့ချေ။

# ဝိပ္ပယုတ္တ

ရုပ်နာမ်ပရမတ္ထသဘောတရားတို့တွင် ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုခြင်း ရှိသလို၊ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုခြင်း လည်း ရှိသည်။ ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုခြင်း သမ္ပယုတ္တ ပစ္စည်းကို ဖော်ပြခဲ့ပြီးဖြစ်၍ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုခြင်း ဝိပ္ပယုတ္တပစ္စည်းကို ဖော်ပြလိုပါသည်။

အတူတကွဖြစ်ခြင်း၊ အတူတကွချုပ်ခြင်း၊ တူသောအာရုံ ရှိခြင်း၊ တူသောမှီရာရှိခြင်းသည် သမ္ပယုတ္တလက္ခဏာ အင်္ဂါ ရပ်များဖြစ်၍ ၎င်းအင်္ဂါရပ်များနှင့် ညီညွတ်သော စိတ်နှင့် စေတသိက်တို့သည် ယှဉ်ခြင်းဟူသော သမ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုကြောင်း ဖော်ပြခဲ့ပေသည်။ ယခု ဝိပ္ပယုတ္တပစ္စည်း တွင် ၎င်းကို ပြောင်းပြန်လှန်သောအားဖြင့် ထိုသမ္ပယုတ္တ လက္ခဏာအင်္ဂါလေးရပ် မပြည့်စုံသော သဘောတရားတို့သည် မယှဉ်ခြင်းဟူသော ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုကြသည်ဟု ယူဆသင့်ပေသည်။ သို့သော်လည်း ဗုဒ္ဓသည် သမ္ပယုတ္တမဖြစ် တိုင်း သို့မဟုတ် ဝိပ္ပယုတ္တဖြစ်တိုင်း ဝိပ္ပယုတ္တပစ္စည်းတွင် ထည့် သွင်း၍ ဟောတော်မူခဲ့သည်ကား မဟုတ်ပေ။ အကြင်နေရာ၌ ယှဉ် မယှဉ်ဟူသော ပြဿနာဖြင့် သံသယဖြစ်ဘွယ်ရှိ၏။ ထို နေရာ၌သာ ထိုသံသယကို ဖြေဖျောက်စေရန် ဝိပ္ပယုတ္တပစ္စည်း ဖြင့် မယှဉ်သောသဘောတရားများကို မယှဉ်ကြောင်း ဟော ကြားခဲ့ပေသည်။

 ဦးသာချို

အကယ်၍သာ ဝိပ္ပယုတ္တဖြစ်တိုင်း သို့မဟုတ် သမ္ပယုတ် အခါမည်သည့်ဘာတိုင်း ဝိပ္ပယုတ္တပစ္စည်းတွင် ထည့်သွင်း၍ ဟောကြားနေသည်ဖြစ်က စိတ်စေတသိက်တို့သည် မသက်ဆိုင်သော စိတ်စေတသိက်အချင်းချင်း မယှဉ်ခြင်းဟူသော ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုကြသည်၊ စိတ်စေတသိက်တို့သည် ရုပ်နှင့်နိဗ္ဗာန်တို့အား ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုကြသည်၊ ရုပ်သည် ရုပ်အချင်းချင်းရင်း၊ နိဗ္ဗာန်အားရင်း၊ စိတ်စေတသိက်တို့အားရင်း ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုသည်၊ နိဗ္ဗာန်သည် စိတ်စေတသိက်တို့အားရင်း၊ ရုပ်တို့အားရင်း ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုသည်ဟု ဟောရမည် ဖြစ်ပေသည်။ သို့သော်လည်း ထိုသို့ကား မဟောကြားခဲ့။ သံသယဖြစ်ဘွယ် နေရာ၌သာ ဝိပ္ပယုတ္တပစ္စည်းကို အသုံးပြုခဲ့ပေသည်။

အကြင်သဘောတရားများသည် အတူတကွဖြစ်ကြ၏။ ထိုသဘောတရားများသည် တခုနှင့်တခု ယှဉ်လေသလောဟု ယုံမှားဘွယ်ဖြစ်၏။ ထိုသဘောတရားများကိုသာ အတူတကွ ဖြစ်သော်လည်း မယှဉ်ကြောင်းဖြင့် ဝိပ္ပယုတ္တ ပစ္စည်းဖြင့် ဟောကြားခဲ့သည်။ အကြင်သဘောတရားတို့သည် မှီရာနှင့် မှီသူ အဖြစ်ဖြင့် ဖြစ်ကြ၏။ ထိုသဘောတရားတို့သည် တခုနှင့်တခု ယှဉ်လေသလောဟု ယုံမှားဘွယ်ဖြစ်ရာ၊ ထိုသဘောတရားများကိုသာ မှီရာနှင့်မှီသူဖြစ်သော်လည်း မယှဉ်ကြောင်းဖြင့် ဝိပ္ပယုတ္တပစ္စည်းဖြင့် ဟောကြားခဲ့ပေသည်။ အကြင်သဘောတရားများသည် တွေ့မိဆိုင်မိကြ၏။ ထိုသဘောတရားတို့သည် တခုနှင့်တခု ယှဉ်လေသလောဟု ယုံမှားဘွယ်

ဖြစ်၏။ ထိုသဘောတရားများကိုသာ တော့မိဆိုင်မိကြသော်လည်း မယှဉ်ကြောင်းဖြင့် ဝိပ္ပယုတ္တပစ္စည်းဖြင့် ဟောကြားခဲ့ပေသည်။

သဟဇာတပစ္စည်းအရ စိတ်စေတသိက်တို့သည် စိတ်စေတသိက်အချင်းချင်းရင်း၊ စိတ္တဇရုပ်နှင့်ရင်း၊ အတူတကွဖြစ်ကြ၏။ ထိုသို့ အတူတကွဖြစ်ကြရာ၌ စိတ်စေတသိက်အချင်းချင်းမှာ ယှဉ်ဘက်သမ္ပယုတ်များဖြစ်၍ အထူးသံသယဖြစ်ဘွယ်မရှိ။ သို့သော် စိတ်စေတသိက်နှင့် မိမိကြောင့်ဖြစ်သော စိတ္တဇရုပ်တို့သည် အတူတကွ ဖြစ်ကြလေရာ ယှဉ်ဘက်သမ္ပယုတ်တရားများလေလော ဟု သံသယဖြစ်ဘွယ်ရှိ၏။ သို့သော် စိတ်စေတသိက်နှင့် စိတ္တဇရုပ်တို့မှာ အတူတကွဖြစ်သော်လည်း အတူချုပ်ခြင်း၊ တူသောအာရုံ၊ တူသောမှီရာဟူသော သမ္ပယုတ်အင်္ဂါများ မရှိသဖြင့် ဝိပ္ပယုတ်များဖြစ်ကြသည်။ ဤသို့ စိတ်စေတသိက်နှင့် စိတ္တဇရုပ်တို့သည် အတူတကွဖြစ်လေရာ သမ္ပယုတ်များပင် ဖြစ်လေသလောဟု ယုံမှားဘွယ်ရှိသဖြင့် သမ္ပယုတ်များ မဟုတ်၊ ဝိပ္ပယုတ်ပစ္စည်းပြုနှင့် ပစ္စည်းခံတရားများဖြစ်ကြောင်း ဟောမြွက်ခဲ့ပေသည်။

မဟာဘုတ်အချင်းချင်းသည်ရင်း၊ မဟာဘုတ်နှင့် ဥပါဒါရုပ်တို့သည်ရင်း အတူတကွ ဖြစ်ကြ၏။ သို့သော်လည်း သမ္ပယုတ်လက္ခဏာမရှိ၊ ဝိပ္ပယုတ်များဖြစ်ကြောင်း ထင်ရှားသဖြင့် သံသယဖြစ်ဘွယ်မရှိ၍ ဝိပ္ပယုတ္တပစ္စည်းအဖြစ် အထူးမဖော်ထုတ်ခဲ့ပေ။

ပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေကမ္မဇရုပ်များသည် အတူတကွ ဖြစ်ကြ၏။ ထိုသို့ အတူတကွဖြစ်သဖြင့် ပဋိသန္ဓေစိတ်နှင့် ကမ္မဇရုပ်တို့သည် ယှဉ်ဘက်သမ္ပယုတ်များ ဖြစ်ကြလေသလော ဟု သံသယဖြစ်ဘွယ်ရှိ၏။ သို့သော်လည်း အတူချုပ်ခြင်း၊ တူသောအာရုံ၊ တူသောမှီရာဟူသော သမ္ပယုတ်လက္ခဏာအင်္ဂါရပ်များနှင့် မညီညွတ်သဖြင့် သမ္ပယုတ်များမဟုတ်၍ မယှဉ်ခြင်း ဝိပ္ပယုတ္တပစ္စည်း၌ ဟောကြားခဲ့ပေသည်။

ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေစိတ်နှင့် အတူတကွဖြစ်၏။ သို့သော်လည်း သမ္ပယုတ်လက္ခဏာအင်္ဂါရပ်များနှင့် မညီညွတ်သဖြင့် သံသယကို ဖြေဖျောက်စေသောငှါ ဝိပ္ပယုတ္တပစ္စည်းတွင် ဟောကြားခဲ့ပေသည်။

ထိုကြောင့် စိတ်စေတသိက်တို့သည် စိတ္တဇရုပ်တို့အားရင်း၊ ပဋိသန္ဓေစိတ်သည် ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း၊ ဟဒယဝတ္ထုသည် ပဋိသန္ဓေစိတ်အားရင်း အတူတကွဖြစ်သော်လည်း မယှဉ်ခြင်းဟူသော ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုသည်။ ဤသည်ကို သဟဇာတဝိပ္ပယုတ္တပစ္စည်းဟု ခေါ်သည်။

ပုရေဇာတပစ္စည်း၌ ဝတ္ထုရုပ်ခြောက်ခုတို့သည် ဝိညာဏဓါတ်ခုနစ်ပါးဟူသော စိတ်တို့အား ရှေးဦးစွာဖြစ်နှင့်၍ ကျေးဇူးပြုသည်။ ထိုသို့ ကျေးဇူးပြုရာ၌ [illegible]သောတစသော ဝတ္ထုရုပ်ခြောက်ပါးနှင့် စိတ်စေတသိက်များသည် မှီရာနှင့် မှီသူများ ဖြစ်ကြသဖြင့် ယှဉ်ဘက်သမ္ပယုတ်များ ဖြစ်ကြလေ

သလားဟု ယုံမှားဘွယ်ဖြစ်ပေသည်။ ထိုသို့ မှီရာနှင့် မှီသူများ ဖြစ်ကြသော်လည်း သမ္ပယုတ္တလက္ခဏာအင်္ဂါရပ်များနှင့် မညီညွတ်သဖြင့် မယှဉ်ခြင်းဟူသော ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုကြောင်း ဟောကြားခဲ့ပေသည်။

ရူပါရုံ၊ သဒ္ဒါရုံစသော အာရုံခြောက်ပါးနှင့် ထိုအာရုံကို အာရုံပြု၍ဖြစ်သော စိတ်စေတသိက်များမှာမူ ဝိပ္ပယုတ်တရားများ ဖြစ်ကြသော်လည်း ဝိပ္ပယုတ္တပစ္စည်း၌ ထည့်သွင်း၍ ဟောတော်မမူ။ အကြောင်းသော်ကား အာရုံများမှာ ကိုယ်ခန္ဓာအပြင်ဘက်၌လည်း ဖြစ်သောကြောင့် စိတ်နှင့်ဝိပ္ပယုတ်ဖြစ်ကြောင်း ထင်ရှား၏။ သမ္ပယုတ်တရားလေလားဟု ယုံမှားဘွယ်မရှိသောကြောင့်တည်း။

ထို့ကြောင့် ဝတ္ထုရုပ်ခြောက်ခုတို့သည် ဝိညာဏခါတ် ၇ ပါးဟူသော စိတ်စေတသိက်တို့အား မှီရာနှင့်မှီသူများ ဖြစ်ကြသော်လည်း မယှဉ်ခြင်းဟူသော ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုသည်။ ဤသည်ကို ပုရေဇာတဝိပ္ပယုတ္တပစ္စည်းဟု ခေါ်သည်။

ပစ္ဆာဇာတပစ္စည်းအရ နောက်နောက်မှ ဖြစ်သော စိတ်တို့သည် မိမိရှေ့က ဖြစ်နှင့်၍ တည်ရှိနေပြီးသော ရုပ်များအား ကျေးဇူးပြုသည်ဖြစ်ရာ နောက်နောက်မှ ဖြစ်ပေါ်သော စိတ်တို့သည် မိမိရှေ့က ဖြစ်နှင့်၍ တည်ရှိနေသော ရုပ်တို့နှင့် တော့ မိသိမ်မြဲကြလေရာ သမ္ပယုတ်များ ဖြစ်လေသလားဟု ယုံမှားဘွယ်ရှိပေသည်။ ထိုသံသယကို ပယ်ဖျောက်စေရန်

ရှင်းတို့သည် ယှဉ်ဘက်များ မဟုတ်ကြ၊ သမ္ပယုတ်လက္ခဏာ အင်္ဂါလေးရပ်ညီစွာ မဖြစ်ကြဟု' သိစေရန် ဝိပ္ပယုတ္တပစ္စည်းဖြင့် ဟောကြားခဲ့ပေသည်။ ဤသည်ကို ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း ဟု ခေါ်သည်။

ဤသို့အားဖြင့် ဝိပ္ပယုတ္တပစ္စည်းဟူသော မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုခြင်းသည် (၁) သဟဇာတဝိပ္ပယုတ္တပစ္စည်း- အတူတကွဖြစ်၍ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုခြင်း၊ (၂) ပုရေဇာတဝိပ္ပယုတ္တပစ္စည်း- ရှေးဦးစွာဖြစ်နှင့်၍ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုခြင်း၊ (၃) ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း- နောက်မှဖြစ်၍ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုခြင်းဟု သုံးမျိုးရှိသည်။

ဤဝိပ္ပယုတ္တပစ္စည်းအား ဟင်းချက်ရာ၌ အရသာခြောက်ပါးတို့သည် မရောမယှက်ကြဘိသကဲ့သို့ရှင်း၊ ကျောက်မျက်စီ ချယ်သော ရတနာကျောက်တို့သည် ရောယှက်ချင်းချင်း မှီတွယ်ဖက်စပ်၍ ဖြစ်ကြသော်လည်း တပါးတဝတည်း မရောယှက်သကဲ့သို့ မရောယှက်မပေါင်းယှဉ်ဘဲ ကျေးဇူးပြုခြင်းသည် ဝိပ္ပယုတ္တဖြစ်ကြောင်း ဥပမာဆိုကြသည်။

ဤကား ဝိပ္ပယုတ္တပစ္စည်းအား ရုပ်နာမ်သဘောတရားနှင့် ပတ်သက်၍ သုံးသပ်ဖော်ချက်တည်း။

## အတ္ထိ

လောကတွင် ပစ္စည်းဝတ္ထု တစုံတခု ကင်းရှားတည်ရှိစဉ် အတောအတွင်း ရှိက အခြားသော ပစ္စည်းဝတ္ထု တမျိုးတခု

ကို ကျေးဇူးပြုတတ်သော သဘောတရားများလည်း ရှိ၏။ ပစ္စည်းဝတ္ထုပျောက်ပျက်ပြီးနောက် ထင်ရှားမရှိသောအခါ တွင် ပစ္စည်းဝတ္ထုတစုံတခုကို ကျေးဇူးပြုသော သဘောတရား များလည်း ရှိ၏။ မြေကြီးသည် မိမိအပေါ်၌ ပေါက်နေ သော သစ်ပင်တို့အား စိမ်းရှင်အောင် ထောက်ပံ့ကျေးဇူးပြု ခြင်းမှာ မိမိထင်ရှား တည်ရှိစဉ်အတောအတွင်း ကျေးဇူးပြု ခြင်းပင် ဖြစ်သည်။ ချုပ်ငြိမ်းလေပြီးသော ဆီမီးသည် အမိုက် မှောင်ဖြစ်ရန် အခွင့်ပေးခြင်းဖြင့် ကျေးဇူးပြုခြင်းမှာ မိမိ ထင်ရှားမရှိစဉ် ကျေးဇူးပြုခြင်းပင် ဖြစ်သည်။

ထို့ပြင် ဥပမာတခု ထပ်၍ ဆိုပါဦးမည်။ ဘုရင်မင်းသည် မိမိအသက်ရှင်စဉ် သားမယားမှစ၍ တိုင်းသူပြည်သားအား ထက်သန်အားရှိအောင် ကျေးဇူးပြုခြင်းမှာ ထင်ရှားတည်ရှိ၍ ကျေးဇူးပြုခြင်းပင် ဖြစ်သည်။ နတ်ရွာစံသော ဘုရင်မင်း သည် မိမိသားကြီးအား ဘုရင်ဖြစ်ခွင့်ပေး၍ နတ်ရွာစံခြင်း မှာ ထင်ရှားမတည်ရှိ၍ ကျေးဇူးပြုခြင်းပင် ဖြစ်သည်။

ထို့အတူပင် ရုပ်နာမ်ဟူသော ပရမတ်သဘောများတွင် လည်း ထင်ရှားရှိ၍ ကျေးဇူးပြုခြင်းနှင့် ထင်ရှားမရှိ၍ ကျေး ဇူးပြုခြင်းဟူ၍ ရှိပေသည်။ ထင်ရှားရှိ၍ ကျေးဇူးပြုခြင်းကို အတ္ထိပစ္စည်းဟု ခေါ်၍၊ ထင်ရှားမရှိဘဲ ကျေးဇူးပြုခြင်းကို နတ္ထိပစ္စည်းဟု ခေါ်သည်။

အတ္ထိပစ္စည်းဖြင့် ရုပ်နာမ်တို့ ဆက်ဆံကျေးဇူးပြုပုံကို ဖော်ပြပါဦးမည်။

စိတ်စေတသိက်တို့သည် စိတ်စေတသိက်အချင်းချင်းအားရင်း၊ မိမိကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားရင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း အတူတကွဖြစ်၍ ကျေးဇူးပြုသည်။ ထိုသို့ အတူတကွဖြစ်၍ ကျေးဇူးပြုခြင်းမှာ စိတ်စေတသိက်ဟူသော ကျေးဇူးပြုတရားများသည် ထင်ရှားရှိစဉ် အတောအတွင်း စိတ်စေတသိက်၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်ဟူသော ထင်ရှားရှိသော ကျေးဇူးခံတရားတို့အား ကျေးဇူးပြုသည်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော မဟာဘုတ်တို့သည် မဟာဘုတ်အချင်းချင်းရင်း၊ ၎င်းတို့ကို စွဲ၍ဖြစ်သော ဥပါဒါရုပ်တို့အားရင်း အတူဖြစ်၍ ကျေးဇူးပြုသည် ထိုသို့ အတူတကွဖြစ်၍ ကျေးဇူးပြုခြင်းတွင် မဟာဘုတ်ဟူသော ကျေးဇူးပြုတရားများသည် ထင်ရှားရှိစဉ် အတောအတွင်း မဟာဘုတ်နှင့် ဥပါဒါရုပ်ဟူသော ထင်ရှားရှိသော ကျေးဇူးခံတရားများအား ကျေးဇူးပြုသည်။ ဟဒယဝတ္ထုရုပ်သည် ပဉ္စဝေါကာရပဋိသန္ဓေစိတ်တို့အား အတူဖြစ်၍ ကျေးဇူးပြုသည်။ ထိုသို့ အတူဖြစ်၍ ကျေးဇူးပြုခြင်းတွင် ဟဒယဝတ္ထုရုပ်ဟူသော ကျေးဇူးပြုတရားများသည် ထင်ရှားရှိစဉ် အတောအတွင်း ပဉ္စဝေါကာရပဋိသန္ဓေစိတ်ဟူသော ထင်ရှားရှိသော ကျေးဇူးခံတရားတို့အား ကျေးဇူးပြုသည်။ ဤသို့ အတူတကွဖြစ်ခြင်းဖြင့် ကျေးဇူးပြုတရားများသည် ထင်ရှားရှိစဉ်အတောအတွင်း ထင်ရှားရှိသော ကျေးဇူးခံတရားများကို ကျေးဇူးပြုခြင်းမှာ အတ္ထိပစ္စည်းသဘောသက်ရောက်ပင် ဖြစ်သည်။ ဤအတ္ထိပစ္စည်းကို သဟဇာတတ္ထိ (သဟဇာတအတ္ထိ) ပစ္စည်းဟု ခေါ်သည်။

စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုဟူသော ဝတ္ထုရုပ်ခြောက်ခုတို့သည် စက္ခုဝိညာဏဓါတ်၊ သောတဝိညာဏဓါတ်၊ ဃာနဝိညာဏဓါတ်၊ ဇိဝှါဝိညာဏဓါတ်၊ ကာယဝိညာဏဓါတ်၊ မနောဓါတ်၊ မနောဝိညာဏဓါတ်ဟူသော ဝိညာဏဓါတ်ခုနှစ်ခုတို့အား ဝတ္ထုသည် ရှေးဦးစွာဖြစ်နှင့်၍ ကျေးဇူးပြုသည်။ ထိုသို့ ရှေးဦးစွာဖြစ်၍ ကျေးဇူးပြုခြင်းမှာ ဝတ္ထုခြောက်ပါးဟူသော ကျေးဇူးပြုတရားများသည် ထင်ရှားရှိစဉ် အတောအတွင်း ဝိညာဏဓါတ် ခုနှစ်ပါးဟူသော ထင်ရှားရှိသော ကျေးဇူးခံတရားများအား ကျေးဇူးပြုသည်။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံဟူသော အာရုံငါးပါးတို့သည် စက္ခုဒွါရ၌ ဖြစ်သောစိတ်၊ သောတဒွါရ၌ ဖြစ်သောစိတ်၊ ဃာနဒွါရ၌ဖြစ်သောစိတ်၊ ဇိဝှါဒွါရ၌ဖြစ်သောစိတ်၊ ကာယဒွါရ၌ဖြစ်သောစိတ်ဟူသော ပဉ္စဒွါရိကစိတ်တို့အား ရှေးဦးစွာဖြစ်နှင့်၍ ကျေးဇူးပြုသည်။ ထိုသို့ ရှေးဦးစွာဖြစ်နှင့်၍ ကျေးဇူးပြုခြင်းမှာ အာရုံငါးပါးဟူသော ကျေးဇူးပြုတရားများသည် ထင်ရှားရှိစဉ်အတောအတွင်း ငါးဒွါရ၌ဖြစ်သော ထင်ရှားရှိသော ကျေးဇူးခံတရားများကို ကျေးဇူးပြုသည်။ ဤသို့ ရှေးဦးစွာဖြစ်ခြင်းဖြင့် ကျေးဇူးပြုတရားများသည် ထင်ရှားရှိစဉ် အတောအတွင်း ထင်ရှားရှိသော ကျေးဇူးခံတရားများကို ကျေးဇူးပြုခြင်းမှာ အတ္ထိပစ္စည်းသဘောသတ္တိပင် ဖြစ်သည်။ ဤအတ္ထိပစ္စည်းကို ပုရေဇာတတ္ထိ(ပုရေဇာတ+အတ္ထိ)ပစ္စည်းဟု ခေါ်သည်။

နောက်မှဖြစ်သော စိတ်စေတသိက်တို့သည် ရှေးဦးစွာဖြစ်နှင့်၍ ဌီအနေနှင့် တည်ရှိနေကြသော ရုပ်များအား နောက်မှဖြစ်၍ ကျေးဇူးပြုသည်။ ထိုသို့ နောက်မှ ဖြစ်၍ ကျေးဇူးပြုခြင်းမှာ နောက်မှ ဖြစ်သော စိတ်စေတသိက်ဟူသော ကျေးဇူးပြုတရားများသည် ထင်ရှားရှိစဉ်အတောအတွင်း ရှေးဦးစွာဖြစ်နှင့်၍ ဌီအနေနှင့်တည်ရှိနေသော ရုပ်များဟူသော ထင်ရှားတည်ရှိသော ကျေးဇူးခံတရားများအား ကျေးဇူးပြုသည်။ ထိုသို့ နောက်မှ ဖြစ်ခြင်းဖြင့် ကျေးဇူးပြုတရားများသည် ထင်ရှားတည်ရှိစဉ်အတောအတွင်း ထင်ရှားတည်ရှိသော ကျေးဇူးခံတရားများကို ကျေးဇူးပြုခြင်းကို ပစ္ဆာဇာတတ္ထိ (ပစ္ဆာဇာတ + အတ္ထိ) ပစ္စည်းဟု ခေါ်သည်။

အလုပ်အလွေးစားသောက်မျိုသွင်းအပ်သော အာဟာရသည် ဌီအနေနှင့် တည်ရှိနေကြသော ဤရုပကာယအား အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်။ ဤသို့ အာဟာရသတ္တိဖြင့် ကျေးဇူးပြုခြင်းမှာ အာဟာရဟူသော ကျေးဇူးပြုတရားများသည် ထင်ရှားတည်ရှိစဉ် အတောအတွင်း ရူပကာယဟူသော ထင်ရှားရှိသော ကျေးဇူးခံတရားများအား ကျေးဇူးပြုသည်။ ဤသို့ အာဟာရသတ္တိဖြင့် ကျေးဇူးပြုတရားများသည် ထင်ရှားရှိစဉ်အတောအတွင်း ထင်ရှားရှိသော ကျေးဇူးခံတရားများကို ကျေးဇူးပြုခြင်းကို အာဟာရတ္ထိ (အာဟာရ+အတ္ထိ) ပစ္စည်းဟု ခေါ်သည်။

ရုပ်ဇီဝိတိန္ဒြေသည် ရုပ်များအသက်ရှည်အောင် ကျေးဇူးပြုသည်။ ဤသို့ ကျေးဇူးပြုခြင်းမှာ ဇီဝိတိန္ဒြေဟူသော

ကျေးဇူးပြုတရားသည် ထင်ရှားရှိစဉ်အတောအတွင်း ထင်ရှားရှိသော ကျေးဇူးခံတရားဟူသော ရုပ်များကို ကျေးဇူးပြုသည်။ ဤသို့ ကျေးဇူးပြုသည်ကို ဣန္ဒြိယတ္ထိ (ဣန္ဒြိယ+အတ္ထိ) ပစ္စည်းဟု ခေါ်သည်။

အတ္ထိပစ္စည်း၏ သဘောမှာ လက်ငင်းရှိသော ကျေးဇူးပြုတရားများသည် လက်ငင်းရှိသော ကျေးဇူးခံတရားများအား လက်ငင်းရှိခြင်းသတ္တိဖြင့် ကျေးဇူးပြုခြင်းပင် ဖြစ်သည်။

ဤသို့အားဖြင့် အတ္ထိပစ္စည်းသည်(၁)သဟဇာတတ္ထိ-အတူတကွဖြစ်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊ (၂) ပုရေဇာတတ္ထိ- ရှေးဦးစွာဖြစ်နှင့်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊ (၃) ပစ္ဆာဇာတတ္ထိ- နောက်မှ ဖြစ်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊ (၄) အာဟာရတ္ထိ- လွန်စွာဆောင်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊ (၅) ဣန္ဒြိယတ္ထိ- အစိုးရ၍ ထင်ရှားသည်ဖြစ်၍ ကျေးဇူးပြုခြင်းဟူ၍ ၅ မျိုး ရှိသည်။

ထိုအတ္ထိပစ္စည်းများတွင် နိဗ္ဗာန်မပါဝင်သည်ကို တွေ့ရှိရပေမည်။ နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၍ အတ္ထိပစ္စည်း ဖြစ်ထိုက်သလိုရှိသည်။ သို့သော်လည်း အတ္ထိဟူသော အခိပ္ပါယ်သည် ထင်ရှားရှိစဉ် ပစ္စည်းထိုက်၍ ထင်ရှားမရှိသော အခါ ပစ္စည်းမထိုက်ပေ။ နိဗ္ဗာန်ကား ထိုကဲ့သို့ ရှိမရှိ နှစ်မျိုးမရ၊ အမြဲထင်ရှားရှိနေပေသည်။ အတ္ထိသည် နတ္ထိ၏ဆန့်

ကျင်ဘက်ဖြစ်၍ နတ္ထိ၏သဘောမှာ ဖြစ်၊ တည်၊ ချုပ်အားဖြင့် ပစ္စုပ္ပန်ကာလ၌ ထင်ရှားမရှိသောအခိုက်ကို ယူရသဖြင့် အတ္ထိသဘောသည် ဖြစ်၊ တည်၊ ချုပ်အားဖြင့် ပစ္စုပ္ပန်ကာလ၌ ထင်ရှားရှိသော အခိုက်အတန့်ကိုသာ ယူရပေမည်။ နိဗ္ဗာန်မှာမူ အမြဲတန်းဘည်ရှိနေပေသည်။ ထို့ကြောင့် နိဗ္ဗာန်သည် အတ္ထိပစ္စည်းမထိုက်ပေ။ တနည်းအားဖြင့်ဆိုသော် ပစ္စည်းတခု၏ သတ္တိသည် ကျေးဇူးပြုနှင့် ကျေးဇူးခံ နှစ်မျိုးစလုံးရှိမှ ပေါ်ပေါက်စမြဲဖြစ်သည်။ သို့သော် နိဗ္ဗာန်အတွက်မူကား ကျေးဇူးခံတရားများ မရှိပေ။ ကျေးဇူးခံတရားရှိမှလည်း ကျေးဇူးပြုတရား ရှိနိုင်ပေသည်။ ထို့ကြောင့် နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော်လည်း ကျေးဇူးပြု ကျေးဇူးခံအဖြစ်အားဖြင့် မရှိခြင်းကြောင့် အတ္ထိပစ္စည်း မဖြစ်ထိုက်ပေ။

ဤကား အတ္ထိပစ္စည်းနှင့်ပတ်သက်၍ ရုပ်နာမ်ဆက်ဆံ ကျေးဇူးပြုပုံတည်း။

## နတ္ထိ၊ ဝိဂတ၊ အဝိဂတ

အတ္ထိပစ္စည်းကို သုံးသပ်ဝေဘန်ပြီးနောက် ပဋ္ဌာန်းနှစ်ဆယ့်လေးပစ္စည်းတွင် နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်း၊ အဝိဂတပစ္စည်းဟူသော ပစ္စည်းသုံးခုကို သုံးသပ်ဝေဘန်ရန် ကျန်ရှိနေပေသေးသည်။ သို့သော်လည်း နတ္ထိပစ္စည်း ဝိဂတပစ္စည်းတို့မှာ အနန္တရပစ္စည်းနှင့်၎င်း၊ အဝိဂတပစ္စည်းမှာ အတ္ထိပစ္စည်းနှင့်၎င်း တူညီနေသဖြင့် အထူးမဝေဘန်တော့ပြီ။

ဤကား ရုပ်နာမ်တို့၏ အဓိကပဓာနပြဿနာနှင့် စပ်လျဉ်း၍ နှစ်ဆယ့်လေးပစ္စည်း (Twenty-four Relations) တို့ကို သုံးသပ်ဝေဘန်ချက်ဖြစ်ပါသတည်း။

× + ×

# ဗုဒ္ဓအဘိဓမ္မာဆိုင်ရာဝေါဟာရများ

အဘိဓမ္မာပညာရပ်ကို လေ့လာသောအခါ၌ဖြစ်စေ၊ ထိုအဘိဓမ္မာဆိုင်ရာစာအုပ်စာတမ်းများကို ဖတ်ရှုသောအခါ၌ ဖြစ်စေ၊ သဘောမပေါက်ဘဲ မရှင်းမလင်းဖြစ်နေတတ်ပါသည်။ ထိုသို့ဖြစ်နေခြင်းမှာ သက်ဆိုင်ရာ အဘိဓမ္မာပညာရပ်အတွက် အခြေခံလိုနေသောကြောင့် ဖြစ်ကောင်းဖြစ်ပေမည်။ ဗုဒ္ဓအဘိဓမ္မာကို လေ့လာရာတွင် ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ အခေါ်အဝေါ်ဝေါဟာရများနှင့် ၎င်းတို့၏ သဘောသဘာဝတ္တကို အသင့်အတင့် အခြေခံအဖြစ် သိရှိနားလည်ထားရန် လိုအပ်သည်ဟု ယုံကြည်မိပါသည်။ သို့ဖြစ်ပါ၍ ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ ဝေါဟာရအချို့နှင့် ၎င်းတို့၏ သဘာဝတ္တကို အကျဉ်းချုံး၍ ဤအခန်းတွင် ဖော်ပြသွားပါမည်။

## အာသဝေါ ၄ ပါး

သတ္တဝါတို့ကို မူးယစ်မိုက်မဲရူးသွပ်စေ၍ အရက်နှင့်တူသောကြောင့် အာသဝေါ (Asava or Passion)ဟု ခေါ်သည်။

၁။ ကာမာသဝ-ကာမဂုဏ်၌ တပ်နှစ်သက်သော တဏှာလောဘ။

၂။ ဘဝါသဝ-ဘုံဘဝ၌ တပ်နှစ်သက်သော တဏှာလောဘ။

၃။ ဒိဋ္ဌာသဝ- မှားသောအယူကို ယူခြင်းဟူသော မိစ္ဆာဒိဋ္ဌိ။

၄။ အဝိဇ္ဇာသဝ- မိုက်မဲတွေဝေမသိမမြင်ခြင်းဟူသော မောဟ။

## ဩဃ ၄ ပါး

သတ္တဝါတို့ကို သံသရာ၌ နစ်မွန်းမျောပါးလွှမ်းမိုးဖိစီးသိတ်တတ်၍ ရေစီးကတော့နှင့်တူသောကြောင့် ဩဃ (Flood) ဟု ခေါ်သည်။

၁။ ကာမောဃ- ကာမဂုဏ်၌ တပ်နှစ်သက်သော တဏှာလောဘ။

၂။ ဘဝေါဃ- ဘုံဘဝ၌ တပ်နှစ်သက်သော တဏှာလောဘ။

၃။ ဒိဋ္ဌောဃ- မှားသောအယူကို ယူခြင်းဟူသော မိစ္ဆာဒိဋ္ဌိ။

၄။ အဝိဇ္ဇောဃ- မိုက်မဲတွေဝေ မသိမမြင်ခြင်းဟူသော မောဟ။

## ယောဂ ၄ ပါး

သတ္တဝါတို့ကို ဝဋ်သုံးပါး၌ ယှဉ်တွဲပူးကပ်စေသောကြောင့် ယောဂ (Bond) ဟု ခေါ်သည်။

၁။ ကာမယောဂ-ကာမဂုဏ်၌ တပ်နှစ်သက်ခြင်း တဏှာလောဘ။

၂။ ဘဝယောဂ- ဘုံဘဝ၌ တပ်နှစ်သက်ခြင်း တဏှာလောဘ။

၃။ ဒိဋ္ဌိယောဂ- မှားသောအယူကို ယူခြင်း မိစ္ဆာဒိဋ္ဌိ။

၄။ အဝိဇ္ဇာယောဂ-မိုက်မဲတွေဝေမသိမမြင်ခြင်းမောဟ။

## ဂန္ထ ၄ ပါး

ရုပ်ကာယ နာမ်ကာယတို့ကို စုတိပဋိသန္ဓေအားဖြင့် ဆက်စပ်လျက် ပွေလိမ်ရစ်ပတ်ထုံးဖွဲ့တတ်သောကြောင့် ဂန္ထ (Tie) ဟု ခေါ်သည်။

၁။ အဘိဇ္ဈာကာယဂန္ထ- တဏှာလောဘ။

၂။ ဗျာပါဒကာယဂန္ထ- အမျက်ဒေါသ။

၃။ သီလဗ္ဗတပရာမသကာယဂန္ထ- မှားသော အယူဖြင့် နွားအပြုအမူ ခွေးအပြုအမူ စသည်တို့ကို တုပ၍ ကျင့်ကြံခြင်းဟူသော မိစ္ဆာဒိဋ္ဌိ။

၄။ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ- သူတပါး အယူ အကျင့်သည် မှားသည်၊ မိမိအယူအကျင့်သာ အမှန်ဆုံးဖြစ်သည်ဟု ပြင်းထန်စွာ မှတ်ယူအောက်မေ့ နှလုံးသွင်းသော မိစ္ဆာဒိဋ္ဌိ။

## ဥပါဒါန် ၄ ပါး

ပြင်းပြင်းထန်ထန်ခိုင်ခိုင်မြဲမြဲ စွဲလမ်းတတ်သောကြောင့် ဥပါဒါန်(Grasping) ဟုခေါ်သည်။

၁။ ကာမုပါဒါန်- ကာမဂုဏ်၌ ပြင်းထန်စွာ စွဲလမ်းချစ်ခင်သော တဏှာလောဘ။

၂။ ဒိဋ္ဌုပါဒါန်- မိစ္ဆာဒိဋ္ဌိအယူ ၆၂ မျိုး။

၃။ သီလဗ္ဗတုပါဒါန်-ခွေးကျင့်နွားကျင့် စသည် အကျင့်မျိုး၌ ပြင်းထန်ခိုင်မြဲစွာ မှတ်ယူသော မိစ္ဆာဒိဋ္ဌိ။

၄။ အတ္တဝါဒုပါဒါန်- ၂၀ သော သက္ကာယဒိဋ္ဌိအယူ။

## နီဝရဏ ၆ ပါး

သတ္တဝါတို့၏ စိတ်အစဉ်၌ ကုသိုလ်တရားတို့ကို မဖြစ်ပေါ်ရအောင် တားမြစ်ပိတ်ပင်တတ်သော တရားများကို နီဝရဏ (Hindrance) ဟု ခေါ်သည်။

၁။ ကာမစ္ဆန္ဒနီဝရဏ- ကာမဂုဏ်ကို နှစ်သက်တောင့်တသော တဏှာလောဘ။

၂။ ဗျာပါဒနီဝရဏ- အမျက်ဒေါသ။

၃။ ထိနမိဒ္ဓနီဝရဏ- စိတ်စေတသိက်တို့၏ အာမှု၌ ထိုင်းမှိုင်းခြင်း သဘော။

၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ- စိတ်ပျံ့လွင့်ခြင်း စိုးရိမ်ပူပန်ခြင်း။

၅။ ဝိစိကိစ္ဆာနီဝရဏ- မဆုံးဖြတ်နိုင်ဘဲ စိတ်နှစ်ခွဖြစ်ခြင်း။

၆။ အဝိဇ္ဇာနီဝရဏ- တွေဝေမဲမှောင်ခြင်း မောဟ။

## အနုသယ ၇ ပါး

မဖြစ်ပေါ်သေးဘဲ ဓါတ်နုအနေဖြင့် စိတ်သန္တာန်၌ မီးခဲပြာဖုံးအဖြစ် အစဉ်မပြတ် ကိန်းဝပ်တည်ရှိနေသော သဘောတရားများကို အနုသယ (Latent Bias) ဟု ခေါ်သည်။

၁။ ကာမရာဂါနုသယ- ကာမဂုဏ်၌ တပ်နှစ်သက်သောလောဘဓါတ်နု။

၂။ ဘဝရာဂါနုသယ- ဘုံဘဝ၌ တပ်နှစ်သက်သောလောဘဓါတ်နု။

၃။ ပဋိဃာနုသယ- ဒေါသဓါတ်နု။

၄။ မာနာနုသယ- မာနဓါတ်နု။

၅။ ဒိဋ္ဌာနုသယ- ဒိဋ္ဌိစေတသိက်။

၆။ ဝိစိကိစ္ဆာနုသယ- ဝိစိကိစ္ဆာစေတသိက်။

၇။ အဝိဇ္ဇာနုသယ- မောဟစေတသိက်။

## သံယောဇဉ် ၁၀ ပါး

သတ္တဝါတို့ကို သံသရာစက်မှ မထွက်နိုင်အောင် ဖွဲ့နှောင်ဆွဲဆောင်တတ်သော သဘောတရားများဖြစ်၍ သံယောဇဉ် (Fetter) ဟု ခေါ်သည်။

သုတ္တန်နည်း

၁။ ကာမရာဂသံယောဇဉ်- ကာမဘုံ၌ တပ်နှစ်သက်သော တဏှာလောဘ။

၂။ ရူပရာဂသံယောဇဉ်- ရူပဘုံ၌ တပ်နှစ်သက်သော တဏှာလောဘ။

၃။ အရူပရာဂသံယောဇဉ်-အရူပဘုံ၌ တပ်နှစ်သက်သော တဏှာလောဘ။

၄။ ပဋိဃသံယောဇဉ်- ဒေါသ။

၅။ မာနသံယောဇဉ်- မာန။

၆။ ဒိဋ္ဌိသံယောဇဉ်- ဒိဋ္ဌိ။

၇။ သီလဗ္ဗတပရာမာသသံယောဇဉ်- နွားကျင့် ခွေးကျင့် စသည် ကျင့်ကြံသော ဒိဋ္ဌိအယူတမျိုး။

၈။ ဝိစိကိစ္ဆာသံယောဇဉ်- ဝိစိကိစ္ဆာ။

၉။ ဥဒ္ဓစ္စသံယောဇဉ်- ဥဒ္ဓစ္စ။

၁၀။ အဝိဇ္ဇာသံယောဇဉ်- မောဟ။

အဘိဓမ္မာနည်း—

၁။ ကာမရာဂသံယောဇဉ်- လောဘ။

၂။ ဘဝရာဂသံယောဇဉ်- လောဘ။

၃။ ပဋိဃသံယောဇဉ်- ဒေါသ။

၄။ မာနသံယောဇဉ်- မာန။

၅။ ဒိဋ္ဌိသံယောဇဉ်- ဒိဋ္ဌိ။

၆။ သီလဗ္ဗတပရာမာသသံယောဇဉ်- ဒိဋ္ဌိ။

၇။ ဝိစိကိစ္ဆာသံယောဇဉ်- ဝိစိကိစ္ဆာ။

၈။ ဣဿာသံယောဇဉ်- ဣဿာ။

၉။ မစ္ဆရိယသံယောဇဉ်- မစ္ဆရိယ။

၁၀။ အဝိဇ္ဇာသံယောဇဉ်- မောဟ။

## ကိလေသာ ၁၀ ပါး

စိတ်ကို ညစ်နွမ်းစေ [illegible]ာ် သို့မဟုတ် ပူပန်စေတတ် နှိပ်စက်တတ်သော သဘောတရားများဖြစ်၍ ကိလေသာ(Impurity or Torment)ဟုခေါ်သည်။

၁။ လောဘ- လိုချင်တပ်မက်မောခြင်း။

၂။ ဒေါသ- ကြမ်းတမ်းပြစ်မှားခြင်း။

၃။ မောဟ–တွေဝေမဲ့မှောင်ခြင်း။

၄။ မာန–မောက်မော်ထောင်လွှားခြင်း။

၅။ ဒိဋ္ဌိ–အလွဲအမှား မှတ်ထင်စွဲယူခြင်း။

၆။ ဝိစိကိစ္ဆာ– မဆုံးဖြတ်နိုင်ဘဲ ယုံမှားဖြစ်ခြင်း။

၇။ ထိန- စိတ်၏ လေးလံထိုင်းမှိုင်းခြင်း။

၈။ ဥဒ္ဓစ္စ-မငြိမ်မသက်ပျံ့လွင့်ခြင်း။

၉။ အဟိရိက- မကောင်းမှုမှ မရှက်ခြင်း။

၁၀။ အနောတ္တပ္ပ- မကောင်းမှုမှ မကြောက်ခြင်း။

## ဟိတ် ၆ ပါး

ယှဉ်ဘော်ယှဉ်ဘက်တရားတို့၏ ထက်သန်ကြီးထွား စည်ကားစွာဖြစ်ရန် တည်ရာအခြေမူလ ဖြစ်သောကြောင့် ဟိတ် (Root Condition) ဟု ခေါ်သည်။ အမြစ်ခြောက်မျိုး ဟု ဆိုလိုသည်။

၁။ လောဘဟိတ်– အာရုံကို လိုချင်တပ်မက်စွဲကပ်ခြင်း။

၂။ ဒေါသဟိတ်- ကြမ်းတမ်းပြစ်မှားခြင်း။

၃။ မောဟဟိတ်– အာရုံ၌ တွေဝေမဲ့မှောင် မသိခြင်း။

၄။ အလောဘဟိတ်- အာရုံ၌ မလိုချင် မတပ်မက် မစွဲကပ်ခြင်း။

၅။ အဒေါသဟိတ်- မကြမ်းတမ်း မပြစ်မှားခြင်းမေတ္တာ။

၆။ အမောဟဟိတ်-အာရုံ၌မတွေဝေ မမဲမှောင် သိခြင်း ပညာဉာဏ်။

## ဈာနင် ၇ ပါး

ကသိုဏ်းစသော အာရုံ၌ စူးစူးစိုက်စိုက် ကပ်၍ ရှုတတ်သောကြောင့်၎င်း၊ ဆန့်ကျင်ဘက်နီဝရဏတရားတို့ကို ဖုတ်ကျည်းမီးရှို့တတ်သောကြောင့်၎င်း ဈာန်ဟု ခေါ်သည်။ ၎င်းဈာန်၏ အင်္ဂါအစိတ်အပိုင်းများဖြစ်ခြင်းကြောင့် ဈာနင် (Constituent of Absorption) ဟု ခေါ်သည်။

၁။ ဝိတက်-စိတ်ကို အာရုံသို့ တင်ပို့ခြင်း။

၂။ ဝိစာရ- အာရုံသို့ရောက်ပြီးသော စိတ်ကို သုံးသပ်ခြင်း။

၃။ ပီတိ- အာရုံကို နှစ်သက်ခြင်း။

၄။ ဧကဂ္ဂတာ- တခုတည်းသော အာရုံကိုသာ ယူခြင်း။

၅။ သုခ-ချမ်းသာစွာ ခံစားခြင်း။

၆။ ဒုက္ခ- ဆင်းရဲစွာ ခံစားခြင်း။

၇။ ဥပေက္ခာ- အလယ်အလတ်ခံစားခြင်း။

## မဂ္ဂင် ၁၂ ပါး

ခရီးလမ်းသည် မြို့ရွာစသည်သို့ ရောက်ကြောင်း ဖြစ်သကဲ့သို့ သုဂတိဘဝ သို့မဟုတ် နိဗ္ဗာန်သို့ရင်း၊ ဒုဂ္ဂတိဘဝသို့ရင်း ရောက်ကြောင်းဖြစ်သဖြင့် ခရီးလမ်းသဘာဝယ်ဖြစ်ခြင်းကြောင့် (မဂ္ဂ) မဂ်ဟု ခေါ်သည်။ ထိုမဂ်၏ အင်္ဂါအစိတ်အပိုင်းဖြစ်ခြင်းကြောင့် မဂ္ဂင်(Path-Constituent) ဟုခေါ်သည်။

၁။ သမ္မာဒိဋ္ဌိ- မှန်ကန်သော အမြင် (ပညာ)။

၂။ သမ္မာသင်္ကပ္ပ—မှန်ကန်သော အကြံ (ဝိတက်)။

၃။ သမ္မာဝါစာ—မှန်ကန်သော စကား။

၄။ သမ္မာကမ္မန္တ- မှန်ကန်သော အမှု။

၅။ သမ္မာအာဇီဝ— မှန်ကန်သော အသက်မွေးခြင်း။

၆။ သမ္မာဝါယာမ- မှန်ကန်သော အားထုတ်လုံ့လပြုခြင်း (ဝီရိယ)။

၇။ သမ္မာသတိ- မှန်ကန်သော အောက်မေ့ခြင်း။

၈။ သမ္မာသမာဓိ- မှန်ကန်သော တည်ကြည်ခြင်း (ဧကဂ္ဂတာ)။

၉။ မိစ္ဆာဒိဋ္ဌိ- လွဲမှားသော အမြင်။

၁၀။ မိစ္ဆာသင်္ကပ္ပ- လွဲမှားသော အကြံ (ဝိတက်)။

၁၁။ မိစ္ဆာဝါယာမ- လွဲမှားသော အားထုတ်လုံ့လပြုခြင်း (ဝီရိယ)။

ဦးသာချို

၁၂။ မိစ္ဆာသမာဓိ-လွဲမှားသော တည်ကြည်ခြင်း (ဧကဂ္ဂတာ)။

ဣန္ဒြေ ၂၂ ပါး

မိမိတို့ဆိုင်ရာ ကိစ္စတို့၌ အစိုးရမှုရှိသောကြောင့် ဣန္ဒြေ (Controlling Power) ဟု ခေါ်သည်။

၁။ စက္ခုန္ဒြေ- မျက်စိအကြည် စက္ခုပသာဒရုပ်။

၂။ သောတိန္ဒြေ- နားအကြည် သောတပသာဒရုပ်။

၃။ ဃာနိန္ဒြေ- နှာခေါင်းအကြည် ဃာနပသာဒရုပ်။

၄။ ဇိဝှိန္ဒြေ- လျှာအကြည် ဇိဝှါပသာဒရုပ်။

၅။ ကာယိန္ဒြေ- ကိုယ်အကြည် ကာယပသာဒရုပ်။

၆။ ဣတ္ထိန္ဒြေ- မိန်းမ၏အဖြစ် ဣတ္ထိဘာဝ။

၇။ ပုရိသိန္ဒြေ- ယောကျ်ား၏အဖြစ် ပုမ္ဘာဝရုပ်။

၈။ ဇီဝိတိန္ဒြေ- ရုပ်သက်နာမ်သက်ဟူသော ရုပ်ဇီဝိတ နာမ်ဇီဝိတ။

၉။ မနိန္ဒြေ- စိတ်။

၁၀ ။သုခိန္ဒြေ- ချမ်းသာစွာခံစားခြင်း သုခဝေဒနာ။

၁၁။ ဒုက္ခိန္ဒြေ- ဆင်းရဲစွာခံစားခြင်း ဒုက္ခဝေဒနာ။

၁၂။ သောမနဿိန္ဒြေ- ရွှင်လန်းစွာ ခံစားခြင်း သောမနဿဝေဒနာ။

၁၃။ ဒေါမနဿဝိန္ဒြေ- နှလုံးမသာယာစွာခံစားခြင်း ဒေါမနဿဝေဒနာ။

၁၄။ ဥပေက္ခာဝိန္ဒြေ- လျစ်လျူရှုခြင်းဖြင့် ခံစားမှု ဥပေက္ခာဝေဒနာ။

၁၅။ သဒ္ဓိန္ဒြေ-ကောင်းသောအာရုံ၌ ကြည်လင်သက်ဝင်ခြင်း သဒ္ဓါ။

၁၆။ ဝီရိယိန္ဒြေ- လုံ့လအားထုတ်ခြင်း ဝီရိယ။

၁၇။ သတိန္ဒြေ-မမေ့မပျောက် အောက်မေ့ခြင်း သတိ။

၁၈။ သမာဓိန္ဒြေ- တည်ကြည်ငြိမ်သက်ခြင်း ဧကဂ္ဂတာ။

၁၉။ ပညိန္ဒြေ- ဟုတ်မှန်တိုင်းသိမြင်ခြင်း ပညာ။

၂၀။ အနညာတညဿာမီတိန္ဒြေ- သောတာပတ္တိမဂ်၌ ယှဉ်သော ပညာ(သောတာပတ္တိမဂ်ဉာဏ်)။

၂၁။ အညိန္ဒြေ- အလယ်မဂ်ဖိုလ်၌ ယှဉ်သောပညာ (အလယ်မဂ်ဉာဏ် ဖိုလ်ဉာဏ်)။

၂၂။ အညာတာဝိန္ဒြေ- အရဟတ္တဖိုလ်၌ ယှဉ်သောပညာ (အရဟတ္တဖိုလ်ဉာဏ်)။

## ဗိုလ် ၉ ပါး

ဆန့်ကျင်ဘက်တရားတို့ကြောင့် တုန်လှုပ်ခြင်းမရှိ၊ ကြန့်ခိုင်တည်မြဲအားကောင်းသောကြောင့် ဗိုလ် (Force) ဟု ခေါ်သည်။

၁။ သဒ္ဓါဗိုလ်- ကောင်းမြတ်သောအာရုံ၌ ကြည်ခြင်း သဒ္ဓါ။

၂။ ဝီရိယဗိုလ်- အာရုံ၌ အားထုတ်ခြင်း ဝီရိယ။

၃။ သတိဗိုလ်-ကောင်းမြတ်သော အာရုံ၌ မမေ့မလျော့ ခြင်း သတိ။

၄။ သမာဓိဗိုလ်- အာရုံ၌ တည်ကြည်ခြင်း ဧကဂ္ဂတာ။

၅။ ပညာဗိုလ်- ကောင်းစွာမြော်မြင်တတ်သိလိမ္မာခြင်း ပညာ။

၆။ ဟိရိဗိုလ်- မကောင်းမှုမှ ရှက်ခြင်း ဟိရိ။

၇။ ဩတ္တပ္ပဗိုလ်- မကောင်းမှုမှ ကြောက်ရွံ့ထိတ်လန့်ခြင်း ဩတ္တပ္ပ။

၈။ အဟိရိကဗိုလ်- မကောင်းမှုမှ ရှက်ခြင်း အဟိရိက။

၉။ အနောတ္တပ္ပဗိုလ်- မကောင်းမှုမှ မလန့်ခြင်း အနောတပ္ပ။

**အဓိပတိ ၄ ပါး**

မိမိထက် အကြီးအကဲမထားဘဲ၊ မိမိနှင့်စပ်ဆိုင်သော သဘောတရားတို့၏ ရှေ့ဆောင်အကြီးအမှူး အရှင်သခင် ဖြစ်စေသောကြောင့် အဓိပတိ (Dominant Influence) ဟု ခေါ်သည်။

၁။ ဆန္ဒာဓိပတိ- ဆန္ဒ။

၂။ ဝီရိယာဓိပတိ- ဝီရိယ။

၃။ စိတ္တာဓိပတိ- စိတ်။

၄။ ဝီမံသာဓိပတိ- ပညာ။

**အာဟာရ ၄ ပါး**

ခန္ဓာအစဉ်ကို အမျှင်မပြတ်စေရန် ဆောင်သင့်ဆောင်အပ်သော မိမိဆိုင်ရာအကျိုးတရားများကို လွန်စွာ ထောက်ပင့် ဆောင်ရွက်တတ်သောကြောင့် အာဟာရ (Food) ဟုခေါ်သည်။

၁။ ကဗဋီကာရအာဟာရ- စားသောက်မျိုသွင်းအပ်သော ခဲဘွယ်ဘောဇဉ်စသည်၌ ပါဝင်သော သြဇာရုပ်။ ၎င်းသည် ရုပ်ခန္ဓာကို မပျက်မစီး ကြီးပွါးခိုင်ခန့်အောင် ဆောင်ရွက်သည်။

၂။ ဖဿအာဟာရ- ဖဿစေတသိက်။ ၎င်းသည် ခံစားခြင်းဟူသော ဝေဒနာတို့ကို ကြီးထွားထက်သန်စွာ ဖြစ်ပေါ်အောင် ဆောင်ရွက်သည်။ အာဆင်းရူပါရုံနှင့် မျက်စိအကြည် တွေ့ဆုံမိသောအခါ ဖဿ ဖြစ်သည်။ ဖဿဖြစ်သောကြောင့် ဝေဒနာ ဖြစ်သည်။ ဝေဒနာကြောင့် တဏှာဖြစ်သည် စသည်။

၃။ စေတနာအာဟာရ- ကံခေါ်သော စေတနာ စေတသိက်။ ၎င်းသည် ဝိပါက်နာမက္ခန္ဓာ၊ ကဋတ္တာရုပ်တို့ကို ထက်သန် အားကောင်း ကာလရှည်စွာတည်နေအောင် ရက်ဆောင်သည်။

၄။ ဝိညာဏ အာဟာရ- စိတ်။ ၎င်းသည် ယှဉ်ဘော်ယှဉ်ဘက်တရားတို့ကို ထက်သန်အားကောင်းကာလ ရှည်စွာ တည်နေအောင် ဆောင်ရွက်သည်။

## သတိပဋ္ဌာန် ၄ ပါး

အာရုံ၌ လွန်စွာသက်ဝင်၍ တည်နေတတ်သောကြောင့် သတိပဋ္ဌာန်(Earnest Application in Mindfulness) ဟု ခေါ်သည်။

၁။ ကာယာနုပဿနာသတိပဋ္ဌာန်- သုံးဆယ့်နှစ်ကောဋ္ဌာသ ကိုယ်ကာယကို အသုဘဟု အဖန်ဖန်ရှုသော သတိ။

၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်- အာရုံ၌ခံစားတတ်သော ဝေဒနာကို ဒုက္ခဟု အဖန်ဖန်ရှုသောသတိ။

၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်- စိတ်ကို အနိစ္စဟု အဖန်ဖန်ရှုသော သတိ။

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်- သညာ သင်္ခါရ တို့ ကို အနတ္တဟု အဖန်ဖန်ရှုသော သတိ။

## သမ္မပ္ပဓာန် ၄ ပါး

မှန်ကန်ပြောင့်မတ်စွာ အလွန်အကဲအားထုတ်လုံ့လပြုခြင်းကြောင့် သမ္မပ္ပဓာန် (Supreme Effort) ဟု ခေါ်သည်။

၁။ မဖြစ်ပေါ်သေးသော အကုသိုလ်များကို မဖြစ်ပေါ်စေရန် အားထုတ်လုံ့လဝီရိယပြုခြင်း။

၂။ ဖြစ်ပေါ်ပြီးသော အကုသိုလ်များကို ပယ်ဖျောက်စေရန် အားထုတ်လုံ့လဝီရိယပြုခြင်း။

၃။ မဖြစ်ပေါ်သေးသော ကုသိုလ်များကို ဖြစ်ပေါ်စေရန် အားထုတ်လုံ့လဝီရိယပြုခြင်း။

၄။ ဖြစ်ပေါ်ပြီးသော ကုသိုလ်များကို ပွါးများစေရန် အားထုတ်လုံ့လဝီရိယပြုခြင်း။

## ဣဒ္ဓိပါဒ် ၄ ပါး

ဈာန်မဂ်ဖိုလ်တရားတို့ ဖြစ်ပေါ်ပြီးစီး ထမြောက်အောင်မြင်ခြင်း၏ အကြောင်းအခြေခံဖြစ်ခြင်းကြောင့် ဣဒ္ဓိပါဒ် (Base for Magical Power) ဟု ခေါ်သည်။

၁။ ဆန္ဒိဒ္ဓိပါဒ်- ဆန္ဒ။

၂။ ဝီရိယိဒ္ဓိပါဒ်- ဝီရိယ။

၃။ စိတ္တိဒ္ဓိပါဒ်- စိတ်။

၄။ ဝီမံသိဒ္ဓိပါဒ်- ပညာ။

## ဣန္ဒြေ ၅ ပါး

မိမိနှင့်သက်ဆိုင်ရာ၌ အစိုးတရပိုင်နိုင်မှုရှိသောကြောင့် ဣန္ဒြေ (Faculty) ဟု ခေါ်သည်။

၁။ သဒ္ဓိန္ဒြေ- သဒ္ဓါ။

၂။ ဝီရိယိန္ဒြေ- ဝီရိယ။

၃။ သတိန္ဒြေ- သတိ။

၄။ သမာဓိန္ဒြေ- ဧကဂ္ဂတာ။

၅။ ပညိန္ဒြေ- ပညာ။

**ဗိုလ် ၅ ပါး**

ဆန့်ကျင်ဘက်တရားတို့ကြောင့် တုန်လှုပ်ခြင်းမရှိ ကြံ့ခိုင်တည်မြဲ အားကောင်းသောကြောင့် ဗိုလ်(Force) ဟုခေါ်သည်။

၁။ သဒ္ဓါဗိုလ်- သဒ္ဓါ။

၂။ ဝီရိယဗိုလ်- ဝီရိယ။

၃။ သတိဗိုလ်- သတိ။

၄။ သမာဓိဗိုလ်- ဧကဂ္ဂတာ။

၅။ ပညာဗိုလ်- ပညာ။

**ဗောဇ္ဈင် ၇ ပါး**

မဂ်ဉာဏ်ဟူသော ဗောဓိ၏ အကြောင်းအင်္ဂါဖြစ်ခြင်းကြောင့် ဗောဇ္ဈင် (Factor of Enlightenment) ဟုခေါ်သည်။

၁။ သတိသံဗောဇ္ဈင်- သတိ။

၂။ ဓမ္မဝိစယသံဗောဇ္ဈင်- ပညာ။

၃။ ဝီရိယသံဗောဇ္ဈင်- ဝီရိယ။

၄။ ပီတိသံဗောဇ္ဈင်- ပီတိ။

၅။ ပဿဒ္ဓိသံဗောဇ္ဈင်- ကာယစိတ္တပဿဒ္ဓိ။

၆။ သမာဓိသံဗောဇ္ဈင်- ဧကဂ္ဂတာ။

၇။ ဥပေက္ခာသံဗောဇ္ဈင်- တတြမဇ္ဈတ္တတာ။

**မဂ္ဂင် ၈ ပါး**

မဂ်၏ အင်္ဂါအစိတ်အပိုင်းဖြစ်ခြင်းကြောင့် မဂ္ဂင် (Constituent of the Noble Path) ဟု ခေါ်သည်။

၁။ သမ္မာဒိဋ္ဌိ- မှန်ကန်သောအမြင် (ပညာ)။

၂။ သမ္မာသင်္ကပ္ပ- မှန်ကန်သောအကြံ (ဝိတက်)။

၃။ သမ္မာဝါစာ- မှန်ကန်သောစကား။

၄။ သမ္မာကမ္မန္တ- မှန်ကန်သောအမှု။

၅။ သမ္မာအာဇီဝ- မှန်ကန်သော အသက်မွေးခြင်း။

၆။ သမ္မာဝါယမ- မှန်ကန်သော အားထုတ်ခြင်း။

၇။ သမ္မာသတိ- မှန်ကန်သော အောက်မေ့ခြင်း။

၈။ သမ္မာသမာဓိ- မှန်ကန်သော တည်ကြည်ခြင်း (ဧကဂ္ဂတာ)။

## ဗောဓိပက္ခိယ ၃၇ ပါး

မဂ်ဉာဏ်လေးပါးဟူသော ဗောဓိ၏ အသင်းအပင်းဖြစ်သောကြောင့် ဗောဓိပက္ခိယ(The Part of Enlightenment )ဟု ခေါ်သည်။

| | | |
|---|---|---|
| သတိပဋ္ဌာန် | ၄ | ပါး |
| သမ္မပ္ပဓာန် | ၄ | ပါး |
| ဣဒ္ဓိပါဒ် | ၄ | ပါး |
| ဣန္ဒြေ | ၅ | ပါး |
| ဗိုလ် | ၅ | ပါး |
| ဗောဇ္ဈင် | ၇ | ပါး |
| မဂ္ဂင် | ၈ | ပါး |
| ပေါင်း | ၃၇ | ပါး ဖြစ်သည်။ |

## ခန္ဓာ ၅ ပါး

အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူ၍ ကာလအားဖြင့်၎င်း၊ အဇ္ဈတ္တ ဗဟိဒ္ဓဟူ၍သန္တာန်အားဖြင့်၎င်း၊ ဒူရအာသန္နဟူ၍ ဌာနအားဖြင့်၎င်း၊ ဟီနပဏီတဟူ၍ ပုဂ္ဂိုလ်အားဖြင့်၎င်း သုခုမ ဩဠာရိကဟူ၍ အာကာရအားဖြင့်၎င်း ကွဲပြားနေသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို အမျိုးတူ သဘော တစုစုချင်း ၅ ပုံ ပေါင်း၍ ဟူအပ်သောကြောင့် ခန္ဓာ (Aggregate) ဟု ခေါ်သည်။

၁။ ရူပက္ခန္ဓာ- ရုပ် ၂၈။

၂။ ဝေဒနာက္ခန္ဓာ- ဝေဒနာစေတသိက်။

၃။ သညာက္ခန္ဓာ- သညာစေတသိက်။

၄။ သင်္ခါရက္ခန္ဓာ- ကျန်စေတသိက် ၅၀။

၅။ ဝိညာဏက္ခန္ဓာ- စိတ် ၈၉။

**အာယတန ၁၂ ပါး**

စိတ်စေတသိက်တို့ ဖြစ်ပေါ်ရာဖြစ်ပေါ်ကြောင်း ဖြစ်သောကြောင့် အာယတန (Sense-base) ဟု ခေါ်သည်။

၁။ စက္ခာယတန- မျက်စိအကြည်ရုပ်။

၂။ သောတာယတန- နားအကြည်ရုပ်။

၃။ ဃာနာယတန- နှာခေါင်းအကြည်ရုပ်။

၄။ ဇိဝှါယတန- လျှာအကြည်ရုပ်။

၅။ ကာယာယတန- ကိုယ်အကြည်ရုပ်။

၆။ မနာယတန- စိတ် ၈၉။

၇။ ရူပါယတန- အဆင်းအာရုံ။

၈။ သဒ္ဒါယတန- အသံအာရုံ။

၉။ ဂန္ဓာယတန- အနံ့အာရုံ။

၁၀။ ရသာယတန- အရသာအာရုံ။

၁၁။ ဖေါဋ္ဌဗ္ဗာယတန- အတွေ့အာရုံ။

၁၂။ ဓမ္မာယတန- စေတသိက် ၅၂၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်။

**ဓါတ် ၁၈ ပါး**

မိမိတို့၏ သဘောကို ဆောင်တတ်သောကြောင့် ဓါတ် (Element) ဟုခေါ်သည်။

၁။ စက္ခုဓါတ်- မျက်စိအကြည်ရုပ်။

၂။ သောတဓါတ်- နားအကြည်ရုပ်။

၃။ ဃာနဓါတ်- နှာခေါင်းအကြည်ရုပ်။

၄။ ဇိဝှါဓါတ်- လျှာအကြည်ရုပ်။

၅။ ကာယဓါတ်- ကိုယ်အကြည်ရုပ်။

၆။ ရူပဓါတ်- အဆင်းအာရုံ။

၇။ သဒ္ဒဓါတ်- အသံအာရုံ။

၈။ ဂန္ဓဓါတ်- အနံ့အာရုံ။

၉။ ရသဓါတ်- အရသာအာရုံ။

၁၀။ ဖေါဋ္ဌဗ္ဗဓါတ်- အတွေ့အာရုံ။

၁၁။ စက္ခုဝိညာဏဓါတ်- မျက်စိအသိစိတ်။

၁၂။ သောတဝိညာဏဓါတ်- နားအသိစိ[illegible]

၁၃။ ဃာနဝိညာဏဓါတ်- [illegible]ခေါင်း[illegible]

၁၄။ ဇိဝှါဝိညာဏဓါတ်- လျှာအသိစိတ်။

၁၅။ ကာယဝိညာဏဓါတ်- ကိုယ်အသိစိတ်။

၁၆။ မနောဓါတ်- ငါးဒွါရ၌ ဆင်ခြင်ခြင်းစိတ်နှင့် ခံလင့်ခြင်း စိတ်။

၁၇။ မနောဝိညာဏဓါတ်- ကြွင်းကျန်သောစိတ်များ။

၁၈။ ဓမ္မဓါတ်- အထက်ပါဓါတ် ၁၇ ပါးတို့မှကြွင်းကျန်သော သဘောတရားများ (၎င်းတို့မှာ သုခုမရုပ်များ၊ စေတသိက်များနှင့် နိဗ္ဗာန်ဖြစ်သည်)။

## သစ္စာ ၄ ပါး

ပုဂ္ဂိုလ်ကို အရိယာဖြစ်အောင် ပြုတတ်သော၊ အရိယာပုဂ္ဂိုလ်တို့သည် သိအပ်သော အမှန်တရားများဖြစ်ခြင်းကြောင့် အရိယသစ္စာ လေးပါး (Four Noble Truths) ဟုခေါ်သည်။

၁။ ဒုက္ခသစ္စာ- ဆင်းရဲခြင်းဟူသော အမှန်သဘော။ ၎င်းတို့မှာ စိတ်၊ စေတသိက်၊ ရုပ်များ ဖြစ်သည်။

၂။ သမုဒယသစ္စာ- ဆင်းရဲခြင်းကိုဖြစ်စေတတ်သော အကြောင်းဟူသော အမှန်သဘော။ ၎င်းမှာ တဏှာ စေတသိက်ပင် ဖြစ်သည်။

၃။ နိရောဓသစ္စာ- ဆင်းရဲခြင်း၏ ချုပ်ငြိမ်းလွတ်မြောက်ရာဟူသော အမှန်သဘော။ ၎င်းမှာ နိဗ္ဗာန် ဖြစ်သည်။

၄။ မဂ္ဂသစ္စာ- ဆင်းရဲခြင်းချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေနိုင်သော လမ်းခရီးဟူသော အမှန်သဘော။ ရင်းမှာ မဂ္ဂင်ရှစ်ပါးဖြစ်သည်။

## ပဋိစ္စသမုပ္ပါဒ်

အကြောင်းတရားတို့ကြောင့် အကျိုးတရားများ ဆက်ပြေပ်ဖြစ်ရပုံဘဝစက်ဝိုင်း( The Wheel of Life)အကြော : ကို ဖော်ပြခြင်းကို ပဋိစ္စသမုပ္ပါဒ်နည်း (The Law of Happening by Way of Cause) ဟု ခေါ်သည်။

အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ကုန်၏။

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏။

ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။

နာမ်ရုပ်ကြောင့် အာယတနခြောက်ပါးဖြစ်၏။

အာယတနခြောက်ပါးကြောင့် ဖဿဖြစ်၏။

ဖဿကြောင့် ဝေဒနာဖြစ်၏။

ဝေဒနာကြောင့် တဏှာဖြစ်၏။

တဏှာကြောင့် ဥပါဒါန်ဖြစ်၏။

ဥပါဒါန်ကြောင့် ဘဝဖြစ်၏။

ဘဝကြောင့် ဇာတိဖြစ်၏။

ဇာတိကြောင့် ဇရာ၊ မရဏတို့ ဖြစ်ကြကုန်၏။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ဒေါမနဿ၊ ဥပါယာသတို့ ဖြစ်ကြကုန်၏။ ဤသို့လျှင် အလုံးစုံသော ဒုက္ခအပေါင်း၏ ဖြစ်ပေါ်ခြင်းဖြစ်၏။

**ဝေဒနာ ၃ ပါး၊ ၅ ပါး**

အာရုံကိုခံစားတတ်သောသဘောကိုဝေဒနာ(Feeling) ဟု ခေါ်တည်။

၁။ သုခဝေဒနာ- ချမ်းသာခြင်းဟူသော ခံစားခြင်း။

၂။ ဒုက္ခဝေဒနာ- ဆင်းရဲခြင်းဟူသော ခံစားခြင်း။

၃။ အဒုက္ခမသုခဝေဒနာ- မဆင်းရဲ မချမ်းသာ ခံစားခြင်း။

တနည်း-

၁။ သုခဝေဒနာ- ချမ်းသာခြင်းဟူသော ခံစားခြင်း။

၂။ ဒုက္ခဝေဒနာ- ဆင်းရဲခြင်းဟူသော ခံစားခြင်း။

၃။ သောမနဿဝေဒနာ- ဝမ်းမြောက်ဝမ်းသာ ခံစားခြင်း။

၄။ ဒေါမနဿဝေဒနာ- နှလုံးမသာမယာ ခံစားခြင်း။

၅။ ဥပေက္ခာဝေဒနာ- ဝမ်းမမြောက် ဝမ်းမနည်း အလယ်အလတ် ခံစားခြင်း။

## ကိစ္စ ၁၄ ပါး

အမှုဆောင်ရွက်ခြင်းကို ကိစ္စ (Function) ဟု ခေါ်၏။ သွားမှုလာမှု ရောင်းဝယ်ဖေါက်ကားမှု စသည်တို့ကို အမှုကိစ္စ ခေါ်သကဲ့သို့ ဆက်စပ်မှု၊ ဆက်လက် ဖြစ်စေမှု၊ ဆင်ခြင်မှု၊ မြင်မှု၊ ကြားမှု စသည်တို့ကို ကိစ္စဟု ခေါ်ခြင်းဖြစ်သည်။

၁။ ပဋိသန္ဓေကိစ္စ- ဘဝဟောင်းမှ ဘဝသစ်သို့ ဆက်စပ်ခြင်း အမှုကိစ္စ။

၂။ ဘဝင်ကိစ္စ- ဘဝဆက်လက်ဖြစ်ခြင်း၏ အကြောင်း၏ အမှုကိစ္စ။

၃။ အာဝဇ္ဇန်းကိစ္စ- ဆင်ခြင်ခြင်း အမှုကိစ္စ။

၄။ ဒဿနကိစ္စ- မြင်ခြင်း အမှုကိစ္စ။

၅။ သဝနကိစ္စ- ကြားခြင်း အမှုကိစ္စ။

၆။ ဃာယနကိစ္စ- နံခြင်း အမှုကိစ္စ။

၇။ သာယနကိစ္စ- လျက်ခြင်း အမှုကိစ္စ။

၈။ ဖုသနကိစ္စ- တွေ့ထိခြင်း အမှုကိစ္စ။

၉။ သမ္ပဋိစ္ဆိုင်းကိစ္စ- လက်ခံသိမ်းပိုက်ခြင်း အမှုကိစ္စ။

၁၀။ သန္တီရဏကိစ္စ-စူးစမ်းဆင်ခြင်ခြင်း အမှုကိစ္စ။

၁၁။ ဝုဋ္ဌောကိစ္စ- ပိုင်းခြားမှတ်သားခြင်း အမှုကိစ္စ။

၁၂။ ဇောကိစ္စ- အာရုံ၏အရသာကိုခံစားခြင်း၏ အမှုကိစ္စ။

၁၃။ တဒါရုံကိစ္စ- ထပ်မံ၍အာရုံကိုယူခြင်း အမှုကိစ္စ။
၁၄။ စုတိကိစ္စ- ဖြစ်ဆဲဘဝမှ ရွေ့လျောခြင်း အမှုကိစ္စ။

## ဌာန ၁၀ ပါး

တည်နေရာကို ဌာန (Stage)ဟု ခေါ်သည်။ မည်သည့်အလုပ်ဌာနသည် မည်သည့်နေရာတွင် ရှိသည်ဟု သတ်မှတ်သကဲ့သို့ ရှေ့စိတ်နှင့်နောက်စိတ်တို့၏ အကြားတွင် စိတ်တခု ဖြစ်ဘို့ရာအချိန်ကို ဌာနဟု သတ်မှတ်ထားသည်။

၁။ ပဋိသန္ဓေဌာန- ဘဝဆက်စပ်မှု၏ နေရာ။

၂။ ဘဝင်ဌာန- ဘဝဆက်လက်ဖြစ်ခြင်း အကြောင်း၏ နေရာ။

၃။ အာဝဇ္ဇန်းဌာန- ဆင်ခြင်မှု၏ နေရာ။

၄။ ပဉ္စဝိညာဏ်ဌာန- မြင်ကြားနံ့ လျက် တွေ့ထိမှုတို့၏ နေရာ။

၅။ သမ္ပဋိစ္ဆိုင်းဌာန- လက်ခံသိမ်းပိုက်မှု၏ နေရာ။

၆။ သန္တီရဏဌာန- စူးစမ်းဆင်ခြင်မှု၏ နေရာ။

၇။ ဝုဋ္ဌောဌာန- မှတ်သားမှု၏ နေရာ။

၈။ ဇောဌာန- အာရုံ၏ အရသာကို ခံစားမှု၏ နေရာ။

၉။ တဒါရုံဌာန- ထပ်မံအာရုံကို ယူမှု၏ နေရာ။

၁၀။ စုတိဌာန- ဖြစ်ဆဲဘဝမှ ရွေ့လျောမှု၏ နေရာ။

**ဒွါရ ၆ ပါး**

ပကတိသော တံခါး(ဒွါရ)သည် လူတို့၏ ထွက်ရာဝင်ရာ ဖြစ်သကဲ့သို့ မျက်စိအကြည်ရုပ်စသည်သည် စိတ်စေတသိက်တို့၏ ထွက်ရာဝင်ရာ ဖြစ်ပေါ်ရာ ဖြစ်သောကြောင့် ဒွါရ (Door) ဟု ခေါ်သည်။

၁။ စက္ခုဒွါရ- မျက်စိအကြည်ရုပ်။

၂။ သောတဒွါရ- နားအကြည်ရုပ်။

၃။ ဃာနဒွါရ- နှာခေါင်းအကြည်ရုပ်။

၄။ ဇိဝှါဒွါရ- လျှာအကြည်ရုပ်။

၅။ ကာယဒွါရ- ကိုယ်အကြည်ရုပ်။

၆။ မနောဒွါရ- ဘဝင်စိတ်။

**အာရုံ ၆ ပါး**

အလွန်ပျော်မွေ့ရာ ဆွဲမှီအပ်ရာ ဖြစ်သောကြောင့် အာရုံ (Object) ဟု ခေါ်သည်။

၁။ ရူပါရုံ- အဆင်း (မျက်စိအကြည်၌ထင်သောအာရုံ)။

၂။ သဒ္ဒါရုံ- အသံ (နားအကြည်၌ထင်သောအာရုံ)။

၃။ ဂန္ဓာရုံ- အနံ့ (နှာခေါင်းအကြည်၌ ထင်သော အာရုံ)။

၄။ ရသာရုံ- အရသာ(လျှာအကြည်၌ထင်သောအာရုံ)။

၅။ ဖေါဋ္ဌဗ္ဗာရုံ- အတွေ့ (ကိုယ်အကြည်၌ ထင်သော အာရုံ)။

၆။ ဓမ္မာရုံ- အာရုံငါးပါးမှ ကြွင်းကျန်သော သဘော တရားများ (စိတ်၌သာ သို့မဟုတ် နှလုံး၌သာ ထင် သော အာရုံ)။

## ဝတ္ထု ၆ ပါး

စိတ်စေတသိက်တို့၏ တည်ရာမှီရာကို ဝတ္ထု (Base) ဟု ခေါ်သည်။

၁။ စက္ခုဝတ္ထု- မျက်စိအကြည်ရုပ်။

၂။ သောတဝတ္ထု- နားအကြည်ရုပ်။

၃။ ဃာနဝတ္ထု- နှာခေါင်းအကြည်ရုပ်။

၄။ ဇိဝှါဝတ္ထု- လျှာအကြည်ရုပ်။

၅။ ကာယဝတ္ထု- ကိုယ်အကြည်ရုပ်။

၆။ ဟဒယဝတ္ထု- နှလုံးဗူး။

## ဝီထိ ၆ ပါး

လမ်းခရီးတွင် မြို့ရွာတို့ကို အစီအစဉ်အတိုင်း တွေ့ရှိရသကဲ့သို့ စိတ်တို့သည်အစီအစဉ်အလိုက်ဖြစ်ကြသည်။ ထိုအစီအစဉ် အလိုက် ဖြစ်ပုံကို လမ်းခရီး (ဝီထိ) နှင့်တူသောကြောင့် ဝီထိ (Process)ဟု ခေါ်သည်။

၁။ စက္ခုဒွါရဝီထိ- မျက်စိအကြည်ရုပ်၌ စိတ်များအစီအစဉ်အလိုက် ဖြစ်ပေါ်ပုံ။

၂။ သောတဒွါရဝီထိ- နားအကြည်ရုပ်၌ စိတ်များ အစီအစဉ်အလိုက် ဖြစ်ပေါ်ပုံ။

၃။ ဃာနဒွါရဝီထိ- နှာခေါင်းအကြည်ရုပ်၌ စိတ်များ အစီအစဉ်အလိုက် ဖြစ်ပေါ်ပုံ။

၄။ ဇိဝှါဒွါရဝီထိ- လျှာအကြည်ရုပ်၌ စိတ်များအစီအစဉ်အလိုက် ဖြစ်ပေါ်ပုံ။

၅။ ကာယဒွါရဝီထိ- ကိုယ်အကြည်ရုပ်၌ စိတ်များ အစီအစဉ်အလိုက် ဖြစ်ပေါ်ပုံ။

၆။ မနောဒွါရဝီထိ- ဘဝင်စိတ်၌ထင်သောအာရုံကိုယူ၍ စိတ်များအစီအစဉ်အလိုက် ဖြစ်ပေါ်ပုံ။

တနည်း-

၁။ စက္ခုဝိညာဏဝီထိ- စက္ခုဝိညာဏ်စိတ် ပါဝင်သော စိတ်တို့၏ အစီအစဉ်အလိုက် ဖြစ်ပေါ်ပုံ။

၂။ သောတဝိညာဏဝီထိ- သောတဝိညာဏ်စိတ် ပါဝင်သော စိတ်တို့၏ အစီအစဉ်အလိုက် ဖြစ်ပေါ်ပုံ။

၃။ ဃာနဝိညာဏဝီထိ- ဃာနဝိညာဏ်စိတ် ပါဝင်သော စိတ်တို့၏ အစီအစဉ်အလိုက် ဖြစ်ပေါ်ပုံ။

၄။ ဇိဝှါဝိညာဏဝီထိ- ဇိဝှါဝိညာဏ်စိတ် ပါဝင်သော စိတ်တို့၏ အစီအစဉ်အလိုက် ဖြစ်ပေါ်ပုံ။

၅။ ကာယဝိညာဏဝီထိ- ကာယဝိညာဏ်စိတ် ပါဝင်သော စိတ်တို့၏ အစီအစဉ်အလိုက် ဖြစ်ပေါ်ပုံ။

၆။ မနောဝိညာဏဝီထိ- မနောဝိညာဏ်စိတ်တို့၏ အစီအစဉ်အလိုက် ဖြစ်ပေါ်ပုံ။

## ၃၁ ဘုံ

သတ္တဝါများဖြစ်ရာအရပ်ကို ဘုံ (Plane of Existance) ဟုခေါ်သည်။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ ဤ ၄ဘုံကို အပါယ်ဘုံဟု ခေါ်သည်။

လူ့ဘုံနှင့် စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တိဟူသော နတ်ပြည်ခြောက်ထပ်ကို ကာမသုဂတိ ၇ ဘုံဟု ခေါ်သည်။

အပါယ် ၄ ဘုံနှင့် ကာမသုဂတိ ၇ ဘုံကို ပေါင်း၍ ကာမ ၁၁ ဘုံဟု ခေါ်သည်။

ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာ၊ ဤ၃ဘုံကို ပထမစျာန်ဘုံဟု ခေါ်သည်။

ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊ အာဘဿရာ၊ ဤ ၃ဘုံကို ဒုတိယစျာန်ဘုံဟု ခေါ်သည်။

ပရိတ္တာသုဘာ၊ အပ္ပမာဏာသုဘာ၊ သုဘကိဏှာ၊ ဤ ၃ဘုံကို တတိယစျာန်ဘုံဟု ခေါ်သည်။

ဝေဟပ္ဖိုလ်၊ အသညသတ်၊ သုဒ္ဓါဝါသ ၅ ဘုံ၊ ဤ ၇ ဘုံကို စတုတ္ထဈာန်ဘုံဟု ခေါ်သည်။

သုဒ္ဓါဝါသ ၅ ဘုံမှာ အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ၊ အကနိဋ္ဌာဘုံများ ဖြစ်သည်။

ပထမဈာန် ၃ ဘုံ၊ ဒုတိယဈာန် ၃ ဘုံ၊ တတိယဈာန် ၃ဘုံ၊ စတုတ္ထဈာန် ၇ ဘုံ၊ ပေါင်း အရူပ ၁၆ ဘုံ ဖြစ်သည်။

အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အကိဉ္စညာယတန၊ နေဝသညာနာသညာယတန၊ ဤ ၄ ဘုံကို အရူပဘုံဟု ခေါ်သည်။

ကာမ ၁၁ ဘုံ၊ ရူပ ၁၆ ဘုံ၊ အရူပ ၄ဘုံအားဖြင့် ၃၁ ဘုံ ဖြစ်သည်။

## ပုဂ္ဂိုလ် ၁၂ ယောက်

သုံးဆယ့်တဘုံတွင် နေထိုင်ကြသော သက်ရှိသတ္တဝါများကို ပုဂ္ဂိုလ်(Being or Individual)ဟုခေါ်သည်။

၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်- ဒုဂ္ဂတိဘုံ၌ အကုသလဝိပါက် ဥပေက္ခာသန္တီရဏဟူသော အဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်။ ၎င်းပုဂ္ဂိုလ်မှာ အပါယ်ဘုံသားတို့ ဖြစ်သည်။

၁။ သုဂတိအဟိတ်ပုဂ္ဂိုလ်- သုဂတိဘုံ၌ ကုသလဝိပါက် ဥပေက္ခာသန္တီရဏဟူသော အဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်။ ၎င်းပုဂ္ဂိုလ်မှာ လူ့ဘုံ၌ ပဋိ

သန္ဓေအားဖြင့် ကန်းသောသူ၊ နားပင်းသောသူ စသည်တို့နှင့် မြေမလွတ်သော တံခိုးညံ့သော နတ်များ ဖြစ်သည်။

၃။ ဒွိဟိတ်ပုဂ္ဂိုလ်- အလောဘဟိတ်၊ အဒေါသဟိတ်ဟူသော ဟိတ်နှစ်ပါးဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်။ ၎င်းပုဂ္ဂိုလ်မှာ လူ့ဘုံ၊နတ်ဘုံတို့၌ ရှိသည်။

၄။ တိဟိတ်ပုဂ္ဂိုလ်- အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်ဟူသော ဟိတ်သုံးပါးဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်။ ၎င်းပုဂ္ဂိုလ်မှာ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့၌ ရှိသည်။

၅။ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်- ဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်၍ သောတာပတ္တိမဂ်စိတ် ဖြစ်ဆဲခဏ၌ တည်သော ပုဂ္ဂိုလ် (မဂ်စိတ်မှာ တကြိမ်သာဖြစ်သဖြင့် အချိန်တိုတောင်းလှသည်)။

၆။ သောတာပတ္တိဖလဋ္ဌာန် (သောတာပန်) ပုဂ္ဂိုလ်- ဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်၍ သောတာပတ္တိမဂ်ဖြစ်ပြီးနောက် သောတာပတ္တိဖိုလ်သို့ ရောက်ရှိပြီး ပုဂ္ဂိုလ်။ အပါယ်သို့ မလားတော့ပြီ၊ လူ့ဘုံ နတ်ဘုံတွင် ခုနစ်ကြိမ်သာ ပဋိသန္ဓေနေရတော့မည်။

၇။ သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်- သောတာပတ္တိမဂ်ပယ်၍ ကြွင်းကျန်သော ရာဂ၊ ဒေါသ၊ မောဟတို့ကို

နည်းပါးအောင်ပြု၍ သကဒါဂါမိမဂ်စိတ် ဖြစ် ဆဲ ခဏ၌ တည်သော ပုဂ္ဂိုလ်၊ (မဂ်စိတ်မှာ တကြိမ်သာ ဖြစ်သဖြင့် အချိန်တိုတောင်းလှသည်)။

၈။ သကဒါဂါမိဖလဋ္ဌာန် ( သကဒါဂါမိ ) ပုဂ္ဂိုလ်- သောတာပတ္တိမဂ် ပယ်၍ ကြွင်းကျန်သော ရာဂ၊ ဒေါသ၊ မောဟတို့ကို နည်းပါးအောင်ပြု၍ သကဒါဂါမိမဂ်ကို ရပြီးနောက် သကဒါဂါမိဖိုလ်သို့ ရောက်ပြီးပုဂ္ဂိုလ်။ ကာမဘုံတွင် တကြိမ်သာလျှင် ပဋိသန္ဓေနေရတော့မည်။

၉။ အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်- ကာမရာဂ ဗျာပါဒတို့ကို အကြွင်းမရှိ ပယ်၍ အနာဂါမိမဂ်စိတ် ဖြစ်ဆဲခဏ၌ တည်သောပုဂ္ဂိုလ်။ (မဂ်စိတ်မှာ တကြိမ်သာ ဖြစ်သဖြင့် အချိန်တိုတောင်းလှသည်)။

၁၀။ အနာဂါမိဖလဋ္ဌာန် (အနာဂါမိ) ပုဂ္ဂိုလ်- ကာမရာဂ ဗျာပါဒတို့ကို အကြွင်းမရှိ ပယ်သော အနာဂါမိမဂ် ဖြစ်ပြီးနောက် အနာဂါမိဖိုလ်သို့ရောက်ပြီး ပုဂ္ဂိုလ်။ ၎င်းကာမဘုံသို့ ပဋိသန္ဓေ မနေလာတော့ပြီ။

၁၁။ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်- ကိလေသာကို အကြွင်း မရှိ ပယ်၍ အရဟတ္တမဂ်စိတ် ဖြစ်ဆဲခဏ၌ တည်သော ပုဂ္ဂိုလ်။ (မဂ်စိတ်မှာ တကြိမ်သာဖြစ်၍ အချိန်တို တောင်းလှသည်)။

၁၂။ အရဟတ္တဖလဋ္ဌာန် (ရဟန္တာ) ပုဂ္ဂိုလ်- ကိလေသာတို့ကို အကြွင်းမရှိပယ်၍ အရဟတ္တမဂ်ဖြစ်ပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်ပြီးပုဂ္ဂိုလ်။ သုံးဆယ့်တဘုံတွင် ပဋိသန္ဓေမနေတော့ပြီ။ အာသဝေါ ကုန်ခန်း၍ လောကဥ္ဇ မြတ်သော အလှူကို ခံထိုက်သော ပုဂ္ဂိုလ် ဖြစ်လေတော့သည်။

## ကမ္မဋ္ဌာန်း သို့မဟုတ် ဘာဝနာ ၂ မျိုး

ဈာန်မဂ်ဖိုလ် ရရှိရန်အလို့ငှါ ပွါးများအားထုတ်မှု၏ တည်ရာအာရုံကို ကမ္မဋ္ဌာန်း (Station of Religious Exercise)ဟု ခေါ်၏။ သို့မဟုတ် အကြိမ်ကြိမ် အထပ်ထပ် တိုးပွါးအောင် အားထုတ်မှုကို ဘာဝနာ (Development) ဟု ခေါ်၏။

၁။ သမထကမ္မဋ္ဌာန်း သို့မဟုတ် သမထဘာဝနာ- ကိလေသာတို့ကို ငြိမ်းအေးစေတတ်သော သမာဓိလုပ်ငန်း၏ တည်ရာအာရုံ၊ သို့မဟုတ် ထိုသမာဓိဖြစ်အောင် ပွါးများအားထုတ်ခြင်း။ ၎င်းမှာ ဈာန်လမ်းဖြစ်သည်။

၂။ ဝိပဿနာကမ္မဋ္ဌာန်း သို့မဟုတ် ဝိပဿနာဘာဝနာ- ရုပ်နာမ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် ရှုခြင်းဟူသော ပညာလုပ်ငန်း၏ တည်ရာအာရုံ၊ သို့မဟုတ် ထိုပညာဖြစ်အောင် ပွါးများအားထုတ်ခြင်း။ ၎င်းမှာ မဂ်ဖိုလ်လမ်းဖြစ်သည်။

ဦးသာချို

ဦးခင်ကြည် L.C.C. (စာရင်းကိုင်) နှင့်
ဦးသိန်းလွင် B.A. ရေး

## စာရင်းပညာ

ပြည်သူ့လုပ်ငန်း၊ သမဝါယမလုပ်ငန်း၊ ကိုယ်ပိုင်လုပ်ငန်း နှင့် စာရင်းစာမေးပွဲများအဖို့ အသုံးဝင်သည်။ အမြတ်တော်ကြေး မူသေတွက်နည်းလည်းပါသည်။ ဆရာလွှက်လေ့လာနိုင်သည်။ တအုပ် ၄-ကျပ်ဖြင့် ဆိုင်များ၌ ရနိုင်ပါသည်။

**တိုင်းလင်းစာပေတိုက်**

အမှတ် ၅၊ ၁၅၅-လမ်း၊
တာမွေစာတိုက်၊ ရန်ကုန်မြို့။

မာန်အောင်ပီယ ရေး

# ရခိုင်သာစွလေ

ရခိုင်ယဉ်ကျေးမှု၊ ရခိုင်စာပေ၊ ရခိုင်ပုံပြင်၊ ရခိုင်သဘာဝ တေးကဗျာ၊ ရခိုင်စည်ကပွဲများအကြောင်း၊ ဓညဝတီ၊ ဒွါရ ဝတီ စသောမြို့များသမိုင်း၊ မဟာမုနိရုပ်ပွါးတော်သမိုင်း၊ ရခိုင်မျိုးဆက်၊ ရခိုင်ဘုရင်ဘိသိတ်ပွဲ၊ ရခိုင်မင်းများအုပ်ချုပ် ပုံအကြောင်းနှင့် သာယာသော ပျော်ရွှင်စရာကောင်းသော မာန်အောင်ကျွန်းအကြောင်း စသည်တို့ကို ရခိုင်ပြည်၏ ရှေး ခေတ် ယခုခေတ် နှစ်မျိုးစလုံးပါဝင်စေပြီး ဖတ်ချင့်စဖွယ် ဖြစ်အောင် ရေးသားထားသည်။

တိုင်းလင်းစာပေမှ ထုတ်ဝေပါမည်။

## မာန်အောင်ပီယ

ရေး

# စာပေ ပညာ

စာပေ၏အရသာကို သိရှိခံစားလိုသော စာဖတ်သူများ၊ စာပေ၏ တန်ဘိုးကို မှတ်ကျောက်တင်၍ ဆုံးဖြတ်ရွေးချယ်လိုသော စာပေတည်းဖြတ်သူများ၊ စွဲမက်ဖွယ် စကားခွန်းများဖြင့် ဆင့်ရရင့်စီရရီ ညီညီညာညာ တန်ဆာဆာဆင်၍ ဂုဏ်မြောက်စွာ ပွဲနွှဲ့လိုသော စာရေးသူများ၊ စာပေ၏ အကြောင်းကို တိကျမှန်ကန်၍ လက်ဆုပ်လက်ကိုင်ပြုနိုင်သော နည်းနာစနစ်များဖြင့် သုံးသပ် ဆွေးနွေး လိုသော စာပေဝေဘန်သူများနှင့် မြန်မာစာပေဘာသာတွင် ပြောင်မြောက်သော အရေးအသားများဖြင့် ဝေဘန်ပိုင်းခြား ဖြေဆိုအောင်မြင်လိုသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် ရှင်းလင်းစွာ ဝေဘန်သုံးသပ်၍ ဖွင့်ဆိုဖေါ်ပြထားပါသည်။

ဒုတိယအကြိမ် တိုင်းလင်စာပေမှ ထပ်မံရိုက်နှိပ်ပါမည်။

တအုပ် ၂-ကျပ်

## ဤစာအုပ်တွင်
## ဤအချက်များကို
## ရှင်းလင်းထားသည်

၁။ ရုပ်အမျိုးအမည်တွေ ဘယ်နှမျိုး ရှိသလဲ။
၎င်းတို့၏ သဘာဝတွေက ဘာတွေလဲ။

၂။ နာမ်အမျိုးအမည်တွေ ဘယ်နှမျိုး ရှိသလဲ။
၎င်းတို့၏ သဘာဝတွေက ဘာတွေလဲ။

၃။ ရုပ်က အဓိကလား နာမ်က အဓိကလား။
ဘယ်နည်းတွေနဲ့ ဘယ်လို ဆုံးဖြတ်မလဲ။

၄။ သိထိုက်တဲ့ အဘိဓမ္မာရဲ့ ဝေါဟာရတွေ၊
သဘော သဘာဝတွေက ဘာတွေလဲ။

၅။ သိပ္ပံပညာ နှင့် သိပ္ပံပညာရှင် များက
ဘုရားဟောကို ဘယ်လို ထောက်ခံသလဲ။

၆။ ဗုဒ္ဓက မြင်သမျှ အရာဝတ္ထု၊သတ္တဝါတွေကို
ဓါတုဗေဒနည်းဖြင့် ဘယ်လို ဓါတ်ခွဲသလဲ။

၇။ အမှန်တရား ဆိုတာတွေဟာ ဘာတွေလဲ။
ဘာကြောင့် အမှန်တရားလို့ ခေါ်ရသလဲ။

၈။ ရုပ်နှင့် နာမ်တွေ ဘယ်လို ဆက်ဆံသလဲ။
ဗုဒ္ဓက ဘယ်လိုနည်းနဲ့ ဟောထားသလဲ။

၉။ အရက် သောက်တာ အပြစ် ရှိသလား၊
ဘယ်နည်းတွေနဲ့ ဘယ်လို ဆုံးဖြတ်မလဲ။